www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




၈၉၅.၈၃
ကြိုးစား
မဟူရာစာအောင်မှ ထုတ်ဝေ/ကြိုးစား - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃၊
၂၄၀ - စာ၊ ၁၂.၅ x ၁၈.၅ စင်တီ၊
(၁) ကြိုးစား

ထုတ်ဝေသူ ဦးအောင်မြင့်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊

အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊
မဟာဗန္ဓုလ ၂၀၁၃ ခုနှစ်၊
(မတ်လ)၊ အုပ်ရေ(၅၀၀)၊



www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ပါရမီဆိုတာ ဆုတောင်းယူရတာ မဟုတ်ပေ၊
ပြည့်အောင် ဖြည့်ဆည်းယူရတာမျိုး ဖြစ်သည်၊
ဒါကြောင့် ပါရမီ ပြည့်အောင်စောင့်နေမယ့်အစား
ရသလောက်ကြိုးစားယူပါ..။

❖ ယခုလုပ်နိုင်သောအလုပ်ကို
ချက်ချင်းသာလုပ်လိုက်ပါ..
နောက်မှလုပ်ရန်ရည်ရွယ်ထားသော
အလုပ်မှရသော အကျိုးကျေးဇူးထက်
အကျိုးခံစားခွင့်ပိုရနိုင်ပါတယ်။

❖ လမ်းမှန်ပေါ်ရောက်သော်လည်း
ထိုင်ပြီးတွေဝေနေပါက
လမ်းကြမ်းမှ ဖြတ်သန်းသွားသူများက
ပန်းတိုင်ရှိရာသို့
အလျင်ရောက်နှင့်နေပေလိမ့်မည်။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ နောက်၌ဖြစ်ပြီးခဲ့သော အကြောင်းအရာများ၊
ယခုကြုံတွေ့ရင်ဆိုင်နေရသည့် အကြောင်းအရာများ၊
ရှေ့မှာရင်ဆိုင်ကြုံတွေ့ရမည့် အကြောင်းအရာများသည်
မိမိအရည်အချင်းကို စစ်ဆေးပေးမည့်
"မှတ်ကျောက်" များသာဖြစ်ကြပေသည်။

❖ လူ့လူချင်း ညာ၍ရသော်လည်း
ကံတရားကိုတော့ ညာလို့မရနိုင်ပေ.
သင်သည်ကံကြမ္မာကြိုးများဖြင့် ကနေရသော
ရုပ်သေးရုပ်တစ်ရုပ်ဖြစ်သောကြောင့်ပင်...။

❖ မဖြစ်နိုင်တာကို အတင်းဖြစ်ချင်ရင်တော့
စိတ်ပင်ပန်းရလိမ့်မယ်
ဘဝဆိုတာအပေးအယူရှိပါတယ်
တစ်ခုပေးဆပ်မှ တစ်ခုပြန်ရနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ပညာနှင့် အတွေ့အကြုံများရဖို့
အရွယ်နှင့်အချိန်များစွာတို့ ပေးဆပ်ရတယ်၊
လိုချင်တာရခဲ့ပြီး အသုံးမချနိုင်ပြန်ရင်တော့
ပေးဆပ်ခဲ့ရတာတွေအပြင်..
ဆုံးရှုံးမှုများစွာ တို့နဲ့ကြုံတွေ့ရပါလိမ့်မယ်...။

❖ ဓားတိုနေလျှင် ရှေ့တစ်လှမ်းတိုးပြီးခုတ်ပါ
ဒီအခါရန်သူရဲ့ဓားကလည်း
သင်ရှိရာသို့ တစ်လှမ်းစာပိုနီးလာပါလိမ့်မယ်
သတိထားပါ..၊

❖ သင်သည်ကံတရားကြောင့် ဆင်းရဲနေသည်ဆိုပါက
အချိန်အခါ စောင့်သင့်ပါတယ်၊
အကယ်၍အတွေးအခေါ်ကြောင့်
မအောင်မြင်ခဲ့လျှင်တော့
ချက်ခြင်းပြောင်းလဲပြီး
အခြားလုပ်ငန်းသစ်ကိုစတင်ပါ။

# ဒဿနလက်ဆောင်

❖ မိဘအပေါ်မှာ
မျှော်လင့်ချက်ကြောင့်ပဲ ဖြစ်ဖြစ်၊
ဝတ္တရားတစ်ခုကြောင့်ပဲ ဖြစ်ဖြစ်
တစ်ခုခုလုပ်ပေးသော်လည်း အကျိုးမရနိုင်ပေ၊
သားသမီးဝတ္တရား ကျေပြနေရုံနဲ့တော့
တာဝန်ကျေရုံသာရှိပါမည်။

❖ ကြာပန်းသည် ရေပေါ်မှာ ပွင့်သော်လည်း
အမြစ်ကနွံထဲမှာပဲနေသည်၊
နွံထဲမှာနေပေးသောထိုအမြစ်မရှိပါက
ကြာပန်းအလှကို တွေ့ရမည်မဟုတ်ပါချေ။

❖ အချစ်တစ်ခုရှိရင်
သောကဆိုတာလည်း ရှိမှာပါပဲ
ဘာကြောင့်လည်းဆိုတော့
အချစ်ကရွှင်မြူးမှုကိုပေးသလို
သောကကိုလည်း ပေးတတ်ပါတယ်၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင်ပါဝင်သောအခန်းများ


အခန်း(၁) – သေတွင်းတူးမိကြသူများ၊
အခန်း(၂) – ရွှေလီမြစ်ထဲမှသစ်ဖောင်ပျက်သောအန္တရာယ်
အခန်း(၃) – ထူးခြားသောသစ်ခွပန်းဝယ်ယူသူ၊
အခန်း(၄) – မဥ္စူသကနတ်ပန်းရှာပုံတော်..၊
အခန်း(၅) – မဟူရာတောင်သို့ ခရီးထွက်ကြခြင်း၊
အခန်း(၆) – တောနက်ထဲမှ အကူအညီလာတောင်းသူ၊
အခန်း(၇) – ကမ္ဘာပေါ်မှ ကြောက်စရာကောင်းသောပင့်ကူများ၊
အခန်း(၈) – မဟူရာနှင့်ပင့်ကူနက်များ၊
အခန်း(၉) – ပင့်ကူများနှင့် မာဂဓစကားတတ်ကျွမ်းသောသူ၊
အခန်း(၁၀) – သစ်ခွနက်ကိုရှာဖွေတွေ့ရှိခြင်း၊
အခန်း(၁၁) – ထူးဆန်းလှသောပင့်ကူနက်အမြုတေကျောက်၊
အခန်း(၁၂) – ကမ္ဘာ့အကြီးဆုံးမြွေကြီးများအကြောင်း၊
အခန်း(၁၃) – အန္တရာယ်စက်ကွင်းသို့ဝင်ရောက်မိကြခြင်း၊
အခန်း(၁၄) – လိုဏ်ဂူအတွင်းမှ အန္တရာယ်ဆိုးများ၊
အခန်း(၁၅) – သမုဒယပိုးချည်မျှင်များ၊


BURMESE CLASSIC .com



( အခန်း ၁ )

# သေတွင်းတူးမိကြသူများ

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်အချိန်က မြန်မာနိုင်ငံသည် သစ်တောကြီးများဖြင့် စိမ်းစိုလှပမှုရှိခဲ့လေသည်။ အရှေ့ရိုးမ၊ အလယ်ရိုးမ၊ အနောက်ရိုးမ၊ တနင်္သာရီတောင်တန်းကြီးများပေါ်မှာ ကျွန်းသစ်အပါအဝင် အခြားသစ်ပင်များဖြင့် ပြည့်နေသော သစ်တောကြီးများက နေရာမလပ်ရှိနေခဲ့ကြပေသည်။

ကျွန်းသစ်သည် မြန်မာနိုင်ငံ၏ ရတနာတစ်မျိုးဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၏ သင်္ကေတ၊ ဒါမှမဟုတ် မြန်မာနိုင်ငံအား လူသိများစေသော အဖိုးတန်သစ်တစ်မျိုးပင် ဖြစ်ပေသည်။

ထိုကျွန်းသစ်ရတနာကြောင့် အခြားတိုင်းပြည်နိုင်ငံတို့မှ မြန်မာနိုင်ငံအား အသိများခဲ့သလို၊ ထိုကျွန်းသစ်ကြောင့်ပင် မြန်မာနိုင်ငံမှာ တိုင်းတစ်ပါးသားတို့ လက်အောက်ကျရောက်ခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် သစ်ပင်သစ်တောတို့ဖြင့် လှပသာသာသော နိုင်ငံတစ်ခုဖြစ်ခဲ့သည်။

နောက်တော့ ကုန်းဘောင်မင်းဆက်ဘုရင်များမှ အစပြုပြီး တိုင်းပြည်ကိုအုပ်ချုပ်ခွင့်ရသော အစိုးရအဆက်ဆက် ထိုသစ်တောများကို လက်ညှိုးထိုးပြီး ရောင်းစားခဲ့ကြသည်။

အနောက်ရိုးမတောင်းတန်း၊ အရှေ့ရိုးမတောင်တန်း၊ အလယ်ရိုးမတောင်တန်း၊ တနင်္သာရီရိုးမ တောင်တန်းကြီးများက မြန်မာနိုင်ငံ၏ရာသီဥတုကို မျှတစေခြင်း၊ လိုအပ်သောမိုးကို ရွာသွန်းစေခြင်း စသောအခြေအနေများကြောင့် ရိုးမတောင်တန်းကြီးများနှင့် မြန်မာနိုင်ငံနေရာအနှံ့အပြားတို့တွင် သစ်တောကြီးများ ဖြစ်ထွန်းခဲ့ကြသည်။ ကျွန်းပင်နှင့်ပျဉ်းကတိုးပင်များ များစွာပေါက်ရောက်ကြသည့်အပြင် အခြားအဖိုးတန်သစ်များလည်း နေရာအနှံ့အပြားတွင် ပေါများစွာ ပေါက်ရောက်ခဲ့ကြသည်။

ပိတောက်၊ သင်္ကန်း၊ အနန်း၊ ကုက္ကို၊ ကနစို၊ သစ်ကတိုး၊ သစ်ကြား၊ အင်ကြင်း၊ ထင်းရှူး၊ ထောက်ကြံ့၊ ပျဉ်းမ၊ သဖန်း၊ သစ်ရာ၊ သစ်စေး၊ သစ်အယ်၊ ဝက်သစ်ချ၊ ကညင်ဖြူ၊ ကညင်နီ





အုံတုံ၊ မျောက်လုပ်၊ ကံ့ကော်၊ သပြေ၊ တောင်သရက်စသော သစ်ပင်ကြီးများ. . .၊

ဝါးပိုး၊ ဝါးနက် စသောဝါးအမျိုးမျိုး၊ ကြိမ်ပင်အမျိုးမျိုး၊ သစ်ကြံပိုး၊ ကရဝေး၊ ပွေးကိုင်း၊ ဖုံးမသိန်၊ ဘုမ္မရာဇာ၊ မချစ်ဥ၊ ခန်းထောက်မြစ် စသောအဖိုးတန်သယံဇာတတို့သည် သစ်တောကြီးများအတွင်း၌ ပြည့်နှက်နေကြလေသည်။

ထို့ပြင် အဖိုးတန် ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ ကျောက်နီ ပတ္တမြား၊ ပုလဲ၊ ပယင်း၊ ခဲ၊ ခဲမဖြူ၊ သံဖြူ၊ ကြေးနီ၊ ခနောက်စိမ်း အဖြိုက်နက်၊ သွပ်၊ ကျောက်မီးသွေး၊ ရေနံစသောမြေအောက် ရေအောက်မှ အဖိုးတန်ပစ္စည်းတို့လည်း မြောက်မြားစွာထွက်ရှိလေသည်။

မြန်မာနိုင်ငံ၏ သယံဇာတပေါများပုံတို့ကို အစောဆုံး လာရောက်လေ့လာသွားသူမှာ အရင်းရှင်နယ်ချဲ့တို့၏ ရှေ့တော်ပြေးကုန်သည်တစ်ဦးဖြစ်သူ အီတလီပြည်သား နီကိုလိုဒီကွန်တီ (Nicolo Di Conti) ဆိုသူဖြစ်သည်။

၎င်းသည် (၁၄၂၀)ပြည့်နှစ်လောက်က မြန်မာနိုင်ငံသို့ စတင်ရောက်ခဲ့ပြီး. . ပဲခူး စသောအောက်မြန်မာနိုင်ငံကို လေ့လာသွားခဲ့သည်။

နောက်ပိုင်းမှာတော့ တိုင်းတစ်ပါးသားနယ်ချဲ့များက မြန်မာနိုင်ငံကို နည်းအမျိုးမျိုးနှင့် ထိပါးနှောင့်ယှက်ကာ သိမ်းပိုက်ယူနိုင်ရန် ကြိုးစားခဲ့ကြလေသည်။

နောက်ပိုင်းမှာတော့ အင်္ဂလိပ်မြန်မာပထမစစ်ပွဲ၊ ဒုတိ



www.burmeseclassic.com

www.burmeseclassic.com



ယစစ်ပွဲများ အကြိမ်ကြိမ်ဖြစ်ခဲ့ပြီးနောက် တတိယစစ်ပွဲဖြစ်ရန် ဖန်လာသောအကြောင်းမှာ ကျွန်းသစ်ကိစ္စပင် ဖြစ်တော့သည်။

အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ ပြီးနောက်မှာတော့. . အောက်မြန်မာနိုင်ငံကို ရရှိသွားသောအင်္ဂလိပ်တို့သည် ၎င်းတို့စိတ်ကြိုက်သစ်နှင့် သယံဇာတပစ္စည်းများ ထုတ်ယူကြရာတွင် (၁၈၈၅)ခု ဧပြီလအတွင်း၌ ဘုံဘေဘားမား သစ်ကုမ္ပဏီကိစ္စ ပေါ်ပေါက်လာသည်။

အင်္ဂလိပ်ပိုင် ဘုံဘေဘားမား သစ်ကုမ္ပဏီသည်မြန်မာနိုင်ငံမှ နှစ်နှစ်အတွင်း သစ်လုံးရေ (၈၀,၀၀၀)ထုတ်ယူသော်လည်း (၃၀,၀၀၀)သာ စာရင်းလိမ်ပြခဲ့သဖြင့် မြန်မာအစိုးရက ကုမ္ပဏီအား ဒဏ်ငွေကျပ်နှစ်သန်းသုံးသိန်း တပ်ရိုက်လေသည်။

ကုမ္ပဏီကဒဏ်မဆောင်ပဲ အိန္ဒိယဘုရင်ခံချုပ်ထံ တိုင်ကြားလေသည်။

ထိုမှအစပြုခဲ့ပြီး အင်္ဂလိပ်မြန်မာတတိယစစ်ပွဲ ထပ်မံဖြစ်ပွားရာ (၁၈၈၅)ခုနိုဝင်ဘာလတွင် မန္တလေးနေပြည်တော်အပါအဝင် မြန်မာတစ်နိုင်ငံလုံးမှာ အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ရပေသည်။

အင်္ဂလိပ်တို့က နှစ်ပေါင်းတစ်ရာကျော်ကြာအောင် မြန်မာနိုင်ငံအား သိမ်းပိုက်ထားခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှာရှိသော အဖိုးတန်သယံဇာတပစ္စည်းတို့ကို စိတ်ကြိုက်ထုတ်ယူကာ. . တိုင်းတစ်ပါးသို့ ယူဆောင်သွားခဲ့ကြသည်။





လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း မြန်မာနိုင်ငံကို အစိုးရအဆက်ဆက် အုပ်ချုပ်ခဲ့ကြသည်။

ထိုအစိုးရတို့က မိမိတို့နိုင်ငံမှသစ်တောများကို အခြားနိုင်ငံများကို လက်ညှိုးထိုးရောင်းစားခဲ့ကြသည်။

မြေပေါ်မြေအောက် အဖိုးတန်ရတနာများကို ကိုယ်ပိုင်ပစ္စည်းများပမာ လက်လွတ်စပယ် ရောင်းချသွားခဲ့ကြပြန်သည်။

ယခုမှ အင်္ဂလိပ်များ နှစ်ပေါင်းတစ်ရာကျော် ထုတ်ယူသွားခဲ့သည်ထက် ပိုဆိုးလေသည်။

နှစ်ပေါင်း(၅၀)ခန့်အတွင်း သစ်တောကြီးများ ပြောင်တလင်းခါအောင် ထုတ်ယူကြသည်။

ယခုတော့ သစ်ပင်ကို အမြစ်ပါမကျန်အောင် အပင်လိုက်တူးယူကြသည်။

မြေပေါ်မြေအောက်ပစ္စည်းများကို ထုတ်ယူရုံမက တောင်များကိုပါ ဖြိုဖျက်ယူနေကြသည်။

အသိပညာမရှိသူများ လက်ထဲတွင်နှစ်ပေါင်း(၅၀)ခန့်ကြာအောင် တိုင်းပြည်ရောက်ခဲ့ရပြီး နောက်ပိုင်းမှာတော့ ယခုမျက်မှောက်ခေတ် မြင်တွေ့နေကြရသော အခြေနေသို့ ရောက်နေခဲ့ရပြီ ဖြစ်ပါတော့သည်။

ယခင်က ရိုးမတောင်တန်းကြီးများပေါ်မှာရှိသော သစ်တောကြီးများမှာ ယခုတော့တောင်ကတုံးများ ဖြစ်ခဲ့ရပေပြီ. . ။

ကိုယ်ကျိုးသာကြည့်သော မြန်မာနိုင်ငံမှာရှိသည့် စီးပွားရေးလုပ်ငန်းရှင်များကို လက်နက်ကိုင်အစိုးရက လက်တွဲခေါ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရွက်ကာပံ့ပိုးမှုပေးသည်။

လက်နက်ကိုင်အစိုးရကို ပြည်ပအင်အားကြီးနိုင်ငံက အကာအကွယ်ပေးထားသည်။

ထိုကြောင့်ပင်လျှင် မြန်မာနိုင်ငံတစ်ခုလုံး ပြောင်တလင်းခါကျသော အခြေအနေမျိုး ရောက်ခဲ့ရခြင်းပင်ဖြစ်ပေတော့သည်။ ဒီအကြောင်းတွေဆက်ရေးနေလျှင် ဝတ္ထုဇာတ်လမ်းစသည့်နေရာသို့ ရောက်တော့မည်မဟုတ်ပေ။

ထိုကြောင့်ကျွန်တော်ရေးလိုသော ဝတ္ထုဇာတ်လမ်းကို ပြန်လည်ရေးသားမည် ဖြစ်ပါသည်။

ယခင်က ဧရာဝတီမြစ်နှင့် ချွေလီမြစ်တို့ပေါင်းဆုံရာအရပ်မှ ချွေလီမြစ်ရိုးအတိုင်း အထက်ပိုင်းသို့ ဆန်တက်သွားပါက မြစ်ကမ်းတစ်ဖက်တစ်ချက်တွင် လူတိုးမပေါက်အောင် ညို့မှိုင်းနေသောသစ်တောကြီးများ ရှိကြသည်။

ထိုသစ်တောကြီးများအတွင်းမှာ သစ်ပင်မျိုးစုံတို့ ရှိကြသလို တောတွင်းမှာလည်း သားရဲတိရစ္ဆာန်မျိုးစုံတို့ ရှိကြလေသည်။

သေးငယ်သော်လည်း အဆိပ်ပြင်းသောတိရစ္ဆာန်များမှ စ၍ ကျား၊ ဆင်၊ မျောက်ဝံ၊ လူဝံတို့အထိ တွေ့နိုင်သောနေရာမျိုးလည်းဖြစ်သည်။

ရေထဲမှာဝေလငါးကဲ့သို့ သတ္တဝါကြီးမျိုးရှိသလို တောများအတွင်းမှာလည်း ဆင်ရိုင်းများကဲ့သို့ ကြီးမားသော သတ္တဝါကြီးမျိုးရှိကြသည်။





အတော်များများကတော့ ရေထဲမှဆိုလျှင် ဝေလငါးအကြီးဆုံးဖြစ်ပြီး တောထဲမှာဆိုလျှင် ဆင်ရိုင်းများမှာ အကြီးဆုံးသတ္တဝါများအဖြစ် သတ်မှတ်ထားကြသည်။

သို့သော် ၄င်းတို့ထက်ပိုမိုကြီးသော သတ္တဝါတစ်မျိုး ရှိပေသေးသည်။

'မြွေ' ကြီးများပင်ဖြစ်သည်။ မြွေသည် ဝေလငါးထက်ပိုကြီးသလို ဆင်ရိုင်းများထက်လည်း ပိုကြီးလေသည်။

'ည' ဟုခေါ်သော သမုဒ္ဒရာမှာနေသော မြွေကြီးများမှာ ဝေလငါးကြီးများကိုပင် ရစ်ပတ်ဖမ်းဆီးကာ စားသောက်တတ်ကြသည်။

'ည' ဟုခေါ်သောပင်လယ်မြွေကြီးများမှာ လက်လံတစ်ရာကျော်နှစ်ရာအထိ ရှည်လျားပြီး ဆင်နှင့်ဝေလငါးတို့ကိုပင် ဖမ်းယူစားသောက်နိုင်သော မှတ်တမ်းများရှိသည်။ ၄င်းတို့ကို (Sea Serpent) ဟုလည်းခေါ်သည်။

ပင်လယ်မြွေကြီးများနှင့် ပတ်သက်သောထူးခြားသည့် မှတ်တမ်းတစ်ခုမှာ ပေါလိုင်း (Panline) ဟုခေါ်သော ကုန်တင်သင်္ဘောပေါ်မှ မြင်တွေ့ခဲ့ရသော မှတ်တမ်းအချို့ပင်ဖြစ်သည်။

(၃၅)ပေအကွာအဝေးလောက်တွင် ကြီးမားသော ဝေလငါးကြီးတစ်ကောင်ကို ကြီးမားရှည်လျားလှသော ပင်လယ်မြွေကြီးတစ်ကောင်မှ အထပ်ထပ်ရစ်ပတ်ထားသော မြင်ကွင်းကို ပေါလိုင်းသင်္ဘောပေါ်မှ မြင်တွေ့ခဲ့ရသည်။

နောက်ဆုံးတော့ဝေလငါးကြီးမှာ ရေမြွေသတ္တဝါကြီး



www.burmeseclassic.com

www.burmeseclassic.com



ရစ်ပတ်ခြင်းခံရပြီး ဘယ်လိုမှမရုန်းနိုင်တော့သဖြင့် ရေအောက်သို့ပါသွားသည်ကို သင်္ဘောသားများက တွေ့မြင်သဖြင့် မှတ်တမ်းတင်နိုင်ခဲ့ကြလေသည်။

ပင်လယ်ပြင်မှာ ထိုကဲ့သို့ကြီးမားသော ပင်လယ်မြွေကြီးများရှိသကဲ့သို့ တောတောင်များထဲမှာလည်း ဆင်ထက်ပိုမိုကြီးမားသော မြွေကြီးများရှိကြလေသည်။

ကချင်ပြည်နယ်ဘက်တွင် လမ်းဖောက်ရန်အတွက် ကျောက်တောင်ကို မိုင်းခွဲရာမှ မြွေကြီးတစ်ကောင်ကို တွေ့ခဲ့ကြရသည်။

ထိုမြွေကြီးမှာမိုင်းထိသဖြင့် အပိုင်းပိုင်းပြတ်ကာသေဆုံးခဲ့ပြီဖြစ်သောကြောင့် ထိုအသားပိုင်းများကို လော်လီကားများဖြင့် သယ်ယူကြရသည်။

အလယ်ပိုင်းတစ်ပိုင်းကိုပင် လော်လီကားပေါ်သို့ တင်ရာ. . ပြည့်နေပြီး အလေးချိန်များသောကြောင့်. . လော်လီကား မရုန်းနိုင်ပဲရှိလေသည်။

ထိုကဲ့သို့သော မြွေကြီးများရှိသလို အဆိပ်ပြင်းသဖြင့် ကြောက်စရာကောင်းသော မြွေများလည်းရှိကြသည်။

တစ်ခါက ကုန်းတန်းရွာမှ တောတက်သမားအချို့သည် သစ်ပင်များပေါက်နေသော တောင်ကုန်းတစ်ခုပေါ်မှာ စခန်းချနေကြသည်။ ထိုတောင်ကုန်းမှာ အခြားနေရာများထက် ပိုမြင့်ပြီး အလျားရှည်သောနေရာလည်း ဖြစ်သည်။

တောင်ကုန်းပေါ်မှာ သစ်ပင်ဝါးပင်များလည်း ပေါက်





နေလေသည်။

တောတက်သမားများက သင့်တော်သောနေရာတစ်ခုမှာရှင်းလင်းပြီး သစ်ခက်တဲများထိုးကာ စခန်းချကြလေသည်။

ထိုနေရာတွင် မြေပြင်ပေါ်မှာပင် မီးပုံများဖိုပြီး ချက်ပြုတ်စားသောက်ကြသည်။

ထိုသို့ချက်ပြုတ်စားသောက်ပြီးသော်လည်း ညအိပ်သောအခါ အနွေးဓာတ်ရစေရန် မီးဖိုထဲမှာမီးထည့်ထားသည်။

သစ်ခြောက်တုံးများကို မီးထည့်ထားသောကြောင့် မီးအငွေ့ရှိန်ကများသည်။

ထိုသို့အိပ်နေကြသည့်အချိန်မှာပင် မြေပြင်တစ်ခုလုံး သိမ့်သိမ့်တုန်လာပြီး မြေငလျင်လှုပ်နေသကဲ့သို့ ဖြစ်လာသည်။

"ဘာဖြစ်တာလဲဟ. . . မြေငလျင်လှုပ်တာလား"

"မြေငလျင်လှုပ်တာရော ဟုတ်ရဲ့လား၊ တောခြောက်နေတာများ ဖြစ်လေမလား. ."

"မသိဘူး မြန်မြန်ထကြစမ်း"

ခေါင်းဆောင်လုပ်သူကပြောသဖြင့် ကျန်လူများလည်း အိပ်ချင်မူးတူးဖြင့် ထကြလေသည်။

ကြည့်လိုက်တော့ သူတို့ရောက်နေသော နေရာတစ်ဖက်မှသစ်ပင်များမှာ ယိမ်းထိုးလှုပ်ရှားနေသည်ကို တွေ့ကြရသည်။

မြေကြီးမှာလည်း သိမ့်သိမ့်တုန်လေသည်။ ထိုအခိုက်မှာပင်. . သူတို့ရှိနေသောနေရာနှင့် မနီးမဝေးမှာရှိသော တောင်ပို့



www.burmeseclassic.com

www.burmeseclassic.com



မှာ တဖြည်းဖြည်းကြွတက်လာသည်ကို လှမ်းမြင်ရသည်။

"ဟို . . ဟိုမှာ . . "

သုံးယောက်သားအထိတ်တလန့်ဖြင့် ကြည့်နေကြစဉ်မှာ ကြွတက်လာသော တောင်ပို့အတွင်းမှ ကြီးမားသော ဦးခေါင်းတစ်လုံး ထိုးထွက်လာလေသည်။

အခြားတော့မဟုတ်ပါချေ. . . ။

တောင်ပို့တစ်လုံးစာမျှကြီးမားသော မြွေကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းပင်ဖြစ်သည်။

ထိုမျှလောက်ကြီးမားသောမြွေမျိုး တစ်ခါမှမမြင်ဘူး မတွေ့ဘူးသောကြောင့် ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြရာ မြွေဦးခေါင်းက တဖြည်းဖြည်းနှင့် သူတို့ရှိရာဘက်သို့ လှည့်လာသည်။

ဦးခေါင်းကြီးသလောက် မျက်လုံးနှစ်လုံးကပင် လင်းကွင်းငယ်ခန့်ရှိသည်။ မီးဖိုမှမီးရောင်ကြောင့် အနီရောင်များထွက်နေသည်။

"မြွေ . . မြွေကြီးပါလား"

တစ်ယောက်က ထိတ်လန့်တုန်လှုပ်စွာဖြင့် ရေရွတ်လိုက်သည်။ မြွေကြီးဦးခေါင်းပေါ်လာသောနေရာမှာ သူတို့ရပ်နေသောနေရာနှင့်ဆိုပါက အတော်ကလေးဝေးသည်။

သို့သော် သူတို့ရပ်နေသောနေရာကတော့ မြွေကြီးကိုယ်လုံးရှိသော နေရာအပေါ်မှာပင်ဖြစ်၏။

ထိုအခိုက်မှာပင် သူတို့ရပ်နေသောနေရာမှ မြေများကြွ





တက်လာပြီး ထိုနေရာမှာရှိသောသစ်ပင်များ လဲကျကုန်သည်။ မြွေသားက ထက်ခြမ်းကွဲသွားပြီး ထိုနေရာမှ မြွေ၏ကိုယ်လုံး ကြွတက်လာသည်။

သစ်ပင်များလဲကျသွားသလို ထိုနေရာမှာရပ်နေကြသည့် တောတက်သမားသုံးယောက်တို့မှာလည်း နံဘေးသို့ယိုင်လဲကျသွားလေသည်။

"တွင်းအောင်းမြွေကြီးဖြစ်မယ်၊ ငါတို့မီးဖိုတဲ့က မီးအပူရှိန်ကြောင့် မြွေကြီးထဲကထွက်လာတာဖြစ်မယ်၊ ပြေးကြပေတော့ဟေ့ . . "

တောတက်သမားသုံးယောက်တို့မှာ ၎င်းတို့ ချထားသော ပစ္စည်းကိရိယာများကိုပင် မယူဝံ့ကြတော့ပဲ ဘေးလွတ်ရာသို့ ထွက်ပြေးကြရလေတော့သည်။

မြေအောက်မှထွက်လာသော မြွေကြီးမှာ အင်နာကွန်ဒါကဲ့သို့ မြွေကြီးမျိုးဖြစ်ဟန်ရှိပြီး မြေအောက်မှာအောင်းနေသည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်ဟန်ရှိသည်။

ထို့ကြောင့် ၎င်းရှိသော နေရာတစ်ဝိုက်မှာ သစ်ပင်နှင့် ဝါးတောများ ပေါက်နေခြင်းဖြစ်သည်။

ထိုကဲ့သို့သော မြေတွင်းအောင်းနေကြသည် မြွေကြီးများမှာ တစ်ခါတစ်ရံမှသာ မြေပြင်ပေါ်သို့ ဦးခေါင်းပေါ်လာပြီး ထိုနေရာရောက်လာသော တိရစ္ဆာန်တို့ကို ဖမ်းယူစားသောက်ကြသည်။

ထိုသို့စားရာမှာလည်း အကောင်လိုက်မျိုချလိုက်ခြင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ အစာရပြီးသည်နှင့် မြေကျင်းထဲသို့ပြန်ဝင်သွားလေ့ရှိရာ ရက်အတန်ကြာတော့. . ထိုနေရာတွင် မြေသားနှင့်သစ်ရွက်ခြောက်များဖုံးအုပ်သွားသောကြောင့် ၎င်းတို့ဦးခေါင်းကို မမြင်နိုင်တော့ပေ. . .။

အချို့ကတော့ ထိုမြွေကြီးမျိုးမှာ လပေါင်းများစွာအစာမစားပဲနေနိုင်သလို အခြားစားသောက်စရာ မရရှိပါကလည်း မြေအောက်မှမြေဆီမြေနှစ်များကို စားသောက်ကာနေနိုင်ကြသည်ဟု ဆိုကြသည်။

ထိုမြွေကြီးမျိုးမှာ သူ့အလိုအလျောက် မြေအောက်ရောက်နေပါက ကြောက်စရာမရှိသော်လည်း ယခုကဲ့သို့အခြေအနေမျိုးဖြင့် မမျှော်လင့်ပဲ မြေပေါ်သို့ရောက်လာလျှင်တော့. . တိရစ္ဆာန်များနှင့် တောတက်အလုပ်သမားများအဖို့. . များစွာအန္တရာယ်များလှပေသည်။

၎င်းတို့ရှိနေသောနေရာသို့ ရောက်သွားလျှင်တော့ လူဖြစ်စေ. . တိရစ္ဆာန်ဖြစ်စေ. . လွတ်မြောက်ခွင့်မရနိုင်တော့ပေ၊ တောတက်သမားသုံးယောက်တို့မှာ မြွေကြီးတစ်ကောင်လုံး ကြွတက်လာပြီး မြေပေါ်သို့ရောက်သောအခါမှ ကြောက်လန့်တကြားထွက်ပြေးကြလေသည်။

အချိန်ကလည်း ညအချိန်ဖြစ်သောကြောင့် တောထဲမှာ မှောင်နေလေရာ ပြေးမိပြေးရာ ပြေးရင်းနှင့်ပင် လူစုကွဲသွားကြကာ တစ်ယောက်တစ်နေရာစီ ဖြစ်သွားတော့သည်။

ထိုအထဲမှတစ်ယောက်မှာ ပြေးမိပြေးရာပြေးရင်းနှင့်





မောလာသောကြောင့် တစ်နေရာမှာ ထိုင်နားလိုက်သည်။

သစ်ပင်အောက်မှာဝင်ထိုင်ရင်းနှင့် တစ်စုံတစ်ခုကို တွေ့မြင်သွားသည်။

"ဟင်. . ."

အခြားမဟုတ်ပေ. .။

သူမြင်ရသောအရာမှာ သူတို့ဆောက်ထားခဲ့သည့် သစ်ခက်တဲပင်ဖြစ်တော့သည်။

ပထမတော့ ဇဝေဇဝါ ဖြစ်သွားသေးသည်။ နောက်မှ ထိုနေရာတွင် ပြန့်ကျဲနေသော ၎င်းတို့ပစ္စည်းများကို တွေ့ရတော့မှ မျက်လုံးပြူးသွားတော့သည်။

"ငါတို့နေခဲ့တဲ့နေရာပါလား. . ဘယ်လိုဖြစ်ပြီး ဒီနေရာပြန်ရောက်နေတာလဲ"

ဟု ကြောက်ကြောက်လန့်လန့်နှင့် ဘေးပတ်ဝန်းကျင်သို့ကြည့်လိုက်စဉ်. . သစ်ပင်ကြီးနှစ်ပင်ကြားမှ ခေါင်းပြူထွက်နေသော မြွေကြီး၏ဦးခေါင်းကို လှမ်းမြင်ရသည်။

"အောင်မယ်လေးဗျ. . ."

အလန့်တကြားအော်ကာ ထိုနေရာမှထပြေးပြန်လေသည်။ အတန်ကြာအောင်ပြေးရင်းနှင့် တစ်နေရာရောက်တော့ မြောင်းတစ်ခုထဲသို့ ခြေချော်ကျသွားလေတော့သည်။

ထိုမြောင်းမှာလည်း အခြားမဟုတ်ပဲ စောစောကမြွေကြီးထွက်ခဲ့သောကြောင့် ကျန်ခဲ့သောမြောင်းပင် ဖြစ်ပေသည်။ သူသည် ကြောက်ကြောက်လန့်လန့်နှင့် ပြေးရင်းလွှားရင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မူလနေရာသို့ အကြိမ်ကြိမ်ပြန်ရောက်နေခြင်းဖြစ်သည်။

နောက်ဆုံးတော့ ဆက်မပြေးနိုင်တော့သဖြင့် တွင်းထဲ၌ ငြိမ်နေစဉ် သူရှိသောနေရာသို့ ကြီးမားလှသောမြွေကြီး၏ ဦးခေါင်းက တရွေ့ရွေ့နှင့် ရောက်လာလေတော့သည်။





( အခန်း ၂ )

# ဧရာဝတီမြစ်ထဲမှ သစ်ဇောင်းဗျက်သောအန္တရာယ်

* ရွှေလီမြစ်သည်ရှည်လျားသောမြစ်ကြောင်း တစ်ခုဖြစ်လေသည်။ အရှေ့မြောက်ဘက် တရုတ်ပြည်ဘက်မှ မြစ်ဖျားခံစီးဆင်းလာခြင်းဖြစ်ကာ ရှမ်းပြည်နယ်မြောက်ပိုင်း ဘြူကုတ်အနီး ရောက်တော့မှ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခြင်းဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ တစ်လျှောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်မှအနောက်ဘက်သို့ ဦးတည်စီးဆင်းခဲ့ပြီးနောက်တွင် ဧရာဝတီမြစ်နှင့် ပူးပေါင်းသွားလေသည်။

ရှေးယခင်က ရွှေလီမြစ်ဝှမ်းတစ်လျှောက်တွင် သစ်တောကြီးများရှိပြီး သစ်ထုတ်လုပ်ရေးစခန်းများနှင့် ရွာများလည်း ရှိကြသည်။

မြစ်ကမ်းပါးနှင့် မနီးမဝေးမှာရှိကြသောရွာများမှာ သစ်တောလုပ်ငန်းများကို အမှီပြုကာ နေထိုင်ကြသူများလေသည်။

ဧရာဝတီမြစ်နှင့်ရွှေလီမြစ်တို့ ပေါင်းဆုံရာအောက်ဘက်၌သာ လူနေများသည့် ရွာများရှိကြသော်လည်း၊ ထိုနေရာမှအထက်ပိုင်းမှာတော့ လူနေများသောရွာ မရှိသလောက်နည်းလေသည်။

အချို့ရွာများမှာ ရွာဟုသာဆိုရသော်လည်း အိမ်ခြေအနည်းသာရှိကြသည့် တဲစုကလေးများသာ ဖြစ်ပေသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်များ သိမ်းပိုက်ပြီးနောက်ပိုင်းမှာတော့ အင်္ဂလိပ်အစိုးရမှ ရွှေလီမြစ်ဝှမ်းတစ်လျှောက်တွင် သစ်တောစခန်းများ လာရောက်ဖွင့်လေသည်။

သစ်တောစခန်းများမှာ သစ်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ကြရာ အလုပ်သမားများစွာ ခေါ်ယူအသုံးပြုကြရလေသည်။ အများစုကတော့ ဒေသခံအလုပ်သမားများ ဖြစ်ကြသည်။

ထိုအလုပ်သမားများက သစ်တောလုပ်ငန်းနှင့် မနီးမဝေးနေရာတွင် ယာယီတဲများထိုးနေကြသည်။





ထိုမှအချိန်ကြာလာသောအခါ ယာယီတဲများမှ အိမ်များဆောက်ကာ ရွာတန်းသဖွယ် ပြုလုပ်ကာနေထိုင်ခဲ့ကြရာမှ ရွာအချို့ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပေသည်။

သစ်ထုတ်လုပ်သော သစ်တောစခန်းများမှာ တစ်နေရာတည်းမှာ အချိန်အကြာကြီးမနေကြပေ။

တစ်နေရာတွင် နှစ်နှစ်၊ သုံးနှစ်ကြာပြီး ၎င်းတို့အလိုရှိသောသစ်များ ထိုနေရာ၌ ကုန်သွားပါက အခြားတစ်နေရာသို့ ရွှေ့ပြောင်းကြပြန်သည်။

ထိုအခါ အချို့အလုပ်သမားများက သစ်ထုတ်လုပ်ရေးစခန်းရွှေ့ပြောင်းရာသို့ လိုက်သွားကြသော်လည်း အချို့မှာ အခြေတကျဖြစ်နေသော မိမိတို့ရွာကို မစွန့်ခွာတော့ပဲ ထိုနေရာမှာပင် ကျန်ရစ်ခဲ့ကြသည်။

ဤသို့ဖြင့် ရွှေလီမြစ်ကမ်းတစ်လျှောက်မှာရှိသော သစ်တောများအတွင်း၌ ရွာအချို့ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

နောက်ပိုင်းကြာလာသောအခါ လူနည်းစုနေထိုင်ခြင်းမှာ တောတိရစ္ဆာန်များ ဝင်ရောက်ဖျက်ဆီးခံရမှုကြောင့် မနေဝံ့ကြတော့သဖြင့် လူများသောနေရာများသို့ ရွှေ့ပြောင်းကာ စုပေါင်းနေကြရာမှ ရွာငယ်များမှ ရွာကြီးများ ဖြစ်လာကြလေတော့သည်။

ထိုရွာများထဲမှာ "မိုးမခမြိုင်ရွာ"လည်း တစ်ရွာအပါအဝင် ဖြစ်ပေတော့သည်။

မိုးမခမြိုင်ရွာမှာ ရွာတည်စအချိန်က အိမ်ခြေများလှ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော ရွာငယ်ကလေးများပျက်ပြီး ထိုနေရာသို့လာရောက်၍ စုပေါင်းနေထိုင်ကြရာမှ တဖြည်းဖြည်းနှင့် ရွာကြီးဖြစ်လာလေတော့သည်။

မိုးမခမြိုင်ရွာတည်ထားသောနေရာမှာ ရွှေလီမြစ်နှင့်မနီးမဝေးမှာရှိပြီး အချို့နေရာများမှာ မြင့်မားလှသောချောက်ကမ်းပါးကြီးများရှိသည်။

ရွှေလီမြစ်မှာ တောင်ဘက်မှမြောက်ဘက်သို့ စီးဆင်းလေရာ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိရာမှ မိုးမခမြိုင်ရွာရှိသောဘက်မှာ အရှေ့ဘက်ကမ်းပါး၌ ဖြစ်သည်။

အင်္ဂလိပ်အစိုးရက သူတို့အလိုရှိသော ကျွန်းသစ်ကဲ့သို့ လက်ရွေးစင်သစ်များကိုသာ ထုတ်ယူပြီး အခြားအသုံးမဝင်သော ၄င်းတို့အလိုမရှိသော သစ်ပင်များကိုတော့မဖျက်ဆီးပဲ ဒီအတိုင်းချန်ထားခဲ့ကြသဖြင့် သစ်တောကြီးများမှာ မပျက်စီးလှပေ။ သက်တမ်းရင့်သည့် ကျွန်းပင်ကြီးများမရှိတော့သော်လည်း အခြားသက်တမ်းရင့်သည့် သစ်ပင်ကြီးများ အမြောက်အမြားကျန်နေခဲ့သဖြင့် သစ်တောကြီးများ ပျက်စီးသွားသည်ဟုတော့ မဆိုသာပေ။

မိုးမခမြိုင်ရွာ၏ အနောက်ဘက်မှာ မှိုင်းညို့လျက်ရှိနေသည့်သစ်တောကြီးများက ကာဆီးထားလေသည်။

မိုးမခမြိုင်ရွာမှာနေကြသော ရွာသူရွာသားအများစုတို့မှာ သစ်တောကြီးများကို အမှီပြုပြီး ဝမ်းစာရှာဖွေစားသောက်ကြသူ များလေသည်။





ယခုရက်ပိုင်းမှာ မိုးမခမြိုင်ရွာမှာ ထူးခြားသော သတင်းတစ်ခုရောက်လာလေသည်။

ထိုသတင်းက ရွာသူရွာသားများသာမကပဲ ရွာလူကြီးပင် ကြားသိသောကြောင့် များစွာထိတ်လန့်တုန်လှုပ်နေကြသည်။

တစ်နေ့တော့ ရွာလူကြီး ဦးထန်ဖုန်းရှိန်နေအိမ်မှ တုံးခေါက်သံကြားရသဖြင့် ရွာထဲမှာရှိနေသူများ တစ်အိမ်တစ်ယောက်သွားကြရသည်။

အချိန်က. . တောထဲသို့ အလုပ်သွားလုပ်နေကြသော အလုပ်သမားများ ရွာသို့ပြန်ရောက်နေသော အချိန်လည်းဖြစ်သည်။

သစ်တောထဲဝင်ပြီး အလုပ်လုပ်ကြသော အလုပ်သမားများမှာ တစ်နေကုန်ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရပြီး အိမ်သို့ပြန်ရောက်သောအချိန်တွင် မရှိရှိတာစားသောက်ပြီး အိပ်ရာဝင်ရန် ပြင်နေကြသောအချိန်ရောက်တော့မှ ရွာလူကြီးအိမ်မှ တုံးမောင်းခေါက်သံကြားကြရခြင်း ဖြစ်ပေသည်။

အနားယူရမည့်အချိန်မှာ ရွာလူကြီးအိမ်တစ်ခေါက်ပြန်သွားရမည်ဖြစ်သဖြင့် စိတ်ပျက်မိသော်လည်း. . မသွားပဲလည်း မနေဝံ့ကြပေ. . ။

ရွာလူကြီးက အရေးကိစ္စမရှိပဲ တုံးမောင်းခေါက်ပြီးခေါ်ရမည်မဟုတ်သဖြင့် တစ်အိမ်တစ်ယောက်တော့ သွားကြရသည်။

မိုးမခမြိုင်ရွာလူကြီးမှာ ဦးထန်ဖုန်းရှိန်ဖြစ်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



သည် ယခင်ကသစ်တောဌာနတွင် တောခေါင်းတာဝန်ဖြင့် အလုပ်လုပ်ခဲ့ဖူးသော်လည်း ယခုအသက်အရွယ်ရလာပြီ ဖြစ်သဖြင့် အလုပ်မှထွက်ကာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကာ အေးဆေးစွာနေတတ်သူဖြစ်သည်။

ရွာလူကြီးအိမ်ရှေ့မှာ ကနားဖျင်းကြီးထိုးထားပြီး ရေနံဆီထည့်ပြီးထွန်းထားသော မီးအိမ်များကိုစီထွန်းကာ ချိတ်ဆွဲထားလေသည်။

ထိုမီးအိမ်များမှာ အရေးကိစ္စရှိမှ အသုံးပြုသောမီးအိမ်များလည်းဖြစ်သည်။

"မင်းတို့ကိုခေါ်တာက တခြားတော့မဟုတ်ဘူး၊ သတိပေးစရာရှိလို့ပဲ. . "

ရွာသူရွာသားများရောက်လာသည်နှင့် ဦးထန်ဖုန်းရှိန်ကပြောသည်။ အားလုံးကတော့ စကားဆက်လာမည်ကိုပင် နားစွင့်နေကြသည်။

"တခြားတော့မဟုတ်ဘူး၊ ငါတို့ရွာရှိတဲ့ သစ်တောတွေထဲမှာ မြွေကြီးတစ်ကောင်ရောက်နေတယ်လို့ သတင်းကြားမိတယ်၊ မင်းတို့မကြားမိဖူးလား"

ထိုစကားကြားသောအခါ တီးတိုးရယ်သံများထွက်လာကြသည်။ အားလုံးမျက်နှာပေါ်မှာလည်း စိုးရိမ်မှုများလျော့ကျသွားသကဲ့သို့ ပေါ့ပေါ့ပါးပါးဖြစ်သွားကြသည်။

"မင်းတို့က ဘာကြောင့်ရယ်တာလဲ"

"သူကြီးကလည်း တောထဲမှာ မြွေရောက်နေတာများ





အဆန်းတကြယ်လုပ်ပြီး ပြောနေရသေးတယ်"

"နေစမ်းပါဦး ဖိုးလှရဲ့ မင်းက ဘယ်လိုမြွေမျိုးရောက်နေတယ်မှတ်ပြီး ဒီစကားမျိုးပြောရတာလဲ"

ထိုကဲ့သို့လှမ်းမေးလိုက်တော့ ဖိုးလှကဘာမှထပ်မပြောပဲ မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

"မင်း. . ကျွန်းပင်အကြီးဆုံး ဘယ်လောက်မြင်ဖူးသလဲ"

"လူ လေးဖက်၊ ငါးဖက်လောက်အထိကြီးတာမျိုးတော့မြင်ဖူးပါတယ်"

"အေး. . အခု ရွှေလီတောထဲရောက်နေတဲ့မြွေက မင်းမြင်ဖူးတဲ့ကျွန်းပင်ထက် သုံးလေးဆလောက်ပိုကြီးတယ်"

ထိုစကားကြောင့် စောစောက ပေါ်ထွက်နေသောရယ်သံနှင့်စကားသံများ တိတ်သွားသည်။

"အလျားက ဘယ်လောက်ရှည်မလဲ ငါမသိဘူး၊ အလုံးကတော့အိမ်တစ်လုံးစာလောက်တော့ အနည်းဆုံးရှိမယ်ထင်တာပဲ"

"အဲဒီမြွေကြီးက ဘယ်မှာလဲ ဘယ်သူတွေကတွေ့ခဲ့တာလဲသူကြီး. . "

"ကုန်းတန်းရွာသားတွေ တောတက်သွားရင်းနဲ့ တွေ့ခဲ့တာ သူတို့အထဲကတစ်ယောက်တော့ ရွာကိုပြန်မရောက်လာနိုင်တော့ဘူးတဲ့. . မြွေမျိုလို့သေပြီးလားမသိဘူး"

"ဒီလောက်ကြီးတဲ့မြွေမျိုးတော့ မတွေ့ဖူးသေးဘူး"

"မင်းတို့က ငါပြောတာ သိပ်မယုံကြဘူးနဲ့တူတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆောဒီမှာ အထက်ပိုင်းသစ်တောစခန်းက ဖောင်ချတဲ့လူတွေပဲ သူတို့ပြောတာလဲ နားထောင်ကြည့်ပါဦး”

ဦးထွန်းဖုန်းရှိန်ကပြောတော့မှ မနီးမဝေးမှာထိုင်နေသောလူနှစ်ယောက်ကို သတိပြုမိကြလေသည်။

“ကျုပ်တို့ကအထက်ပိုင်း သစ်ထုတ်လုပ်ရေးစခန်းက ဖောင်သမားတွေပါဗျာ၊ ဖောင်ပေါ်မှာတော့ လူငါးယောက်ပါလာတာပါပဲ၊ ချွေလီမြစ်ထဲမှာ ဖောင်မျှောလာရင်းကနေ ဖောင်ပျက်ပြီးတော့ ဒီကိုရောက်လာတာပါပဲ”

“ခင်ဗျားတို့နှစ်ယောက်ထဲလား၊ ကျန်တဲ့သူတွေရော ဘယ်မှာကျန်ခဲ့သလဲ”

“သူတို့သုံးယောက်တော့ အသက်မရှင်နိုင်တော့ဘူးနဲ့တူပါရဲ့ဗျာ”

“ဒါထက် သစ်ဖောင်ကဘယ်လိုကြောင့် ပျက်ရတာလဲ”

“မြွေကြီးတစ်ကောင်နဲ့တွေ့ပြီး ပျက်ခဲ့ရတာပါ ကျုပ်တို့ပြောပြပါ့မယ်”

ဟု တစ်ယောက်က ၎င်းတို့တွေကြုံခဲ့ရသော အဖြစ်အပျက်အချို့ကို ပြောပြလေသည်။

ထိုနေ့က ရာသီဥတုသာယာနေသည်။

မိုးလေကလည်း ငြိမ်သက်နေသဖြင့် ချွေလီမြစ်ထဲမှာ သာသာယာယာရှိနေလေသည်။

ထိုအချိန်တွင် အထက်မှာရှိသော သစ်ထုတ်လုပ်ရေးစခန်းမှ ကျွန်းသစ်ဖောင်တစ်ခု မျှောချလာသည်။





ရာသီဥတုကလည်းကောင်း၊ ရေစီးရေလာကလည်းကောင်းနေသောကြောင့် သစ်ဖောင်ပေါ်မှာ လိုက်ပါလာသူတို့မှာ များစွာစိတ်ချမ်းသာနေကြသည်။

သစ်ဖောင်ပေါ်မှာ ဖောင်သမားငါးယောက် လိုက်လာကြသည်။ သာဟန်ဆိုသူက ခေါင်းဆောင်ဖြစ်ပြီး ကျန်လေးယောက်က နောက်လိုက်များဖြစ်ကြသည်။

၎င်းတို့ငါးယောက်စလုံးမှာ သစ်တောလုပ်သက် ကြာမြင့်သူများဖြစ်ကြပြီး၊ သစ်ဖောင်လုပ်ငန်းမှာလည်း ကျွမ်းကျင်ကြသူများဖြစ်ကြလေသည်။

ထို့ပြင် ရေကြောင်း၊ လေကြောင်း နားလည်ကြသည်။ ချွေလီမြစ်ကြောင်းတစ်လျှောက်မှာ အကြိမ်ပေါင်းများစွာ သစ်ဖောင်မျှောခဲ့ဖူးသူများဖြစ်သောကြောင့် မြစ်အနေအထားနှင့် ကျောက်ဆောင်များအနေအထားကိုလည်း ကောင်းစွာသိကျွမ်းကြလေသည်။

ချွေလီမြစ်မှာ ရေစီးသန်သောမြစ်ဖြစ်သည့်အပြင် အချို့နေရာများမှာ အကွေ့အကောက်နှင့် ကျောက်ဆောင်များပေါများလှသဖြင့် ရေကြောင်းမကျွမ်းကျင်ပဲ ဖောင်မျှောမိပါက ဘေးအန္တရာယ်များနှင့် တွေ့ပြီး ဖောင်ပျက်နိုင်သောအခြေအနေမျိုးများရှိလေသည်။

သစ်ဖောင်ပေါ်မှာပါလာသူတို့မှာ ရာသီဥတုအခြေအနေကောင်းမွန်နေသောကြောင့် စိတ်ချမ်းသာစွာဖြင့် သီချင်းတကြော်ကြော်နှင့် လိုက်ပါလာကြစဉ် မိုးမခမြိုင်ရွာနှင့်မဝေးလှ



www.burmeseclassic.com

www.burmeseclassic.com



သော နေရာခွဲရှိသည့် မြစ်ကျဉ်းတစ်နေရာသို့ ရောက်လာကြလေသည်။

ထိုနေရာနှင့်မနီးမဝေးရောက်လာတော့ နေဝင်ခါနီး [illegible]လှပေပြီး အနောက်ဘက်သစ်တောများအပေါ်မှ ကျဆင်းလာသော နေရောင်ခြည်က ရွှေလီမြစ်ရေပြင်ပေါ်သို့ ကျရောက်နေသည်။ နေရောင်ခြည်ကြောင့် မြစ်ရေပြင်တစ်ခုလုံး ငွေရောင်ခြည်များ တလက်လက်တောက်ပလျှက်ရှိသည်။

မိုးမခမြို့ရွာအထက်ပိုင်းမှာရှိသော မြစ်ကျဉ်းနေရာမှာ အကွေ့အကောက်အချို့ရှိသည်။

ကမ်းနံဘေးတစ်ဖက်တစ်ချက်တွင် ကျောက်ဆောင်ကျောက်တုံးကြီးများ ရှိနေသည်။

တစ်နေရာမှာတော့ အရှေ့ဘက်ကမ်းနှင့်အနောက်ဘက် ကမ်းတစ်နေရာတွင် မြင့်မားသောကျောက်နံရံကြီးများရှိပြီး ကျောက်စွန်းနှင့်ကျောက်တုံးကြီးအချို့လည်း ရေပေါ်သို့ ပေါ်နေကြသည်။

ထိုနေရာသည် အန္တရာယ်များသောနေရာများထဲမှာ တစ်နေရာအပါအဝင် ဖြစ်ပေသည်။

သစ်ဖောင်မျှောသူတိုင်း ဝါးဖောင်မျှောသူတိုင်း ထိုနေရာရောက်ပါက ကြီးစွာသတိထားကြရသည်။

ကျွမ်းကျင်မှုဖြင့် ဖောင်များကို ထိမ်းပေးကြရသည်။ ထိုနေရာမှကျော်သွားလျှင်တော့ နောက်ထပ်မြစ်ကျဉ်းတစ်ခု မရောက်မချင်း စိတ်ချလက်ချ ဖောင်မျှောနိုင်ကြပေသည်။





ထိုနေရာနှင့် မနီးမဝေးရောက်လာတော့ တစ်ယောက်က ကမ်းဘက်သို့လှမ်းကြည့်ရင်းနှင့် တစ်စုံတစ်ခုကိုတွေ့မြင်သွားလေသည်။

"ဟေ့. . . ဟိုရှေ့က ကျောက်တုံးကြီးပေါ်မှာ ပြောင်ပြောင်လက်လက်နဲ့ ဘာကြီးလဲ"

"ဘယ်မှာလဲ"

"ဟိုအရှေ့ဘက်ကမ်းစပ်မှာရှိတဲ့ ကျောက်တုံးကြီးပေါ်မှာ. . "

လက်ညှိုးထိုးပြသောကြောင့် ကျန်လေးယောက်ကပါ ထိုနေရာသို့ လှမ်းကြည့်လိုက်ကြသည်။

ကမ်းနှင့်မနီးမဝေးမှာရှိသော ကျောက်တုံးကြီးပေါ်သို့ နေရောင်ခြည်က ထိုးကျနေသည်။

ထိုနေရာ၌ အလင်းရောင်များ တလက်လက်တောက်ပနေသည်။ ကျောက်တုံးပေါ်မှာတစ်စုံတစ်ခုရှိနေသည်။

"ကျောက်တုံးပေါ်မှာ ဘာကြီးလဲ"

"မသိဘူး သတ္တဝါတစ်ကောင်ကောင်ဖြစ်မှာပေါ့"

ထိုသို့အချင်းချင်းပြောဆိုရင်း လှမ်းကြည့်ကြသော်လည်း အနည်းငယ်ဝေးနေသဖြင့် သေသေချာချာတော့ မမြင်ရပေ။ သူတို့မြင်နေရသော အနေအထားက ကျောက်တုံးထိပ်ပေါ်မှာ သတ္တဝါကြီးတစ်ကောင် တက်အိပ်နေသော ပုံသဏ္ဌာန်မျိုးဖြစ်သည်။

ထိုနေရာနှင့်နီးသော နေရာရောက်တော့ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



[illegible]တို့ ထပ်မံမြင်ကြရပြန်သည်။

ဒီတစ်ခါတွေ့မြင်ရသော ထူးခြားချက်မှာ ကမ်းစပ်မှာမဟုတ်ပဲ ရေလယ်ကောင်၌ဖြစ်သည်။

ရွှေလီမြစ်ရေလယ်ကောင်မှာ တစ်စုံတစ်ခု ကန့်လန့်ခံနေသကဲ့သို့ ရေများမောက်ကြွနေသည်။

သောင်ခုံ သို့မဟုတ် ကျောက်တုံးတစ်တုံး ခံနေသဖြင့် ရေများမောက်တက်နေသကဲ့သို့ ဖြစ်လေသည်။

ထိုအချင်းအရာကိုမြင်တော့ ဖောင်သမားများ မျက်လုံးပြူးသွားကြသည်။

မြစ်ကျဉ်းနေရာတွင် ယခင်က ထိုကဲ့သို့သော သောင်ခုံမျိုး မတွေ့ခဲ့ဖူးပေ . .။

ယခု ဘယ်ကပေါ်လာမှန်း မသိနိုင်သော အရာဝတ္ထုတစ်ခု ရေကြောင်းတည့်တည့်မှာ ကန့်လန့်ခံနေလေသည်။

ယခုမှတော့ ရေစီးနှင့်မျှောချလာသော သစ်ဖောင်ကို ဘယ်လိုမှရပ်တန့်၍ မရနိုင်တော့ပေ . .၊

ကျောက်တုံးပေါ်မှာ မြင်နေရသောအရာနှင့် တည့်တည့်သို့ရောက်သောအခါ သစ်ဖောင်ကြီးက ရေအောက်မှ တစ်စုံတစ်ခုနှင့် ချိတ်မိပြီး ရပ်တန့်သွားသည်။

နောက်မှဆင်းလာသော ရေစီးအားကြောင့် ရေလယ်ကောင်မှာ ရုတ်တရက် ရပ်တန့်သွားသောသစ်ဖောင်ကြီးမှာ မရှိဖရဲ ဖြစ်သွားလေတော့သည်။

"ဖျစ် . . ဖျစ် . . ဖျစ် . ."





သစ်ဖောင်မှာ တုပ်နှောင်ထားသော နွယ်ကြိုး ကြိမ်ကြိုးများ အသံမျိုးစုံထွက်လာသည်။

အချို့ ပြတ်ထွက်ကုန်လေပြီ . .။

ထိုအခိုက်မှာပင် ရေအောက်သို့ ပြုတ်ကျစပြုနေသော သစ်ဖောင်ကြီးမှာ တဖြည်းဖြည်းနှင့် ရေပေါ်သို့ ပြန်ကြွတက်လာလေတော့သည်။

သစ်ဖောင်သမားများအဖို့ တစ်သက်နှင့်တစ်ကိုယ် မတွေ့ဖူးမမြင်ဖူးသော မြင်ကွင်းမျိုးဖြစ်သည်။

"ကျွိ . . ကျွိ . . ကျွိ . ."

"အမယ်လေးဗျ ဘယ်နှယ့်ဟာကြီးလဲ"

တစ်ယောက်က ဖောင်အောက်သို့ အမှတ်တမဲ့ ငုံ့ကြည့်ရင်း အလန့်တကြားအော်လိုက်သဖြင့် ကျန်လူများကပါ ငုံ့ကြည့်လိုက်ကြရာ မမျှော်လင့်သောမြင်ကွင်းကို တွေ့မြင်ကြရလေတော့သည်။ သူတို့သစ်ဖောင်တင်နေသောအရာမှာ ကျောက်ဆောင်လည်းမဟုတ်၊ သောင်ခုံလည်းမဟုတ် . .။

အလုံးအထည်ကြီးမားလှသော မြွေကြီးတစ်ကောင်၏ ကိုယ်ပေါ်တွင် ဖြစ်ပေတော့သည်။

ထိုမြွေကြီးက မြစ်ကျဉ်းနေရာတွင်ရှိသော အရှေ့ဘက်နှင့်အနောက်ဘက်ကမ်းစပ်မှာရှိသော ကျောက်ဆောင်ကြီးနှစ်ခုကို အမြီးနှင့်ဦးခေါင်း လှမ်းပတ်ထားပြီး ရေလယ်ကောင်မှာ ကြိုးတန်းထားသကဲ့သို့ တန်းထားခြင်းဖြစ်၏။

ကျွန်းသစ်ဖောင်က သူ့ကိုယ်ပေါ်မှာ တင်နေခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြွေကြီးကကိုယ်ပေါ်မှာ တင်နေသည့်ကျွန်းသစ်ဖောင်ကြီးကို ပုခက်လွှဲသကဲ့သို့လွှဲနေရာ ဖောင်မှာပျက်စီးသွားလေတော့သည်။

ထိုအခါမှ ဖောင်ပေါ်မှာရှိနေသော ဖောင်သမားငါးယောက်တို့လည်း ရေထဲသို့ခုန်ချကာ ပြေးရလေတော့သည်။

သူတို့ရေထဲရောက်သွားသော အခိုက်အတန့်မှာပင် မြွေကြီးကိုယ်ပေါ်တင်နေသောဖောင်မှာ တန်းကြိုးများပြတ်ထွက်သွားပြီး သစ်လုံးများက ပြုတ်ထွက်လာလေတော့သည်။

လူငါးယောက်တို့လည်း ရေစီးဖြင့်နောက်မှပါလာသော သစ်လုံးကြီးများဖြင့် မတိုက်မိမထိမိစေရန် ရှောင်ရှားရင်းနှင့် ကမ်းသို့ကူးပြေးကြရလေသည်။

ကံအားလျော်စွာ မိုးမခမြိုင်ရွာသို့ ငကျော်နှင့်လှမောင်တို့နှစ်ယောက်သာ ရောက်လာကြပြီး ကျန်သုံးယောက်ကတော့ ရောက်မလာကြတော့ပေ. . ။

လှမောင်က ၎င်းတို့ကြုံတွေ့ခဲ့ရသော အကြောင်းများကို ပြောပြသောအခါ နားထောင်နေကြသူများက ယုံရအခက်၊ မယုံရအခက် ဖြစ်နေကြလေသည်။

"မင်းတို့ပြောတာ ဟုတ်ကောဟုတ်ကြရဲ့လားကွာ၊ ကျွန်းသစ်ဖောင်ကြီးတစ်ခုလုံး မြှောက်တင်နိုင်လောက်အောင်ကြီးတဲ့ မြွေမျိုးရှိပါ့မလား"

"ဟုတ်ပါရဲ့ ငါတို့လည်း တောထဲတောင်ထဲမှာ နေလာကြတာတစ်သက်ပါပဲ၊ ဒီလောက်ကြီးတဲ့မြွေမျိုးတော့ တစ်ခါမှ





မမြင်ဘူး၊ မတွေ့ခဲ့ဖူးပါဘူး"

"မဟုတ်တာမှလွဲရော. . မြစ်လယ်ကောင်မှာ ကန့်လန့်ဖြတ်တင်နေတဲ့ သစ်တုံး ဒါမှမဟုတ် နွယ်ကြိုးတစ်ချောင်းနဲ့ချိတ်မိပြီး သစ်ဖောင်မှောက်ခဲ့တာပဲဖြစ်မှာပါ. ."

"ဟုတ်မယ်. . ဟုတ်မယ်. . နေဝင်ရီတရောအချိန်ဆိုတော့ သူတို့အမြင်မှားတာပဲ ဖြစ်ရမယ်"

ဟု ရွာသားများက ဝိုင်းဝန်းပြောဆိုကြလေရာ ငကျော်နှင့်လှမောင်တို့နှစ်ယောက်မှာ မျက်စိမျက်နှာပျက်သွားကြလေတော့သည်။

"ခင်ဗျားတို့က ကျုပ်တို့နှစ်ယောက်ပြောတာကို မယုံကြဘူးကိုး၊ ကျုပ်တို့က ဒီလောက်ဒုက္ခရောက်လာကြတာ ဘာကြောင့်မဟုတ်တဲ့စကားတွေ လာပြောမှာလဲဗျာ. ."

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့လူတွေလည်း သေသလားရှင်သလား မသိရလို့ ခင်ဗျားတို့ဆီလာပြီး အကူအညီ တောင်းကြတာပါ၊ ခင်ဗျားတို့မယုံကြည်ရင် မြစ်ကမ်းမှာ လိုက်ကြည့်ကြပါ ဒီလောက်ကြီးတဲ့မြွေကြီးကို တွေ့ချင်တွေ့ကြရဦးမှာပါ"

ဟု ငကျော်ကပါဝင်ပြောလေသည်။

ထိုအခါ ဦးထန်ဖုန်းရှိန် ကပြောသည်။

"မင်းတို့နှစ်ယောက်ပြောတာကို မယုံကြည်လို့တော့မဟုတ်ပါဘူး၊ ဒီလောက်နက်တဲ့တောထဲမှာ ငါတို့မမြင်ဖူးတဲ့ မြွေမျိုးတွေလည်း ရှိချင်ရှိမှာပေါ့၊ ဒီကနေ့ညတော့ အချိန်မရှိတော့ဘူး မနက်လင်းတော့မှပဲ ဖောင်ပျက်တဲ့နေရာသွားကြည့်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

ဟု ပြောတော့မှ စကားသံများတိတ်သွားကြတော့သည်။ ထိုအခါ ဦးထန်ဖုန်းရှိန်က ရွာသူရွာသားများကို ပြောသည်။

"မင်းတို့ကိုခေါ်ရတာ တခြားတော့မဟုတ်ဘူး ဒီအကြောင်းပြောချင်လို့ပဲ၊ ငါတို့တစ်ရွာလုံးက တောထဲဝင်၊ တောင်ပေါ်တက်ပြီး ဝမ်းစာရှာဖွေကြရသူတွေဖြစ်တော့ တောတောင်နဲ့မကင်းနိုင်ကြဘူး၊ သူတို့ပြောတဲ့မြွေမျိုးဆိုတာ တောထဲမှာမရှိဘူးလို့ အတပ်မပြောနိုင်ဘူး၊ ဒီတော့ တောထဲဝင်ကြတဲ့အခါ သတိဝီရိယနဲ့ သွားလာကြဖို့ ခေါ်ပြီးသတိပေးတာပဲ"

ဟုပြောရာ အချို့ကလည်း ယုံကြည်ကြသည်။

အချို့ကလည်း မယုံကြည်ကြပေ. .။

ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ မိမိတို့နေအိမ်များသို့ ပြန်သွားကြလေသည်။

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်သောအခါ ဦးထန်ဖုန်းရှိန်ကပင် ဦးဆောင်ပြီး ရွာသားအချို့ကိုပါခေါ်လျက် သစ်ဖောင်ပျက်သောနေရာသို့ သွားကြည့်ကြသည်။

လှမောင်နှင့်ငကျော်တို့နှစ်ယောက်ကိုပါ တစ်ပါတည်းခေါ်သွားကြသည်။

ထိုနေရာမှာ မိုးမခမြိုင်ရွာရှိသောနေရာနှင့် အတန်ငယ်ဝေးသော မြစ်ညာဘက်၌ရှိလေသည်။

တစ်မိုင်ခန့်သာ ကွာဝေးသောကြောင့် ထိုနေရာသို့ရောက်အောင် မြစ်ကမ်းပါးအတိုင်း ခြေလျင်လျှောက်သွားကြ





သည်။

နေထွက်စအချိန်လောက်မှပင် ထိုနေရာသို့ရောက်သွားကြသည်။ အရှေ့ဘက်တွင် သစ်တောများရှိနေသောကြောင့် နေရောင်က မြစ်ရှိရာသို့ မရောက်သေးပေ။

ညကရှိနေသောမြူနှင်းများပင် လက်ကျန်ရှိနေကြသေးသည်။ လမ်းနံဘေး၌ရှိသောကျောက်တုံးများနှင့် သစ်ပင်များအပေါ်မှာ နှင်းများစိုရွှဲလျက်ရှိသည်။

မြစ်ကျဉ်းနေရာရောက်တော့ အလင်းရောင်ကောင်းစွာရနေချေပြီ. .။

ထိုနေရာရောက်တော့ အားလုံးရပ်ကာ အခြေအနေကြည့်ကြလေသည်။

ကျောက်ဆောင်၊ ကျောက်တုံးများပေါ်မှာတော့ ဘာမှမရှိတော့ပေ. .။

ထိုနေရာနှင့် အတန်ငယ်ဝေးသောနေရာ၌ ကမ်းဘေးမှာရှိသော ကျောက်ဆောင်ပေါ်မှာတော့ သစ်လုံးအချို့တင်နေသည်ကို လှမ်းမြင်ရသည်။

သို့သော်. . လှမောင်တို့နှင့်ပါလာသော အဖော်သုံးယောက်တို့ကိုတော့ အစအနမျှပင် မတွေ့ရပေ။ သစ်တုံးညပ်လို့ပဲ သေလေပြီလား ဒါမှမဟုတ် အခြားတစ်နေရာသို့ ရောက်သွားလေပြီလားတော့ မသိနိုင်တော့ပေ. .။

"မြွေကြီးက ဟောဟို ကျောက်ဆောင်ပေါ်မှာ ခေါင်းတင်ပြီး ကျောက်ဆောင်ကို ပတ်ထားတာ သူ့အမြီးက ဟိုဘက်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းမှာရှိတဲ့ ကျောက်ဆောင်ကို လှမ်းချိတ်ထားတာဗျ. . ”

ဟု လှမောင် ကမ်းနှင့်မနီးမဝေးမှာရှိသော ကျောက်စွန်းကို လက်ညှိုးထိုးပြသည်။

ယခုအခါမှာတော့ ထိုကျောက်ဆောင်ပေါ်မှာ ဘာမှမရှိပေ။ ထိုနေရာမှာ မြစ်ကျဉ်းဟုသာဆိုသော်လည်း ပေနှစ်ရာကျော်ခန့် ကျယ်ပေလိမ့်မည်။

ထိုမြစ်ကို ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်းမှာရှိသော ကျောက်ဆောင်များကို အမြီးနှင့်ဦးခေါင်း လှမ်းချိတ်ထားနိုင်သောမြွေတစ်ကောင်၏ အလျားပေမှာ နည်းမည်မဟုတ်ပေ. . ။ အလျားတောင် ဒီလောက်ရှည်နေမှတော့ ကိုယ်လုံးကဘယ်လောက်ကြီးမည်ကိုတော့ မသိနိုင်ကြတော့ပေ. . ။

“အောက်ကို ဆင်းကြည့်ကြစမ်းကွာ. . ”

ဦးထန်ဖုန်းရှိန်က မြွေပတ်သွားသော ကျောက်ဆောင်ကိုဆင်းကြည့်ခိုင်းသောအခါ အခြားသူများက မဆင်းဝံ့ကြပေ။ အစကမယုံကြသော်လည်း သစ်ဖောင်ပျက်များကို တွေ့မြင်ရသောအခါမှ ကြောက်လန့်ပြီး မဆင်းဝံ့ကြတော့ခြင်းဖြစ်သည်။

ထိုအခါ နီမောင်တို့သုံးယောက်က အောက်သို့ဆင်းကြည့်ရန် ပြင်ကြသည်။

ကျန်နှစ်ယောက်မှာ နီမောင်နှင့်အတူပါလာသော စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ပင် ဖြစ်ကြသည်။

သုံးယောက်သား ချောက်ကမ်းပါးပေါ်မှ ရေစပ်ရောက်အောင်ဆင်းသွားကြသည်။





မြွေပတ်သွားသောကျောက်တုံးမှာ ကမ်းစပ်နှင့်မဝေးလှပေ. . ။

နီမောင်က ထိုကျောက်တုံးရှိသောနေရာရောက်အောင် ဘဖြည်းဖြည်းသွားကာ. . ကျောက်တုံးပေါ်မှ အခြေအနေကို ကြည့်သည်။ ထိုအချိန်မှာ တောပေါ်မှ ကျော်တက်လာသော နေအလင်းရောင်ကလည်း တဖြည်းဖြည်းများလာရာ ကျောက်တုံးပေါ်မှအခြေအနေကို ကောင်းစွာမြင်နိုင်သည်။

ကျောက်တုံးပေါ်မှာတော့ ထူးခြားမှုအချို့ ရှိနေသည်။

အခြားမဟုတ်ပေ. . ။

ကျောက်တုံးတစ်ခုလုံး အချွဲတုံးများကပ်နေခြင်းပင် ဖြစ်သည်။ အချို့အချွဲများမှာ ကျောက်တုံး၌ ကပ်ရုံသာကပ်နေသော်လည်း အချို့မှာတော့ အတုံးလိုက်အခဲလိုက် ကပ်နေကြသည်။

“ဒီအချွဲတုံးတွေက သတ္တဝါတစ်ကောင်ကောင်ရဲ့ ချွဲတုံးတွေပဲဖြစ်မယ်. . . ”

“ဒီလိုဆိုရင် ဟိုလူတွေပြောသလို ဒီကျောက်တုံးကို မြွေကြီးပတ်ထားတယ်ဆိုတာ အမှန်ဖြစ်နေမလား”

“မဖြစ်နိုင်ဘူးလို့တော့ ဖွတ်ပြောလို့မရတော့ဘူး၊ ဟိုဘက်ကမ်းစပ်မှာလည်း သစ်ဖောင်ပျက်တွေ ကျွန်းသစ်လုံးတွေ ရှိနေတယ်၊ သူတို့သစ်ဖောင်ပျက်တယ်ဆိုတာတော့ အမှန်ဖြစ်မှာပဲ. . ”

“သစ်ဖောင်ပျက်တာမှန်တယ်ဆိုရင် မြွေကြီးတွေ့တယ်ဆိုတာလည်း အမှန်ဖြစ်မှာပေါ့၊ သစ်ဖောင်ကြီးတစ်ခုလုံး ပျက်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင်ကြီးမားတဲ့ မြွေမျိုးရှိနိုင်ပါမလား"

"ရွှေလီမြစ်ကိုတောင် ဟိုဘက်ကမ်းနဲ့ဒီဘက်ကမ်းကို အမြီးနဲ့ခေါင်း ချိတ်ထားနိုင်မှတော့. . သူပြောသလောက် ကြီးချင်အညီး ကြီးမှာပေါ့"

"တကယ်သာဆိုရင်တော့. . အတော်ကြောက်စရာကောင်းတာပဲ"

"ဒီမြွေကြီးက ဒီနေရာတစ်ဝိုက်မှာပဲ တွေ့တာဆိုတော့ တစ်နေ့ကျရင် ငါတို့ရွာတွေဘက် ရောက်လာပြီး အန္တရာယ်မပေးဘူးလို့ မပြောနိုင်ဘူး"

ဟုပြောဆိုကာ နီမောင်က ကျောက်ဆောင်ပေါ်မှာကပ်နေသော ချွဲတုံးအချို့ကို ဓားဖြင့်ကော်ယူခဲ့ပြီးနောက် သုံးယောက်သား ကမ်းပေါ်သို့ပြန်တက်ခဲ့ကြလေသည်။





# ( အခန်း ၃ )

# ထူးခြားသော သစ်ခွပန်းဝယ်ယူသူ

မိုးမခမြိုင်ရွာသည် ရွှေလီမြစ်နှင့် မဝေးလှသောနေရာ၌ရှိသလို ရွှေလီသစ်တောများနှင့်လည်း နီးသောနေရာ၌ တည်ရှိလေသည်။ တောင်နှင့်မြောက်သို့သွယ်တန်းထားသော ရွာတန်းကြီးဖြစ်ပြီး အရှေ့ဘက်တွင် တောင်တန်းကြီးများနှင့် မှိုင်းညို့နေသောသစ်တောကြီးများရှိသည်။

ရွာအနောက်ဘက် မနီးမဝေးနေရာ၌မူ ရွှေလီမြစ်ရှိလေသည်။

သဘာဝသစ်တောကြီးများက သူတို့အတွက် အစားအ



www.burmeseclassic.com

www.burmeseclassic.com



သောက်များရရှိစေပြီး ရွှေလီမြစ်ရေကတော့ သောက်သုံးရေအတွက်ရလေသည်။

သစ်တောနှင့်ရွာရှိသော နေရာကြားတွင် လယ်ကွင်းအချို့ရှိပြီး ဆန်စပါးနှင့်အခြားအသီးအနှံများ စိုက်ပျိုးကြလေသည်။

ထိုရွာမှာနေကြသူအများစုမှာ တောတောင်များထဲဝင်ပြီး ဝမ်းစာရှာဖွေကြသူများ ဖြစ်ကြသည်။

အချို့က အင်္ဂလိပ်အစိုးရပိုင် သစ်တောစခန်းများမှာ သွားရောက်အလုပ်လုပ်ကြသည်။

အချို့ကတော့ ကိုယ်ပိုင်အလုပ်ဖြင့် အသက်မွေးကြသည်။ အချို့က အမဲလိုက်သည် အချို့ကပျားလိုက်သည်။

သစ်ခွပန်းရှာဖွေသူ၊ တန်ဖိုးရှိသောဆေးပင်ဆေးမြစ်ဆေးဥရှာဖွေသူ အမျိုးမျိုးလုပ်ကိုင်စားသောက်ကြသည်။

အချို့ကလည်း ရွှေလီမြစ်ရိုးတစ်လျှောက်မှာ သားငါးရှာဖွေရင်း ဝမ်းစာရှာကြသည်။

တောထဲမှာပစ္စည်းအတော်များများ ရှာဖွေစုဆောင်းမိလျှင် ထိုနေရာတစ်ဝိုက်မှာရှိသော ဈေးများမှာ သွားရောက်ရောင်းချကြသည်။

ဈေးဟုဆိုသော်လည်း မြို့များမှာဖွင့်ထားသော ဈေးများကဲ့သို့ နေ့စဉ်ရှိသည်တော့ မဟုတ်ပေ..။

မြို့မှလာရောက်ရောင်းချသော ဈေးသည်များနှင့် ရွာခံများ စုပေါင်းရောင်းချကြသည့် ငါးရက်တစ်ကြိမ်၊ ခုနစ်ရက်တစ်ကြိမ်မှဖြစ်သော ဈေးများသာဖြစ်သည်။





ဒေသခံများကတော့ ငါးရက်ဈေး၊ ခုနစ်ရက်ဈေးဟုခေါ်ကြသည်။

မိုးမခမြို့အပါအဝင် ထိုနယ်တစ်ဝိုက်မှာရှိကြသော ရွာများနှင့် အနီးဆုံးမြို့များမှာ မိုင်းဝီး၊ မိုင်းနားနှင့် နမ့်ခမ်းတို့ရှိကြသည်။

ရှေးအခါကတော့ ထိုမြို့များမှာ စော်ဘွားများအုပ်ချုပ်သောရွာကြီးများ ဖြစ်ကြပြီး၊ အင်္ဂလိပ်များလက်သို့ ကျရောက်သောအခါ တဖြည်းဖြည်းနှင့် မြို့အဖြစ်သို့ ပြောင်းလဲခဲ့ကြခြင်းဖြစ်သည်။

ထိုမြို့များမှဈေးသည်များက ခုနစ်ရက်ဈေး၊ ငါးရက်ဈေးများရှိသော နေ့များတွင် လာရောက်ရောင်းချကြသဖြင့် စည်ကားလှသည်။

ဒေသခံများကလည်း မြို့ဈေးများအထိ မသွားနိုင်ကြသဖြင့် ဒေသမှာဖြစ်သော ဈေးများမှာသာ ရောင်းစရာရှိသောကုန်များကိုရောင်းချပြီး၊ ဝယ်စရာရှိသောပစ္စည်းများကို ဝယ်ယူကြလေသည်။

တောထဲမှရှာဖွေထားသော တောတိရစ္ဆာန်တို့၏ ပစ္စည်းများ၊ ဆေးပင်ဆေးမြစ်ဆေးဥများ၊ သစ်ခွပန်း၊ ပျားရည်နှင့် ဒေသထွက်ကုန်ပစ္စည်းတို့ကို ရောင်းချကြသည်။

ရလာသောငွေဖြင့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန်၊ ဆေးရွက်ကြီးဆေးမှုန့်၊ အဝတ်အထည်၊ ထန်းလျက်၊ လက်ဖက်၊ ဆေးဝါးများ၊ ဓား၊ လှံ၊ ထယ်သွား စသောအသုံးရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပစ္စည်းများကို ရှိသမျှငွေဖြင့် ရသလောက် ဝယ်ယူသွားကြလေသည်။

မြို့နှင့်ဝေးလံလှသောနေရာများမှာ နေကြသူများအတွက်ကတော့ ရွှေမလိုပေ၊ ငွေမလိုပေ. . ။

အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ လုံလောက်ဖို့သာ အရေးကြီးလှပေသည်။

တောထဲရောက်နေလျှင် ရွှေတုံးရထားလျှင်လည်း ဘာမှအသုံးမတည့်ပေ။

ရောဂါဖြစ်လျှင် ကုစရာဆေးရှိဖို့က ပိုအရေးကြီးသည်။ စားစရာနှင့် သောက်စရာရေကသာ သူတို့အတွက် မရှိမဖြစ်ပစ္စည်းများဖြစ်ကြသည်။

သို့ကြောင့် ဈေးသို့ရောက်ကြသောအခါ ရောင်းရသမျှငွေကို အလိုရှိသောပစ္စည်းများဝယ်ယူပြီး တစ်ပွေ့တစ်ပိုက်ဖြင့် ပြန်ကြလေသည်။

မြို့မှလာရောင်းသောဈေးသည်များကလည်း တောမှာနေသူတို့ ကြိုက်နှစ်သက်သော ပစ္စည်းကိုသယ်ယူလာကာ ဈေးတင်ကာရောင်းချကြသည်။

ဒေသခံများကလည်း ၎င်းတို့ အလိုရှိသောပစ္စည်းတွေ့ပါက လက်ထဲမှာဝယ်လောက်သောငွေလည်းရှိနေပါက ဈေးမရှောင်ပဲ ဝယ်ယူသွားကြလေသည်။

တကယ်တော့ ငါးရက်ဈေး၊ ခုနစ်ရက်ဈေးကျင်းပသောနေရာများမှာ မိုင်းဝီး၊ မိုင်းနား၊ နမ့်ခမ်း စသောမြို့များမှ လာ





ရောက်ပါက ဝေးလှသည်တော့မဟုတ်ပါပေ. . ။

သို့ကြောင့်လည်း ဈေးနေ့သို့ရောက်ပါက ထိုမြို့များမှာရှိကြသော ကုန်သည်အချို့ပါ ရောက်လာကြကာ အလိုရှိသောပစ္စည်းများကို ရှာဖွေဝယ်ယူကြသည်။

မြို့ခံများကလည်း ၎င်းတို့အလိုရှိသော ပစ္စည်းများကို ဈေးနေ့ရောက်သောအခါမှ လာရောက်ပြီး ဝယ်ယူကြသည်မျိုးလည်းရှိကြသည်။

ဒီနေ့သည် ခုနစ်ရက်ဈေးရှိသောနေ့ ဖြစ်သည်။ ဈေးပြုလုပ်သောနေရာမှာ မိုးမခမြိုင်ရွာ၊ မိုင်းသုတ်ရွာ၊ ကျွန်းတောရွာတို့အလယ်ခေါင်မှာရှိသော လွင်ပြင်မှာ ခင်းကျင်းရောင်းချကြခြင်း ဖြစ်သည်။

ဆိုင်နှင့်ကနားနှင့် ခင်းကျင်းရောင်းချကြခြင်းမျိုး မဟုတ်ပဲ သူ့အဖွဲ့နှင့်သူ သူ့အစုနှင့်သူ မြေပေါ်မှာထိုင်ရောင်းကြခြင်းပင်ဖြစ်သည်။

အချို့က ပါလာသောအဝတ်စများကို ဖြန့်ခင်းပြီး ပါလာသော ပစ္စည်းတို့ကို ပုံရောင်းကြသည်။

အလျားလိုက်တန်းပြီး ရောင်းချကြသဖြင့် အလယ်ခေါင်မှာ ဈေးဝယ်သူများ လျှောက်ရန် လူသွားလမ်းများတော့ ပေးထားကြသည်။

ခုနစ်ရက်မှတစ်ကြိမ်ဖြစ်သောဈေးမို့ ကြိတ်ကြိတ်တိုးနေသည်ကားလေသည်။

နံနက်လင်းစနေ့င်းမကွဲမီ အချိန်ကတည်းက ဈေးရောင်း



www.burmeseclassic.com

www.burmeseclassic.com



သူများရော ဈေးဝယ်သူများပါ ရောက်ရှိနေကြသည်။

ထိုဈေးသို့ နီမောင်တို့သုံးယောက်လည်း ရောက်နေကြလေသည်။

၎င်းတို့သုံးယောက်မှာ မိုးမခမြို့ရွာမှာ နေကြသူများဖြစ်ပြီး တောထဲမှရှာဖွေရရှိထားသော ပစ္စည်းများကို အများနည်းတူ လာရောက်ရောင်းချကြခြင်းဖြစ်သည်။

၎င်းတို့ရောင်းချသောပစ္စည်းမှာ ပျားရည်နှင့် ရှားပါးသော သစ်ခွပန်းများပင် ဖြစ်သည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့မှာ ညီအစ်ကိုမတော်စပ်ကြသော်လည်း ညီအစ်ကိုထက်ပင် ချစ်ခင်ကြကာ အတူသွားအတူလာ၊ အလုပ်လုပ်တော့လည်း အတူတူလုပ်ကိုင်ကြသူများဖြစ်ကြသည်။

၎င်းတို့သုံးယောက်လုပ်သောအလုပ်က အခြားသူများနှင့်တော့ မတူပေ. .။

ပျားလိုက်ခြင်းဟုခေါ်သော ပျားရည်ရှာဖွေခြင်းနှင့် ရှားပါးသောသစ်ခွပန်းများ ရှာဖွေရောင်းချခြင်း အလုပ်ပင်ဖြစ်ပေသည်။

ထိုအလုပ်နှစ်ခုစလုံး တောနက်ကြီးများနှင့် တောင်တန်းများပေါ်သို့ တက်ရောက်ရှာဖွေရသော အလုပ်ဖြစ်ပြီး. . နှစ်မျိုးစလုံး တစ်ပြိုင်နက်တည်းပြုလုပ်၍ ရနိုင်သော အလုပ်မျိုးပင်ဖြစ်သည်။

ယခုလည်း တောထဲမှစုဆောင်းရရှိထားသော ပျားရည်





တို့ကို သံပုံးများဖြင့်ထည့်ထားပြီး သစ်ခွပန်းခိုင်များကိုတော့ သစ်သားတန်းဖြင့် ချိတ်ဆွဲပြသထားလေသည်။

ဈေးဖွင့်ပြီဆိုသည်နှင့် ပျားရည်ဝယ်လိုသူများရောက်လာပြီး ပျားရည်ကိုကြည့်သည်။

ပျားရည်ထည့်ထားသောပုံးနှင့် ပုလင်းများကိုစစ်ဆေးကြည့်သည်။ ပျားရည်အရသာကို သိစေရန် လက်ဖြင့်တို့ပြီး လျှာဖြင့်လျက်ကြည့်သည်။

"ပျားရည်က အရောအနှောကင်းရဲ့လား"

"ဘာမှရောမထားပါဘူး၊ ပျားလပို့က ညှစ်ယူလာတဲ့အတိုင်း လာရောင်းတာပါ. ."

"ဒီလိုပဲပြောကြတာပဲ. . သကြားရေမထိုးတဲ့ပျားရည်၊ ရေမထိုးတဲ့နွားနို့ဆိုတာကတော့ အတော်ရှားမှာပါ၊ ဒါထက် ပျားရည်က ဘာကြောင့်အနီရောင်သမ်းနေတာလဲ"

"ဒီရာသီက နွယ်နီပန်းပွင့်တဲ့ရာသီပါ၊ ဒါကြောင့်နီနေတာပါ"

နီမောင်က အေးအေးဆေးဆေးနှင့်ပင် ပြန်ပြောပြသည်။

"ငါတို့က ပျားရည်ဝယ်ဖို့ လာကြတာပဲ၊ မင်းတို့ရောင်းတဲ့ပျားရည်ကလည်းစစ်မယ်၊ ဈေးလည်းသင့်မယ်ဆိုရင်တော့ အားလုံးယူသွားမယ်"

"ကြိုက်တဲ့နည်းနဲ့ စစ်ဆေးကြည့်ပါ၊ ပျားရည်မစစ်ဘူးဆိုရင် တစ်ပြားမှမပေးပဲ အလကားယူသွားနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ပြီ. . . ဒီလို အာမခံရဲတဲ့ ဈေးသည်မျိုးတော့ သဘောကျပြီဟေ့"

ဟုပျားရည်ဝယ်မည့်သူများက ပျားရည်စစ်မစစ် သိစေရန် သူတို့နည်းသူတို့ဟန်ဖြင့် စစ်ဆေးကြည့်ကြလေသည်။

ဤနေရာတွင် စာဖတ်သူများ ဗဟုသုတရစေရန် ပျားရည်စစ်မစစ် အလွယ်တကူသိရန် စစ်ဆေးကြည့်သော နည်းအချို့ကို ဖော်ပြပေးလိုက်ပါသည်။

ပျားရည်ကို လက်နှင့်ကိုင်စုပ်စားပြီးနောက် လက်ဆေးပါ။ ဝိကတိပစ္စည်း သကြားဓာတ်ရောနေလျှင် ပကတိလက်ကဲ့သို့ မပြောင်ပဲ စေးထိုင်းထိုင်းဖြစ်နေတတ်သည်။

၎င်းကို"ပျားစား လက်ဆေးနည်း" ဟုခေါ်သည်။

ပျားရည်ကို တစ်ဇွန်းယူ၊ နှမ်းဆီစစ်စစ် တစ်ဇွန်းယူကာ ထိုနှစ်ဇွန်းကိုပေါင်းမွှေပြီးနောက် နှစ်ဇွန်းစာသည် တစ်ဇွန်းစာမျှ ဖြစ်သွား၏။ တစ်ဇွန်းထက်များလာသော အစိတ်အပိုင်းသည် အတုများချည်းသာဖြစ်သည်။

၎င်းနည်းကို "ပျားရည်တစ်ဇွန်း ဆီတစ်ဇွန်း ရောစပ်ကြည့်နည်း" ဟုခေါ်သည်။

ပျားရည်ကို ရေအေးထည့်ထားသော ဖန်ခွက်တွင်ထည့်ပါ။ ပျားရည်သည် စုခဲထိုင်နေပါက ပျားရည်စစ်သည်ဟု မှတ်ယူရမည်။ သာမန်စုခဲခြင်း၊ အရည်ကျဲခြင်း၊ ပွဖေါင်းစုခဲနေခြင်း ရေနှင့်ရောသွားခြင်းဖြစ်ပါမူ ပျားရည်မစစ်ဟု မှတ်ယူရပါမည်။

၎င်းနည်းကို "ပျားရည်စက်ကို ရေချစမ်းနည်း"ဟု ခေါ်





သည်။

စက္ကူဖြူဖြူပေါ်တွင်(စက္ကူပွပွ) ပျားရည်စက်ကိုချပါ။ ပြန့်သွားခြင်း၊ အောက်သို့စိမ့်သွားခြင်း ဖြစ်ပါမူ ပျားရည်မစစ်ဟု မှတ်ယူရပါမည်။

၎င်းနည်းကို "စက္ကူဖြူပွပွပေါ်တွင် ပျားရည်ချ၍စမ်းနည်း" ဟုခေါ်သည်။

လက်ဖက်ရည်ကျကျအရည်အေးအေးတွင် ပျားရည်ကိုအစက်ချပြီး မွှေပါ။ အရောင်ပြောင်းလဲ(ပြာညိုသွား)လျှင် ပျားရည်မစစ်ဟု မှတ်ရပါမည်။ သာမည အရောင်ပြောင်း(ပြာ) သွားလျှင် အနည်းငယ် မစစ်ပါ။

၎င်းနည်းကို "ပျားရည်ကိုလက်ဖက်ရည်ကျကျတွင် အစက်ချစမ်းနည်း" ဟုခေါ်သည်။

မီးခြစ်ဆံကို ပျားရည်တို့၍ မီးခြစ်ကြည့်ပါ၊ (သို့မဟုတ်) မီးချောင်းတွင် ပျားရည်တို့၍ မီးရှို့ကြည့်ပါ။ မီးတောက်လျှင် ပျားရည်စစ်သည်။

မီးတောက်ပြီးမှ သေသွားလျှင် အနည်းငယ်မစစ်၊ လုံးဝ မီးတောက်လျှင် ပျားရည်လုံးလုံးမစစ်ဟု မှတ်ယူရပါမည်။

၎င်းနည်းကို "ပျားရည်နှင့်မီးစမ်းသပ်နည်း" ဟုခေါ်ပါသည်။

ပျားရည်ကိုလက်နှင့်နာနာမွှေပါ။ ထုံးကဲ့သို့ အမြှုပ်ရည်ဖြစ်ဘဲ ညို၊ နီ၊ ပြာ၊ ဝါ စသည့်ဖြစ်ခဲ့သော် ပျားရည်မစစ်ဟုမှတ်ယူရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းနည်းကို"ပျားရည်ကို လက်နှင့်မွှေ၍ စမ်းသပ်နည်း" ဟုခေါ်ပါသည်။

ပျားရည်ထည့်ထားသော ပုလင်းကို လက်နှင့်တောက်ကြည့်ပါ အသံလုံးသော၊ ထက်သော၊ တင်းသော၊ ကျစ်လစ်သော အသံများ မြည်ထွက်လာလျှင် ပျားရည်စစ်သည်။ တဘုတ်ဘုတ်မြည်နေလျှင် ပျားရည်မစစ်ပါ။

ငှင်းနည်းကို "ပျားရည်ပုလင်းကို လက်နှင့်တောက်ကြည့်နည်း" ဟုခေါ်ပါသည်။

ပျားရည်ကို ကြေးခွက်တွင်ထည့်၍ နေလှန်းပါ။ အနယ်မထိုင်လျှင် ပျားရည်စစ်၍အနယ်ထိုင်သည်နှင့်အမျှ ပျားရည်အတုဖြစ်သည်။

ငှင်းနည်းကို "ပျားရည်နေလှန်းနည်း" ဟုခေါ်ပါသည်။

ပျားရည်ထည့်ထားသော ပုလင်းကိုကြည့်ပါ ဝါယောမာတ်အရှိန်ဥစီကလေးများ အထက်သို့ လုတက်နေမည်။ ပျားရည်အပေါ်တွင် အမြှုပ်ကလေးများထနေသည်။ အမြှုပ်ကြမ်းများသည် အပေါ်တွင်ဖယောင်းဖြစ်နေသည်။ ထိုလက္ခဏာများနှင့်ပြည့်စုံလျှင် ပျားရည်စစ်သည်။ ထိုလက္ခဏာများမရှိပါက ပျားရည်အတုဖြစ်သည်။

ငှင်းနည်းကို "ပျားရည်အမြှုပ်ထခြင်းနည်း" ဟုခေါ်ပါသည်။

ပန်းဝတ်မှုန်များပါသော ပျားရည်အကြောင်းကို သိသင့်ပေသည်။





မှန်ဘီလူးဖြင့်ကြည့်သော် ပျားရည်အစစ်တွင် ပန်းဝတ်မှုန်ကလေးများ၏ အစအနကလေးများကို မြင်တွေ့ရပါမည်။ ပျားရည်အတုဌ် မှုပန်းဝတ်မှုန်ကလေးများကို မတွေ့ရပေ။

ယင်းသို့ပန်းဝတ်မှုန်မရှိသော ပျားရည်မျိုးကို ပျားရည်အစစ်မဟုတ်ဟု သိရာ၏။ ထိုပန်းဝတ်မှုန်သည် ပျားကောင်များ ပန်းတစ်ပွင့်မှတစ်ပွင့်သို့ လှည့်လည်၍ပန်းဝတ်ရည်ကို စုတ်ယူစဉ်က ပါလာသော ပန်းဝတ်မှုန်များဖြစ်သည်။

ထိုပန်းဝတ်မှုန်များကို မှန်ဘီလူးဖြင့်သာ မြင်နိုင်စွမ်း၏။

ကျွမ်းကျင်သောသူများသည် ပန်းဝတ်မှုန်ကိုကြည့်ကာမျှဖြင့် ပျားရည်စစ်၊ မစစ်ကိုသိနိုင်သည် မဟုတ်သေး။ ပျားရည်သည် မည်သည့်ပန်းမျိုးမှဖြစ်သော ပျားရည်ဖြစ်သည်ကိုပင် အတပ်ပြောနိုင် သိနိုင်ကြသည်။

ထိုမှန်ဘီလူးဖြင့် ပန်းဝတ်မှုန်ကြည့်ရှုနည်းကို အနောက်နိုင်ငံပညာရှင်တို့ ဖော်ပြထားသည့်နည်းလည်း ရှိပေသည်။

ပန်းဝတ်မှုန်ကို စမ်းသပ်ရန်အတွက် ပျားရည်ကိုရေလေးဆတွင်ဖျော်ပါ။ အချိန်အနည်းငယ်ကြာအောင်ထားပါ။ သို့မှသာပန်းဝတ်မှုန်များ အနယ်ထိုင်သွားလိမ့်မည်။ ထိုအခါမှ အပေါ်တွင်ရှိသောရေကို အသာအယာငှဲ့ပစ်၍ မှန်ဘီလူးဖြင့် ကြည့်ရှုပါက ပျားရည်ရှိပန်းဝတ်မှုန်များကို သိရှိနိုင်သည်။

ဤနည်းဖြင့် ပျားရည်စစ်၊ မစစ်ကိုစမ်းသပ်နိုင်ပါသည်။

ထို့ပြင် ပျားရည်၌ ပျားဖယောင်း ပျားကောင်အစိတ်အပိုင်းများ၊ အခြားသောသက်ရှိသတ္တဝါတို့၏ အစိတ်အပိုင်းများ

www.burmeseclassic.com



စသည်တို့သည် နောနှောနေတတ်ကြသေးသည်။

ယင်းတို့ကိုမှန်ဘီလူးဖြင့် ကြည့်ရှုစိစစ်နိုင်သည်။

ရှေးခေတ်လူများသည် သိပ္ပံပညာ မထွန်းကားသေး သော ရှေးခေတ်စမ်းသပ်နည်းများဖြင့်လည်း စမ်းသပ်ကြခဲ့သည်။

ထိုရှေးခေတ်စမ်းသပ်နည်းတို့မှာလည်း တစ်ကျောင်း တစ်ဂါထာဆိုသလို အရပ်ဒေသအလိုက် အမျိုးမျိုးရှိကြလေ သည်။ ထိုနည်းများအနက် ယေဘုယျစမ်းသပ်သောနည်းများ ကိုဖော်ပြပါမည်။

ပျားရည်ကိုခွေးကျွေးကြည့်ပါ။ ပျားရည်စစ်လျှင် ခွေး စားပေ။

အခြားတစ်နည်းမှာ ပျားရည်တွင် ဝါဂွမ်းဖတ်ကိုစိမ်၍ ၎င်းဂွမ်းဖတ်ကို မီးရှို့ကြည့်ပါ။ ဝါဂွမ်းဖတ်ကို မီးလောင်လျှင် ပျားရည်အစစ်ဟု သိပါ။

ပျားရည်တွင် ပျားကောင်အရှင်ကိုချကြည့်ပါ။ ပျား ကောင်မသေ၊ ပျားရည်၌နစ်မနေပဲ အတန်ကြာလျှင် ပျားကောင် ရေကူးသလိုကူးလျက် အပေါ်တက်ကာ ပျံသွားခဲ့သော် ပျားရည် အစစ်ဟု မှတ်ယူရပါမည်။ ဤနည်းကိုပျားကောင်အရှင်ကို ကိုင် ရဲသည့် ရှေးခေတ်လူတို့ အသုံးပြုခဲ့ကြသည်။

အခြားနည်းတစ်နည်းမှာ ပျားရည်အရသာကိုမြည်း ကြည့်ခြင်း၊ အနံ့ကိုနမ်းရှူကြည့်ခြင်းဖြင့် စစ်မစစ်ကိုဆုံးဖြတ်ကြ ၏၊

သို့သော် . . ယခုအခါ ယင်းရှေးခေတ်စမ်းသပ်နည်းဖြင့်





စမ်းသပ်မရနိုင်သော လိမ်နည်းအတုလုပ်နည်း အမျိုးမျိုးဖြင့်ပြု လုပ်ထားတတ်ကြသည်။

ထို့ကြောင့် စစ်၊မစစ် သိရန် ခဲယဉ်းလှသည်။

အကယ်၍ ပျားရည်အစစ်ကိုအလိုရှိခဲ့လျှင် ရှေ့ပိုင်းတွင် ဖော်ပြခဲ့သော သိပ္ပံနည်းများဖြင့်၎င်း၊ ကိုယ်တိုင်ပျားအုံမှဖွတ်၍ ၎င်း၊ ယုံကြည်လောက်သူထံမှ ဝယ်ယူ၍၎င်း ပျားရည်စစ်စစ်ကို ရနိုင်ပေသည်။

ပျားရည်ဝယ်ယူမည့်သူများက နီမောင်တို့ချထားသော ပျားရည်ထည့်ထားသောပုံးများ၊ ပုလင်းများထဲမှပျားရည်တို့ကို စိတ်ကြိုက်စစ်ဆေးကြည့်ကြပြီးနောက် နှစ်သက်သဘောကျကြ သဖြင့် ဈေးပြောဆိုကာ အားလုံးဝယ်ယူသွားကြလေတော့သည်။

သူတို့ယူလာသော ပျားရည်များအားလုံး ရောင်းလိုက် ရသဖြင့် စောထီးနှင့်ငမဲအောင်တို့ကတော့ သဘောအကျကြီးကျ နေကြလေတော့သည်။

“ဈေးတန်းထဲမှာ တခြားပျားရည်ရောင်းတွေလည်း အ များကြီးရှိကြတဲ့အထဲက ငါတို့ပျားရည်တွေကို အားလုံးလာဝယ် သွားတာကတော့ ဝမ်းသာစရာပဲဟေ့”

စောထီးက ဝမ်းသာအားရ ပြောသည်၊

“ပျားရည်ဝယ်တဲ့လူတွေက ကုန်သည်တွေပဲ သူတို့က လူညံ့တွေမှ မဟုတ်တာ၊ ပျားရည်တွေတိုင်း ဘယ်ဝယ်ပါ့မလဲ၊ ငါတို့ဆီကပျားရည်ကိုတောင် ဝယ်ခါနီးမှာ ဘယ်လောက်စစ် ဆေးပြီး သဘောကျတော့မှ ဝယ်သွားတာ မမြင်ဘူးလား . .”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဟေ့ နည်းပေါင်းစုံနဲ့ကို စစ်ကြတာကွ. ."

"တခြားပျားရည်တွေအများကြီးထဲကမှ ငါတို့ရောင်းတဲ့ပျားရည်ကို ဘာကြောင့်သဘောကျပြီး ဝယ်သွားသလဲဆိုတာ မင်းတို့နှစ်ယောက်သိသလား"

"ပြောပါဦး. . ဘာကြောင့်လဲ"

"ပစ္စည်းရောင်းတာ ရိုးရိုးသားသားနဲ့ စေတနာထည့်ပြီး ရောင်းလို့ သဘောကျကြတာပဲ. ."

"ဘယ်လိုစေတနာ ထည့်ရောင်းတာလဲ"

"အလုပ်ပဲလုပ်လုပ်၊ ဈေးရောင်းတာပဲဖြစ်ဖြစ်၊ စေတနာနဲ့လုပ်၊ စေတနာနဲ့ရောင်းရင် ဘယ်တော့မှ အကျိုးမယုတ်ဘူး၊ စေတနာမပါပဲနဲ့ လုပ်တဲ့အလုပ်ဟာ ကြာရှည်မခံဘူး၊ စေတနာမပါပဲနဲ့ ဈေးရောင်းရင်လည်း ဘယ်တော့မှ ရေရှည်အကျိုးမဖြစ်ဘူး၊ ဘာပဲလုပ်လုပ် စေတနာနဲ့ရိုးသားခြင်းပါရင် ရေရှည်ကောင်းတယ်၊ လောကမှာ ဘယ်တော့မှမရှုံးနိုင်တဲ့ ဂုဏ်ဆိုတာ ရိုးသားခြင်းပဲကွ. ."

နီမောင်ကပြောတော့ ကျန်နှစ်ယောက်ကလည်းလက်ခံကြသည်။

"ဟုတ်တယ် မင်းပြောတာမှန်တယ်၊ ငါတို့ကပျားရည်ထဲမှာ ဘာမှမရောမနှောပဲ စေတနာနဲ့အရိုးခံအတိုင်း ရောင်းတော့ အများထဲမှာ ငါတို့ပျားရည်က အရင်ရောင်းရတာပဲဖြစ်မယ်"

"အစားအသောက်ရောင်းတဲ့နေရာမှာလည်း စေတနာလေးနဲ့လုပ်ပြီး ရိုးရိုးသားသားရောင်းရင် အကျိုးရှိနိုင်ပါတယ်





ဒါမှမဟုတ်ပဲ ငါလုပ်တာဘယ်သူမှ မသိဘူးဆိုပြီး ကွယ်ရာမှာ လုပ်ချင်သလိုလုပ်ပြီး ရောင်းရင်တော့ အဲဒီဈေးသည်ဟာ ဘယ်တော့မှကြာရှည်မခံဘူး"

ထိုသို့ပြောဆိုနေကြစဉ် နေရောင်ခြည်ကလည်း တဖြည်းဖြည်းနှင့် မြင့်တက်လာသည်။

နေရောင်ခြည်တက်လာပြီ ဖြစ်သောကြောင့် နံနက်ပိုင်းတစ်လျှောက်လုံးကျနေသော နှင်းများလည်း တဖြည်းဖြည်းနှင့် ကွဲစပြုလာချေပြီ. .။

ဈေးတန်းတစ်လျှောက်မှာလည်း ဈေးရောင်းသူဈေးဝယ်သူတို့ဖြင့် ပိုမိုစည်ကားလာလေသည်။

နီမောင်တို့သုံးယောက်မှာ ပျားရည်များရောင်းပြီးသွားသော်လည်း နောက်ထပ် ရောင်းစရာပစ္စည်းတစ်မျိုး ကျန်နေသေးသောကြောင့် ထိုနေရာမှာပင် ဆက်ထိုင်ပြီး ရောင်းကြပြန်သည်။

အခြားတော့မဟုတ်ပေ. .။

သစ်ခွပန်းများပင်ဖြစ်သည်၊

တောထဲမှာပျားလိုက်ရင်းနဲ့ သစ်ခွပန်းများပါ တစ်ပါတည်း ရှာဖွေယူလာပြီး ဈေးနေ့တွင်ရောင်းချကြခြင်းဖြစ်သည်။

ရွှေလီမြစ်ဝှမ်းတစ်လျှောက်မှာရှိသော သစ်တောကြီးများ၊ တောင်မြင့်ကြီးများပေါ်မှာ အမျိုးအမည်စုံလင်လှသော သစ်ခွပန်းများ ပေါများလှသည်။

ထိုသစ်ခွပန်းများမှာလည်း ကြိုးတစ်နှစ်သက်သူများလေ



www.burmeseclassic.com

www.burmeseclassic.com



ရာ အတန်အသင့်ဝင်ငွေရစေသော သစ်တောထွက်ပစ္စည်းမျိုး ဖြစ်ပေသည်။

နီမောင်တို့ကသစ်ခွပန်းများကို မူလအခြေအနေမပျက် အောင် ခွာယူလာကြသည်။

အချို့လည်းသစ်ကိုင်းများကိုပါ ဖြတ်ယူလာလေသည် ကျောက်တောင်ကျောက်တုံးများ၌ တွယ်ကပ်ပေါက်နေသော သစ်ခွပန်းအုံများကိုတော့ အပင်၊ အပွင့်၊ အမြစ်များပုံစံမပျက် အောင် ဂရုတစိုက်ခွာယူလာခဲ့ခြင်းဖြစ်သည်။

(ဒီနေရာမှာအလျှင်သင့်သဖြင့် သစ်ခွပန်းရောင်းရာတွင် အတုပြုလုပ်ရောင်းချခြင်းများ အကြောင်းကို အနည်းငယ်ရေး သားပါမည်။

ရန်ကုန်မြို့တွင် သစ်ခွပန်းအပါအဝင် ပန်းပင်မျိုးစုံ ရောင်းချသော ဆိုင်များရှိသည်။ အချို့လည်း အပင်ပေါက်များ ကို ဇန်းများဖြင့် လှည့်လည်ရောင်းချသူများလည်း အများအပြား ရှိကြသည်။

ပန်းပင်အစစ်အမှန်ရောင်းသူအချို့ရှိသလို ပန်းပင်ကို အတုပြုလုပ်ရောင်းချသူအချို့လည်း ရှိပါသည်။

အပွင့်ကသပ်သပ်၊ အပင်ကသပ်သပ်၊ အမြစ်ကသပ် သပ် ရှိနေသောအပင်ကို ပန်းပင်သစ်ပင်ဖြစ်အောင် စီမံပြုလုပ်ပြီး ရောင်းချကြသည်။

ထိုအပင်မျိုးဝယ်ယူမိပါက စိုက်သော်လည်း အပင်မရှင် နိုင်ပါ။ ဇခူမိပန်းပင်၊ ထင်းရှူးပင်ပေါက်၊ ကံ့ကော်ပင်၊ တမာပင်





ပေါက်များ၊ ယူဇနပန်းပင်ပုများကို အများဆုံး အတုပြုလုပ်ကာ ရောင်းချကြသည်။

တမာပင်ကိုင်းကို ဝါးမြစ်နဲ့တွဲဆက်ပြီး ရွှံ့သုတ်ရောင်း သောနည်း၊ ထင်းရှူးပင်ကိုင်းကို ဝါးမြစ်နဲ့ဆက်ပြီး ရွှံ့သုတ်ရောင်း သောနည်း၊ ပန်းပွင့်များကို (အများအားဖြင့် ကစ္စမိပန်း) ဝယ်ပြီး အပင်မှာ စူပါဂလူးကော်ဖြင့်ကပ်၊ အမြစ်နေရာမှာ အခြားအမြစ် တစ်ခုထည့်၊ အိတ်ဖြင့်စွပ်ရောင်းသောနည်းများ ရှိကြလေသည်။

ထိုအပင်များကိုဝယ်မိပါက ဘယ်လိုပင်စိုက်ပျိုးသော် လည်း အပင်မရှင်နိုင်ပါကြောင်း. .။)

နီမောင်ကတောထဲမှရလာသော သစ်ခွပန်းပင်များကို ကြိုးဖြင့်ဆိုင်းကာ အများမြင်သာအောင် တန်းဖြင့်ချိတ်ဆွဲပြသ ထားသည်။

ဒေသခံများကတော့ သစ်ခွပန်းကို စိတ်မဝင်စားကြပေ။ သစ်ခွပန်းထက် စားသောက်စရာနှင့် အသုံးအဆောင်ပစ္စည်းများ ကို ပိုမိုစိတ်ဝင်စားကြသည်။

အလှအပထက် ဘဝအတွက်အသုံးဝင်သော ပစ္စည်းက ပိုမိုအရေးကြီးလှပေသည်။

ထိုအချိန်မှာပင် သစ်ခွပန်းပင်များချိတ်ထားသောနေရာ သို့ လူလေးယောက် ရောက်လာကြသည်။

ရှေ့မှဦးဆောင်လာသူက အမျိုးသမီးတစ်ဦးဖြစ်ပြီး. . နောက်မှာပါလာသူသုံးယောက်က အမျိုးသားများဖြစ်သည်။

အားလုံး ရှမ်းအမျိုးသား အမျိုးသမီးအဝတ်အစားများ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားကြသည်။

အမျိုးသမီးက အသက်နှစ်ဆယ်ကျော်အရွယ်ခန့်သာ ရှိသေးပြီး လှပချောမောသူတစ်ဦးဖြစ်သည်။

သူမက သစ်ခွပန်းခိုင်များ ချိတ်ထားသောနေရာရှေ့မှာ အတန်ကြာအောင်ရပ်ပြီး သစ်ခွပန်းများကို ကြည့်နေသည်။

"ဒီသစ်ခွပန်းတွေက ရောင်းဖို့လား"

"ဟုတ်ပါတယ်"

"ဘယ်လိုသစ်ခွပန်း အမျိုးအစားတွေလဲ. . ၊ ရှင်သိသလား"

"သိပါတယ်. . ဒီသစ်ခွပန်းက ပန်းသက်ရှည်ဝါလို့ ခေါ်တယ်၊ ဒါကမြွေမင်းသားသစ်ခွ၊ ဒါကတော့ မြွေမင်းသမီးသစ်ခွလို့ ခေါ်ပါတယ်၊ ဒီဘက်မှာချိတ်ထားတာကတော့ မိုးလုံးမှိုင်းသစ်ခွ မျိုးသစ်ခွမျိုးပါ. . "

နီမောင်က သစ်ခွပန်းများကို တစ်ခုချင်း ရှင်းပြလိုက်သည်။

"ဒီသစ်ခွပန်းတွေက ရှင်တို့ ရှာခဲ့တာလား"

"ဟုတ်ပါတယ်. . "

"သစ်ခွပန်းရှာဖွေတဲ့အလုပ်ကိုရော ဝါသနာပါသလား"

ထိုအမျိုးသမီးက သစ်ခွပန်းကို သိပ်မကြည့်ပဲသူသိလိုသော မေးခွန်းများချည်း တွင်တွင်မေးနေလေရာ စိတ်ထဲမှာတစ်မျိုးတော့ ဖြစ်မိလေသည်။

သို့သော်လည်း. . ရောင်းသူနှင့်ဝယ်သူဖြစ်နေသော





ကြောင့် သူမ သိလိုသမျှကိုတော့ စိတ်ရှည်လက်ရှည်နှင့်ပင် ပြန်ဖြေပေးသည်။

"ရှင်ရောင်းတဲ့ ပန်းတွေအားလုံး ကျွန်မဝယ်ပါ့မယ်"

"ဗျာ. . "

ထိုစကားကြားသောအခါ သုံးယောက်စလုံး အံ့သြဝမ်းသာဖြစ်သွားကြလေသည်။

"ရှင်တို့ပြောတဲ့ဈေးနဲ့ပဲ ဝယ်သွားမှာပါ၊ တစ်ခုတော့ရှိတယ် သစ်ခွပန်းအတွက်ပေးဖို့ ပိုက်ဆံတော့ အဆင်သင့်ပါမလာခဲ့ဘူး"

နီမောင်တို့အဖြစ်က ထီဆုပေါက်ပြီးမှ ထီလက်မှတ်ပျောက်သောအဖြစ်မျိုး ကြုံရလေသည်။

"ဒီ. . ဒီတော့. . ဘယ်လိုလုပ်ရမလဲ"

"ကျွန်မနေတဲ့နေရာကို လိုက်ယူရင်တော့ အဆင်ပြေမယ်"

ထိုစကားကြားတော့ အတန်ငယ်စဉ်းစားနေသည်။ ယခုလိုငွေကြေးရှားပါးသော အချိန်ကာလမှာ သစ်ခွပန်းကို လူတိုင်းမဝယ်ကြပေ။

ဝယ်လျှင်သော်မှအနည်းငယ်သာ ဝယ်ယူနိုင်ကြသည်။ ယခုလို ရှိသမျှသစ်ခွပန်းများကို ပြောသည့်ဈေးဖြင့် ဝယ်ယူသောအခွင့်အရေးမှာ ရရန်ခဲယဉ်းသည်၊

ထိုအခွင့်အရေးမျိုးရပြီးမှ အဆုံးရှုံးခံရမှာ နှမြောစရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘယ်မှာနေတာလဲ"

"မဝေးပါဘူး၊ ကျွန်မက နမ့်ခမ်းမှာနေတာပါ"

နမ့်ခမ်းမှာ အရှေ့ဘက်မှာရှိပြီး ခရီးဝေးလှသည်တော့ မဟုတ်ပေ . . ။

"ခင်ဗျားက လိုက်ခဲ့ပါဆိုရင်လည်း လိုက်ယူပါ့မယ်"

ထိုသို့ပြောသည်နှင့် အမျိုးသမီးက ၎င်းနောက်မှပါလာသောလူသုံးယောက်တို့ကို တန်းမှာချိတ်ဆွဲထားသော သစ်ခွပန်းများအားလုံး သယ်ယူသွားရန် ပြောလိုက်လေသည်။

ထိုသို့ပြောသဖြင့် သစ်ခွပန်းပင်များကို အားလုံးဖြုတ်ကာ ယူဆောင်သွားကြလေသည်။

ထို့နောက်မှာတော့ နီမောင်တို့သုံးယောက်မှာ ထိုအမျိုးသမီးခေါ်ရာနောက်သို့ လိုက်သွားကြလေတော့သည်။

တစ်နေရာရောက်တော့ ဂျစ်ကားတစ်စီးတွေ့ရပြီး သူတို့ရောက်သွားသောအချိန်မှာ ကားကထွက်ရန်အဆင်သင့်ဖြစ်နေချေပြီ . . ။

အားလုံး ကားပေါ်ရောက်ပြီးသောအခါမှာတော့ ဂျစ်ကားမောင်းသူက နမ့်ခမ်းမြို့ရှိရာသို့ ဦးတည်မောင်းသွားလေတော့သည်။







( အခန်း ၄ )

# မဥ္ဇူသကနတ်ပန်း ရှာပုံတော်

'နမ့်ခမ်း' ဟူသောအမည်မှာ ရှမ်းအမည်ဖြစ်သည်။

နမ့်ခမ်းဟူသော အမည်တူ နေရာတစ်ခုလည်း ရှိပေသေးသည်။ ကချင်ပြည်နယ် မချမ်းဘောနှင့် မနီးမဝေးမှာပင်ဖြစ်သည်။ ထိုနမ့်ခမ်းက ကချင်ပြည်နယ်မြောက်ပိုင်းဒေသမှ နမ့်ခမ်းဖြစ်သည်။

ယခုရေးသောနမ့်ခမ်းက ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှ နမ့်ခမ်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နမ့်ခမ်းဟူသောအမည်မှာ ရှမ်းအမည် ပင်ဖြစ်ပေသည်။

ခန္တီးရှမ်းတို့၏ ဘာသာစကားအရ နမ့်မှာရေ၊ ခမ်းကရွှေ ဖြစ်ရာ ပေါင်းလိုက်တော့ 'ရွှေရောင်ရှိသောရေ' ဒါမှမဟုတ် 'ရွှေ ထွက်သောချောင်းရေ' ဟု အဓိပ္ပာယ်ကောက်ယူနိုင်ပါသည်။

ရှမ်းပြည်နယ် မြောက်ဖျားဘက်၌ရှိသော နမ့်ခမ်းမှာ ရှေးအခါက ရွာစုကလေးသာဖြစ်သည်။

နောက်ပိုင်းတွင် ရွာစုကလေးများမှ စုပေါင်းပြီးရွာကြီး ဖြစ်လာသည်။

အင်္ဂလိပ်လက်ထက်ရောက်တော့ လူဦးရေ ပိုမိုများပြား လာပြီး မြို့ငယ်ကလေးအသွင် ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။

စော်ဘွားအုပ်ချုပ်သော ဒေသဖြစ်ပြီး ရှမ်းလူမျိုးတို့အ များဆုံးနေထိုင်သော အရပ်ဒေသဖြစ်သည်။

နမ့်ခမ်းသို့ရောက်သောအခါ နီမောင်တို့သုံးယောက် အား မြို့စွန်ဘက်မှာရှိသော ခြံကျယ်ကြီးတစ်ခြံအတွင်းသို့ ခေါ် သွားလေသည်။

ခြံဝန်းမှာအတော်ကျယ်ဝန်းပြီး သစ်ပင်ကြီးများ၊ ထင်းရှူး ပင်ကြီးများဖြင့် မှိုင်းညို့နေသောနေရာဖြစ်သည်။

ခြံဝင်း၏ အတွင်းပိုင်းမှာတော့ ပျော်နန်းပုံသဏ္ဌာန် ဆောက်လုပ်ထားသော အိမ်ကြီးတစ်လုံးရှိနေသည်။

ပင်မဆောက်ထားသော အိမ်ကြီး၏နံဘေးမှာ အ ဆောင်များ တွဲလျက်ဆောက်ထားသောအိမ်မျိုး အများအပြားရှိ





နေသည်။ ခြံတံခါးပေါက်ဝ၌ အစောင့်များရှိနေပြီး ခြံဝန်းကျယ် ကြီးအတွင်းမှာလည်း အခြားသွားလာနေသော လူအချို့ရှိနေ သည်။

နီမောင်တို့ကို တင်ဆောင်သွားသောကားက ပျော်နန်း ပေါက်ဝမှာ ရပ်တန့်ပေးသည်။

နီမောင်တို့က ကားပေါ်မှဆင်းပြီး ထိုနေရာမှာပင် ရပ် နေကြသည်။

ထိုအခါသူတို့ကို ခေါ်လာသောအမျိုးသမီးက အနား ရောက်လာပြီး ခေါ်သည်။

"အိမ်ထဲဝင်ကြပါဦး"

နီမောင်က သစ်ခွပန်းဖိုးရသည်နှင့် ပြန်ရမည်ထင်သော ကြောင့် အားနာစွာဖြင့် ပြောလိုက်သည်။

"မဝင်တော့ပါဘူး၊ ကျွန်တော်တို့ တစ်နေရာကပဲစောင့် နေပါ့မယ်. . ."

ထိုအခါအမျိုးသမီးက ပြုံး၍ပြောသည်။

"ဝင်ကြပါဦး ပြောစရာလေးလည်း ရှိနေသေးလို့ပါ"

ဟုပြောသဖြင့် သုံးယောက်သား သူမခေါ်ရာနောက်သို့ ဝင်လိုက်သွားကြလေသည်။

အိမ်ထဲရောက်တော့ ဧည့်ခန်းမှာထိုင်ခိုင်းထားပြီး ထိုအ မျိုးသမီးက အတွင်းခန်းသို့ဝင်သွားလေသည်။ အခန်းထဲမှာတော့ သူတို့သုံးယောက်သာ ကျန်နေလေသည်။

"ငါတို့ကို ဒီနေရာခေါ်လာတာ သစ်ခွပန်းဖိုးပေးဖို့အ



www.burmeseclassic.com

www.burmeseclassic.com



တွက်တော့ ဟုတ်မယ်မထင်ဘူး"

ငမဲအောင်က လေသံတိုးတိုးဖြင့်ပြောသည်။

"ခေါ်လာတော့လည်း ဟော်နန်းထဲ ရောက်ဖူးတာပေါ့ ကွာ၊ ငါတို့မှာဘာအပြစ်မှမရှိတာ ကြောက်စရာတော့မရှိပါဘူး"

စောထီးကပြန်ပြောလိုက်သည်။

နီမောင်ကတော့ ဘာမှမပြောပဲ အခန်းအခြေအနေကို ကြည့်ရင်းစဉ်းစားနေသည်။

ငမဲအောင်ပြောသလို သစ်ခွပန်းဖိုးပေးဖို့နဲ့တော့ သူတို့ ကို ဒီနေရာသို့ တကူးတကခေါ်လာမည်မဟုတ်ကြောင်း တွေးမိ လေသည်။

ယခုမှတွေ့မြင်ဖူးတာဖြစ်သောကြောင့်လည်း မည်ကဲ့သို့ သောအကြောင်းမျိုးဖြစ်မည်ကိုတော့ သူမသိပေ..။

ခဏကြာတော့ နောက်ဘက်မှ လူအချို့ထွက်လာသည် အမျိုးသမီးနှင့်အတူ.. အသက်အရွယ်ကြီးလှပြီဖြစ်သော ရှမ်း အမျိုးသားကြီးတစ်ဦး ပါလာသည်။

သူတို့နောက်မှလည်း လူအချို့လိုက်လာကြသည်။

ရှမ်းအမျိုးသားကြီးက ကုလားထိုင်ပေါ်မှာ ဝင်ထိုင်သော အခါ နောက်မှပါလာသူများက မနီးမဝေးမှာရပ်နေကြသည်။

ထိုလူများထဲမှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများနှင့် ခက်ထန်သောမျက်နှာထားနှင့် လူတစ်ယောက်က နီမောင်တို့သုံး ယောက်ကို ကြည့်နေသည်။

သူ့အမူအရာမှာ မလိုလားသော ဟန်အမူအရာမျိုး ဖြစ်





သည်။ အမျိုးသမီးကတော့သူတို့နှင့် မနီးမဝေးမှ ဝင်ထိုင်သည်။

"သမီးတော်ခေါ်လာတာ သူတို့သုံးယောက်လား"

"ဟုတ်ပါတယ် ဖခမည်းတော်.."

နီမောင်တို့ကတော့ ဘုမသိဘမသိဖြစ်နေသည်။ စော်ဘွားကြီးက နီမောင်တို့ကို အကဲခတ်ရင်းမေးသည်။

"မင်းတို့က ဗမာလူမျိုးတွေလား"

"ဟုတ်ပါတယ် ခင်ဗျား"

"ဘာအလုပ်တွေ လုပ်ကိုင်စားသောက်ကြသလဲ"

"တောထဲမှာ သစ်ခွပန်းနဲ့ပျားရည်ရှာဖွေတဲ့အလုပ် လုပ် ကြပါတယ်"

"ဘယ်မှာနေကြတာလဲ"

"မိုးမခမြိုင်ရွာမှာ နေကြပါတယ်.."

"အခုဘာကိစ္စနဲ့ ဒီနေရာကို ခေါ်လာတယ်ဆိုတာရော သိကြရဲ့လား"

"မသိပါဘူး ခင်ဗျား"

"သမီးတော် သူတို့သဘောပေါက်အောင် ပြောပြလိုက် ပါ"

ထိုအခါအမျိုးသမီးက ခေါင်းတစ်ချက်ညိတ်ပြီးနောက် နီမောင်တို့ဘက်သို့ မျက်နှာလှည့်သည်။

"ရှင်တို့နာမည်တွေက ဘယ်သူတွေလဲ"

"ကျွန်တော်နာမည်က နီမောင်ပါ။ သူတို့နှစ်ယောက်က တော့စောထီးနဲ့ငမဲအောင်လို့ခေါ်ပါတယ်.."



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြသည်။

"ကျွန်မရဲ့ ဖခမည်းတော်က မြောက်ပိုင်းနယ်ကိုအုပ်ချုပ်ရတဲ့ စော်ဘွားကြီး စပ်ကြာမှုံ ဖြစ်ပါတယ်. . ၊ ကျွန်မကတော့ ကေသရီ လို့ခေါ်ပါတယ်"

"ဟုတ်ကဲ့ အခုလိုတွေ့ဆုံခွင့်ရတာ ဝမ်းသာလှပါတယ်၊ ကျွန်တော်တို့ကိုခေါ်တာ ဘယ်လိုကိစ္စများရှိလို့ပါလဲ"

"ပြောပါမယ်ရှင် တခြားတော့မဟုတ်ပါဘူး၊ ရှင်တို့က နေရာတစ်ပိုက်မှာ သွားနေကြတာဆိုတော့ နေရာအတော်တော်များများတော့ ရောက်ဖူးကြမယ်ထင်ပါတယ်"

"ရောက်သင့်သလောက်တော့ ရောက်ဖူးပါတယ်"

"သစ်ခွပန်းရှာဖွေကြတဲ့သူတွေဖြစ်တော့ သစ်ခွပန်းတွေကိုလည်း အတော်များများတော့ သိကြမှာပေါ့နော်"

"ဟုတ်ကဲ့ သိသင့်သလောက်တော့ သိကြပါတယ်"

"ဒီလိုမေးရတာ တခြားကြောင့်မဟုတ်ပါဘူး၊ ရှင်တို့ကို သစ်ခွပန်းတစ်မျိုး ရှာခိုင်းချင်လို့ပါ. . "

ထိုစကားကြားတော့မှပင် သူတို့ကိုဟော်နန်းအထိ တကူးတကခေါ်လာရခြင်းအကြောင်းရင်းကို ရိပ်မိဟန်သလောက် ဖြစ်သွားကြလေသည်။

"ဘယ်လို သစ်ခွပန်းမျိုးပါလဲ"

"တခြားတော့မဟုတ်ပါဘူး၊ မဥ္ဇူသကနတ်ပန်းလို့ခေါ်တဲ့ သစ်ခွပန်းတစ်မျိုးပါရှင်. . "

ထိုစကားကြားသောအခါ. . နီမောင်က အတန်ကြာ





အောင် စဉ်းစားနေလေသည်။

သူ့အတွေးအိမ်မှာလည်း အတွေးပေါင်းမြောက်များစွာ နေတော့သည်။

"ရှင် ကျွန်မပြောတဲ့ သစ်ခွပန်းကိုမြင်ဖူးသလား"

"မမြင်ဖူးပါဘူး"

"ရှိတယ်လို့ရော ကြားဖူးသလား"

"ကြားဖူးပါတယ်၊ ခင်ဗျားပြောတဲ့ မဥ္ဇူသကနတ်ပန်းလို့ခေါ်တဲ့ သစ်ခွပန်းက သစ်ခွနက်လို့ခေါ်ပါတယ်"

"မှန်ပါတယ်ရှင်၊ အဲဒီသစ်ခွပန်းကို ကျွန်မတို့လိုချင်ပါတယ် ရှာပေးနိုင်ပါ့မလား"

ဟု မေးသည်။

"ကျွန်တော်သိသလောက် ပြောရရင်တော့ သစ်ခွနက်ဟာ နတ်ပန်းဖြစ်ပါတယ်. . တစ်နေရာမှာ ရှိတယ်ဆိုရင်တောင် ရှာတွေ့ဖို့မလွယ်ပါဘူး"

"ဘာဖြစ်လို့လဲဟင်. . "

"နတ်ပန်းဖြစ်တဲ့အတွက် သာမန်လူတွေရှာမတွေ့နိုင်အောင် နတ်တွေက ဝှက်ထားတတ်ကြပါတယ် နောက်ပြီး. . "

နီမောင်ကစကားမဆက်ပဲ စဉ်းစားနေတော့ ကေသရီက မေးလိုက်သည်။


"ဆက်ပြောပါဦးရှင်"

"နောက်တစ်ခုက ဒီပန်းကိုရှာဖွေတဲ့ သူတွေဟာ ဘေး အန္တရာယ်ဆိုးတွေနဲ့တွေ့ပြီး အသက်သေကြရတာ များပါတယ်၊




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





ါကြောင့် တောတောင်ထဲ သွားတဲ့သူတွေဟာ သစ်ခွနက်ကို တွေ့ရင်တောင် မယူဝံ့ကြပါဘူး”

ထိုစကားကြားသောအခါ ကေသရီကသက်ပြင်းတစ်ချက်ချရင်း စော်ဘွားကြီးမျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်လေသည်။ စော်ဘွားကြီးက တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားနေပြီးမှ ပြောသည်။

“မောင်ရင်ပြောတာ လက်ခံနိုင်စရာရှိပါတယ်၊ ဒီတော့ ကျုပ်အနေနဲ့ တစ်ခုပဲအကူအညီတောင်းချင်ပါတယ်. . တခြားတော့မဟုတ်ပါဘူး၊ သစ်ခွနက် ဘယ်နေရာမှာရှိတယ်ဆိုတာလောက် ရှာဖွေစုံစမ်းပေးနိုင်မယ်ဆိုရင်တော့ ကျုပ်တို့အနေနဲ့ သုံးလောက်ပါတယ်”

“ဟုတ်ကဲ့ ကျွန်တော်တို့တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးပါ့မယ်”

နီမောင်ကစော်ဘွားကြီးကို အရိုအသေပေးကာ ပြန်ပြောလိုက်တော့မှ စိတ်ပေါ့သွားဟန်ရှိလေသည်။

“ဒီလိုကူညီဆောင်ရွက်ပေးတာ ကျေးဇူးတင်ပါတယ်မောင်ရင်”

ဟုပြောပြီး နောက်မှာရပ်နေသူတစ်ယောက်ကို ခေါ်လိုက်ရာ ရိုသေသောအမူအရာဖြင့် အထုပ်တစ်ထုပ်လာပေးသည်။

ကေသရီကထို အထုပ်ကိုလှမ်းယူပြီး နီမောင်ရှေ့သို့ချပေးလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကို သစ်ခွပန်းဖိုးပေးတာပါ"

နီမောင်က ငွေထုပ်ကိုကြည့်ပြီး မျက်လုံးပြူးသွားလေသည်။

"ဟို့ . ဟို့ . ကျွန်တော်ရောင်းတဲ့ သစ်ခွပန်းပင်ဖိုးက ဒီလောက်မများဘူး ထင်ပါတယ် . ."

နီမောင်ကိုကြည့်ပြီး ကေသရီက သဘောကျစွာပြုံးလိုက်သည်။

"ကျွန်မပေးတဲ့သစ်ခွပန်းဖိုးဆိုတာ ရှင်တို့ဆီကယူလာတဲ့သစ်ခွပန်းဖိုးအပြင် နောက်ထပ်ရှာပေးမယ့် သစ်ခွနက်ဖိုးကိုပါ ကြိုတင်သဘောမျိုးနဲ့ပေးတာပါ ယူသာယူပါရှင်"

ဟု ပြောပြီးပေးတော့မှ သဘောပေါက်သွားလေသည်။ ထို့နောက်နီမောင်တို့သုံးယောက်ကို ဂျစ်ကားနှင့်ပင်စျေးသို့ပြန်ပို့ပေးလေသည်။

နီမောင်တို့သုံးယောက် ပြန်သွားသောအခါ ကေသရီ ရာသို့ စိုင်းဗညားရောက်လာသည်။

စိုင်းဗညားမှာစော်ဘွားကြီး၏ တူတော်စပ်သူဖြစ်ပြီး ကေသရီနှင့်မောင်နှမဝမ်းကွဲ တော်စပ်လေသည်။

အသက်(၃၀)ကျော်အရွယ်ခန့်ရှိပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများနှင့် ခက်ထန်ကြမ်းတမ်းသော ဟန်အမူအရာရှိလေသည်။

"ကေသရီ နင်လုပ်နေတာတွေ သိပ်ပြီးအတင့်ရဲသလို ဖြစ်မနေဘူးလား၊ အခုမှတွေ့ဘူးမြင်ဘူးတဲ့သူတွေကို သေရေး





ရှင်ရေးလောက် အရေးကြီးတဲ့ကိစ္စမျိုး လုပ်ခိုင်းတာတရားမလွန်ဘူးလား"

"အစ်ကိုတော် ဘယ်လိုပြောတာလဲ ကျွန်မအခုလိုလုပ်နေတာတွေက ကျွန်မသဘောနဲ့ကျွန်မ လုပ်နေတယ်လို့များ ထင်နေလို့လား အားလုံးဖခမည်းတော်နဲ့ တိုင်ပင်ပြီးမှလုပ်တာတွေချည်းပဲ"

"ဒါတော့ ဒါပေါ့လေ . . ဒါပေမယ့် သူတို့က အခုမှတွေ့ဘူးမြင်ဘူးကြတာဆိုတော့ ယုံကြည်စိတ်ချလို့ဖြစ်ပါ့မလား"

"ဒါကတော့ အစ်ကိုတော်သိပ်ပြီး အစိုးရိမ်လွန်နေလို့ဖြစ်မှာပါ။ ကျွန်မက သူတို့ကိုလေ့လာပြီးမှ ဒီလိုခေါ်လာခဲ့တာပါ။ သူတို့ကဆင်းရဲပေမယ့် ရိုးသားကြပါတယ်"

"ဟင် . . အခုမှတွေ့ဖူးတာ ဘယ်လိုသိနိုင်မလဲ"

"လူတစ်ယောက်ရိုးသားတယ် မရိုးသားဘူးဆိုတာ သူလုပ်နေတာတွေကို လေ့လာအကဲခတ်ကြည့်ရင် သိနိုင်ပါတယ်၊

သူတို့ရောင်းတဲ့ပျားရည်ကို ကျွန်မလူတွေက အကြိမ်ကြိမ်နည်းအမျိုးမျိုး စမ်းကြည့်ပြီးကတည်းက သူတို့က ဆင်းရဲပေမယ့် ရိုးသားမှုရှိတယ်ဆိုတာကို သိထားပြီးပါပြီ . ."

"ထားပါတော့ မဥ္ဇူသကနတ်ပန်းကို သူတို့ကိုရှာခိုင်းလို့ သင့်တော်ပါ့မလား . ."

"သူတို့က သစ်ခွပန်းရှာဖွေရောင်းချတဲ့သူတွေဆိုတော့ ကျွန်မတို့အလိုရှိတဲ့ သစ်ခွပန်းရှာဖွေတဲ့အလုပ်က သူတို့နဲ့ပဲသင့်တော်မယ်ထင်လို့ ရှာခိုင်းတာပါ . . .



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး သစ်ခွပန်းရှာခိုင်းရုံနဲ့တော့ ကျွန်မတို့ဆွေစဉ်မျိုးဆက်တွေရဲ့ လျို့ဝှက်ချက်တွေကိုလည်း သူတို့အနေနဲ့သိနိုင်စရာ အကြောင်းမရှိပါဘူး. . "

ကေသရီက အချက်ကျကျ ပြန်ပြောသောအခါ စိုင်းဗညားမှာ ဘာမှပြန်မပြောသာအောင် ရှိနေတော့သည်။

"ဒါပေမယ့်လေ အခုက ခေတ်ကာလမကောင်းလေတော့ ဘယ်သူကိုမှ စိတ်ချယုံကြည်လို့မရဘူး၊ နောက်တစ်ခုက ငါတို့နဲ့သက်ဆိုင်တဲ့အကြောင်းတွေကို ဘယ်သူမှ မရိပ်မိလေအကောင်းဆုံးပဲ"

"ကျွန်မသဘောပေါက်ပါတယ်၊ အခု သူတို့ကိုခိုင်းတဲ့ကိစ္စမျိုးက ကျွန်မတို့လုပ်နိုင်မယ့် ကိစ္စမျိုးမှမဟုတ်တာ၊ အစ်ကိုတော်ကိုယ်တိုင်လုပ်ကြည့်ခဲ့ဘူးတာပဲ မအောင်မြင်ခဲ့ဘူး မဟုတ်လား"

ထိုသို့ ချက်ကျလက်ကျပြောလိုက်သောအခါ စိုင်းဗညားမှာ ဘာမှပြန်မပြောသာပဲ သက်ပြင်းတစ်ချက် ချလိုက်လေသည်။ သူသည် ပြတင်းပေါက်မှ တစ်ဆင့်လှမ်းမြင်နေရသော အဝေးမှမြင်ကွင်းများကို လှမ်းကြည့်နေလေသည်။

သူအတွေးထဲမှာတော့ တစ်ခါက မဥ္ဇူသကနတ်ပန်းဟု တင်စားခေါ်ဝေါ်ကြသော သစ်ခွနက်ရှိသောနေရာကို လိုက်လံရှာဖွေကြရာမှ အန္တရာယ်နှင့်တွေ့ခဲ့ရပုံအကြောင်းများကို ပြန်လည်သတိရနေမိသည်။

ထိုအန္တရာယ်မှာ သူတို့ မမြင်ဘူး၊ မတွေ့ဖူးသော. . .





အန္တရာယ်မျိုးဖြစ်ပြီး ကြောက်စရာအကောင်းဆုံး အန္တရာယ်ဖြစ်ကြောင်းကိုလည်း စိုင်းဗညားသိခဲ့ရပြီး ဖြစ်၏။

ထိုကဲ့သို့မမျှော်လင့်သောအန္တရာယ်နှင့် တွေ့ကြုံခဲ့ရသဖြင့် သူနှင့်အတူပါသွားသော နောက်လိုက်နောက်ပါအချို့လည်း သေကျေပျက်စီးခဲ့ရသည်။

ထိုအဖြစ်အပျက်များကြောင့် သစ်ခွနက်ရှာဖွေသော ကိစ္စကို လက်လျှော့ထားခဲ့ကြရသည်။

သူတို့မိသားစုဝင်မျိုးနွယ်များအတွက် သစ်ခွနက်ထက် ထိုသစ်ခွနက်ဘယ်နေရာမှာရှိသည်ဆိုသော အချက်က ပိုမိုအရေးကြီးလှပေသည်။

ထို့ကြောင့် သဲကြီးမဲကြီး လိုက်လံရှာဖွေနေကြသော်လည်း. . ယခုအသိတော့ မအောင်မြင်သေးပေ။

သစ်ခွနက်ရှိသောနေရာကို မသိကြရသည့်အပြင် ထိုသို့ လိုက်လံရှာဖွေကြသူများသာ တစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့ကြရသည်။

ထို့ကြောင့် သစ်ခွပန်းနက် ရှာဖွေရန်စေလွှတ်လျှင် သေတွင်းသို့ ဆင်းခိုင်းသကဲ့သို့ဖြစ်ကာ ဘယ်သူမှမသွားဝံ့၊ မလာဝံ့ကြပဲ ရှိနေကြတော့သည်။

စော်ဘွားကြီးစပ်ကြာမှုံ၏ သမီးဖြစ်သူကေသရီကတော့ ထိုကိစ္စအတွက် လက်လျှော့မပေးပဲ သူနည်းသူ့ဟန်ဖြင့်ကြိုးစားဆောင်ရွက်နေလေသည်။

ထိုကဲ့သို့ဆောင်ရွက်နေခြင်းမှာလည်း သူမတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



၏ဂုဏ်သိက္ခာနှင့်ပတ်သက်သည့် အကြောင်းတစ်ခုရှိနေသည်ဆိုကလည်းမများပေ. . ။

ဒီနေရာတွင်. . စော်ဘွားကြီးစပ်ကြာမှုံအကြောင်းကိုသည်း အနည်းငယ်ဖော်ပြပေးရပေမည်။

ရှေ့၌ရေးခဲ့သည့်အတိုင်း နမ့်ခမ်းနယ်သည် စော်ဘွားကြီးများအဆက်ဆက် အုပ်ချုပ်ခဲ့သောနယ်မြေဖြစ်သည်။

သီပေါမင်းလက်ထက်အထိ စော်ဘွားများ ပိုင်ဆိုင်အုပ်ချုပ်ခွင့်ရသော နယ်မြေတစ်ခုဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတစ်ခုလုံးကို အင်္ဂလိပ်များ သိမ်းပိုက်ပြီးနောက်ပိုင်းရောက်သောအခါမှ အခြေအနေက ပြောင်းလဲသွားခြင်းဖြစ်သည်။

နမ့်ခမ်းနယ်ကို နောက်ဆုံးအုပ်ချုပ်ခဲ့သော စော်ဘွားကြီးမှာစပ်ခွန်ပန်း ဖြစ်လေသည်။

စပ်ခွန်ပန်းသည် မျိုးချစ်စိတ်ပြင်းထန်သော ခေါင်းဆောင်တစ်ဦးဖြစ်ပြီး နမ့်ခမ်းတစ်နယ်လုံးမှ ကြည်ညိုလေးစားခြင်းခံရသော စော်ဘွားတစ်ဦးလည်းဖြစ်သည်။

သီပေါဘုရင်ပေးအပ်သော 'ဇေယျသခ်ဓား'ကို ပိုင်ဆိုင်ခွင့်ရခဲ့သည့် စော်ဘွားတစ်ဦးလည်း ဖြစ်သည်။

နယ်သူနယ်သားများကလည်း မြန်မာဘုရင်ချီးမြှင့်ပေးအပ်ထားသောဓားကို ပိုင်ဆိုင်ခွင့်ရသည်ကို များစွာဂုဏ်ယူဝမ်းမြောက်ကြလေသည်။

မြန်မာနိုင်ငံတစ်ခုလုံးကို အင်္ဂလိပ်များက သိမ်းပိုက်ပြီး





သောနောက်မှာတော့ သူ့ကျွန်မခံလိုသော ပြည်သူပြည်သားများအားလုံး ရရာလက်နက်စွဲကိုင်ပြီး တော်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

ထိုအထဲတွင် နမ့်ခမ်းစော်ဘွားစပ်ခွန်ပန်းလည်း ရှေ့တန်းမှ ပါဝင်ခဲ့လေသည်။

စပ်ခွန်ပန်း၏စော်ဘွားတပ်များနှင့် နယ်ချဲ့တပ်များမှာ အကြိမ်ကြိမ်တိုက်ပွဲများ ဖြစ်ခဲ့ကြသည်။

အင်္ဂလိပ်တို့ကလည်း ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကို ခြေကုပ်ယူနိုင်ရန်အတွက် နမ့်ခမ်းကိုရအောင် တိုက်ကြလေသည်။

စပ်ခွန်ပန်းတို့လည်း မိမိတို့နယ်မြေတစ်ခုလုံး တိုင်းတစ်ပါးသားလက်အောက်သို့ မကျရောက်စေရန်အစွမ်းကုန်ပြန်လည် တိုက်ခိုက်ကြသော်လည်း လူအင်အား၊ လက်နက်အင်အား မမျှတသောကြောင့် နောက်ဆုံးတွင် နမ့်ခမ်းအား လက်လွှတ်ပေးခဲ့ရပြီး တိမ်းရှောင်သွားခဲ့ကြရသည်။

သီပေါဘုရင် ချီးမြှင့်ပေးထားသော 'ဇေယျသခ်ဓား'သည်း ၎င်းနှင့်အတူ ပါသွားခဲ့လေသည်။

နောက်ပိုင်းမှာတော့ သတင်းအစအနမျှပင် မကြားကြတော့ပေ။ အင်္ဂလိပ်များကနမ့်ခမ်းကိုရသောအခါ ၎င်းတို့နှင့်သင့်မြတ်သော စော်ဘွားကြီးစပ်ကြာမှုံအား ခေါ်နန်းလွှဲအပ်ကာ ၎င်းတို့ကိုယ်စား အုပ်ချုပ်စေခဲ့သည်၊

စော်ဘွားကြီးစပ်ကြာမှုံမှာ နယ်ချဲ့များနှင့်အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆက်ဆံပေါင်းသင်းနိုင်သူဖြစ်သဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသကို အုပ်ချုပ်ခွင့်ရခဲ့သော်လည်း နယ်သူနယ်သားများ၏ လေးစားမှုတော့ မရခဲ့ပေ. . ။

ဒေသခံများက မြန်မာရှင်ဘုရင်ချီးမြှင့်ပေးထားခဲ့သော 'ဇေယျသခ်ဓား' ပိုင်ဆိုင်သူကိုသာ မိမိတို့နယ်၏ အရှင်သခင်အဖြစ် အသိအမှတ်ပြုကြပေရာ စော်ဘွားကြီးစပ်ကြာမှုမှာ အခက်တွေ့နေရတော့သည်။

ဇေယျသခ်ဓားကလည်း စော်ဘွားစပ်ခွန်ပန်းနောက်သို့ ပါသွားပြီးဖြစ်သဖြင့် ရှာမတွေ့တော့ပေ၊

ဒေသခံများကတော့ စော်ဘွားစပ်ခွန်ပန်းမှာ တစ်နေရာ၌ရှိနေပြီး တစ်နေ့နေ့တွင် ပြန်ရောက်လာမည်ဟု မျှော်လင့်လျက် ရှိနေကြသည်။

ထိုအခြေအနေမျိုးတွင် စော်ဘွားကြီးစပ်ကြာမှုံအတွက် ဇေယျသခ်ဓားက အရေးအကြီးဆုံး ဖြစ်နေတော့သည်။

ထိုဓားကိုရနိုင်မှသာ နယ်သူနယ်သားတို့၏ လေးစားမှုခံရမည် ဖြစ်ပေတော့သည်။

သို့မဟုတ်ပါက သူ့ကိုထိုနယ်၏ အရှင်သခင်အဖြစ် အသိအမှတ်ပြုကြမည်မဟုတ်ပေ. . ။

သို့ကြောင့် ဇေယျသခ်ဓားကိုရနိုင်ရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုံစမ်းရှာဖွေရတော့သည်။

ထိုသို့ရှာဖွေနေစဉ် တစ်နေ့တော့ စော်ဘွားကြီးစပ်ကြာမှုံထံသို့ လျှို့ဝှက်စာတစ်စောင် ရောက်လာလေသည်။





"စော်ဘွားကြီး. .

ဇေယျသခ်ဓားကို အလိုရှိရင် မဥ္ဇူသကနတ်ပန်းကို တွေ့အောင်ရှာဖွေပါ. . .

မဥ္ဇူသကနတ်ပန်းရှိသော နေရာပတ်ဝန်းကျင်တစ်ဝိုက်မှာ ဇေယျသခ်ဓား တွေ့နိုင်ပါတယ်၊

ဒီကိစ္စကို ဘယ်သူမှမသိစေရန် လျှို့ဝှက်ထားစေလိုပါသည်၊ သင်၏ အခြားသူများထံ ပေါက်ကြားသွားပါက အန္တရာယ်ဆိုးများနှင့် တွေ့ကြုံရပါလိမ့်မည်။

မိညာဉ်ဖြူ"

ဟုရေးထားလေသည်။

ထိုစာရသောအခါ စော်ဘွားကြီးမှာ များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။

အခက်အခဲနှင့်ကြုံတွေ့နေရစဉ် မမျှော်လင့်ပဲ ကူညီပေးမည့်သူနှင့် တွေ့ရခြင်းမျိုးဖြစ်ပေသည်။

ထို့နောက်မှာတော့ မိမိ မိသားစုများ. . ၊ ဆွေတော်မျိုးတော်များနှင့် လျှို့ဝှက်စွာတိုင်ပင်ဆွေးနွေးကြပြီးနောက် သစ်ခွပန်း ရှာပုံတော်ဖွင့်ကြရလေသည်။

ထိုအခါ ရှေ့၌ဖော်ပြခဲ့သည့်အတိုင်း သူတို့အလိုရှိသော မဥ္ဇူသကနတ်ပန်းကို မတွေ့ကြရပဲ အန္တရာယ်များနှင့်သာတွေ့ကြုံ၍ သေကျေပျက်စီးမှုများဖြင့် ကြုံတွေ့ကြရသည်။

စော်ဘွားကြီး၏ တူတော်စပ်သူ စိုင်းပညားကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စကို ကြိုးစားဆောင်ခဲ့ဖူးသည်။

သို့သော် မအောင်မြင်ပေ။

စော်ဘွားကြီး၏သမီးဖြစ်သူ ကေသရီကတော့ စိတ်

ဓာတ်ကြံ့ခိုင်သူဖြစ်သောကြောင့် သူမကိုယ်တိုင် ထွက်မရှာနိုင်

သော်ငြားလည်း ထိုနေရာသို့ရှာဖွေပေးနိုင်သူများကို ကိုယ့်နည်း

ကိုယ့်ဟန်ဖြင့် ရှာဖွေစုံစမ်းခဲ့ရာမှ နီမောင်တို့သုံးယောက်ကိုတွေ့

သဖြင့် ဟော်နန်းသို့ခေါ်လာခဲ့ခြင်းဖြစ်သည်။

ထိုသို့ခေါ်လာခြင်းကို စိုင်းဗညားမကျေနပ်သဖြင့် ပြော

ဆိုနေခြင်းဖြစ်သည်။

"တကယ်တော့ မဋ္ဌူသကနတ်ပန်းကို တွေ့အောင်ရှာ

ဖွေဖို့ကိစ္စက ကျွန်မတို့မိသားစုနဲ့ ဆွေတော်မျိုးတော်တွေအတွက်

ဘယ်လောက်အရေးကြီးတယ်ဆိုတာ အစ်ကိုတော်လည်းသိပါ

တယ်"

"သိပါတယ် . . ဒါကြောင့်စိတ်ပူပြီး ပြောနေရတာပေါ့

နောက်တစ်ချက်က ဦးကြီးတော်ဆီကို စာရေးလိုက်တာကဘယ်

သူလဲ ရန်သူတစ်ယောက်ယောက်က အကြံအစည်တစ်ခုနဲ့

ရေးလိုက်တာဖြစ်မလား၊ နောက်ပြီး သူရေးလိုက်တဲ့အကြောင်း

တွေကရော အမှန်တွေဖြစ်နိုင်ပါ့မလား"

ဟုပြောသည်။

ထိုစကားကြောင့် ကေသရီက သက်ပြင်းတစ်ချက်ချ

လိုက်သည်။

"ဒါကတော့ နတ်ဒေဝတာတွေမှသာ အမှန်တရား





သိနိုင်မှာပဲ၊ ဒါပေမယ့်ကိစ္စတစ်ခုကို မလုပ်ရသေးခင်မှာ မှန်ပါ့မ

လား ဖြစ်နိုင်ပါ့မလားလို့ တွေးနေတာနဲ့ လက်တွေ့လုပ်ကြည့်ပြီး

မှ တွေ့ကြုံလာတဲ့အခြေအနေပေါ်မှာကြည့်ပြီး အမှားအမှန်ဆုံး

ဖြတ်ကာ အဖြေမှန်နဲ့ ပိုပြီးနီးစပ်နိုင်ပါတယ်"

ဟုပြောပြီး ကေသရီ နေရာမှထွက်သွားလေရာ စိုင်းဗ

ညားမှာ မကျေမနပ်နှင့်ပင် နေရာ၌ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## ( အခန်း ၅ )

# ...ဟူရာတောင်သို့ ခရီးထွက်ကြခြင်း

နီမောင်တို့သုံးယောက်အခြေအနေက မထင်မှတ်ပဲ ...ပေါက်တိုးခဲ့ခြင်း ဖြစ်လေသလား. . ။

ဒါမှမဟုတ် မမျှော်လင့်ပဲ အန္တရာယ်စက်ကွင်းထဲသို့ တိုး...င်မိခဲ့သည့်အဖြစ်မျိုးပေလား. . ။

ယခုလောလောဆယ်တော့ ပြော်မပြတ်အောင်ဖြစ်...နကြသည်။ ဟော်နန်းမှပေးလိုက်သော ငွေအရေအတွက်...အတော်များလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သူတို့လို တောထဲတောင်ထဲမှာ ဝမ်းစာရှာဖွေနေကြ[illegible] များအဖို့ တစ်နှစ်လုံးရှာလျှင်သော်မှ မရနိုင်သော ငွေအရေ[illegible] တွက်မျိုးဖြစ်သည်။

ထိုမျှလောက်များသောငွေရခဲ့သဖြင့် သူတို့အတွက်[illegible] ကျိုးများခဲ့သည်ဆိုသော်ငြားလည်း ထိုသတင်းကိုကြားသူအချို[illegible] စိုးရိမ်စွာဖြင့် လာရောက်သတိပေးကြသည်မျိုးပင် ရှိကြ[illegible] သည်။

"နီမောင် မင်းတို့သုံးယောက် ဟိုတစ်လောက နမ့်ခ[illegible] ဟော်နန်း ရောက်သွားကြတယ်ဆို. . ဟုတ်သလား"

"ဟုတ်တယ်ဗျ. ."

"ဘာအတွက် ခေါ်သွားတာလဲ"

"ကျွန်တော်တို့ကိုသစ်ခွပန်းတစ်မျိုး ရှာခိုင်းတာပါ"

"ဟော. . သစ်ခွပန်းရှာတာများ တကူးတကခေါ်ပြီး ခိုင်[illegible] ရတယ်လို့ကွာ၊ ဒါထက်မေးပါရစေဦး ဘယ်လိုသစ်ခွပန်းမျိုးရှာ[illegible] ခိုင်းတာလဲ"

"သစ်ခွနက်ပါ. ."

"ဟော. . ."

မေးသူက မျက်လုံးပြူးသွားလေသည်။

"လက်စသတ်တော့ သာမန်သစ်ခွပန်း ရှာခိုင်းတာမှမ[illegible] ဟုတ်တာပဲ၊ မင်းတို့ကို သေမင်းရဲ့ မရဏတမန်တော်လို့ခေါ်တဲ့[illegible] ပန်းမျိုး ရှာခိုင်းတာပဲကိုး. ."

"ဒီပန်းမျိုးတော့ လိုက်ရှာမနေပါနဲ့ကွာ၊ တောထဲသွား[illegible]





[illegible] ခြေထောက်ညောင်းပါသေးတယ် တကယ်လို့သေချင်တယ် [illegible]တောင် ကိုယ့်အိမ်မှာပဲ ခြေထောက်အညောင်းမခံပဲ သေ[illegible]နိုင်တဲ့နည်းတွေ အများကြီးရှိပါတယ်"

ဟု ရွာသူရွာသားအချို့က ရယ်ရယ်မောမောနှင့် ပြော[illegible] ထွက်သွားကြလေသည်။

ထိုသတင်းကြားသဖြင့် ဦးဇန်ကောင်းရောက်လာလေ[illegible]သည်။ ဦးဇန်ကောင်းသည် မိုးမခမြိုင်ရွာမှာပင် နေထိုင်သူဖြစ်ပြီး [illegible]မောင်တို့နှင့် ခင်မင်ရင်းနှီးသူဖြစ်သည်။

ဆေးပညာနှင့် အင်္ဂလိပ်ပညာကို ဝါသနာပါသူဖြစ်ပြီး [illegible]မောင်တို့နှင့်အတူ မကြာခဏတောထဲသို့လိုက်ကာ ဆေးပင်၊ [illegible]န်းပင်များ ရှာသဖြင့်လည်း ဆွေမျိုးရင်းချာပမာ ရင်းနှီးနေခြင်း [illegible]သည်။

"နီမောင် မင်းတို့သတင်းတွေကြားရတယ်၊ ငါလည်းသိရ အောင် ပြောပြပါဦးကွ"

နီမောင်က ဖြစ်ကြောင်းကုန်စင်ပြောပြရာ. . . ဦးဇန် ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် နားထောင်နေသည်။

ပြီးမှ သူသိသမျှ ပြောပြသည်။

"စော်ဘွားကြီးက မင်းတို့သုံးယောက်ကို အရှာခိုင်းတဲ့ သစ်ခွနက်ဆိုတာ နတ်ပန်းတစ်မျိုးပဲ အာသာဝတီနတ်ပန်း မဥ္ဇူ သကနတ်ပန်းလို့လည်း ခေါ်ကြတယ်"

"ဟုတ်ပါတယ်အဘ. ."

"တောထဲတောင်ထဲမှာ ရှိတာမှန်ပေမယ့် လူတိုင်းရှာလို့



www.burmeseclassic.com

www.burmeseclassic.com

မတွေ့နိုင်ဘူး၊ တကယ်လို့ အမှတ်မထင်တွေ့ခဲ့ရင်တောင် ...
မရဘူး၊ အခုမြင်ပေမယ့် တော်ကြာ အဲဒီနေရာက ပျောက်...
ပျောက်သွားတတ်တယ်"

"ဘာကြောင့်လည်းအဘ. ."

"တောစောင့်နတ်၊ တောင်စောင့်နတ်တွေနဲ့ ပန်း...
စောင့်တဲ့နတ်တွေက ဝှက်ထားကွယ်ထားကြတာပဲ ဖြစ်မှာ...
ဒီအယူအဆတွေကို လက်မခံတဲ့ နိုင်ငံခြားသားတွေတောင် ...
နဲ့ပတ်သက်ပြီး ထူးခြားမှုတွေနဲ့ကြုံတွေ့ရဘူးတယ်လို့ သ...
ကြားမိတယ်"

"ပြောပါဦး အဘရဲ့"

ထိုအခါ ဦးဇန်ကောင်းက သူသိထားသော အကြော...
အရာအချို့ကို ပြောပြလေသည်။

ထိုကဲ့သို့ ရှားပါးသောသစ်ခွနက်မှာ မြန်မာနိုင်ငံ၌သာ...
တွေ့ရသော မြေကပ်သစ်ခွတစ်မျိုးဖြစ်သည်။

ထိုသစ်ခွပန်းကို ရှာဖွေတွေ့ရှိသူမှာ သစ်ခွမှုဆိုးမစ္စတာ...
ကင်းဒမ်းဝုဒ်ပင်ဖြစ်၏။

သူသည်ထိုသစ်ခွပန်းနောက် ခြေရာကောက်လိုက်ကာ...
ရှာဖွေရင်းမှ ကချင်ပြည်နယ် နှိုင်းငွန်းတောင်ပေါ် တစ်နေရာ၌...
တွေ့ခဲ့ရခြင်းဖြစ်သည်။

၎င်းသည် ထိုပန်းကို (၁၉၂၂)ခုနှစ်ခန့်က တွေ့ခဲ့ခြင်းဖြစ်...
သည်။

ထိုပန်းကို ရှာဖွေတွေ့ရှိသဖြင့် ဝမ်းသာ၍မှုမဆုံးခင်...





...တစ်ရက်မှာပင် သစ်ခွပန်းပင်က ထိုနေရာမှပျောက်ချင်း...
... ပျောက်သွားခဲ့လေတော့သည်။

သူသည်သစ်ခွပန်းနက်ကို တွေ့ဖူးမြင်ဖူးလိုက်သော်...
...သည်း ရည်ရွယ်ထားသည့်အတိုင်း ရုက္ခဗေဒအသင်းကြီးသို့ တင်...
...ခွင့်မရခဲ့ပေ။

သို့သော် မစ္စတာကင်းဒမ်းဝုဒ်သည် စိတ်မလျှော့ပဲဇွဲ...
...တောင်းကောင်းနှင့် စောင့်ဆိုင်းရှာဖွေရာ နောက်ထပ် (၃)နှစ်ခန့်...
...ကြာတော့မှ မူလပျောက်သွားခဲ့သောနေရာမှာပင် သစ်ခွနက်ကို...
...ပြန်တွေ့ရသဖြင့် ရယူနိုင်ပြီး ရုက္ခဗေဒအသင်းကြီးသို့ တင်ပြနိုင်ခဲ့...
ပေသည်။

"နိုင်ငံခြားက သစ်ခွမုဆိုးတွေမှာတောင် သစ်ခွနက်နဲ့ ပတ်သက်ပြီးတော့ ထူးခြားတဲ့မှတ်တမ်းတွေ ရှိခဲ့တယ်"

"ဘာကြောင့်ပျောက်သွားတာလည်းအဘ. ."

"အတော်များများကတော့ နတ်တွေဝှက်ထားလို့ မတွေ့နိုင်တာလို့ထင်ကြတယ်၊ ဒါလည်းဖြစ်နိုင်ပါတယ်၊ ငါ့အမြင်ပြောရရင်တော့ သစ်ခွနက်က မြေကပ်သစ်ခွမျိုးဖြစ်တော့ ဂမုန်းမျိုးနွယ်မှာပါဝင်တာမျိုး ဖြစ်နိုင်တယ်"

"ဖြစ်နိုင်ပါတယ် အဘ. ."

"သိဒ္ဓိရှိတဲ့ ဂမုန်းဖြူ၊ ဂမုန်းနက်၊ ဂမုန်းနီ စတဲ့ဂမုန်းမျိုးတွေဟာ တစ်နေရာတည်းမှာ ကြာရှည်မနေကြဘူး သုံးနှစ်ပြည့်တဲ့အခါ နေရာရွှေ့သွားကြတယ်၊ ရှေးဆရာများကတော့ ...
ဝန္တာတောင်က အနောရထာမင်းဘုရင်အနားမှာရှိတဲ့ ...


www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဖျာပေါ်ကို ရွှေ့ပြောင်းကြတယ်လို့ အဆိုရှိတယ်. . ”

“ဟုတ်ကဲ့ အဘ. . ”

“နောက်တစ်ချက်က သိဒ္ဓိရှိတဲ့သစ်ပင်တွေ၊ ဂမုန်းပင်တွေမှာ. . . အစောင့်အရှောက်တွေရှိတဲ့ နတ်ဒေဝတာတွေ နတ်ဘီလူးတွေစောင့်တဲ့ ဂမုန်းပင်တွေဟာ တန်ခိုးကြီးကြတယ်၊ ဒါကြောင့် သာမန်လူတွေရှာဖွေလို့ မတွေ့နိုင်ကြတာပဲ. . ”

ဟုပြောပြလေသည်။

“ဒါထက် သူတို့က သစ်ခွနက်ကို ဘာကြောင့်ရှာခိုင်းတာ ဖြစ်မလဲအဘ. . ”

“ငါအထင်ပြောရရင်တော့ အလှထားဖို့သက်သက်နဲ့တော့ ဒီလောက်ငွေကုန်ကြေးကျခံပြီး မင်းတို့ကိုရှာခိုင်းတာဖြစ်မယ်မထင်ဘူး၊ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်တာပဲ. . ”

“ဘာပဲဖြစ်ဖြစ်ပေါ့ အဘရယ် ကတိပေးခဲ့ပြီးမှတော့ ကျွန်တော်တို့ လိုက်ရှာကြည့်လိုက်ဦးမယ်. . ”

ဟုပြောတော့ ဦးဇန်ကောင်းက ခေါင်းတစ်ချက်ညိတ်ပြလေသည်။

“အေး သတိဝိရိယနဲ့တော့ သွားကြပေါ့၊ သွားရင်းလာရင်းနဲ့ ငါ့အတွက် ဆေးပင်၊ ဂမုန်းပင်တွေရရင်လည်း ယူလာခဲ့ကြပါဦး”

ဟုမှာလိုက်သေးသည်။

နီမောင်တို့သုံးယောက်လည်း နောက်တစ်နေ့တွင်. . တောတက်ရာ၌ အသုံးပြုသောပစ္စည်းကိရိယာများ၊ ရိက္ခာပစ္စည်း





များကို တစ်ပါတည်းယူဆောင်ကာ တောသို့ဝင်ကြလေသည်။

ရွှေလီမြစ်ဝှမ်းတစ်လျှောက်မှာရှိသော သစ်တောကြီးများမှာ လူသူအရောက်အပေါက်နည်းသောကြောင့် တောထူထပ်သောနေရာများဖြစ်ကြသည်။

သစ်ကြီးဝါးကြီးများနှင့် သဘာဝသယံဇာတပစ္စည်းများပေါများသော နေရာများဖြစ်သည်။

ထိုအတူ. . . လူ့အသက်ကို အန္တရာယ်ပေးနိုင်သော တိရစ္ဆာန်ကြီးများလည်း ပေါလှပေသည်။

သုံးယောက်သား အရှေ့ဘက်သို့ဦးတည်ပြီး ခရီးထွက်ခဲ့ကြရာ ရွှေလီမြစ်မှခွဲထွက်လာသော မြစ်ကြောင်းတစ်ခုရှိသော နေရာဘက်သို့ ရောက်လာကြသည်။

သူတို့ရောက်နေသော နေရာမှာချောင်းဖျားပိုင်းဖြစ်သောကြောင့် ချောင်းက သိပ်မကျယ်လှပေ. . ။

ထိုနေရာရောက်တော့ ခရီးတစ်ထောက်နားရန် ပြင်ဆင်ကြသည်။ ချောင်းနှင့်မနီးမဝေးမှာရှိသော နေရာ၌ရှိသော ကျောက်ဂူတစ်ဂူအတွင်းမှာ ဝင်ပြီးနားကြသည်။

ဂူပေါက်ဝတွင် မီးဖိုတစ်ဖို ဖိုထားပြီးနောက် ပါလာသော အစားအသောက်များကို စားသောက်ပြီးနားကြလေသည်။

သို့သော်လည်း တောနက်ထဲမှာ ရောက်နေသောကြောင့် စိတ်ချလက်ချတော့ မအိပ်ဝံ့ကြပေ၊

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ဂူကြီးတစ်ခုလုံး. . . မြေငလျင်လှုပ်သကဲ့သို့ သိမ့်သိမ့်တုန်လာလေသည်။


www.burmeseclassic.com

www.burmeseclassic.com



"နီမောင် ဂူကြီးလှုပ်နေသလိုပဲ လျှောင်လှုပ်နေတာများ လားမသိဘူး. ."

သုံးယောက်သားအိပ်နေရာမှ ထကြည့်ကြသည်။

ဂူထဲမှာချထားသော ပစ္စည်းများနှင့်. . ကျောက်တုံးကျောက်ခဲများမှာ သိမ့်သိမ့်တုန်နေကြသည်။

သူတို့ရောက်နေသောဂူနှင့် မနီးမဝေးနေရာမှ သစ်ပင်များကျိုးသံ၊ ပြိုလဲသံများအပြင် မြေပေါ်မှတစ်စုံတစ်ခု ပွတ်တိုက်ရွေ့လျားသွားသောအသံမျိုးကိုပါ အတိုင်းသားကြားကြရလေသည်။

"ရှဲ. . ရှဲ. . ရှဲ. . ရှဲ. ."

"ဘာသံကြီးလဲ. ."

"မသိဘူး သတ္တဝါတစ်ကောင်ကောင် လာနေတဲ့အသံမျိုးပဲ. ."

"ငါတို့ရှိနေတဲ့ဘက်များ လာနေတာလား"

ဟု ပြောပြီးသုံးယောက်သား လေးမြားဓားလှံတို့ကို ကောက်ယူပြီး နားစွင့်နေကြလေသည်။

ကြားနေရသောအသံက သူတို့ရှိနေသောဂူနှင့် မနီးမဝေးမှဖြစ်သော်လည်း ဂူရှိရာသို့ ရောက်မလာပေ. .။

သို့သော်လည်း ချောင်းရှိရာဘက်မှ သစ်ပင်သစ်ကိုင်းများကျိုးသံ၊ သစ်ပင်များပြိုလဲသံများကိုတော့ အတိုင်းသားကြားနေရသည်။

နောက်တော့မှ တဖြည်းဖြည်းဝေးသွားပြီး ပျောက်သွား





လေတော့သည်။

ထိုအသံပျောက်သွားမှ စောစောကလှျောင်လှုပ်နေသကဲ့သို့ဖြစ်နေသော တုန်လှုပ်မှုများလည်း ရပ်သွားလေတော့သည်။

ထိုကဲ့သို့အသံများ ပျောက်သွားကာ ငြိမ်သက်သွားသော်လည်း သုံးယောက်သား ပြန်မအိပ်ဝံ့ကြတော့သဖြင့် မီးဖိုနံဘေးနားမှာ စကားပြောရင်းထိုင်နေကြသည်။

သူတို့အနေနှင့် တောထဲမှမွေး တောတောင်ထဲမှာကြီးပြင်းခဲ့သူများဖြစ်သောကြောင့် အန္တရာယ်များနှင့် မကြာခဏတွေ့ခဲ့ဖူးသူများဖြစ်သောကြောင့် ကြောက်လန့်ခြင်းတော့ မရှိကြပေ။

နံနက်လင်းသည်အထိ အခြေအနေမထူးခြားပဲ ရှိကြရာမှ နောက်တစ်နေ့နံနက်ပိုင်းမှာပင် ခရီးထွက်ကြရန် ပြင်ဆင်ကြသည်။

"ညကအသံကြားတဲ့ဘက်ကို သွားကြည့်ကြရအောင်"

ဟုတိုင်ပင်ပြီး ချောင်းရှိသောနေရာဘက်သို့ ထွက်လာကြသည်။ ချောင်းရှိသောနေရာမှာ မဝေးလှပေ. .။

ထိုနေရာရောက်တော့ အံ့သြဘွယ်ကောင်းသော မြင်ကွင်းတစ်ခုကို မြင်တွေ့ကြရသည်။

"ဟိုမှာ ကြည့်ကြစမ်း"

ငမဲအောင်က လက်ညှိုးထိုးပြရာသို့ လှမ်းကြည့်လိုက်သောအခါ ချောင်းထဲမှတောပေါ်သို့တက်သွားသော. . စွတ်ကြောင်းကြီးတစ်ခုကို တွေ့မြင်ကြရသည်၊

ရေထဲမှသတ္တဝါတစ်ကောင်တ တောင်ပေါ်သို့တက်



www.burmeseclassic.com

www.burmeseclassic.com



သွားရာမှ ကျန်ခဲ့သောလမ်းကြောင်းမျိုးဖြစ်သည်။

"ဘယ်လိုလမ်းကြောင်းမျိုးလဲ"

"သတ္တဝါတစ်ကောင်ကောင် တက်သွားတာဖြစ်မှာပေါ့ သွားကြည့်ရအောင်"

ဟုပြောပြီးသုံးယောက်သား ထိုနေရာဘက်သို့ လျှောက်သွားကြလေသည်။

ထိုနေရာရောက်တော့ရေထဲမှ တက်လာသောဝမ်းဗိုက်ရာကြီးကို တွေ့ရလေသည်။

ထိုဝမ်းဗိုက်ရာကြီးကိုမြင်တော့ နီမောင်က သဘောပေါက်သွားလေတော့သည်။

"ဒါတခြားမဟုတ်ဘူး၊ မြွေကြီးတစ်ကောင်ရဲ့ ဝမ်းဗိုက်ရာပဲ"

ထိုစကားကြောင့် ကျန်နှစ်ယောက်က မျက်လုံးပြူးသွားကြသည်။

"မင်းတို့မယုံဘူးလား၊ တောထဲကိုသူတက်သွားတဲ့လမ်းမှာ အကွေ့အကောက်တွေဖြစ်နေတာ မမြင်ဘူးလား"

ကျန်နှစ်ယောက်က မယုံကြသဖြင့် စွတ်ကြောင်းကြီးဖြစ်နေသောနေရာသို့ သွားကြည့်ကြသည်။

၄င်းသွားသောလမ်းတစ်လျှောက်လုံးမှာရှိသော သစ်ပင်ငယ်ကလေးများမှာ ပိပြားနေပြီး သစ်ပင်ကြီးများမှာ ကျိုးကြေနေကြလေသည်။

ကိုယ်လုံးနှင့်ပွတ်တိုက်သွားသော ကျောက်တုံးနှင့် သစ်





ပင်များပေါ်မှာ အခွံတုံးများ ကပ်နေလေသည်။

"ဒီလိုအခွံတုံးမျိုးကို ရွှေလီမြစ်ကျဉ်းက သစ်ဖောင်ပျက်ဘဲ့နေရာက ကမ်းစပ်ကကျောက်တုံးတွေပေါ်မှာ ငါတွေ့ခဲ့တယ်"

"ဟင် . . . မင်းပြောသလိုဆိုရင် ရွှေလီမြစ်ထဲကမြွေကြီးများ ဒီဘက်ရောက်လာရော့သလား"

"ဒါကတော့ မပြောနိုင်ဘူး ကုန်းတန်းရွာသားတွေ တွေ့ခဲ့တဲ့နေရာနဲ့ ရွှေလီမြစ်ကျဉ်းက သစ်ဖောင်ပျက်တဲ့နေရာနဲ့က မဝေးလှဘူး၊ ဒီတော့ . . မြွေကတစ်ကောင်တည်းဖြစ်ပြီး ဒီနေရာတစ်ဝိုက်မှာလှည့်နေတဲ့ပုံပေါ်တယ် . . "

သုံးယောက်သားတောထဲသို့ ဝင်သွားသောဝမ်းဗိုက်ရာကြီးကို အသေအချာကြည့်နေကြသည်။

အကျယ်အဝန်းမှာ တစ်လံခန့်ကျယ်ပြီး နံဘေးတစ်လျှောက်မှာရှိသော သစ်ပင်များမှာ ကျိုးပဲ့ပြိုလဲလျက်ရှိနေကြသည်။

စွတ်ကြောင်းကြီးမှာ "မဟူရာတောင်" ရှိရာဘက်သို့ ဦးတည်သွားလေသည်။

မဟူရာတောင်သည် ရွှေလီမြစ်အရှေ့ဘက်၌ရှိပြီး . . မြောက်ဘက်၌ ကချင်ပြည်နယ်စပ်၊ အရှေ့ဘက်တွင် တရုတ်ပြည်နယ်စပ်၊ တောင်ဘက်တွင် ရှမ်းပြည်နယ်စပ်ရှိသော နေရာတို့၏ သုံးပွင့်ဆိုင်တြိဂံဆုံသောနေရာ၌ ရှိလေသည်။

နမ့်ခမ်းမြို့၏ မြောက်ဘက်ယွန်းယွန်း၌ရှိပြီး လူသူအရောက်အပေါက်နည်းလှသော နေရာတစ်နေရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့သုံးယောက်မှာ မဟူရာတောင်ပတ်ဝန်းကျင်သို့ တစ်ကြိမ်နှစ်ကြိမ်ရောက်ဖူးကြလေရာ ထိုကျောက်တောင်တစ်ဝိုက်တွင် သစ်ခွပန်းမျိုးစုံတို့ များစွာပေါများကြောင်း သိထားကြပြီးဖြစ်လေသည်။

သို့ကြောင့် သူတို့အလိုရှိသော သစ်ခွနက်မှာ ထိုကဲ့သို့သောနေရာမျိုးမှာ ရှာဖွေမှသာ ရနိုင်မည်ဖြစ်ကြောင်း အချင်းချင်းတိုင်ပင်ပြီး ခရီးထွက်လာကြခြင်း ဖြစ်လေသည်။

ယခု သူတို့သွားမည့် လမ်းခရီးတစ်ထောက်မှာပင် မြွေဝမ်းဗိုက်ရာကြီးကို တွေ့နေကြရခြင်းဖြစ်သည်။

ထိုမြွေကြီးဦးတည်သွားသောနေရာမှာလည်း မဟူရာတောင်ဘက်သို့ပင် ဖြစ်လေသည်။

"သူဦးတည်သွားတာ မဟူရာတောင်ရှိတဲ့ဘက်ပဲ"

"ဟုတ်တယ် မဟူရာတောင်ကလည်း ဒီနေရာကသွားရင် သိပ်မဝေးတော့ဘူး. ."

"ငါတို့ကလည်း မဟူရာတောင်ဘက် သွားကြမှာဆိုတော့. . ဟိုနေရာရောက်ရင် မြွေကြီးနဲ့များ ထပ်တွေ့နေရဦးမလား မသိဘူး. ."

"တွေ့တော့လည်း ကောင်းတာပေါ့ကွာ၊ မြင်ဖူးကြတာပေါ့"

ဟုပြောဆိုကာ ရှေ့သို့ခရီးဆက်ကြလေသည်။

တောထူထပ်သောနေရာမှာ လူတစ်ယောက်သွားနိုင်ရန် လမ်းတစ်လမ်းရဖို့ မလွယ်ကူလှပေ။





တစ်ခါတစ်ရံတစ်နေရာမှ တစ်နေရာရောက်ဖို့ ခက်ခက်ခဲခဲ သွားကြရသည်။

ယခုတော့ မြွေကိုယ်လုံးဖြင့် တိုးသွားသောနေရာ၊ အ[illegible]ရသောနေရာများမှာ သစ်ပင်များလဲနေပြီး လမ်းဖောက်ထားသကဲ့သို့ဖြစ်နေသောကြောင့် ထိုနေရာမှပင် အလွယ်သွားနိုင်ကြလေသည်။

သူတို့သွားသော ခရီးလမ်းတစ်လျှောက်တွင် ပျားအုံနှင့် သစ်ခွပန်းအတော်များများကို တွေ့ကြရသည်။

သို့သော် ယူဆောင်ခြင်းမပြုကြပဲ ခရီးဆက်မြဲဆက်ကြလေသည်။ နေဝင်ခါနီးအချိန်ရောက်သောအခါ. . မဟူရာတောင်သို့ လှမ်းမြင်ရသောနေရာသို့ ရောက်သွားကြသည်။

ပတ်ဝန်းကျင်မှာ မြူနှင်းများဝေ့ဆိုင်းနေသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ. .။

ထိုနေရာရောက်တော့ မြွေ၏ဝမ်းဗိုက်ရာကို မတွေ့ရတော့ပေ. .။

အဘယ်ကြောင့်ဆိုသော် တောခြေရှင်းသွားပြီး မြေပေါ်မှာလည်း ကျောက်သားမျက်နှာပြင်နှင့် ကျောက်ဆောင်ကျောက်တုံးများ ပေါများသည့်နေရာဖြစ်သောကြောင့်. . ဝမ်းဗိုက်ရာပျောက်သွားခြင်းဖြစ်သည်။

နေဝင်သွားချိန်တွင် အအေးဓာတ်ပိုများလာသောကြောင့် ဂူပေါက်တစ်ခုထဲသို့ ဝင်ရောက်နားကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ ကျောက်တုံးများနှင့် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်များ ပေါလှသည်။

ဂူပေါက်ဝများကလည်း နေရာအနှံ့မှာ ရှိနေကြသည်။

သူတို့ရှေ့မှဖြတ်သွားသော မြွေကြီးမှာ ထိုဂူပေါက်တစ်ခုခုအတွင်းသို့ ဝင်ရောက်နေသည်မျိုးလည်း ဖြစ်နိုင်ပေသည်။

ဂူပေါက်အတွင်းရောက်သည်နှင့် ထင်းခြောက်၊ ထင်းတုံးများကိုရှာဖွေကာ ဦးစွာမီးဖိုဖိုကြသည်။

မီးရတော့မှ အချမ်းလည်းသက်သာ၊ စားသောက်ဖို့လည်း သင့်တော်သလိုစီစဉ်ကြရလေသည်။

"ဒီဘက်ကိုဦးတည်လာခဲ့ကြတာတော့ ဟုတ်ပါပြီ၊ ငါတို့လိုချင်တဲ့ သစ်ခွနက်ကို တွေ့မယ်လို့ မင်းထင်သလားနီမောင်"

"ဒါကတော့ ကံတရားပေါ့ကွာ၊ တွေ့ချင်လည်းတွေ့ရမှာပေါ့"

"တွေ့ရင်ကော တစ်ခါတည်းယူသွားမှာလား"

"ဖော်ဘွားကြီးကတော့ သစ်ခွနက်ရှိတဲ့နေရာကို သိရရင်တော်ပြီလို့ မှာလိုက်တယ် တကယ်လို့တွေ့ရင် သူတို့ကိုလမ်းပြပေးရမယ်ထင်တယ်"

"သစ်ခွနက်ဆိုတာ နတ်တွေစောင့်ရှောက်တဲ့ပန်းပဲ၊ ဘော့ထိုက်မှတွေ့ရတယ်၊ အခု ဒီနေရာမှာတွေ့ရပေမယ့် နောက်ဘာင်ခနဲရောက်ရင် ရှိချင်မှရှိတတ်တာမျိုး၊

ငါတို့တွေ့ပြီးလို့ သူတို့သွားခေါ်လာပြီးမှ မတွေ့တော့ရင် ဘယ်လိုလုပ်မလဲ"

"ဒီတော့လည်း နေရာပြလိုက်ရုံပဲပေါ့ကွာ. ."





ဟု သုံးယောက်သား စားရင်းသောက်ရင်းနှင့် စကားပြောနေကြလေသည်။

"သူတို့က သစ်ခွနက်ကို လိုချင်တာမဟုတ်လား၊ တွေ့ရင် တစ်ခါတည်းယူသွားရင် ပိုမကောင်းဘူးလား"

"ငါ့အထင်ပြောရရင်တော့ သစ်ခွနက်ကိုလိုချင်တာထက် တခြားအကြောင်းတစ်ခုခုရှိမယ်လို့ ထင်တာပဲ၊ နောက်တော့ အဖြေသိချင်သိရမှာပေါ့ကွာ. ."

ဟု စကားပြောရင်းနှင့်စားသောက်ကြပြီးနောက် ပြီးသည်နှင့်မီးဖိုမှအပူငွေ့ကို အားပြုကာ အိပ်ကြလေတော့သည်။

ဂူအပြင်ဘက်မှာတော့ နှင်းများပိုမိုကျဆင်းလာလေပြီ. ။



www.burmeseclassic.com

www.burmeseclassic.com





## ( အခန်း ၆ )

# တောနက်ထဲမှ အကူအညီလာတောင်းသူ

အမှောင်ရိပ်များကပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထားလေသည်။ အသံများကလည်း ဘာမှမကြားရပဲ တိတ်ဆိတ်ငြိမ်ဆက်လျက်ရှိနေသည်။ ထိုအချိန်မျိုးမှာ နီမောင်နားထဲသို့ အသံတစ်သံတစ်သံ ကြားလာရသည်။ နေရာဒေသမှာ သူတို့နှင့် စိမ်းလန်းသောနေရာဖြစ်သဖြင့် ညအိပ်ကတည်းက သတိဝိရိယဖြင့်အိပ်လေရာ ထိုအသံကြားတော့ ပြန်နိုးလာသေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေကြသည်။

နီမောင်က စိတ်ထဲမှ မသက်သာသဖြင့် အိပ်နေရာမှ ပြန်ထလိုက်သည်။

အပြင်ဘက်မှာတော့ အမှောင်ရိပ်များသမ်းနေသည်။ သူနားထဲမှာကြားနေရသောအသံက အပြင်ဘက်မှဖြစ်သည် ခြေသံလိုလိုအသံမျိုးဖြစ်သည်။

ဒီလိုအေးလှသောအချိန်မျိုးမှာ မီးရှိသောနေရာသို့ တောတိရစ္ဆာန်များ လာရောက်လေ့ရှိကြသည်။

ကျား၊ ကျားသစ်၊ ဝက်ဝံစသောတော သတ္တဝါကြီးများ ရောက်လာပြီး မီးလှုံတတ်သည်။

ဒီအချိန်မျိုးမှာ လူကိုမြင်သော်လည်း ရန်မူခြင်းမပြု။

အန္တရာယ်ပေးခြင်းမရှိကြပေ. . ။

လူကလည်း မုဆိုးပင်ဖြစ်စေကာမူ ယခုကဲ့သို့ ရာသီဥတုနှိပ်စက်သဖြင့် ဒုက္ခရောက်လာသော တောတိရစ္ဆာန်ကိုတွေ့ပါက မပစ်ရပေ. . ။

တောထဲတောင်ပေါ်မှာ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ကြရသည့်အခါ မုဆိုးနှင့်တောကောင်၊ တောကောင်နှင့် မုဆိုး တစ်ဦးနှင့်တစ်ဦး ရန်မပြုကြရပေ. . ။

ရေကြီးသဖြင့် သစ်တုံးတစ်တုံးပေါ်မှာ လူနှင့်ကျားတစ်ကောင် အတူတူပါသွားလျှင်တောင်မှ လူကလည်းကျားကို. . အန္တရာယ်မပြုရပေ. . ။





ကျားကလည်းလူကို အန္တရာယ်မပေးချေ. . ။

အကယ်၍ လူတစ်ယောက်က ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသော တိရစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်မိပါက ဘေးအန္တရာယ်တစ်စုံတစ်ခုနှင့် ကြုံတွေ့ရပြီး အသက်သေဆုံးကြရသည်ဟု အယူအစွဲရှိကြလေသည်။

သို့ကြောင့်. . တောထဲမှာ အရိုးခိုက်အောင်အေးသော ဆောင်းရာသီမျိုးတွင် မုဆိုးများဖိုထားသော မီးပုံရှိရာသို့ တောတိရစ္ဆာန်များရောက်လာသော်လည်း မပစ်ခတ်ကြပေ။

ကျားတစ်ကောင်ရောက်လာသော်လည်း ကျားကလူကို အန္တရာယ်မပေးပဲ. . သူ့ဘာသာအေးအေးဆေးဆေးပင် မီးပုံနံဘေးမှာနေလေ့ရှိသည်။

လူကတစ်ဖက်၊ ကျားကတစ်ဖက် မီးလှုံကြရသည်။

မိုးလင်းတော့မှ ကျားကပြန်သွားတတ်သည်။

နေ့အချိန်တွင် တောထဲမှာကျားနှင့်လူ နောက်တစ်ကြိမ်ပြန်တွေ့သောအခါ မုဆိုးကလည်းကျားကိုသတ်ချင်သတ်မည်။ ကျားကလည်း မုဆိုးကိုသတ်ချင်သတ်မည်။ ညကမီးပုံမှာ အတူတူ မီးလှုံခဲ့သဖြင့်လည်း ချမ်းသာပေးကြမည်မဟုတ်တော့ပေ. . ။

ဒါက တောတောင်များနှင့်သက်ဆိုင်သော စည်းကမ်းအချို့ပင်ဖြစ်သည်။

ယခုလည်းဂူအပြင်ဘက်မှ ခြေသံကြားရသဖြင့် နီမောင်က အိပ်နေရာမှထကာ အခြေအနေကြည့်နေသည်။

ခဏကြာတော့ ဂူပေါက်ဝနှင့် မနီးမဝေးနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာသော မည်းမည်းသဏ္ဍာန်တစ်ခုကို ဝိုးတဝါးလှမ်းမြင်ရသည်။ ပထမတော့ နှင်းများပိတ်နေသောကြောင့် မသဲကွဲပေ၊ မနီးမဝေးရောက်လာတော့မှ ပုံသဏ္ဍာန်က သဲကွဲလာသည်။

သူမျှော်လင့်ထားသကဲ့သို့ တိရစ္ဆာန်တစ်ကောင်တော့မဟုတ်ပေ။ လူတစ်ယောက်၏ပုံသဏ္ဍာန်ပင် ဖြစ်သည်။

နီမောင်ကဂူပေါက်ဝနားသို့ ထွက်ပြီးအခြေအနေကြည့်နေစဉ် လျှောက်လာသောသဏ္ဍာန်က မနီးမဝေးနေရာမှာ ရပ်တန့်သွားလေသည်။

"မင်းဘယ်သူလဲ"

နီမောင်ကလေသံတိုးတိုးဖြင့် လှမ်းမေးလိုက်သည်။

"ကျွန်မကို အကူအညီတစ်ခုလောက် ပေးစေချင်ပါတယ်"

သူမကလည်း လေသံခပ်တိုးတိုးနှင့်ပင် ပြန်ပြောလေသည်။

"ဘယ်လိုအကူအညီမျိုးပေးရမှာလဲ"

"တလောကသစ်ပင် တစ်ပင်လဲကျတာ ကျွန်မရဲ့မိသားစုတွေ ဂူပေါက်ထဲမှာ ပိတ်မိနေပါတယ်၊ အဲဒီဂူပေါက်ဝကို ပြန်ဖွင့်ပေးပါ"

"သစ်ပင်လဲနေတာက ဘယ်နေရာမှာလဲ"

"ဒီကနေ မြောက်ဘက်ကို သွားရင်တွေ့ရပါတယ်၊ ရှင်တို့ အကူအညီမပေးရင်တော့ သူတို့ဂူထဲက ဘယ်လိုမှထွက်နိုင်ကြမှာမဟုတ်လို့ပါ"





"ကောင်းပါပြီ၊ မနက်လင်းတော့ ငါတို့လာပြီး တတ်နိုင်သလောက်လုပ်ပေးပါ့မယ်"

ဟုကတိပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင် ကျွန်မတို့ကိုအကူအညီပေးတဲ့အတွက် တစ်ချိန်ကျရင် ကျွန်မကလည်း ရှင်တို့ကို အကူအညီပြန်ပေးပါ့မယ်လို့ ကတိပေးပါတယ်"

"ဒါထက်နေပါဦး မင်းရဲ့နာမည်က ဘယ်သူများလဲ"

"ကျွန်မနာမည် 'မဟူရာ'လို့ခေါ်ပါတယ်ရှင်"

"မဟူရာဆိုတဲ့နာမည်ကတော့ မှတ်ရတာလွယ်ပါတယ် မင်းကိုအကူအညီပေးမယ်ဆိုပေမယ့် ဒီညတော့အပြင်မထွက်တော့ပါဘူး၊ မနက်လင်းတော့မှပဲ အဲဒီနေရာအရောက်လာပြီး အကူအညီပေးပါ့မယ်"

"ကောင်းပါပြီရှင် စိတ်ချပါရစေ. ."

ဟုပြောဆိုပြီးနောက် အမှောင်ရိပ်ထဲသို့ ပြန်ဝင်သွားလေတော့သည်။

နီမောင်လည်းဂူပေါက်ဝနားမှာ အတန်ကြာအောင်ရပ်ကြည့်နေသော်လည်း နောက်ထပ်အခြေအနေမထူးတော့မှ ဂူအတွင်းသို့ပြန်ဝင်လာသည်။

"မင်းဘယ်သူနဲ့ စကားပြောနေတာလဲ နီမောင်"

"အမျိုးသမီးတစ်ယောက်ရောက်လာပြီး အကူအညီတောင်းနေလို့ စကားပြောနေတာပါ"

"မင်းကလည်းကွာ တောမှာမွေးပြီး တောထဲမှာကြီးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်ရက်သားနဲ့ ဒါမျိုးတွေများအဆန်းလုပ်ပြီးတော့ ပြန်ပြော နေသေးတယ်၊ ဒီအချိန်မျိုးမှာလာမှတော့ သာမန်ဟုတ်ပုံမလား ပရလောကသားတွေပဲဖြစ်မှာပေါ့"

စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်စလုံးထလာပြီး အချမ်းသက်သာစေရန် လက်ဖက်ရည်ကြမ်းသောက်နေကြ သည်။

"ငါတော့ ဝိညာဉ်လောကသားလို့ မထင်ဘူး"

"မင်းကဘယ်လိုထင်လို့လဲ"

"သူတို့မှာအခက်အခဲတွေ့နေလို့ လာပြီးအကူအညီ တောင်းတဲ့လူတစ်ယောက်လို့ပဲ ထင်တာပဲ"

"ဒါဖြင့်လည်း မနက်ဖြန်မနက်လင်းလို့ သွားကြည့်ရင် တော့ အဖြေသိရမှာပေါ့၊ မင်းပြောလို့သာပဲကွာ. . ဒီလိုအချိန် မျိုးမှာလာပြီး အကူအညီတောင်းတယ်ဆိုတာကတော့ အံ့သြစ ရာပါပဲ. ."

ဟုပြောကြလေသည်။

နီမောင်လည်းဘာမှပြန်မပြောတော့ပဲ လက်ဖက်ရည် ကြမ်းသောက်ရင်းနှင့် စောစောကတွေ့လိုက်ရသော အမျိုးသမီး အကြောင်းကို စဉ်းစားနေလေသည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန်ရောက်ပြီး နှင်းကွဲသွား သော အချိန်၌ ဂူထဲမှထွက်ကြလေသည်။

"ဘယ်လိုသွားကြမလဲ"

"ဒီကနေမြောက်ဘက်ကို အရင်သွားကြည့်ကြတာပေါ့၊





ဒါမှ သူပြောတာမှန်မမှန်သိရမယ်၊ ဟုတ်တော့လည်းအကူအညီ ပေးသင့်ပေးရတာပေါ့"

ဟုပြောပြီး ထိုဂူမှ မြောက်ဘက်သို့ဦးတည်ကာ ခရီး ဆက်ခဲ့ကြလေသည်။

တစ်နာရီခန့်သွားမိသောအခါ ချောက်ကမ်းပါးများပြို ကျသဖြင့် သစ်ပင်ကြီးတစ်ပင် လဲကျနေသည်ကို တွေ့မြင်ကြရ လေသည်။

"ဟိုမှာသစ်ပင်ကြီးတစ်ပင် လဲကျနေတယ်"

"အဲဒီနေရာ ဖြစ်ဖို့များတယ် သွားကြည့်ကြရအောင်"

သုံးယောက်သား သစ်ပင်လဲကျနေသောနေရာသို့ ခက် ခဲစွာဖြင့်သွားကြရပေရာ အတော်ကြာမှ ရောက်သွားကြသည်။

သစ်ပင်ကြီးမှာ အရွယ်အစားကြီးမားလှသော မဟော် ဂနီပင်ကြီးဖြစ်သည်။

ပင်စည်မှာ အကိုင်းအခက်မများလှသော်လည်း ကိုင်း များဘက်မှာအကိုင်းအခက်များက များစွာရှုပ်ထွေးလှသည်။

အချို့သစ်ကိုင်းကြီးများမှာ အရွယ်အစားကြီးလှသည်။ သစ်ပင်က ကျောက်နံရံတစ်ခုဆီသို့ အဖျားခတ်ပြီးလဲကျနေရာ သစ်ကိုင်းများက ကျိုးကြေလျက်ရှိနေရုံမက ဂူနံရံတစ်ခုလုံးကို ပိတ်ဆို့နေလေသည်။

"သူပြောတဲ့အတိုင်းတော့ သစ်ပင်လဲကျနေတာမှန်နေပြီ ဟုတ်မဟုတ်သိရအောင် ရှင်းကြည့်မလား"

"ရှင်းချင်လည်းရှင်းပေါ့. .၊ တကယ်လို့ဟုတ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း အကူအညီပေးရာရောက်တာပေါ့"

ဟုပြောဆိုပြီးသုံးယောက်သား ပါလာသောဓားနှင့်ကပ်ပါးများ အသုံးပြုကာ သစ်ကိုင်းများကို ခုတ်ထွင်ဖယ်ရှားကြလေသည်။ သူတို့အသုံးပြုသော ဓားနှင့်ကပ်ပါးများမှာ တောသမားများကိုင်ဆောင်သော လက်နက်ကိရိယာများဖြစ်သဖြင့် အသွားထက်လှပေရာ ခဏချင်းမှာပင် သစ်ကိုင်းများဖယ်ရှားပစ်နိုင်ကြလေတော့သည်။

သစ်ကိုင်းများဖယ်လိုက်သောအခါမှ ပိတ်ဆို့နေသည့် ဂူပေါက်ဝတစ်ခု ပေါ်လာလေသည်။

"ဒီဂူပေါက်ထဲမှာ လူတွေရှိတယ်လို့ ပြောသွားတယ်"

"မဟုတ်နိုင်ပါဘူးကွာ လူတွေရှိရင် ငါတို့ဓားခုတ်သံကြားကတည်းက ထွက်လာကြမှာပေါ့"

"အတွင်းဘက်ရောက်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ကဲ ထားတော့ ငါတို့တောင်ဒီနေရာရောက်နေပြီ၊ ညက မင်းဆီလာပြီ အကူအညီတောင်းသွားတဲ့ အမျိုးသမီးကရော ဘယ်ရောက်နေသလဲ"

စောထီးကချက်ကျလက်ကျ မေးလိုက်ရာနီမောင်မှာ ဘာမှပြန်မပြောသာအောင် ဖြစ်သွားလေသည်။

"အင်း. . မင်းတို့ပြောတာလည်း ဟုတ်တာပဲ၊ ဒါပေမယ့် ဒီအလောက်လုပ်ပြီးမှတော့ အထဲကို ဝင်ကြည့်လိုက်ဦးမယ်"

ဟုပြောပြီး အထဲသို့ဝင်ကြည့်သည်။

ဂူပေါက်ဝမှာ သိပ်မကျယ်ပေ။ ထို့ပြင် အလျားလည်း





သိပ်ရှည်ဟန်မရှိပဲ အတွင်းဘက်မှာရှိသော နံရံကိုပင် ဝိုးတဝါး သမ်းမြင်ရလေသည်။

"အထဲမှာ ဘာမှမရှိပါဘူး"

ထိုသို့ပြောရင်းလျှောက်သွားရာ အမှောင်ရိပ်လွှမ်းနေသောနေရာသို့ ရောက်သောအခါ အံ့သြဖွယ်ရာကောင်းသော မြင်ကွင်းကိုတွေ့ရလေသည်။

အခြားမဟုတ်ပါချေ။ ကြီးမားသော ပင့်ကူအိမ်ကြီးပေါ်တွင် ပင့်ကူနက်ကြီးတစ်ကောင်ကို တွေ့ကြရလေသည်။

ပင့်ကူနက်ကြီးမှာ လင်ဗန်းအဝိုင်းစာမျှ အရွယ်အစားကြီးပြီး မျက်လုံးနှစ်လုံးက နီရဲနေသည်။

အမွှေးအမှင်များရှိသော ခြေတံလက်တံရှစ်ချောင်းကလည်း ကြီးမားရှည်လျားလေသည်။ ဂူထဲမှာထိုပင့်ကူကြီးမှလွဲပြီး အခြားဘာမှမရှိတော့ပေ. . ။

"နီမောင် မင်းပြောတဲ့ဂူထဲမှာ ပိတ်မိနေတယ်ဆိုတာ ဒီပင့်ကူနက်ကြီးကို ပြောတာလား"

စောထီးက တိုးတိုးကပ်မေးသည်။

"ငါလည်းမသိဘူး၊ သူကတော့ ဒီလိုပဲပြောသွားတာပဲ"

"ဒါထက်သူ့နာမည်က ဘယ်သူတဲ့လဲ"

"မဟူရာ. ."

"မဟူရာဆိုတော့ အနက်ရောင်ပေါ့ အခုငါတို့တွေ့နေတာလည်း ပင့်ကူနက်ကြီးဆိုတော့ ဒါများဖြစ်နေမလား"

ငမဲအောင်စကားကြောင့် ကျန်နှစ်ယောက်ပင် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မြနသွားကြလေသည်။

သူတို့ရောက်နေသောနေရာမှာ ပင့်ကူနက်ကြီးရှိနေသောနေရာနှင့်မဝေးလှပေ. .။

ထို့ကြောင့် ပင့်ကူမျှင်များပေါ်မှာ အကျအနတွယ်ကပ်နေသည့် ပင့်ကူနက်ကြီးကို ကောင်းစွာမြင်နေကြရသည်။

ပင့်ကူနက်ကြီးက နီရဲနေသည့်မျက်လုံးအစုံဖြင့် သူတို့ကိုကြည့်နေဟန်ရှိသည်။

တောနက်ကြီးများအတွင်း၌သာ တွေ့မြင်ရသော ထိုပင့်ကူနက်မျိုးမှာ အဆိပ်ပြင်းလှသည်။

၎င်းတို့အစွယ်နှင့်ထိ၍သော်လည်းကောင်း၊ အဆိပ်ရည်များထိလျှင်သော်လည်းကောင်း လူနှင့်သတ္တဝါတို့ချက်ချင်းသေစေနိုင်သည်။

မြွေဆိပ်များကဲ့သို့ပင် ကြောက်စရာကောင်းသောအဆိပ်မျိုးဖြစ်သည်။

ပင့်ကူအိမ်အောက်သို့ တိရစ္ဆာန်များရောက်လာပါက အပေါ်မှ အဆိပ်ရည်ညှစ်ချလိုက်သည်။

တိရစ္ဆာန်များထိပါက နေရာမှာပင် ချက်ချင်းသေစေနိုင်သည်။ လူဆိုလျှင် ဦးခေါင်းပေါ်မှာ ဆောင်းထားသည့်ဦးထုပ်၊ ကိုယ်ပေါ်မှာဝတ်ထားသော အဝတ်အစားများ ပင့်ကူအဆိပ်ဖြင့်ထိပါက အက်ဆစ်ရည်ဖြင့်ထိသကဲ့သို့ လောင်ကျွမ်းသွားစေသည်။

၎င်းတို့ယက်လုပ်ထားသော ပိုးချည်မျှင်တို့မှာလည်း





ကြိုးတစ်ချောင်းထက်ပင် ပိုမိုခိုင်ခံ့လေသည်။

ငှက်များ၊ မျောက်များ၊ ရှဉ့်စသောတိရစ္ဆာန်များ ပင့်ကူအိမ်ထဲရောက်သွားပါက ရုန်းထွက်၍မရတော့ပေ။ ပင့်ကူမျှင်များဖြင့် တွေးပတ်ခံရပြီးနောက် ပင့်ကူရောက်လာပြီး အဆိပ်ဖြင့်ထိုးသွင်းသတ်ဖြတ်ပြီးမှ စားသောက်လေသည်။

အချို့တောတက်သမားများမှာ ပင့်ကူအိမ်နှင့်တိုးမိပြီးပြန်မလွတ်နိုင်ကြသည်မျိုးလည်း ရှိကြသည်။

နီမောင်တို့သုံးယောက်မှာ ပင့်ကူအိမ်ပေါ်၌တွယ်ကပ်လျက် သူတို့ကိုကြည့်နေဟန် ရှိနေသောပင့်ကူနက်ကြီးကိုကြည့်တာ တအံ့တသြဖြစ်နေကြသည်။

"ဘယ်လိုလုပ်ကြမလဲ"

"ငါတို့တာဝန်က သူပြောတဲ့အတိုင်းဂူပေါက်ဝကို ဖွင့်ပေးဖို့ပဲမဟုတ်လား၊ အတွင်းမှာ လူပဲရှိရှိ၊ ပင့်ကူပဲရှိနေနေ ငါတို့အလုပ်မဟုတ်တော့ဘူး၊ အချိန်ရှိတုန်း ခရီးဆက်ကြတာ ပိုကောင်းမယ်"

ဟုပြောဆိုတိုင်ပင်ကာသုံးယောက်သား ဂူအတွင်းမှပြန်ထွက်ခဲ့ကြလေသည်။

ထို့နောက်မှာတော့ မဟူရာတောင်ရှိသောနေရာသို့ ဦးတည်ကာခရီးဆက်ကြလေသည်။

သူတို့ထွက်သွားပြီးအတန်ကြာသောအခါ တောထဲမှအမျိုးသမီးတစ်ယောက် ထွက်လာလေသည်။

တစ်ကိုယ်လုံး အဝတ်အစားအနက်များ ဝတ်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com



သောအမျိုးသမီးဖြစ်သည်။

သူမကနီမောင်တို့သုံးယောက် ရှင်းပေးသွားသော ဂူပေါက်ဝမှအတွင်းသို့ ဝင်သွားလေသည်။

ဂူထဲရောက်ပြီး စူးရှသောအသံတစ်မျိုးဖြင့် အချက်ပေးလိုက်သောအခါမှာ ပင့်ကူအိမ်မှာကပ်နေသော ပင့်ကူနက်ကြီးမှာ လှုပ်လှုပ်ရှားရှားဖြစ်သည်။

ခြေချောင်းလက်ချောင်းများ လှုပ်လာပြီးနောက်. . အောက်သို့တရွေ့ရွေ့ ဆင်းလာလေသည်။

ထိုသတ္တဝါက အောက်သို့ဆင်းလာနေသော်လည်း ထိုအမျိုးသမီးက လုံးဝကြောက်ရွံ့ဟန်မရှိပဲ ရှေ့သို့တိုးမြဲတိုးသွားရာ ပင့်ကူအိမ်အနီးသို့ ရောက်သွားလေသည်။

အပေါ်မှဆင်းလာသော ပင့်ကူနက်ကြီးက သူမမျက်နှာအနီးသို့ရောက်လာသည်။

ခြေချောင်းလက်ချောင်းများက တလှုပ်လှုပ်ဖြစ်နေသလို အာရုံခံအမွေးနှစ်ချောင်းကပါ လှုပ်နေသည်။

ထို့ပြင်အဆိပ်ရှိသော အစွယ်များထွက်နေသော ပါးစပ်ပေါက်ကလည်း တလှုပ်လှုပ်ဖြစ်နေသည်။

နီရဲနေသောမျက်လုံးနှစ်လုံးကလည်း အမျိုးသမီးကို ပြူးကြည့်နေသည်။

ပင့်ကူသည် လူနှင့်ယဉ်ပါးသော တိရစ္ဆာန်မျိုးမဟုတ်သော်လည်း ထိုအမျိုးသမီးရှေ့သို့ရောက်သောအခါတွင် အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကဲ့သို့ ယဉ်ပါးနေလေသည်။





"ဟဲ့ငနက်. . ဂူပေါက်ဝလည်း ပွင့်သွားပြီဆိုတော့ သွားချင်တဲ့နေရာကိုသွားပေတော့. . ဘေးအန္တရာယ်ရှိတဲ့နေရာတွေမှာ မနေနဲ့"

ဟုပြောဆိုပြီး နောက်ထိုအမျိုးသမီးက ဂူအတွင်းမှပြန်ထွက်သွားလေတော့သည်။

ပင့်ကူနက်ကြီးကတော့ လူပြောသောစကားကို နားလည်သည့်အလား ခြေချောင်းလက်ချောင်းများ တလှုပ်လှုပ်နှင့် ဂူအတွင်းမှာ ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## ( အခန်း ၇ )

# ကမ္ဘာပေါ်မှ ကြောက်စရာကောင်းသောပင့်ကူများ

မဟူရာတောင်ဝန်းကျင်တစ်ဝိုက်မှာ လူသူအရောက်အပေါက်နည်းသောနေရာ တစ်နေရာဖြစ်သည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တရုတ်ပြည်နယ်စပ်တို့၏ အလယ်တြိဂံနေရာလောက်တွင်ရှိပြီး မြွေလိမ်မြစ်နှင့်လည်း မဝေးလှပေ. . ။

မဟူရာတောင်မှာ ပေပေါင်း(၅၀၀၀)ကျော်ခန့် အမြင့်ရှိပြီး ကျောက်တောင်အမျိုးအစားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေတစ်ဝိုက်တွင် သစ်ကြီးဝါးကြီးများဖြင့် မှိုင်းညို့နေသော်လည်း ကျောက်တောင်ပေါ်မှာတော့ သစ်ပင်ထူထပ်ခြင်းမရှိလှပေ. . ။

တောင်ကြောတစ်ဝိုက်တွင် တောင်ထွတ်များ၊ ချောက်ကမ်းပါးများ၊ လှိုဏ်များ၊ ဂူပေါက်များစွာတို့ရှိကြလေသည်။

ထိုကဲ့သို့သော မြောက်မြားစွာရှိကြသည့် ဂူပေါက်တို့မှာလည်း အတွင်းပိုင်းရောက်သောအခါ တစ်နေရာနှင့်တစ်နေရာ ဂူပေါက်တစ်ခုနှင့်တစ်ခု ဆက်နေကြလေသည်။

အချို့ဂူပေါက်ကြီးများမှာ ကြီးမားရှည်လျားလှသောကြောင့် အတွင်းပိုင်းတွင် မည်မျှလောက်ရှည်လျားသည်ကိုပင် မသိနိုင်ကြပေ။

မဟူရာတောင်တစ်ဝိုက်မှာ သစ်တောကြီးများရှိပြီး ထိုသစ်ပင်ကြီးများပေါ်မှာ သစ်ခွပန်းမျိုးစုံတို့ ရှိကြသည်။

ထို့ပြင် ကျောက်တောင်ကြားများအတွင်းမှာရှိသော ကျောက်နံရံများမှာလည်း မြေစိုက်သစ်ခွပန်းများရှိကြလေသည်။

ထိုသစ်ခွပန်းများထဲမှာ မဉ္ဇူသကနတ်ပန်းဟုတင်စားခေါ်ဝေါ်ကြသည့် သစ်ခွပန်းတစ်မျိုးလည်းရှိလေသည်။

ထိုသစ်ခွပန်းကို အချို့ကမဉ္ဇူသကနတ်ပန်း၊ အချို့က အာသာဝတီနတ်ပန်း၊ အချို့ကတော့သစ်ခွနက်ဟု ခေါ်ကြသည့် [illegible]ကပ်သစ်ခွပန်းတစ်မျိုးလည်း တွေ့နိုင်သည်။

မဟူရာတောင်မှာ အခြားတောင်များနှင့်မတူပဲ. .





ကျောက်သားများမှာ အနက်ရောင်သမ်းနေလေသည်။

တောင်တစ်ခုလုံး အနက်ရောင်သမ်းနေရာ နေရောင်ခြည်နှင့်ထိတွေ့လိုက်သောအခါ အနက်ရောင်များတလက်လက် တောက်ပလာတတ်သည်။

ထို့ပြင် ထိုနေရာတစ်ဝိုက်မှာရှိသော ကျောက်သားများမှာအနက်ရောင်သမ်းနေသောကြောင့် ပေါက်နေသောသစ်ပင်အချို့ပင် အနက်ရောင်သမ်းနေကြသည်။

ထိုသစ်ပင်တို့မှ သီးသောအသီးများ၊ ပွင့်သောအပွင့်တို့မှာလည်း အများအားဖြင့် အနက်ရောင်များ ဖြစ်နေတတ်ပေသည်။

သစ်ခွနက်သည် သို့ကြောင့်ပင် ထိုနေရာမှာလာရောက်ပွင့်ခြင်းဖြစ်လေသည်လားတော့ မပြောတတ်ပါပေ။

သို့စေကာမူ သစ်ခွနက်ဟုသာ တင်စားခေါ်ဝေါ်ကြသော်လည်း ထိုသစ်ခွပန်းမှာ အနက်ရောင်တော့ မဟုတ်ပါချေ။

အပွင့်ကရှားပါးသော သစ်ခွပန်းမျိုးနှင့် ကိုက်ညီအောင် သစ်ခွပန်းပင်၏ ပင်စည်တစ်ခုတည်းမှာပင် တစ်ပြိုင်တည်းပွင့်လေ့ရှိသည်။

အရောင်အသွေးမှာ သစ်ခွပန်းတို့တွင် နာမည်ကျော်ကြားလှသော 'ကက်တယ်လီးယား' သစ်ခွပန်းကဲ့သို့. . ရောင်စုံတောက်ပြောင်မှုရှိသည်။

အစိမ်းရောင်ဖန့်ဖန့်အောက်ခံတွင် ခရမ်းရင့်ရောင်များပါသည်။ ခရမ်းရင့်ရောင်များလျှင် အနက်ရောင်ဖြစ်သွားတတ်သ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် 'သစ်ခွနက်'ဟု အလွယ်တကူခေါ်ကြခြင်းလည်း ဖြစ်နိုင် သည်။

ထို့ပြင် ပွင့်ဖပ်ပေါ်မှာ ခရမ်းနုရောင်အမွေးအမှင် လေးများ၊ အစိမ်းရောင်နှင့်အဖြူရောင် ရောထွေးနေသော မျဉ်း ပြိုင်အစင်းကြောင်းများက သူနေရာနှင့်သူ လှပစွာရှိနေကြသည်။

ပုံသဏ္ဌာန်မှာ အမျိုးသမီးစီးခုံမြင့်ဒေါက်ဖိနပ်(လေဒီရှူး) ပုံနှင့် များစွာဆင်တူလေသည်။

၄င်းကို ကမ္ဘာ့အရှားပါးဆုံး သစ်ခွမျိုးဟုသတ်မှတ်ကြ၍ အပြည်ပြည်ဆိုင်ရာ ရုက္ခဗေဒအသင်းကြီးကတော့ ပါဖီယိုပီ လမ်းဝါဒီ (PaphiopediLum Wadii) ဟုအမည်ပေးထားသော ပန်းဖြစ်သည်။

မဟူရာတောင်သည် သဘာဝရာသီဥတုကောင်းသော အရပ်ဒေသဖြစ်သဖြင့် သစ်ခွပန်းမျိုးစုံတို့ တွေ့ရှိနိုင်သောနေရာ ဖြစ်သော်လည်း သစ်ခွမုဆိုးတို့ မလာဝံ့သောနေရာတစ်ခုဖြစ် သည်။

သားရဲတိရစ္ဆာန်တို့ ပေါများလှသည့်အပြင် အခြားမမြင် ရသောဘေးအန္တရာယ်များကြောင့် ထိုနေရာသို့ရောက်သူတိုင်း သေကျေပျက်စီးမှုများဖြစ်ကြလေရာ အချို့မလာဝံ့ကြခြင်းဖြစ် သည်။

နီမောင်တို့သုံးယောက်ကတော့ စွန့်စွန့်စားစားသွားလာ ရသောကိစ္စများကို စိတ်ဝင်စားကြသဖြင့် သစ်ခွပန်းရှာဖွေရန် မဟူရာတောင်ဘက်သို့ တစ်ကြိမ်နှစ်ကြိမ် ရောက်ဖူးခဲ့ကြသည်။





ထိုသို့ရောက်သောအချိန်မှာ သစ်ခွနက်ကိုတွေ့အောင် နိုင်ကြသော်လည်း မဟူရာတောင်မှာ သစ်ခွနက်ရှိသည် သောသတင်းကို ကြားသိခဲ့ရပြီး ဖြစ်လေသည်။

ထို့ကြောင့်လည်း တစ်ချိန်ချိန်မှာတော့ ထိုသစ်ခွနက်ကို အောင်ရှာဖွေမည်ဟု တိုင်ပင်ထားကြသည်။

ထိုသို့စိတ်ကူးရှိသော်လည်း စားဝတ်နေရေးကိစ္စများအ တွက် လတ်တလောအဆင်ပြေသော အလုပ်များကိုဦးစားပေး လုပ်နေကြရသဖြင့် မဟူရာတောင်ရှိရာဘက်သို့ မရောက်နိုင်ကြ တော့ပေ။

မဟူရာတောင်သည် ၄င်းတို့နေသောနေရာမှ သွားလျှင် ခရီးဝေးလှသော နေရာမှာရှိသောကြောင့်လည်း မသွားဖြစ်ခဲ့ ကြခြင်းဖြစ်သည်။

ယခုတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုသလိုအဆင် ပြေသွားလေတော့သည်။

သစ်ခွနက်ရှိသောနေရာကို ရှာဖွေပေးရုံနှင့်သူတို့အ တွက် စားဝတ်နေရေးအတွက် မပူပန်ရလောက်အောင်ငွေကြေး ရခဲ့ပြီးဖြစ်သောကြောင့် တခြားအလုပ်များကိုနားပြီး မဟူရာ တောင်ရှိရာသို့ ခရီးထွက်ခဲ့ကြခြင်းဖြစ်လေသည်။

မဟူရာတောင်သည် ရှေ့၌ရေးခဲ့သလို လျှို့ဝှက်ဆန်း ကြယ်သောတောင်တစ်လုံး ဖြစ်လေသည်။

အပြင်ဘက်မှကြည့်လျှင် ထီးထီးမားမားနှင့်အလျားရှည် လှသောကျောက်တောင်တစ်လုံးဖြစ်သော်လည်း အတွင်းပိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ များစွာရှုပ်ထွေးလှသည်။

ဂူပေါက်ဝများ၊ လိုဏ်ခေါင်းများ၊ ဥမင်လမ်းများကတစ်နေရာမှ တစ်နေရာရှုပ်ထွေးလျက်ရှိသည်။

လမ်းမသိပါပဲ ထိုဂူထဲသို့ရောက်သွားပါက ပြန်ထွက်ရန်မလွယ်လှပေ..။

ထိုထက်ပို၍ ကြောက်စရာကောင်းသော အန္တရာယ်များလည်း ရှိပေသေးသည်။

တွင်းနက်ကြီးများရှိပြီး ထိုတွင်းနက်ကြီးများထဲမှာ.. မြွေနှင့်အခြားမမြင်ရသော အန္တရာယ်များလည်းရှိနေကြသည်။ ထို့ပြင်.. အသူရာတမျှနက်သော တွင်းနက်ကြီးအချို့လည်းရှိပြီး ထိုတွင်းနက်ကြီးများထဲမှာ ဘယ်လိုအန္တရာယ်များရှိနေမည်ကိုတော့ မည်သူမှမသိကြပေ..။

ထိုထက်ပို၍ ကြောက်စရာကောင်းသောအရာများလည်း ရှိကြသေးသည်။

ဂူပေါက်အချို့၏ အတွင်းပိုင်းတွင် မြောက်မြားလှစွာသော ပင့်ကူအိမ်များရှိနေကြသည်။

အကောင်အရွယ်အစားသေးပြီး ပင့်ကူအိမ်အသေးများမှ အကောင်အရွယ်အစားကြီးသဖြင့် လှည်းဘီးထက်မကကြီးသောပင့်ကူကြီးများနှင့် ပင့်ကူအိမ်များလည်းရှိကြလေသည်။

အချို့ပင့်ကူကြီးများမှာ အတော်အသင့်ကျယ်သော ဂူပေါက်ဝတစ်ခုလုံးကို ပင့်ကူအိမ်ဖွဲ့ပြီး နေကြလေသည်။

မြောက်မြားလှစွာသော ပင့်ကူအတော်များများမှာ အ





နက်ရောင်များဖြစ်ပြီး အဆိပ်ပြင်းလှသော ပင့်ကူနက်အမျိုးအစားများဖြစ်ကြသည်။

ထိုပင့်ကူများသည် ဂူပေါက်ဝများကို ပိတ်ပြီးအတွင်းသို့ရောက်လာကြသောလူနှင့် တိရစ္ဆာန်များကိုဖမ်းယူစားသောက်ကြသည်။ လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ ထိုဂူအတွင်းသို့ရောက်လာပါက ဂူမျက်နှာကြက်မှ အဆိပ်ရည်များညှစ်ချကြသည်။ ထိုအဆိပ်ရည်များထိပါက သက်ရှိသတ္တဝါမှန်သမျှ မခံနိုင်ကြပဲသေဆုံးကြရလေသည်။

ထိုအခါ ပင့်ကူမျှင်များဖြင့် ရစ်ပတ်ကာ အပေါ်သို့ယူဆောင်သွားကြသည်။

ဖမ်းမိသောသတ္တဝါကို မံမီထုပ်ကြီးထုပ်သကဲ့သို့ ထုပ်ထားခြင်းဖြစ်ပြီး စားသောက်လိုတော့မှ အစွယ်ဖြင့်ထိုးဖောက်ပြီး စားသောက်ကြခြင်းဖြစ်သည်။

မဟူရာတောင်၏အတွင်းပိုင်း တစ်နေရာတွင်ဂူမျက်နှာကြက်နှင့်နံရံတို့တွင် ပင့်ကူမျှင်များဖြင့် ရစ်ပတ်ထုပ်ပိုးထားပြီး မံမီရုပ်အလောင်းများ ပမာတွဲလောင်းချိတ်ဆွဲထားသော လူနှင့် တိရစ္ဆာန်အလောင်းများရှိနေကြသည်။

၎င်းတို့မှာ လေတိုက်သည့်အခါ ဘူးသီးများပမာ လေထဲ၌ လှုပ်ယမ်းနေကြသည်။

အချို့ကလည်း အရိုးကျနေပြီ ဖြစ်သော်လည်း အချို့မှာ ဖမ်းမိထားသည်မှာ မကြာလှသေးသောကြောင့် အသက်မရှိကြတော့သော်လည်း အကောင်းအတိုင်းပင် ရှိနေကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတဲ့သို့သော ဆန်းကြယ်လှသည့် ကြောက်စရာကောင်းသော ပင့်ကူအမျိုးအစားပေါင်း မြောက်မြားစွာရှိကြလေသည်။

ပင့်ကူနှင့်ပတ်သက်၍ သိမှတ်စရာအချက်အလက်များကို အရှင်နာဂသိန်၏ ပုံပြ သား-ငါး-ကျေး-ငှက် ဆေးအဘိဓာန်ဆဋ္ဌတွဲ၊ ဒုတိယပိုင်းနှင့် အင်တာနက်ပါအချက်အလက်များကို ကောက်နုတ်ဖော်ပြပါသည်။

ပင့်ကူ၏ကိုယ်ခန္ဓာသည် အခြားပိုးမွှားများကဲ့သို့ သုံးပိုင်းသုံးကဏ္ဍခွဲခြားထားခြင်းမရှိပေ။ ဦးခေါင်းနှင့်ရင် တစ်စပ်တည်းက တစ်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းဟူ၍ နှစ်ပိုင်းသာရှိသည်။

ပင့်ကူသည် ဦးခေါင်းချည်းသက်သက် သီးသန့်လှုပ်ရှား၍ မရချေ။

ဝမ်းဗိုက်ပိုင်းတွင် ချည်မျှင်ယက်အင်္ဂါစုများ၊ မျိုးပွားအင်္ဂါစုများ၊ အသက်ရှူအင်္ဂါစုနှင့် အူ၊ နှလုံးတို့ပါဝင်သည်။

ရင်ပိုင်းတွင် တစ်ဖက်တစ်ချက်၌ ခြေလေးချောင်းစီပါဝင်၍ ခြေရှစ်ချောင်းရှိသည်။

ပင့်ကူခြေထောက်များသည် သေး၍ ရှည်သွယ်ကြသည်။ အဆစ်ခုနစ်ဆစ်ရှိသော ခြေထောက်တိုင်းတွင် ခြေသည်းကလေးများရှိသည်။

ရင်ပတ်၏ထိပ်၊ ပါးစပ်၏ရှေ့၌ကား . အာရုံမျှင်ကဲ့သို့သော အတံတစ်စုံပါရှိသည်။

ပင့်ကူအမျိုးအစားအလိုက် မျက်လုံး(၂)လုံးမှ (၈)လုံးအထိပါသည်။

သို့သော် ယင်းမျက်လုံးများမှာ အဝေးသို့မြင်နိုင်စွမ်းမရှိချေ။

ပင့်ကူတို့သည် မျက်စိအာရုံထက် အတွေ့အာရုံ၌ပိုမိုရှင်သန်ကြသည်။

"ပင့်ကူ"ဟူသောအမည်ဝေါဟာရသည် မြန်မာ့အမည်ဝေါဟာရဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားဖြင့် (Spider)ကို ဆိုလိုသည်။

ပါဠိဘာသာဖြင့် "လူတာ"၊ "လူတိကာ"၊ "ဥဏ္ဏနာဘိ"၊ "မက္ကဋက" ဟူ၍ အမည်ပရိယာယ်(၄)မျိုးလာရှိသည်။

ပင့်ကူသည် ကိုက်ဖြတ်စားသောက်တတ်သောကြောင့် "လူတာ"၊ "လူတိကာ"မည်၏။

ပင့်ကူ၏ချက်၌ နူးညံ့သော အမွေးချည်မျှင်ရှိသောကြောင့် "ဥဏ္ဏနာဘိ" မည်၏။

မျောက်သတ္တဝါကဲ့သို့ သစ်ကိုင်းများတွင် မိမိ၏ချည်မျှင်၌ သွားလာနေတတ်သောကြောင့် "မက္ကဋက"မည်၏။

မြန်မာဘာသာဝေါဟာရ၌ ပင့်ကူဟူ၍တစ်မျိုးတည်း အခေါ်ရှိသော်လည်း မဂဓအဘိဓာန်၌ကား ပင့်ကူသတ္တဝါ၏ ဝိသေသန-သကတ်အားလျော်စွာ (၄)မျိုးလာရှိသည်။

၄င်းတို့မှာ-

- လူတာ - ပင့်ကူ
- လူတိကာ - ပင့်ကူ







www.burmeseclassic.com

www.burmeseclassic.com



- ဥဏ္ဏနာဘိ - ပင့်ကူ
- မက္ကဋက - ပင့်ကူ . . ဟူ၍ဖြစ်သည်။

ပင့်ကူသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ် အနှံ့အပြားခွဲရှိသော သတ္တဝါဖြစ်သည့်အလျောက် အမျိုးပေါင်း မြောက်မြားစွာရှိသည်။

ပင့်ကူတစ်မျိုးနှင့်တစ်မျိုး အနေအထိုင်၊ အပြုအမူ၊ အလေ့အကျင့် စသည်တို့ကွဲပြားခြားနားကြသဖြင့် ပင့်ကူများကို ဝိသေသပြု၍ ခေါ်သည့်အမည် အမျိုးမျိုးရှိသည်။

အချို့ပင့်ကူကြီးမျိုးသည် ပိုးမွှားတိရစ္ဆာန်များကို ဖမ်းယူစားသောက်တတ်သည်။

ကျင်းတူးပင့်ကူမျိုးသည် မြေကြီးထဲ၌ . . ကျင်းတူးခိုအောင်းနေတတ်သည်။ ကျင်းဝတွင် ၎င်း၏ကိုယ်မှထွက်သော အမျှင်တို့ဖြင့်ပိတ်ထားပြီး တိရစ္ဆာန်များကို ဖမ်းယူစားသောက်တတ်သည်။

ဝံပုလွေပင့်ကူ(Wolf Spider)မျိုးသည်လည်း မြေတွင်းတူး၍နေတတ်သော ပင့်ကူမျိုးပင်ဖြစ်သည်။ ၎င်းပင့်ကူသည် ပင့်ကူအိမ်ဖြင့် ထောင်ဖမ်းခြင်းမပြုပဲ ချောင်းမြောင်းခုတ်ဖမ်း၍ သတ်စားတတ်သည်။

ကဏန်းပင့်ကူ(Crab Spider)မျိုးသည် ကဏန်းကဲ့သို့ နောက်ပြန်သွားတတ်သည်။ ရှေ့ခြေ(၂)ချောင်းသည် ၎င်း၏ ကိုယ်ထက် သုံးဆမျှရှည်သည်။ အခြားပင့်ကူတို့ကဲ့သို့ မိမိကိုယ်မှ ထွက်သောအမျှင်ဖြင့် အိမ်ဖွဲ့၍အစာကို ဖမ်းယူခြင်းမပြုပါ။ ပန်း





ပွင့်ထဲတွင် ခိုအောင်းနေပြီးလျှင် ပန်းဝတ်ရည်စုတ်ရန်လာသော ပျား၊ ပိတုန်းစသည်တို့ကို ဖမ်းယူစားသောက်တတ်သည်။ ၎င်းပင့်ကူမျိုးတို့၏ အရောင်အဆင်းမှာ အဖြူရောင်(သို့မဟုတ်) အဝါရောင်ဖြစ်သည်။

ပင့်ကူပျံမျိုး တစ်မျိုးရှိသေးသည်။ ယင်းပင့်ကူမျိုးသည် ဆွေးမြေ့နေသောဝင်းထရံမျိုးတို့၌ နေတတ်၏။ လူ၏လက်သည် ၎င်းတို့အနားရောက်လာပါက ခုန်ပျံပြေးတတ်သည်။

ရေပင့်ကူ (Argyroneta aquatica)မျိုးကား ရေထဲ၌ အိမ်ဖွဲ့နေတတ်သည်။ ယင်းပင့်ကူမျိုး အကိုက်ခံရလျှင် အပြင်းဖျားတတ်၍ တစ်ခါတစ်ရံသေသည်အထိ ပင့်ကူဆိပ်ပြင်းထန်၍ သတိပြု ရှောင်ရှားသင့်သည်။

ငှက်ဖမ်းသည့် ပင့်ကူကြီးမျိုးသည် သစ်ပင်များတွင် ပဒုမ္မာပိတ်ပါးနှင့် အလွန်တူသော ပင့်ကူအိမ်မျိုးပြုလုပ်၍ ငှက်များကို ဖမ်းယူလေ့ရှိကြသည်။

ပင့်ကူအိမ်သည် ပင့်ကူများအဖို့ နေအိမ်သဖွယ်သာမက အစာဖမ်းရန်ကွန်ယက်သဖွယ်လည်း ဖြစ်သည်။

ပင့်ကူသည်ပင့်ကူအိမ်၏ အလယ်တွင်နေလေ့ရှိသဖြင့် အိမ်အမျှင်များသည် အလယ်ဗဟိုမှ ဖြာထွက်သည့်အလျောက် မည်သည့်အမျှင်ပေါ် သို့မဆို ယင်ကောင်စသည်တို့နားခဲ့သော် ချက်ချင်းသိနိုင်သည်။

ပင့်ကူသည်ပင့်ကူအိမ်တွင် ငြိတွယ်နေသောပိုးကောင် လွတ်မသွားစေရန် အစေးမျှင်တို့ဖြင့် ရစ်ပတ်ချည်နှောင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုသို့မဟုတ်ပါက ပိုးကောင်လွတ်ထွက်မသွားနိုင်အောင် အိမ်ကိုလွဲ၍လွဲ၍လုပ်ပေးခြင်းဖြင့် အစေးပို၍ကပ်စေသည်။

ပင့်ကူသည် မိမိအိမ်တွင်ငြိတွယ်မိနေသော ပိုးကောင်ငယ်ကောင်စသည်တို့ကို ရက်စက်စွာဖမ်းယူသတ်ဖြတ်စားသောက်တတ်သည်။

မိမိတို့နေစရာအိမ်ကို ယက်လုပ်တတ်သော ပင့်ကူတို့သည် ယင်းအိမ်ဖြင့်မိမိတို့အတွက် စားစရာကိုလည်းထောင်ဖမ်းတတ်သည်။

ပင့်ကူတို့တွင်အံ့ဩဘွယ်အကောင်းဆုံးကား ပိုးကောင်များမိနိုင်မည့်နေရာကို ရွေးချယ်ပြီးအိမ်ဆောက်လုပ်တတ်သော အသိဉာဏ်ရှိခြင်းပင်ဖြစ်သည်။

ပင့်ကူ၏ရန်သူများအနက် အဆိုးဆုံးရန်သူမှာ နကျယ်ကောင်ဖြစ်သည်။

သို့ရာတွင်အချို့သော နကျယ်ကောင်မျိုးကို ပင့်ကူတို့က ဖမ်းယူစားသောက်ပစ်တတ်သည်။

အဆိပ်ရှိ၍အန္တရာယ်ပေးနိုင်သော ပင့်ကူမျိုးကိုလူတို့ သတိထားကာ ရှောင်ရှားတတ်ကြသည်။

သို့သော် ပင့်ကူတို့သည် လူတို့အားအနှောင့်အယှက်ပြုသည့်ပိုးမွှားမှစ၍ ပိုးကောင်အားလုံးကို ဖမ်းဆီးစားသောက်ပစ်တတ်သောသတ္တဝါများဖြစ်၍ လယ်သမား၊ ယာသမားနှင့်ဥယျာဉ်သမားတို့၏ မိတ်ဆွေကောင်းများဟု ခေါ်ဆိုနိုင်သည်။

သတိပြုရမည့်အချက်မှာပင့်ကူသည် အလွန်ကြောက်





ကြောက်ဘွယ်ကောင်းသော အသားစားသတ္တဝါဖြစ်ခြင်းကြောင့် အလွန်ဆာလောင်မွတ်သိပ်သည့်အခါမျိုးတွင် ဇာတ်တူသားဖြစ်သော ပင့်ကူမက ပင့်ကူထီးကို ဖြားယောင်း၍သတ်ဖြတ်စားတတ်သည်။ အားကြီးသောပင့်ကူက အားငယ်သောပင့်ကူကို ကိုက်ဖြတ်စားသောက်တတ်ခြင်းဖြစ်သည်။

အသီတိနိပါတ် မဟာသုတသောမဇာတ်တွင် လူသားစားပြဟ္မဒတ်မင်း(ပေါရိသာဒ)အား ကာဠဟတ်စစ်သူကြီးက ဇာတ်တူသားကို မစားသင့်ကြောင်း လျှောက်တင်ချက်၌ အကြီးဆုံးပင့်ကူဖြစ်သော လုံးဘီးတမျှကြီးမားသည့် ဥဏ္ဏနာဘိခေါ် ပင့်ကူကြီးအကြောင်းပါရှိသည်။

ရှေးလွန်လေပြီသောအခါ ဟိမဝန္တာစိတ္တကူဋတောင်ရှိ ရတနာရွှေဂူ၌ ရွှေဟင်္သာကိုးသောင်းသည် မိုးကျချိန်၌ သလေးစပါးတို့ကို ရွှေဂူနှင့်အပြည့်စုဆောင်း၍ ရွှေဂူတွင်း၌နေထိုင်စားသောက်ခဲ့ကြသည်။

ထိုဟင်္သာတို့နေသော ရွှေဂူဝတံခါး၌ဥဏ္ဏနာဘိခေါ် ပင့်ကူကြီးတစ်ကောင်၏ ပင့်ကူမြေးပိုက်ကွန်ရှိ ပင့်ကူချည်မျှင် တစ်ချောင်းသည် နွားချည်ကြိုးပမာဏရှိပြီး တစ်လလျှင်ပင့်ကူမြေးပိုက်ကွန်တစ်ထပ်စီဖွဲ့၍ အိမ်ကိုအခိုင်အမာတည်ဆောက်ထားသည်။

ထိုကြီးမားခိုင်ခန့်သော ပင့်ကူအိမ်ကြီးကို ပိုက်ကွန်ငါးထပ်ဆောက်လုပ်ထားပြီးဖြစ်ချိန်တွင် ရွှေဂူအပြင်သို့ထွက်ရန်ကြံစည်စားသောဟင်္သာများသည် ပင့်ကူအိမ်ကွန်ယက်တွင် အကုန်ငြိ၍



www.burmeseclassic.com

www.burmeseclassic.com



အမိခံကြရလေသည်။

ဥဏ္ဏနာဘိခေါ် ပင့်ကူကြီးသည် ပင့်ကူအိမ်တွင် မိသ
သောဟသ်ာတို့၏သွေးကို သောက်လေသည်။

အကြံပိုင်သောပင့်ကူကြီး၏ လက်ချက်ကြောင့်ဇာတ်
သားကိုစားကြသော ဓတရဋ္ဌရွှေဟသ်ာမျိုးပြုတ်သွားသည်အထိ
ဖြစ်ခဲ့ရကြောင်း နိပါတ်တော်တွင်ပါရှိလေသည်။

အာယုဗ္ဗေဒနိယဏ္ဍုကျမ်းများတွင် ပင့်ကူ၏ဂုဏ်သတ္တိ
အကျိုးအာနိသင်နှင့် စပ်လျဉ်း၍မပါရှိပေ။

သို့သော်ပင့်ကူသည်အန္တရာယ်ပေးနိုင်သကဲ့သို့ ဆေးအ
ဖြစ်အသုံးဝင်ကြောင်းလည်း ဖော်ပြလိုပါသည်။

ပင့်ကူအိမ်၏အကျိုးအာနိသင်မှာ သတတအဖျားတို
ငှင်း၊ တတိယကအဖျားကိုငှင်း၊ စတုတ္ထကအဖျားကိုငှင်း (ရက်ချ
ဖျားအမျိုးမျိုး) ပျောက်ကင်းစေနိုင်၏။

ပင့်ကူဆေးသည် ပန်းညိုရွက်၊ လင်းနေ၊ ကွမ်းရွက်
ကုလားပင်၊ ပင်စိမ်းရွက်နှင့် ပင့်ကူမြွေး သင့်တော်ရုံထည့်ပြီး
နှမ်းဆီအနည်းငယ်ရော၍ ကြိတ်ပြီး ငယ်ထိပ်မှာအုံ၍ထားပါက
နှာစေးချောင်းဆိုးဝေဒနာအတွက် အလွန်ကောင်းသည်။

အဆိပ်ဟူသည် ထာဝရအဆိပ်နှင့် ဇင်္ဂမအဆိပ်ဟူ၍
နှစ်မျိုးရှိသည်။

ထာဝရအဆိပ်ဟူသည်မှာ . . အမြစ်၊ အရွက်၊ အသီး၊
အပွင့်၊ အခေါက်၊ အရည်၊ အနှစ်၊ အစေး၊ အဥ၊ အဆံစသော
သစ်ပင်ဘို့၌ဖြစ်သော အဆိပ်ဖြစ်သည်။





ထာဝရအဆိပ်သည် အောက်သို့သက်တတ်သည်။

ဇင်္ဂမအဆိပ်ဟူသည်မှာ မြွေ၊ ကြွက်၊ ပင့်ကူ၊ ငါးကျည်း၊
ပြည်၊ ခွေးရူး၊ ပျား၊ နကျယ်(နဂျီ)စသည်ဖြင့် သတ္တဝါတို့ကြောင့်
သောအဆိပ်ဖြစ်သည်။

ဇင်္ဂမအဆိပ်သည် အထက်သို့တက်တတ်၏။

အဆိပ်သင့်သူကို ကုသနိုင်ခဲ့သော နေရာဌာန၊ အချိန်
နှင့်ကိုယ်အင်္ဂါတို့ကိုလည်း လေ့လာသိရှိထားသင့်ပေသည်။

- ညောင်ပင်၊ နတ်ကွန်း၊ သုသာန်၊ တောင်ပို့၊ မြေခြား၊
မြစပ်၊ ခရီးလမ်းဆုံ၊ ဤဌာနတို့၌ငှင်း။

- ဘရဏီနက္ခတ်နှင့်အယှဉ်၊ ဖွားနက္ခတ်အယှဉ်ကာလ
တို့၌ငှင်း။

- လူ၏ကိုယ်အင်္ဂါအစိတ်အပိုင်းဖြစ်သော အကြောနှင့်
အသားနုတို့၌ငှင်း။

အဆိပ်သင့်ပါက ထိုဝေဒနာကိုကုသနိုင်ရန် အလွန်ခဲ
ယဉ်းကြောင်း ရှေးကဆိုစကားရှိခဲ့ပါသည်။

ပင့်ကူဆိပ်မသင့်အောင် အထူးဂရုပြုသင့်ပါသည်။

ပင့်ကူဆိပ်သည် အပူဥဏှာဟု မှတ်ယူရပါမည်။

ပင့်ကူဆိပ်သင့်သည့်နေရာကို နှမ်းဆီထည့်ပါက မိသ
ကဓာတ်ဖြစ်၍ အနာတိုးတက်ကွဲအက်ရောင်ရမ်းခြင်း ဖြစ်တတ်
သည်။

သို့ဖြစ်၍ပင့်ကူဆိပ်သင့်သည့်နေရာကို ရေနံသော်ငှင်း၊
ဆန်စိမ်းကိုကြိတ်၍သော်ငှင်း လူး၍ပေးခြင်း၊ အုံပေးခြင်းပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါလျှင် ရောဂါသက်သာပျောက်ကင်းလွယ်သည်။

ရေနံနှင့်ဆန်စိမ်းတို့၏ သဘာဝသည် အေးသောသီ မာတတ်ခံဖြစ်၍ ပူသောပင့်ကူဆိပ်ကို နိုင်သည်ဟုမှတ်ယူသင့်ပါ သည်။

ပင့်ကူကိုက်သည်ကို “ပင့်ကူရှပ်သည်” ဟု မြန်မာ့ဆေး ဟာရ၌ ခေါ်ဆိုကြသည်။

ထိုပင့်ကူရှပ်နာသည် ဆီထိ၍၄င်း၊ ဆီကိုစားမိ၍၄င်း အနာရောင်ရမ်းကွဲအက်ပြီးလျှင် ကြီးကျယ်စွာ ပွဲရွဲ့ကြွေကျသော ၄င်း အနာကို ဖန်ရေဖြင့်ဆေးပြီးမှ ဆေးဥတစ်လုံးကို ဆန်ဆေး ရေနှင့်သွေး၍ ထပ်မနားသုတ်လိမ်းပေးပါက လျင်မြန်စွာ အသား နုတက်၍ သုံးရက်၊ လေးရက်အတွင်း ဝေဒနာသက်သာစေနိုင် ပါသည်။

အခြားနည်းများမှာ. . . .

ပင့်ကူကိုက်သော(ရှပ်သော) အနာကိုလိမ်းရန် ဖန်အေး သော နဘူးမြစ်ကို ဆန်ဆေးရည်ဖြင့်သွေး၍ လိမ်းပေးခြင်း။

ဖန်အေးသော ပင့်ကူထိပ်ပိတ်မြစ်ကို သွေး၍ ပင့်ကူရှပ် နာပေါ်တွင် လိမ်းပေးခြင်း။

ငန်အေးသောပေမြစ်ကို သွေး၍ ပင့်ကူရှပ်နာပေါ် လိမ်းပေးခြင်း။

ဖန်အေးသော ငန်းဆွယ်မြစ်ကို သွေး၍ ပင့်ကူရှပ်နာ ပေါ် လိမ်းပေးခြင်း။

ပိတ်ချင်းသီး၊ ဟလာသီး၊ နဂါးချေး၊ နွယ်ချိုတို့ကို ထော





ပတ်၊ ပျားရည်တို့နှင့် ရော၍ လိမ်းကျံပါက ခပ်သိမ်းသော ပင့်ကူ ဆိပ်တို့ကို ခဏချင်းငြိမ်းအေးသက်သာစေတတ်သည်။

မြွေကိုနိုင်သည့် ပင့်ကူအကြောင်းကို ဖော်ပြလိုပါသည်။

တောပင့်ကူသည် အားလုံးသော မြွေဟူသမျှကို အနိုင် ဆုံး သတ္တဝါဖြစ်သည်။

ထိုတောပင့်ကူသည် မြွေတို့၏ ဦးနှောက်ကို ဖောက်၍ စားတတ်သဖြင့် မြွေများအသက်ဆုံးရှုံးကြရသည်။

သို့ဖြစ်၍ ကလေးသူငယ်နာ ဆေးဖော်စပ်ရာတွင်၄င်း၊ မြွေနိုင်ဆေး ဖော်စပ်ရာတွင်၄င်း တောပင့်ကူသည် အကောင်း ဆုံးဖြစ်သည်။

မြွေနိုင်ဆေးကို ဆောင်သူတို့သည် အခြားအဆိပ်ရှိ သော သတ္တဝါများကိုလည်းနိုင်စေရန် လူ၏ခြေလက်တို့၌ ပင့် ကူရုပ်ကို စုတ်ဆေးနှင့် ရုပ်ပုံထိုး၍ အန္တရာယ်ကင်းစေသော အဆောင်အဖြစ် ဆောင်ထားလေ့ရှိကြသည်။

တွေ့ဖူးမြင်ဖူးသမျှ ပင့်ကူများအနက် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ပင့်ကူများအကြောင်းကို ဖော်ပြပါမည်။

‘အမဲလိုက် မုဆိုးနှင့်တူသော ပင့်ကူ’ (Huntsman Spider)သည် အရွယ်အစား (၃၀)စင်တီမီတာခန့် ကြီးမားကြသ ဖြင့် ‘ကြီးမားသော ကဏန်းပင့်ကူများ’ (Giant Crab Spiders) ဟူ၍လည်း ခေါ်ကြသည်။

အဆိုပါ ပင့်ကူမျိုးကို ဩစတေးလျ၊ အာဖရိက၊ အာရှ၊ အမေရိကနှင့် မြေထဲပင်လယ်ဒေသများ၌ တွေ့ရှိရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပင့်ကူများသည် ပင့်ကူအိမ်ဖြင့် သီးသန့်မနေ[illegible] [illegible]တိုင်းများ၊ အိမ်များ၊ ယာဉ်များပေါ်၌ နေထိုင်[illegible] [illegible]အောင်များကို ရှာဖွေဖမ်းဆီးစားသောက်တတ်ပေသည်။

ဘရာဇီးနိုင်ငံရှိ ပန်းရောင်ဆော်လမွန်ပင့်ကူ (Brazilian Salmon Pink)သည် ဘရာဇီးနိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင် အတွေ့ရများသည်။

၎င်းကို သိပ္ပံပညာအရ လဆီယိုဒိုရာပရာဘာနာ (Lasiodora Parahybana) ဟုခေါ်သည်။

ထိုပင့်ကူမျိုးသည် (၂၇)စင်တီမီတာခန့်ကြီးမားသည်။ အကောင်ကြီးသော ပင့်ကူမသည် (၁၀၀)ဂရမ်ခန့် အလေးချိန်ရှိသည်။

ပင့်ကူချစ်သူများက အိမ်တွင်မွေးထားတတ်ကြသည်။

အဆိပ်ပါပင့်ကူသည် မြွေငယ်လေးများကို သားကောင်အဖြစ် ဖမ်းဆီးစားသောက်တတ်သည်။

ဂိုလီယာ တာရန်ကျူလာပင့်ကူ(Goliath Tarantula)သည်(၃၀)စင်တီမီတာခန့် ကြီးမားပြီး (၆)အောင်စခန့် အလေးချိန်ရှိသည်။

၎င်းပင့်ကူမျိုးကို ဂိုလီယာ ငှက်စားပင့်ကူ (Goliath Bird eater Spider) ဟူ၍လည်း ခေါ်ကြသည်။

ဝံပုလွေ ပင့်ကူ(Wolf Spider) သည်(၂၅. ၄)စင်တီမီတာခန့် ကြီးမားသည်။ မျက်လုံးအမြင် အထူးကောင်းမွန်သည်။ [illegible]ဘန်းသစ်တောများ အယ်(လ)ပိုင်း မြေနိမ့်ဒေသရှိ မြက်[illegible]





[illegible]ခင်းများနှင့် ဆဗနားဥယျာဉ်များတွင် ထိုပင့်ကူများသည် သီးခြားနေထိုင်ကြပြီး တစ်ကိုယ်တော် ဝမ်းစာရှာလေ့ရှိကြသည်။

၎င်းကို သိပ္ပံအမည်ဖြင့် ကူလီယံနီးယပ်(စ) (Cupiennius sellei)ဟုခေါ်သည်။

ကိုလံဘီယာလက်ဆာဘလက် (Colombian Lesser Black) ပင့်ကူသည် ဇီနက်(စ)သစ်(စ)(zenesthis)အမျိုးအနွယ်ဝင်ဖြစ်သည်။

၎င်း၏ ခန္ဓာကိုယ်သည် (၂၃)စင်တီမီတာရှိသည်။ ပင့်ကူများသည် အနီရောင်၊ ခရမ်းရောင်အဆင်းရှိပြီး ပင့်ကူထီးများကို အရောင်ဖြင့်ဆွဲဆောင်ကြသည်။

အဆိုပါ ပင့်ကူများသည် ကိုလံဘီယာရှိ အပူပိုင်း မိုးများသစ်တောများ၊ အီကွေဒေါ၊ ဗင်နီဇွဲလား၊ ပီရူးနှင့် ပနားမားဒေသများတွင် နေထိုင်တတ်ကြသည်။ ရေမထိအောင် တွင်းများတွင်နေအောင်းနေထိုင်ကြပြီး တိရစ္ဆာန်ငယ်များကို ဖမ်းယူစားသောက်တတ်ကြသည်။

ဟာကျူလီ မျောက်မောင်းမနှင့်တူသောပင့်ကူ (Hercule Baboon) ကို 'ဟိုက်စတီရိုကရိတ်(စ) ဟာကျူလီ (Hysterocrates Hercules)ဟူ၍လည်းခေါ်သည်။

ထိုပင့်ကူသည် (၂၀. ၃) စင်တီမီတာခန့်ရှိသည်။ အာဖရိကတိုက်တွင် နေထိုင်တတ်ကြသော အဆိုပါပင်ကူများတွင် ခြေထောက်(၄)ချောင်းသာရှိသည်။

ပုရစ်များ၊ ခါးခုတ်ကောင်၊ နံ့ကောင်များနှင့် ပိုးဖလံ



www.burmeseclassic.com

www.burmeseclassic.com



ကောင်များကို ဖမ်းယူစားသောက်တတ်သော ထိုပင့်ကူများကို လူအချို့က အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးတတ်ကြောင်း ဗွီဒီယိုများတွင် ကြည့်ရှုနိုင်သည်။

အခြားပင့်ကူတစ်မျိုးဖြစ်သော ဟိုက်စတီရိုကရိတ်(စ) ပင့်ကူ(Hysterocrates Spider)သည် (၁၇. ၈)စင်တီမီတာရှိသည်။ ဟိုက်စတီရိုကရိတ်(စ) စပဲလင်ဘာဂီ (Hysteorecrates Spellenbergi) ဟူ၍လည်း ခေါ်သည်။

ထိုပင့်ကူမျိုးကို ကင်းမရွန်ဒေသတွင် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြပြီး လူများက အိမ်မွေးသတ္တဝါအဖြစ် မွေးမြူလာကြသည်။

"ဖိုနယူထရိုင်ယာ" (Phoneutria) ဟုခေါ်သည့် "ဘရာဇီး လှည့်လည်သွားလာနေသော ပင့်ကူ(Brazilian Wandering Spider) သည် (၁၅)စင်တီမီတာရှိသည်။

ထိုပင့်ကူအမျိုးအစားကို အမေရိကတိုက်တောင်ပိုင်းနှင့်အလယ်ပိုင်းရှိ အပူပိုင်းဒေသများတွင် တွေ့ရှိရသည်။

"လှည့်လည်သွားလာနေသော ပင့်ကူ" ဟုအမည်ပေးရခြင်းမှာ ထိုပင့်ကူမျိုးသည် ညအခါတွင် တောတွင်း၌ လှည့်လည်၍ အစာရှာလေ့ရှိသောကြောင့် ဖြစ်သည်"

အဆိုပါပင့်ကူသည် အဆိပ်ပြင်းထန်သဖြင့် လူ၏အသက်ကိုသေစေနိုင်သောကြောင့် . အန္တရာယ်ပေးနိုင်သည့် သတ္တဝါအဖြစ် လူများရှောင်ကြဉ်ကြသည်။

စာဘာလပ်(စ)(Cerbalus aravensis)ပင့်ကူမျိုးသည်





(၆)လက္မရှိသည်။ (၂၀၁၀)ပြည့်နှစ်တွင် သိပ္ပံပညာရှင်များ ထပ်တွေ့ရသော မျိုးစိတ်သစ် ဖြစ်သည်။ အစ္စရေးနိုင်ငံရှိ ဆမားသဲသောများတွင် နေထိုင်ကျက်စားတတ်သည်။

"နီဖီလာ အီဂျူလစ်(စ)(Nephila Edulis)ပင့်ကူကို ရွှေရောင်ပိုးမျှင်များ ယက်လုပ်တတ်သောပင့်ကူ(Golden silkorb weaver) ဟူ၍လည်း ခေါ်သည်။

၎င်းပင့်ကူသည် အမနှင့်အထီးတို့ အရွယ်မတူကြပေ။ ပင့်ကူမများသည် ခြေထောက်များပါ ထည့်တိုင်းပါက (၆)လက္မခန့် ရှိတတ်ကြသည်။ ပင့်ကူအထီးများမှာ အမများထက် အရွယ်ငယ်သည်။

အိမ်များအနီး၊ နှင်းဆီပန်းခြံများ အနီးတွင် အိမ်ဖွဲ့၍ နေထိုင်ကြပြီး အင်းဆက်ပိုးကောင်များနှင့် ငှက်ငယ်များကို ဖမ်းယူစားသောက်တတ်သည်။

ယင်းပင့်ကူများ၏ ပိုးအိမ်မျှင်များသည် ဆေးဘက်ဝင်သည်ဟုဆိုကြသည်။

"တီနီနာရီယာ ပါရီယာတီနာ ပင့်ကူ" (Tenenaris parietina)သည် (၅. ၅)လက္မ ခန့်ရှိသည်။

ထိုပင့်ကူမျိုးကို အာဖရိကတိုက် အနောက်ပိုင်းနှင့် အာရှတိုက်အလယ်ပိုင်းဒေသများတွင် တွေ့ရတတ်သည်။

အင်္ဂလန်နိုင်ငံတွင် ထိုပင့်ကူမျိုးကို "ကာဒီနယ် ပင့်ကူ" (Cardinal Spider)ဟုခေါ်သည်။

အဆိုပါပင့်ကူ အကြီးဆုံးအရွယ်သည် ခန္ဓာကိုယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



(၇.၅) စင်တီမီတာရှိပြီး ခြေထောက်အရှည်ပါ ထည့်ပေါင်းပါက (၁၄)စင်တီမီတာခန့်ရှိသည်။

"ဘရာဇီး တော်နီအနီရောင်ပင့်ကူ" (Brazilian Giant Tawny Red)သည် ရှားပါးသော ပင့်ကူအမျိုးအစားဖြစ်သည်။

ထိုပင့်ကူသည် (၁၅)စင်တီမီတာခန့်ရှိသည်။ ဟင်းလင်းပြင်နေရာမျိုး၌ နှစ်သက်စွာနေထိုင်တတ်သည်။

"ဟိုဘိုပင့်ကူ" (Hobo Spider)မျိုးကို မြောက်အမေရိကတိုက်တွင် တွေ့ရသည်။

ရန်ရှာတတ်သော ထိုပင့်ကူမျိုးသည် လူနေထိုင်ရာ အိမ်များဝန်းကျင်၌ အိမ်ဖွဲ့၍ နေထိုင်တတ်ကြသည်။ မျက်လုံးအမြင်အားနည်းသော်လည်း ထိုပင့်ကူသည် လူကို အန္တရာယ်ပေးတတ်သည်။

ပင့်ကူများတွင် လုပ်ရိုးလုပ်စဉ် သမရိုးကျ လုပ်ငန်းထက်ပို၍ ထူးခြားသော လုပ်ငန်းများကို ဆောင်ရွက်တတ်သည့် ပင့်ကူများ ကမ္ဘာပေါ်တွင် ရှိပေသေးသည်။

ငှက်ချေးများကို ပုစွန်လုံးကဲ့သို့ ညှပ်ယူတတ်သောပင့်ကူ (Bird dung carb spider)

မြွေနှင့်တူသော အာဂျီရုတ်(ထ)ပင့်ကူ (Argyrodes colubrinus)

ကင်းမြီးကောက်၊ ပုစွန်လက်မည်း အမြီးရှိသောပင့်ကူ (Scorpion tailed spider)

ဘာဟီးရာ ကစ်ပလင်ဂီပင့်ကူ (Bagheera kiplingi)





အကြမ်းဖက်လူသတ်သမားနှင့်တူသော ပင့်ကူ (Assassin spider)

ရေပင့်ကူ (Argyroneta aquatica)

စက်ဝိုင်းပုံတွင် ဆူးများရှိသော ပိုးအိမ်ယက်သည့် ပင့်ကူ (Spiny Orb Weaver)

မာရေတပ်(စ) ဗိုလန်(စ) ပင့်ကူတို့ (Maratus Volans) ဖြစ်သည်။


ကမ္ဘာပေါ်တွင် ထူးခြားဆန်းကြယ်သော ပင့်ကူအမျိုးအစားပေါင်း မြောက်မြားစွာ ရှိကြလေသည်။

သေးငယ်သော ပင့်ကူငယ်ကလေးများမှ လုည်းဘီးပမာအကြီးမားသော ပင့်ကူကြီးများအထိရှိကြပေရာ မဟာရာတောင်အတွင်း၌ရှိကြသော ပင့်ကူနက်များမှာလည်း ကြောက်စရာကောင်းသော အမျိုးအစားတွင် ပါဝင်လေသည်။

ထိုပင့်ကူနက်များနှင့် ပတ်သတ်ပြီး ဆန်းကြယ်လှသော အကြောင်းများအား ရှေ့အခန်းများတွင် ဆက်လက်ဖော်ပြသွားပါမည်။



www.burmeseclassic.com





( အခန်း ၈ )

# မဟူရာနှင့် ပင့်ကူနက်များ

နီမောင်တို့ သုံးယောက် မဟူရာ တောင်သို့ ရောက်လာသောအချိန်မှာ နေ့လယ်ပိုင်း အချိန်ဖြစ်သည်။

နေရောင်ခြည်ပင် ရှိနေသေးသည်။

ရာသီဥတုကလည်း သာသာယာယာပင်ရှိနေသည်။

မဟူရာတောင်သည် သူတို့အတွက် တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသည့် နေရာတစ်ခုတော့ မဟုတ်ပါချေ. .။

ယခင်ကလည်း တစ်နှစ်တစ်ခါလောက်တော့ ရောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးပေသည်။

သူတို့နေထိုင်သော နေရာဘက်မှ ခရီးဝေးလှသော ကြောင့် မရောက်ဖြစ်ကြသော်လည်း သစ်ခွပန်းလာရှာရင်း နှင့် ရောက်ခဲ့ကြခြင်းဖြစ်သည်။

မဟူရာ တောင်ဘက်မှာ သစ်ခွနက်ရှိသည်ဆိုသော သတင်းကိုတော့ ယခင်ကတည်းက ကြားဖူးကြသည်။

သို့သော်လည်း သစ်ခွနက်ချည်းရှာဖွေခြင်းမျိုးတော့ မလုပ်ခဲ့ကြဖူးသေးပေ။

ယခုတစ်ခါရောက်လာခြင်းကတော့ ယခင်တစ်ခေါက် ရောက်သည်နှင့် မတူပေ. . .။

အခြားသစ်ခွပန်းများတွေ့ပါက ယူဆောင်သွားကြမည် ဖြစ်သော်လည်း အဓိကရှာဖွေကြမည်မှာ သစ်ခွနက်ပင်ဖြစ် ပေသည်။

သူတို့သည် သင့်တော်သော ဂူပေါက်ဝတစ်ခုသို့ဝင်ပြီး ပါလာသော ပစ္စည်းအိတ်များကိုထားပြီး ထိုနေရာတစ်ဝိုက်သို့ လှည့်လည်ပြီး သစ်ခွပန်းရှာဖွေရန် ပြင်ဆင်ကြသည်။

သို့ကြောင့်. . အစားအသောက်အနည်းငယ်စီ စား သောက်ပြီး ကျောက်တောင်ပေါ်သို့ တက်ခဲ့ကြသည်။

မဟူရာတောင်မှာ ပေ(၅၀၀၀)ကျော်ခန့် မြင့်ပြီး. . ကျောက်သားအရောင်မှာ အပြာရောင်နှင့် အနက်ရောင် ရော ယှက်နေသည်။ အချို့နေရာမှ ကျောက်တုံးများမှာ ကျောက်မီး သွေးကဲ့သို့ မည်းနက်နေသည်။





"သစ်ခွနက်က သစ်ပင်ပေါ်မှာပွင့်တဲ့ ပန်းမျိုးမဟုတ် ဘော့ ကျောက်တောင်၊ ကျောက်ချပ်တွေမှာပဲ ရှာရမှာပဲ. ."

"နောက်ပြီး ဒီပန်းမျိုးက မြေပြင်နဲ့နီးတဲ့နေရာမှာလည်း ပွင့်လေ့မရှိဘူး၊ ဒီတော့ မင်းပြောသလို တောင်ပေါ်တက်ကြည့် တာ ပိုကောင်းမယ်"

"ဒါထက်မေးရဦးမယ်၊ တကယ်လို့ သစ်ခွနက်တွေ့ရင် တစ်ခါတည်း ယူသွားမှာလား"

"ဒီလိုတော့ မမှာလိုက်ဘူးလေ သစ်ခွနက် ဘယ်နေရာ မှာ ရှိတယ်ဆိုတာကို မှတ်ပြီး သူတို့ကို ပြန်ပြောပြရမှာ. . မင်းတို့ နှစ်ယောက်လည်း ကြားတယ်မဟုတ်လား"

"ကြားတော့ကြားပါတယ် ငါအထင်ပြောရရင်တော့ စော်ဘွားကြီးက သစ်ခွနက်ကို အလိုရှိတာထက်၊ သစ်ခွနက်ရှိ တဲ့နေရာကို ပိုပြီးသိချင်ပုံပဲ. . ."

"ဘာအတွက် ဒီလောက်တောင် ငွေကုန်ကြေးကျခံပြီး သစ်ခွနက်ရှိတဲ့ နေရာကိုသိချင်တာလည်း မသိဘူး"

"အဲဒါက ငါတို့အလုပ်မဟုတ်ပါဘူးကွာ. . ငါတို့ အလုပ် က သစ်ခွနက် ဘယ်နေရာမှာ ရှိတယ်ဆိုတာကို တွေ့အောင်ရှာ ပေးဖို့ပါပဲ၊ ကဲ. . အချိန်ရှိတုန်း သွားကြရအောင်. . ."

ဟုပြောဆိုကာ ၎င်းတို့မှာပါလာသော ပစ္စည်းထည့်ထား သည့် အထုပ်များကို တစ်နေရာမှာ စုထားခဲ့ပြီးနောက် တောင် ပေါ်သို့ တက်သွားကြသည်။

ကျောက်တောင်ပေါ်မှာလည်း သစ်ပင်ကြီးများအချို့ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဦး ၄င်းသစ်ပင်ကြီးများပေါ်မှာ ရှားပါးသော သစ်ခွပန်းများ တွေ့ကြရသည်။

မြန်မာနိုင်ငံ သစ်တောကြီးများထဲမှာ သဘာဝမှ ပေါ်ပေါက်သော ပန်းအမျိုးပေါင်းများစွာတို့ ရှိကြသည်။

ထိုအထဲတွင် သစ်ခွပန်းများလည်း ပါဝင်ပေသည်။

ရှေးအခါကတော့ သစ်ခွပန်းများကို လူတို့စိတ်ဝင်စားမှုသိပ်မရှိခဲ့ကြပေ။

သဇင်ပန်းကဲ့သို့သော ပန်းအချို့ကိုသာ တော်ဝင်ပန်းအဖြစ် အသုံးပြုခဲ့ကြသည်။

နောက်ပိုင်းမှာတော့ နိုင်ငံခြားမှ သစ်ခွမုဆိုးဟုခေါ်သော ပန်းသုတေသနပညာရှင်တို့က လာရောက်ရှာဖွေရာမှာ များစွာသော သစ်ခွပန်းအမျိုးအမည်များကို တွေ့ကြရလေသည်။

မှတ်တမ်းများအရဆိုလျှင် (၁၈၀၀)ပြည့်နှစ်နောက်ပိုင်း ကာလများကတည်းက နိုင်ငံခြားမှ ရုက္ခမုဆိုးများက မြန်မာနိုင်ငံ တောနက်ကြီးများသို့ ဝင်ရောက်ကာ သစ်ခွပန်းများ ရှာဖွေခဲ့ကြရာ သစ်ခွပန်း အမျိုးအမည်များစွာတို့ကို တွေ့ရှိခဲ့ကြသည်။

ဝင်ဒါတေးရီး(Vanda teres) မြန်မာအခေါ် စာတာလေး သစ်ခွပန်းမျိုးကို (၁၈၂၆)ခုနှစ်တွင် မြန်မာတောတွင်းသို့ ပထမဦးစွာဝင်ရောက်ရှာဖွေသူ ဒေါက်တာဝဲလစ်က စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် မိုးလုံးမှိုင်း၊ ရွှေဝါလေး၊ တောင်ကရမက်၊ ပန်းသက်ရှည်ဝါ၊ မြွေမင်းသား၊ မြွေမင်းသမီး၊ မိုးသူဇာ၊ ဒေါင်းမြီးသစ်ခွ၊ မိုးလုံးမှိုင်းအပြာလေး၊ ဗင်ဒါပါရီရှိ၊ ဗင်ဒါပိုင် ပန်နီ၊ ဗင်ဒါအင်နီဆိုနီယာနား၊ ဗင်ဒါဘင်ဆိုနီ၊ ဗင်ဒါအေမီစီယားနား၊ သစ်ခွနက် စသောပန်းများမှာ သစ်ခွပန်း မျိုးနွယ်များပင်ဖြစ်ကြလေသည်။

မြန်မာနိုင်ငံမှာတွေ့ရှိပြီး မြန်မာသစ်ခွပန်းများဖြစ်ကြသော်လည်း နိုင်ငံခြားသားများကတွေ့သောအခါ ၄င်းတို့နှင့်ဆိုင်သောအမည်များ ပေးခဲ့ကြသဖြင့် မူလအမည်ပျောက်ကာ နိုင်ငံခြားအမည်ဖြင့် ထင်ရှားလာသော သစ်ခွပန်းများလည်း အများအပြားရှိလေသည်။

(ရန်ကုန်မြို့မှာ ရှိသောလမ်းအချို့ကို အင်္ဂလိပ်တို့က ၄င်းတို့အမည်ပေးပြီး သုံးစွဲကြသကဲ့သို့ ဖြစ်ပေသည်။)

(၁၈၀၀)ပြည့်နှစ် နောက်ပိုင်းမှာ မြန်မာသစ်ခွမျိုးပေါင်းများစွာတို့မှာ ရုက္ခမုဆိုးများသယ်ဆောင်သွားကြသဖြင့် ကမ္ဘာ့နေရာအနှံ့အပြားသို့ ပြန့်နှံ့ရောက်သွားခဲ့ကြပေသည်။

ယခုတော့ သစ်တောကြီးများပင် တဖြည်းဖြည်းကွယ်ပျောက်စပြုလာပြီဖြစ်ရာ အဖိုးတန်သစ်ခွမျိုးများလည်း တဖြည်းဖြည်းပျက်စီးကာ ကွယ်ပျောက်သွားတော့မည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

နီမောင်တို့သုံးယောက်မှာ အချိန်ရှိနေသောကြောင့် မဟူရာတောင်ပေါ်သို့ သစ်ခွနက်ရှာပုံတော် ဖွင့်ကြသော်လည်း အခြားသစ်ခွပန်းများကိုသာ တွေ့ကြရပြီး သစ်ခွနက်ကိုတော့







www.burmeseclassic.com

www.burmeseclassic.com



မတွေ့ကြရသေးပေ. . .။

နောက်ဆုံးတော့ လက်လျှော့ပြီး ၄င်းတို့ အထုပ်အပိုးများထားခဲ့သော ဂူပေါက်ရှိရာသို့ ပြန်ဆင်းလာခဲ့ကြလေသည်။

ဂူထဲပြန်ရောက်သောအခါ ၄င်းတို့ထားခဲ့သော အထုပ်များကို မတွေ့ရတော့ပေ. . .။

"ငါတို့ထားခဲ့တဲ့ အထုပ်တွေ ဘယ်ရောက်သွားပြီလဲ"

"ငါတို့မရှိတုန်း တစ်ယောက်ယောက်ကတွေ့လို့ ယူသွားပြီးလား"

"ဒီနေရာတော့ တခြားဘယ်သူမှ မလာနိုင်ပါဘူး၊ ဂူပေါက်များ မှားနေတာများလား"

"ဂူပေါက်ကတော့ ဒီဂူပေါက်ပါပဲ မမှားပါဘူး၊ တစ်နေရာများ ရောက်နေသလား၊ လိုက်ရှာကြရအောင်"

ဟုပြောဆိုပြီး ထိုနေရာတစ်ဝိုက်သို့ လိုက်ရှာရာ တစ်နေရာရောက်တော့ ထူးခြားမှုကို တွေ့ကြရသည်။

ဂူမျက်နှာကြက် တစ်နေရာမှာ ပင့်ကူမျှင်များဖြင့် လုံးထွေးပြီး ဆွဲထားသော အထုပ်များကိုတွေ့ကြရသည်။

"ဟိုမှာ ငါတို့အထုပ်တွေ မဟုတ်လား"

"ဘယ်လိုဖြစ်ပြီး ဂူမျက်နှာကြက်ကို ရောက်နေတာလဲ"

"ပင့်ကူမျှင်တွေနဲ့ ပတ်ထားတာဆိုတော့ ပင့်ကူတွေ ယူသွားတာပဲ ဖြစ်မှာပေါ့"

"ဟင်. . ."

နီမောင်စကားကြောင့် ကျန်နှစ်ယောက်တို့ မျက်လုံးပြူးသွားကြလေသည်။





အချို့အထုပ်များမှာ ပစ္စည်းများထည့်ထားသောကြောင့် အနည်းငယ်ကြီးလေးလှရာ တော်ရုံနှင့်တော့ ဂူမျက်နှာကြက်ရောက်အောင် သယ်တင်သွားနိုင်မည် မဟုတ်ပေ. .။

မြင်ကွင်းကို ကြည့်ပြီး သုံးယောက်သားအံ့ဩနေကြသည်။

သို့သော် အချိန်ကြာမြင့်စွာ အံ့ဩနေချိန်မရှိပဲ မျက်နှာကြက်မှာဆွဲထားသော ၄င်းတို့အထုပ်များကို အောက်သို့ပြန်ရောက်အောင်ကြိုးစားကြရသည်။

အပြင်ဘက်မှ အဖျားပိုင်း၌ ချိတ်ထားသော ဝါးလုံးရှည်တစ်ချောင်းကိုယူလာပြီး အထုပ်များကို ထိုးချိတ်ယူကြရသည်လေသည်။

အောက်သို့ရောက်လာတော့လည်း ရစ်ပတ်ထားသော ပိုးချည်မျှင်၊ ပင့်ကူမျှင်များကို အချိန်အတော်ကြာအောင် ခွာကြရသည်။ ပင့်ကူမျှင်၌ အစေးပါသဖြင့် တစ်ဖက်ကခွာလျှင် ကျန်တစ်ဖက်က ကပ်နေပြီး. . တစ်နေရာမှ ခွာလျှင် ကျန်တစ်နေရာမှကပ်နေသောကြောင့် တော်တော်နှင့်မရပဲ ရှိလေသည်။

နောက်ဆုံးသုံးယောက် ကြိုးစားပြီးခွာတော့မှပင် ပင့်ကူမျှင်များကွာပြီး အထုပ်များကိုရကြလေသည်။

"ဘယ်က ပင့်ကူတွေကများ ငါတို့မရှိတုန်း လာပြီး အထုပ်တွေယူသွားတာလဲကွာ"

"မြို့ထဲရွာထဲတွေမှာ သူခိုးသူဝှက်တွေရှိသလို ပင့်ကူတွေမှာလဲ ခိုးတတ်တဲ့ ပင့်ကူတွေရှိကြတာဖြစ်မှာပေါ့ကွာ. ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ရယ်ရယ်မောမောပြောဆိုပြီးနောက် သင့်တော်သော နေရာတစ်ခုတွင် စခန်းချရန် ပြင်ဆင်ကြလေသည်။

ထုံးစံအတိုင်း မီးပုံတစ်ပုံဖိုထားပြီး ချက်ပြုတ်စားသောက်ကြပြီးနောက် တစ်နေကုန်မောပန်းလာကြသဖြင့် မီးပုံနံဘေးမှာ အိပ်ကြလေသည်။

ကျန်နှစ်ယောက်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ကြသော်လည်း နီမောင်ကတော့ အိပ်မပျော်ပေ။

လမ်းမှာတွေ့ခဲ့ရသော "မဟူရာ" ဆိုသောအမျိုးသမီးအကြောင်းကို ပြန်တွေးနေမိသဖြင့် အိပ်မပျော်သေးပဲ ဖြစ်နေသည်။

ညဥ့်နက်ပိုင်း အချိန်ရောက်တော့ ဂူအတွင်းဘက်မှ ထူးထူးခြားခြား အသံအချို့ကို မသဲမကွဲကြားရလေသည်။

လင်းနို့များအုပ်စုလိုက် အော်သည့်အသံမျိုးဖြစ်သည်။

လူသူအရောက်အပေါက်နည်းသော ဂူကြီးများထဲမှာ လင်းနို့များရှိနေသည်ကတော့ အဆန်းတကြယ်မဟုတ်ပေ။ .။

နောက်တော့ ကြားနေရသော အသံများက တဖြည်းဖြည်း နီးလာသလိုရှိသောကြောင့် နားစွင့်ကြည့်နေသည်။

ထိုသို့နားစွင့်ကြည့်နေသော အချိန်မှာပင် ကြားနေရသောအသံများက ပြန်ရပ်သွားသည်။

နီမောင်စိတ်ထဲမှာတော့ လင်းနို့အော်သံနှင့် တူသောကြောင့် ဂူအောင်းနေကြသော လင်းနို့များ ညအချိန် အစာရှာထွက်ခန့် ထွက်လာသည်ဟုထင်သဖြင့် တစ်ရေးအိပ်ရန်ပြင်လေ





သည်။

တစ်နေကုန် ပင်ပန်းထားသဖြင့် အိပ်ရန်ပြင်လိုက်သည်နှင့်ပင် မှေးခနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှ ကြာအောင်အိပ်ပျော်သွားသည် မသိပေ၊ ခံစားတစ်ခုကြောင့် အိပ်နေရာမှ ပြန်နိုးလာသဖြင့် နံဘေးသို့ ကြည့်လိုက်သောအခါ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကို မတွေ့ရတော့ပေ. .။

သို့ကြောင့် ကဗျာကရာ ထလိုက်သည်။

မရတော့ပေ. . .။

တစ်ကိုယ်လုံးကြိုးများဖြင့် ရစ်ပတ်ထားသကဲ့သို့ ဖြစ်ကာ လှုပ်မရတော့ပေ. .။

ထိုအခါမှ ကိုယ်ပေါ်မှ အခြေအနေကိုကြည့်လိုက်သောအခါ တစ်ကိုယ်လုံး ပင့်ကူမျှင်များဖြင့် ရစ်ပတ်ခံထားရသည်ကို တွေ့ရတော့သည်။

"ဟင်. . ဘယ်လိုဖြစ်တာလဲဟ. . ."

အခြေအနေကို ကြည့်တော့ မကောင်းလှပေ. . .။

သုံးယောက်စလုံး ပင့်ကူမျှင်များဖြင့် အပတ်ခံထားရပြီး ဂူမျက်နှာကျက်ပေါ်တွင် တွဲလောင်းကြီး ဖြစ်နေကြသည်။

ပင့်ကူမျှင်များက ကြိုးတစ်ချောင်းမက ခိုင်လှပေရာ သူတို့ကိုယ်အလေးချိန်ကြောင့်ပင် ပြတ်မကျနိုင်ပဲ ရှိလေသည်။

အချိန်က နံနက်ပိုင်းအချိန် ရောက်နေသော်လည်း ဂူထဲမှာ အမှောင်ရိပ်များ ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အလေးချိန်ကြောင့် လေထဲမှာ ဟိုယမ်းဒီယမ်း[illegible] [illegible]လေရာ ဒန်းစီးနေရသကဲ့သို့ ဖြစ်နေလေသည်။

"နီမောင်ရေ ငါတို့သုံးယောက်အောက်မှာ အိပ်ရ[illegible] အန္တရာယ်နဲ့ တွေ့မှာစိုးလို့ ပင့်ကူတွေက အပေါ်ဆွဲတင်ပေးထား[illegible] တာဖြစ်မယ်ကွ. . ."

ဟု ငမဲအောင် ကလှမ်းပြောလိုက်သည်။

"အမဲပေါ်ကာနီးရင် အခုလိုပဲ တုပ်နှောင်ပြီး အပေါ်ဆွဲ[illegible] တင်ထားသလို လုပ်ထားတာကွ၊ တော်ကြာ မင်းကို တစ်စစီဖြ[illegible] အောင် ကိုက်ဖြတ်စားသောက်မယ့် ပင့်ကူတွေ ရောက်လာကြ[illegible] လိမ့်မယ်"

စောထီးက လှမ်းပြောသည်။

"ကဲ. . ကဲ. . မင်းတို့နှစ်ယောက် စကားများမနေကြနဲ့[illegible] ပင့်ကူတွေရောက်မလာခင် လွတ်မြောက်အောင်လုပ်ကြဦး"

နီမောင်က လှမ်းပြောလိုက်တော့မှ ကျန်နှစ်ယောက်တို့[illegible] မှာ စကားသံရပ်သွားကြသည်။

၎င်းတို့ သုံးယောက်စလုံးမှာ လက်နက်မပါကြပေ။ အ[illegible] ကယ်၍ ဓားပါလာလျှင်သော်မှ ပင့်ကူမျှင်တို့ကို ဖြတ်၍ရမည်[illegible] မဟုတ်ပေ. .။

ပင့်ကူမျှင်တို့တွင် အစေးများပါသဖြင့် တစ်ပင်ဖြတ်လျှင်[illegible] နောက်တစ်ပင်က လာကပ်၊ တစ်နေရာဖြတ်လျှင် နောက်တစ်[illegible] နေရာမှ အမျှင်များက လာကပ်လိုက်နှင့် ဘယ်လိုမှ ရှင်းမရ[illegible] အောင် ဖြစ်နေကြသည်။





နှံ့အိုင်ထဲကျသူလို လူပ်လေမြုပ်လေ ရုန်းလေ ပိုပတ်[illegible] ဖြစ်နေကြသည်။

ထိုအချိန်မှာပင် ဂူအတွင်းပိုင်းမှ စူးစူးဝါးဝါး အသံများ [illegible]ားရသည်။

ထိုအသံများမှာ ညကကြားခဲ့ရသော အသံများပင်ဖြစ်[illegible]သည်။

"ဘာသံတွေလဲ"

"ငါအထင်ပြောရရင်တော့ ပင့်ကူတွေရဲ့ အသံဖြစ်နိုင်[illegible]တယ်"

"အသံကြားရတာတော့ အတော်များပုံပဲ"

"ပင့်ကူတွေရဲ့ အသံက ဒီလောက်ကျယ်ပါမလား"

"ငါတို့လမ်းမှာတွေ့ခဲ့တဲ့ ပင့်ကူနက်လောက်ကြီးရင် လင်းဆွဲတွေ လင်းနို့တွေ အော်သလို အော်ပြီး အသံလည်း အ[illegible]တော်ကျယ်တယ်၊ ညကမင်းတို့ အိပ်ပျော်နေတုန်း အဲဒီအသံ ကြားမိသေးတယ်"

ထိုကဲ့သို့ ပြောဆိုနေကြစဉ်မှာ ကြားနေရသော အသံ များက တဖြည်းဖြည်းနီးလာလေသည်။

ထိုအခါမှ စကားသံရပ်ပြီး အသံကြားရာဘက်သို့ လှမ်း ကြည့်နေကြသည်။

သူတို့ရှိရာနေသောနေရာနှင့် မနီးမဝေးနေရာ အမှောင် ခိုပ်ထဲမှ မည်းမည်းလုံးလုံး သတ္တဝါများ ထွက်လာကြသည်။

အကောင်အရေအတွက် မများသော်လည်း အကောင်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်အစားကြီးလှသော ပင့်ကူနက်ကြီးများပင် ဖြစ်သည်။

ပင့်ကူနက်ကြီးများမှာ ဂူအမိုးမျက်နှာကြက်မှသော်လည်းကောင်း၊ ဂူနံရံများမှသော်လည်းကောင်း၊ ဂူကြမ်းပြင်ပေါ်မှသော်လည်းကောင်း တရွေ့ရွေ့ထွက်လာကြခြင်းဖြစ်သည်။

အကောင်အရွယ်အစားက အမျိုးမျိုးဖြစ်သော်လည်း သာမန်အရွယ်အစားထက်ပိုကြီးသော ပင့်ကူကြီးများ ဖြစ်ကြသည်။

အသေးဆုံးအကောင်မှာ သံပန်းကန်ပြားအဝိုင်းခန့်ရှိပြီး အကြီးဆုံးအကောင်မှာ လင်ဗန်း၊ ဆန်ကောခန့် အရွယ်အစား ရှိကြသည်။

အကောင်အရွယ်အစားကြီးသလောက် ခြေလက်များကလည်း တုတ်ခိုင်ကြီးမားလှသည်။

ခြေတံလက်တံများမှာ အမွေးရှည်များရှိပြီး အနက်ရောင်များဖြစ်သည်။

ကိုယ်လုံးမှာကြီးပြီး ဦးခေါင်းကသေးသည်။

ဦးခေါင်းပိုင်းတွင် နီရဲနေသော မျက်လုံး၊ ရှေ့သို့ငေါထွက်နေသော အစွယ်နှစ်ချောင်း၊ ကျယ်သောပါးစပ်နှင့် သွားများရှိလေသည်။

ဂူထဲမှ ထွက်လာသော ပင့်ကူများမှာ အနက်ရောင်များခ ည်းဖြစ်ကြလေသည်။

ပင့်ကူနက်ကြီးများမှာ တည်ငြိမ်သော ခြေလှမ်းများဖြင့် သူဘုရ်ွိရာသို့ တရွေ့ရွေ့လာနေကြလေသည်။





"နီမောင်ရေ ငါတို့ကိုဖမ်းထားတဲ့ သတ္တဝါတွေတော့ ထွက်လာကြပြီဟေ့. . ဘယ်လိုလုပ်ကြမလဲ"

"ရုန်းထွက်လို့မှမရတော့တာ၊ သူတို့ရောက်လာရင် ဦးနှောက်ဖောက်စားတာ ခံကြရုံပေါ့"

နီမောင်စကားကြားတော့ ကျန်နှစ်ယောက်မှ အသံမထွက်ကြတော့ပေ. . ။

အဘယ်ကြောင့်ဆိုသော်. . ။

ဂူအတွင်းမှ ထွက်လာသော ပင့်ကူနက်ကြီးများက သူတို့နှင့် မနီးမဝေးနေရာသို့ ရောက်လာကြသောကြောင့် ဖြစ်သည်။

ထိုကဲ့သို့ အနီးရောက်လာတော့မှ ၄င်းတို့၏ ပုံသဏ္ဍာန်များမှာ ကြောက်စရာကောင်းကြောင်း အသေအချာတွေ့မြင်ကြရတော့သည်။

နီမောင်က အန္တရာယ်နီးလာပြီဖြစ်သောကြောင့် အနှောင့်အဖွဲ့မှ လွတ်မြောက်အောင် ကြိုးစားကြည့်သေးသည်။

အချည်းနှီးသာဖြစ်သည်။

ထိုအချိန်မှာပင် ပင့်ကူနက်ကြီး တစ်ကောင်က သူ့အနီးသို့ ရောက်လာလေပြီ. . . ။

ပင့်ကူနက်ကြီးတစ်ကိုယ်လုံးမှာ မည်းမည်းသဏ္ဍာန်ရှိပြီး လူတစ်ယောက်ကိုယ် ခန္ဓာကိုယ်ထက်ပင် ပိုမိုကြီးမားနေသည်။

ဦးခေါင်းကလည်း လူဦးခေါင်းထက်ပိုကြီးပြီး မျက်လုံးနှစ်လုံးက အပြင်သို့ ပြူးထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူမျှင်များဖြင့် ပတ်ထားသောကြောင့် နီမောင်မှာ ပိုးတုံးလုံးကောင်ကဲ့သို့ ဖြစ်နေပြီး မလှုပ်နိုင်တော့သော်လည်း မျက်လုံးကတော့ အနီးသို့ ရောက်နေပြီဖြစ်သော ပင့်ကူနက်ကြီးကို မြင်နေရသည်။

"ကျိ. . ကျလိ၊ ကျိ. . ကျလိ"

ပင့်ကူများထံမှ လင်းနို့တစ်ကောင်အသံများပြုရင်း သူတို့ရှိရာသို့ တိုးကပ်လာခြင်းဖြစ်၏။

နီမောင်အနီးသို့ ရောက်နေပြီဖြစ်သော ပင့်ကူနက်ကြီးက နီရဲနေသည့်မျက်လုံးဖြင့် သူတို့ကိုကြည့်နေသည်။

ထို့နောက် လက်တံကြီးများဖြင့် သူ့ဆီသို့ ရောက်အောင် ဆွဲယူရာ ပါသွားလေတော့သည်။

နောက်ဆုံးမှာတော့ ပင့်ကူနက်ကြီး ဝမ်းဗိုက်အောက်သို့ ရောက်သွားလေတော့သည်။

ထိုအချိန်မှာပင့်ကူနက်ကြီး၏ အစွယ်နှစ်ချောင်းက တလှုပ်လှုပ်ဖြစ်လာသည်။

ထိုအစွယ်ထိပ်မှ အဆိပ်ရည်များ စိမ့်ထွက်လာလေပြီ။

ထိုအဆိပ်ရည်တို့ဖြင့် ကိုယ်ထဲသို့ ထိုးသွင်းလိုက်ပါက ချက်ချင်းသေတော့မည်ဖြစ်သည်။

ဘုရားတရား အာရုံပြုလျက် မျက်စိကိုမှိတ်ထားလိုက်သည်။ ထိုအခိုက်မှာပင် စူးစူးဝါးဝါး အော်ဟစ်လိုက်သော ငမဲအောင်အသံကို ကြားလိုက်ရသည်။

ငမဲအောင်တစ်ယောက်တော့ သွားရှာပြီဟုသာ တွေးမိသည်။

သူ့အလှည့်ပြီးလျှင် မရှေးမနှောင်းမှာပင် ကိုယ့်အလှည့်ရောက်ပေတော့မည်။

မိမိကိုယ်ပေါ်သို့ အဆိပ်ရည်များ ရောက်လာမည့်အချိန်ကို မျက်စိမှိတ်စောင့်နေစဉ် အခြားတစ်နေရာမှ ပင့်ကူတစ်ကောင်အော်သည့် အသံမျိုးကဲ့သို့ စူးစူးဝါးဝါးအော်လိုက်သည့် အသံပေါ်ထွက်လာပြီး မရှေးမနှောင်းမှာပင် ပင့်ကူနက်များထံမှ အသံအချို့ ပေါ်ထွက်လာသည်။

"ကျိ ကျလိ ကျိ ကျလိ. . ."

နီမောင်မှာလည်း မျက်စိမဖွင့်သေးပေ။

အတန်ကြာတော့ အသံများတိတ်ဆိတ်သွားလေသည်။

စိတ်ထဲမှာတထင့်ထင့်ဖြင့် စောင့်နေသော်လည်း. . နောက်ထပ်ထူးထူးခြားခြား ဘာမှဖြစ်မလာသဖြင့် မျက်စိပြန်ဖွင့်ကြည့်လိုက်လေသည်။

"ဟင်. . ."

အခြေအနေက အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲသွားလေသည်။

သူတို့အနားသို့ ရောက်နေကြသည့် ပင့်ကူနက်ကြီးများ တစ်ကောင်မှ မရှိတော့ပေ. . .။

၎င်းတို့ကို အန္တရာယ်မပေးတော့ပဲ ဒီအတိုင်းထားခဲ့ကာ ဂူထဲသို့ ပြန်ဝင်သွားကြဟန်ရှိသည်။

အံ့သြစရာပင်ဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com



ထို့ထက် အံ့သြစရာကောင်းသောအရာကိုတော့ မကြာခင်မှ ထပ်တွေ့ရပြန်သည်။

အခြားမဟုတ်ပေ . . .။

အောက်ဘက်သို့ လူတစ်ယောက်ရောက်လာခြင်းပင်ဖြစ်သည်။ လမ်း၌ အမှတ်မထင်တွေ့ခဲ့ရသော 'မဟူရာ' ဆိုသော အမျိုးသမီးပင်ဖြစ်ပေတော့သည်။





# ( အခန်း ၉ )

# ပင့်ကူများနှင့် မာဂဓကား တစ်ကျွမ်းသော့ဒူ

မဟူရာဆိုသော မိန်းကလေးက အကူအညီပေးသဖြင့် အောက်သို့ပြန်ရောက်ကြပြီး ပင့်ကူအိမ်များရစ်ပတ်ထားခြင်းမှ လွတ်မြောက်ခဲ့ကြရသည်။

နီမောင်က ငမဲအောင်အခြေအနေကို သွားကြည့်တော့ ဘာမှမဖြစ်ပဲ အကောင်းပကတိအတိုင်း တွေ့ရတော့မှ စိတ်သက်သာရာရသွားလေသည်။

"စောစောတုန်းက မင်းအော်သံ ကြားလိုက်တယ်၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာလဲ"

"ပင့်ကူကြီး အနားရောက်လာပြီး အစွယ်နဲ့ ထိုးတော့မယ်မှတ်လို့ လန့်အော်လိုက်မိတာပါ. . ."

"မင်းပြောတုန်းကတော့ ဘာမှ မကြောက်တတ်ဘူးဆို အခုတော့လည်း အော်လိုက်တာ ငယ်သံကိုပါနေတာပဲ"

"မကြောက်တာကတခြား၊ လန့်ပြီးအော်တာကတခြားပါပဲ"

ငမဲအောင်က အရှက်ပြေပြောရင်း ကိုယ်ပေါ်မှာကပ်နေသော ပင့်ကူမျှင်များကို ခွာချနေသည်။

ထိုအခါမှ နီမောင်က သူတို့ကို အကူအညီပေးသော မဟူရာဆိုသော အမျိုးသမီးကို ကျေးဇူးတင်စကားဆိုလေသည်။

"ကျွန်တော်သုံးယောက်ရဲ့ အသက်ကို အကူအညီပေးတဲ့အတွက် ခင်ဗျားကိုကျေးဇူးတင်ပါတယ်"

"ရပါတယ် အစ်ကိုရယ်. . ၊ အစ်ကိုတို့ကလည်း ကျွန်မ အကူအညီတောင်းတုန်းက အကူအညီပေးခဲ့တာပဲ မဟုတ်လား"

ဟု အပြုံးကလေးဖြင့် ပြောသည်။

ထိုအခါမှ မဟူရာဆိုသော အမျိုးသမီးကို အနီးကပ် အကဲခတ်ကြည့်ခွင့် ရလေသည်။

သူမသည် သူနှင့် အသက်တူရွယ်တူခန့်ပင်ရှိပြီး အသက်(၂၅)နှစ်ခန့် ရှိပြီဟု စိတ်ထဲမှာ ခန့်မှန်းမိသည်။

နက်မှောင်ရှည်လျားသော ဆံပင်ကို တစ်ပတ်လျှိုထုံးထားလေရာ ခါးအထိ ရောက်နေသည်။





ဖြူဝင်းသောအသား၊ ချောမောလှပသောမျက်နှာ၊ အချိုးအစားကျသော ခန္ဓာကိုယ်တို့မှာ တောထဲမှာနေရလင့်ကစား ချောမောလှပသည့် မိန်းမပျိုတစ်ယောက်အဖြစ် အသိအမှတ်ပြုစရာပင် ဖြစ်သည်။

သူမသည် ရှမ်းတိုင်းရင်းသူတစ်ဦး၏ ရုပ်ရည်လက္ခဏာမျိုးရှိပြီး ဖြူဝင်းသော အသားအရေနှင့် အနက်ရောင်ဝတ်စုံ တို့မှာ များစွာလိုက်ဖက်လှပေသည်။

မျက်နှာပေါ်မှာ ပါးချိုင့်နှင့် သွားတက်ကလေးများပါရာ ပြုံးလိုက်သည့်အခါ ပို၍ ချစ်စဖွယ်သွင်ပြင်ရှိလေသည်။

"မင်းနာမည်က မဟူရာနော်"

"ဟုတ်ပါတယ် ကျွန်မနာမည် မဟူရာပါပဲ"

ဟုလေသံဝဲဝဲဖြင့် ပြောလိုက်သည်။

"ကျွန်တော်နာမည်က နီမောင်လို့ ခေါ်ပါတယ်၊ သူတို့က စောထီးနဲ့ ငမဲအောင်လို့ ခေါ်ကြတယ်"

"အခုလို လူသူမနီးတဲ့ တောထဲတောင်ထဲမှာ တွေ့ရတာ ဝမ်းသာစရာပါပဲရှင်. . ."

"ဒါထက် မင်းက ဒီမှာနေတာလား"

"ဟုတ်ပါတယ်"

"ဘယ်သူတွေနဲ့ နေတာလဲဟင်"

"ကျွန်မအဖော်တွေ ဆွေမျိုးသားချင်းတွေနဲ့ နေပါတယ်"

ထိုစကားကြောင့် နီမောင်တို့သုံးယောက်မှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ပြီးမှ စောထီးက အထစ်ထစ် အငေါ့ငေါ့ဖြင့် မေးလိုက်သည်။

"ဟို . . ဟို . . ခင်ဗျားရဲ့ ဆွေမျိုးသားချင်းတွေဆိုတာ ပင့်ကူနက်ကြီးတွေကိုများ ပြောတာလားဟင်"

ထိုစကားကြားသောအခါ မဟူရာက သဘောကျစွာဖြင့် ပြုံးလိုက်လေသည်။

ပြီးမှ ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်"

"ဒါဖြင့် စောစောက ကျွန်တော်တို့ကို ကယ်ပေးလိုက်တာ ခင်ဗျားပဲ ဖြစ်မှာပေါ့၊ ဟုတ်တယ် . . မဟုတ်လား"

"ဟုတ်ပါတယ် . . ."

ထိုသို့ပြန်ပြောသောအခါ နီမောင်က သိပ်တော့မအံ့သြတော့ပေ။ လမ်းမှာတွေ့ခဲ့ရကတည်းက မဟူရာဆိုသော မိန်းကလေးမှာ ပင့်ကူနက်ကြီးများဖြင့် တစ်နည်းတစ်ဖုံ ပတ်သတ်နေလိမ့်မည်ဟု ထင်ထားခဲ့ပြီးဖြစ်သည်။

"ဒါကတော့ အံ့သြစရာပါပဲ၊ ပင့်ကူဆိုတာ လူနဲ့ယဉ်ပါးတဲ့ တိရစ္ဆာန်မျိုးမဟုတ်ဘူး၊ ဒီလိုတိရစ္ဆာန်မျိုးတွေက လူနဲ့ရင်းနှီးနေတာကတော့ တကယ်ကို အံ့သြစရာပါပဲ"

"ဘာများအံ့သြစရာရှိလဲ အစ်ကိုရယ်၊ ဘယ်လိုတိရစ္ဆာန်မျိုးပဲဖြစ်ဖြစ် လူတွေနဲ့အနေကြာလာရင် ရင်းနှီးလာကြတာပဲမဟုတ်လား၊ တိရစ္ဆာန်တွေဟာ လူတွေပြောတဲ့စကား ဝေါဟာရ





တွေကို နားမလည်ကြပေမယ့် ပြန်မပြောတတ်ကြပေမယ့် လူကဘာပြောတယ်ဆိုတာကို ဟန်အမူအရာကြည့်ပြီး အသံကိုနားထောင်တာနဲ့တင် သိကြတယ် . . ."

"ဒါကတော့ မှန်ပါတယ်၊ တောထဲမှာရှိတဲ့ ရိုင်းစိုင်းတဲ့ မြွေတွေကိုတောင် မြွေအလမ္ပာယ်ဆရာက ဟန်အမူအရာပြပြီး ဆခိုင်းလို့ ရသေးတာပဲ၊ ဒါထက် အသံနဲ့ စေခိုင်းလို့ရတာကရော ဘယ်လိုမျိုးလဲ"

"ဒါကလည်း အသံရဲ့ သင်္ကေတတွေကို နားထောင်ကြည့်ရင် သိနိုင်ပါတယ်၊ လူတွေရဲ့စကားသံတွေ ဝေါဟာရတွေဟာ ပါဠိဘာသာက ဆင်းသက်လာတာပဲ မဟုတ်လား၊ ပါဠိဘာသာကို တတ်ကျွမ်းရင် မာ်ဂဓဘာသာစကားကို နားလည်နိုင်တယ်၊ တိရစ္ဆာန်တွေနဲ့ စကားပြောလို့ရတယ်၊ သူတို့ပြောတာတွေကိုလည်း နားလည်နိုင်ကြတယ် ကြောင်လို့ခေါ်တဲ့ 'မြို့မြို့' ဆိုတာ ခွေးလို့ခေါ်တဲ့ 'အိုဲ့အိုဲ့' ဆိုတာတွေက ပါဠိဘာသာက ဆင်းသက်လာတဲ့ မာဂဓစကားတွေဖြစ်ပါတယ်"

"တယ်ဟုတ်ပါလား"

"ကျွန်မပြောတာ အမှန်တွေပါ၊ မြို့မြို့ဆိုတဲ့ ပါဠိဘာသာရဲ့ အဓိပ္ပာယ်က ထမင်းလာစားလှည့်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပြီး အိုဲ့အိုဲ့လို့ခေါ်တာက အစားအစာလာစားလှည့်လို့ . . ခေါ်တဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်"

"မဟူရာပြောပြတော့မှ မာဂဓ စကားတွေဟာ ပါဠိဘာသာတွေဆိုတာ သိရပေတော့တယ်၊ ဒါဖြင့် ငှက်တွေအော်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မာဂဓဘာသာစကားတွေပဲပေါ့ ဟုတ်လား"

"မှန်ပါတယ် ပါဠိဘာသာတတ်ကျွမ်းလို့ မာဂဓဘာသာစကားနားလည်ရင် သူတို့ပြောတာတွေကို သိနိုင်ပါတယ်၊ ဘယ်အရပ်ကိုသွားမယ်၊ ဘယ်ဘက်မှာ ဘယ်လိုအသီးအနှံမျိုးတွေရှိတယ်၊ ဘယ်နေရာမှာ ဘေးအန္တရာယ်တွေရှိတယ် ဆိုပြီး အချင်းချင်းပြောတာတွေကို သိနိုင်ကြပါတယ်"

"အင်း. . မဟူရာပြောပြတော့မှပဲ ဒီအကြောင်းတွေကို သိရတော့တယ်. . ."

"တောထဲမှာဆိုရင် ညအချိန်ရောက်တော့မှ တောကောင်ကြီးတွေက အစာရှာထွက်လာကြတယ်၊ အဲဒါကို သစ်ပင်ပေါ်မှာနေတဲ့ မျောက်နဲ့ ငှက်တွေက အရင်မြင်တတ်ကြတယ်"

"သူတို့က သစ်ပင်ပေါ်ကကြည့်တော့ မြင်ရတာပေါ့"

"ဒီလိုမြင်တဲ့အခါ အခြားတိရစ္ဆာန်တွေကြားအောင် သူတို့ မာဂဓဘာသာစကားနဲ့ အော်ဟစ်အချက်ပေးကြတယ်၊ ဒီအသံကြားရင် ကျန်တဲ့ တိရစ္ဆာန်တွေက အန္တရာယ်နဲ့ဝေးဝေးနေရာကို ရှောင်သွားနိုင်ကြပါတယ်"

"ဒါထက်မေးရဦးမယ်၊ မျောက်နဲ့ ငှက်တွေပြောတာကို ကျန်တဲ့တိရစ္ဆာန်တွေက ဘယ်လိုနားလည်ကြသလဲ"

"ဒါကတော့ ကျွန်မစောစောကပြောတဲ့ အသံရဲ့သင်္ကေတကို နားထောင်ပြီး သိနိုင်ပါတယ်၊ အချင်းချင်း ပြောဆိုနေတဲ့အသံနဲ့ အန္တရာယ်တွေ့လို့ အချက်ပေးတဲ့အသံက အသံထွက်ချင်း တူပေမယ့် စူးရှပုံချင်း မတူပါဘူး၊ လူတစ်ယောက်





ပျော်ရွှင်လို့ ထအော်တဲ့အသံနဲ့၊ ကြောက်စရာတွေ့လို့ အော်တဲ့အသံမျိုး မတူသလိုပေါ့"

ဟုပြောပြသည်။

ထိုအခါ မဟူရာမှာ တောထဲမှာ တွေ့ရသော်လည်း ဘာမန်မိန်းကလေးတစ်ယောက်မဟုတ်မှန်း အကဲခတ်မိကြလေသည်။

"ဒါဖြင့် ပင့်ကူတွေက မင်းပြောတာတွေကို နားလည်ကြတယ်ဆိုတာ သူတို့နားလည်တဲ့ သင်္ကေတစကားတွေကို အသုံးပြုခဲ့တာကြောင့်ပေါ့နော်"

"မှန်ပါတယ် သူတို့နဲ့ နှစ်ပေါင်းများစွာကြာအောင် အတူတူ နေလာကြတာဆိုတော့လည်း အသံကြားတာနဲ့ သူဘာပြောတယ်၊ ကိုယ်ဘာပြောတယ်ဆိုတာ အချင်းချင်းသိနေကြတာပါပဲ"

မဟူရာ ပြောသောအချက်မှာ ဖြစ်နိုင်ချေများစွာရှိသော အချက်ပင်ဖြစ်ပေသည်။

လူမျိုးမတူသော လူတစ်ယောက်နှင့် နှစ်အတော်ကြာအောင် အတူတူတွဲနေပါက တစ်ယောက်ပြောတာ တစ်ယောက်နားလည်လာသကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ တောထဲတောင်ထဲမှာ အခုလို မင်းနဲ့တွေ့ရတာ ဝမ်းသာပါတယ်၊ မင်းဘယ်သူတွေနဲ့ ဘယ်မှာနေတယ်ဆိုတာ မမေးတော့ပေမယ့် အစ်ကိုတို့ သုံးယောက်ရဲ့ အသက်ကို ကယ်တင်ပေးခဲ့တဲ့ ကျေးဇူးတိုတော့ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မမေ့ပါဘူး"

ဟု နီမောင် ပြောလိုက်လေသည်။

"ဒါထက် အစ်ကိုတို့က ဒီနေရာအထိ ဘာလာလုပ်ကြ တာလဲ"

"အစ်ကိုတို့က ပျားရည်နဲ့သစ်ခွပန်း ရှာဖွေရောင်းချတဲ့ သူတွေပါ။ ပျားရည်နဲ့ သစ်ခွပန်းရှာရင်း ဒီဘက်ကို ရောက်လာကြတာပါ"

နီမောင်က ထိုသို့ပြောသော်လည်း မဟူရာကတော့ သိပ်ပြီး ယုံကြည်ဟန်မပြပေ. . .။

"သစ်ခွပန်းတွေနဲ့ ပျားအုံတွေကတော့ ဒီနေရာမှာ အများကြီး တွေ့နိုင်ပါတယ်၊ ဒါပေမယ့် ဒါမျိုးတွေ လိုချင်တာ ဒီနေရာအထိ ရောက်အောင်လာဖို့ မလိုပါဘူး၊ ဟိုဘက်တောတွေမှာ တင် ရနိုင်ပါတယ်၊ ဒီဘက်တောတွေမှာ အန္တရာယ်တွေ သိပ်များ ပါတယ်"

သူမက အလင်းရောင်များဝင်လာနေပြီဖြစ်သော ဂူ ပေါက်ဝဘက်သို့ လှမ်းကြည့်ရင်း ခပ်တိုးတိုးပြောလိုက်သည်။

"ဒါကတော့ အမှန်ပါပဲ၊ အခုပဲ လက်တွေ့ကြုံခဲ့ကြရပြီ၊ မဟူရာနဲ့သာ မတွေ့ခဲ့ရင် အခုလောက်ဆိုရင် အရိုးတခြား အ သားတခြား ဖြစ်နေလောက်ပါပြီ၊ မဟူရာကိုတော့ အမှန်တိုင်းပဲ ပြောပါ့မယ်၊ အစ်ကိုတို့ ဒီဘက်ကိုလာခဲ့ကြတာ သစ်ခွပန်းတစ်မျိုး လိုချင်လို့ တကူးတကလာခဲ့ကြတာပါ. . ."

နီမောင်က အမှန်တိုင်းပင် ပြောလိုက်သည်။





ထိုအခါ မဟူရာက ပြန်မေးလေသည်။

"အစ်ကိုတို့ သစ်ခွနက် လိုချင်လို့ ဒီဘက်ကိုရောက်လာ ကြတာမဟုတ်လား"

"ဟင်. . မဟူရာ ဘယ်လိုသိတာလဲ"

"သိပါတယ် ဒီနေရာဘက်ကို တကူးတက ရောက်လာ ကြတဲ့သူတွေဟာ တခြားပစ္စည်းလိုချင်ကြလို့ မဟုတ်ပါဘူး၊ တ ခြားနေရာတွေမှာ ရှာမတွေ့နိုင်တဲ့ သစ်ခွပန်းနက် လိုချင်လို့ လာကြတာများပါတယ်. . ."

"မှန်ပါတယ် အစ်ကိုတို့လည်း သစ်ခွနက်လိုချင်လို့ လာ ရှာဖွေကြတာပါ"

နီမောင်က အမှန်တိုင်းပင် ဖွင့်ပြောလိုက်သည်။

ထိုသို့ပြောလိုက်သောအခါ မဟူရာထံမှ သက်ပြင်းချသံ တစ်ချက်ပေါ်ထွက်လာသည်။

မထူးတော့ပြီမို့ နီမောင်က ဆက်မေးလိုက်သည်။

"မဟူရာတောင်မှာ သစ်ခွနက်ရှိတယ်ဆိုတာ အမှန်ပဲ လားဟင်"

"ရှိပါတယ် ဒါပေမယ့် သစ်ခွနက်က ယူလို့မရနိုင်တဲ့ နေရာမှာပဲရှိပါတယ်၊ တကယ်လို့ ဇွတ်တိုးပြီး ယူမယ်ဆိုရင် အ သက်သေကြရမှာပါပဲ. . ."

"ဒါဖြင့် သစ်ခွနက်ဘယ်နေရာမှာ ရှိတယ်ဆိုတာ မင်း သိတယ်မဟုတ်လားဟင်. . . ."

"သိတော့သိပါတယ်၊ ဒါပေမယ့် အစ်ကိုတို့ကို တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ မေးပါရစေ. . .”

“မေးပါ မဟူရာ. . .”

“ကျွန်မမေးတာကို အမှန်းတိုင်းဖြေမယ်မဟုတ်လား”

“ဖြေပါ့မယ်. . .”

ထိုစကားကြားတော့ သုံးယောက်သားတစ်ယောက် မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

နောက်မှတော့ မထူးတော့ပြီမို့ နီမောင်အမှန်တိုင်း ဖွင့် ပြောလိုက်သည်။

“တခြားတော့ မဟုတ်ပါဘူး ဒီလိုပါ. . .”

နီမောင်က သစ်ခွနက် လာရောက်ရှာဖွေရခြင်းကို ဖြစ် ကြောင်းကုန်စင် ပြောလိုက်လေသည်။

စကားဆုံးသောအခါ စောစောက ချောမောလှပသော မဟူရာ မျက်နှာပေါ်မှာ တင်းမာခက်ထန်မှုများ ပေါ်လာလေ တော့သည်။

“အစ်ကိုတို ဒီနေရာကို တကူးတကရောက် လာ တည်းက ဒီလိုအကြောင်းကြောင့် ရောက်လာတယ်လို့ ထင်မိ တယ်”

“ဟင်. . ဒါဖြင့် မင်းက ဒီအကြောင်းတွေကို ကြိုသိနေ တဲ့သဘောပေါ့ ဟုတ်လား”

“အစ်ကိုတို့ အကြောင်းကိုတော့ မသိပါဘူး၊ ဒါပေမယ့် အစ်ကိုတို့ကို စေခိုင်းတဲ့ စော်ဘွားနဲ့ သူ့မိသားစုတွေရဲ့ အ ကြောင်းတော့ သိပါတယ်၊ တိုင်းတစ်ပါးက ရောက်လာတဲ့ လူမျိုး





တွဲတွေအားကိုးနဲ့ ကိုယ့်အမျိုးသားတွေကို နှိပ်စက်နေတဲ့သူတွေ ပါပဲ”

“ဒါဖြင့် မင်းဘယ်သူလဲ”

ဟုမေးလိုက်သည်။

“ကျွန်မက နန့်ခမ်းစော်ဘွားအကြောင်းကို ကောင်း ကောင်းသိတဲ့ သူတစ်ယောက်ပါပဲ”

“ဒါထက်မေးပါစေရဦး၊ သူတို့ကဘာကြောင့် သစ်ခွပန်း နက်ကို ရှာဖွေခိုင်းရတာလဲ”

“ဒါကတော့ ကျွန်မအနေနဲ့ ပြောခွင့်မရှိပါဘူး၊ ဒါပေ မယ့် တစ်ခုတော့ ပြောနိုင်ပါတယ်၊ သူတို့အရှာခိုင်းတာက သစ်ခွ နက် လိုချင်လို့တော့မဟုတ်ပါဘူး”

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

သူသည် ဘာမှမပြောသေးပဲ အတန်ကြာအောင် စဉ်း စားနေပြီးမှပြောလိုက်သည်။

“အမှန်တိုင်း ပြောရရင်တော့ အစ်ကိုတို့က ဆင်းရဲကြ ပေမယ့် ကိုယ့်လူမျိုးတွေအပေါ်တော့ သစ္စာဖောက်ပြီး မယုတ်မာ ကြပါဘူး”

“ကျွန်မသဘောပေါက်ပါတယ်၊ ဒါကြောင့်လည်းလာပြီး အကူအညီပေးတာပေါ့”

မဟူရာထံမှ ထိုစကားကြားသောအခါမှ စိတ်သက်သာ ရာရသွားလေတော့သည်။

“အခုလည်း ပိုက်ဆံပေးပြီးခိုင်းလို့သာ သစ်ခွနက်ရှာရ



www.burmeseclassic.com

www.burmeseclassic.com



အောင်ထွက်လာကြတာပါ။ တခြားတော့ ဘာမှလည်းမသိပါ
တကယ်လို့သာ မင်းတို့အကြောင်းကို သိရမယ်ဆိုရင်တော့
ခုခုကို ဆုံးဖြတ်ပေးနိုင်မယ်လို့ ထင်ပါတယ်"

"ဒီလိုဆိုရင် ကျွန်မတို့နေတဲ့နေရာကို ခေါ်သွားမယ်
ဒါအပြင် အစ်ကိုတို့က သစ်ခွနက်ရှာဖွေဖို့ လာကြတာဆိုတော့
သစ်ခွနက်ရှိတဲ့နေရာကို လည်းပြပါ့မယ်"

ဟုပြောပြီး ခေါ်သွားရာ နီမောင်တို့လည်း ပစ္စည်းများ
ပါယူဆောင်ကာ မဟူရာဆိုသော အမျိုးသမီးခေါ်ဆောင်ရာ
နောက်သို့ လိုက်သွားကြလေတော့သည်။





## ( အခန်း ၁၀ )

# သစ်ခွနက်ကို ရှာဖွေတွေ့ရှိခြင်း

မဟူရာဆိုသော အမျိုးသမီးက သူတို့သုံးယောက်ကို ရှေ့မှ ဦးဆောင်ခေါ်သွားလေရာ နောက်မှလိုက်သွားကြလေသည်။

ကျောက်တောင်အတွင်းပိုင်းတွင် ဂူပေါက်ဝများစွာ ရှိနေကြသည်။ အချို့ဂူပေါက်ဝများမှာ ကျဉ်းပြီး အချို့ဂူပေါက်ဝတို့မှာ အတော်ပင်ကျယ်ဝန်းလှသည်။

မဟူရာက ကျယ်ဝန်းသောဂူပေါက်ဝမှ ဝင်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းပိုင်းသို့ ခေါ်သွားလေသည်။

ထိုဂူပေါက်ဝမှာ အခြားဂူပေါက်များနှင့်မတူပဲ မြေပြင်ပေါ်မှ စွတ်ကြောင်းကြီးကဲ့သို့ ဖြစ်နေသည်ကိုတွေ့ရသည်။

ထိုစွတ်ကြောင်းကြီးအတိုင်း ဝင်သွားကြရာ တစ်နေရာရောက်တော့ အပေါ်မှ အလင်းရောင်များ ထိုးကျနေသည့်နေရာတစ်ခုသို့ ရောက်သွားလေသည်။

ထိုနေရာမှ ထူးခြားသော နေရာတစ်နေရာဖြစ်သည်။

ဂူက ကျယ်ဝန်းလှပြီး စမ်းချောင်းတစ်ခုက စီးဆင်းနေသည်။ ဂူ၏ မျက်နှာကြက်အမိုးမှာလည်း ကျောက်ပန်းခက်များ ပုံသဏ္ဍာန် အမျိုးမျိုး ဖြစ်နေကြသည့် ကျောက်စွန်းကျောက်စွယ်များရှိနေပြီး ရေကကြည်လင်လှသည်။ ချောင်းထဲမှ ရှိနေသည့် ကျောက်တုံးကျောက်ခဲများကို အတိုင်းသား မြင်နေရသည်။

ကျောက်တုံးကျောက်ခဲတို့မှာ ရောင်စုံများဖြစ်ပြီး အရောင်တလက်လက် တောက်ပနေကြသည်။

ထိုစမ်းချောင်းအနီးတစ်လျှောက်တွင် ထူးခြားသော သစ်ပင်များ ရှိနေကြသည်။

အပင်ပုလေးများဖြစ်ပြီး ရေညှိစိမ်းရောင် တောက်ပနေသည်။ ထိုအပင်များမှာ အသက်ကိုရှည်စေသော "အဆက်ကလူဇီ" ဟု ဒေသခံများခေါ်ကြသည့် အသက်ရှည်ဆေးပင်များပင် ဖြစ်တော့သည်။

ကျောက်စွန်း ကျောက်တုံးများနှင့် ကျောက်နံရံများမှာတော့ သစ်ခွပန်းမျိုးစုံတို့ ရှိနေကြသည်။





အလင်းရောင်နှင့် သဘာဝရေမြေကောင်းလှသောကြောင့် သစ်ခွပန်းပင်တို့မှာ စိမ်းလန်းစိုပြည်ကာ အဖူးအပွင့်များစွာတို့လည်း လှပစွာဖူးပွင့်နေကြသည်။

နီမောင်တို့ သုံးယောက်မှ တောတောင်နေရာအနှံ့သို့ ရောက်ဖူးကြပြီး သစ်ခွပန်းမျိုးစုံတို့ကို တွေ့ဖူးမြင်ဖူးကြသည်။

သို့သော် တစ်နေရာတည်းမှာ ထိုမျှလောက် အမျိုးအမည် စုံလှပြီး လှပသောသစ်ခွပန်းများကိုတော့ တစ်ကြိမ်တစ်ခါမှပင် မတွေ့ခဲ့ဖူးသေးပေ။

သူတို့စိတ်ထဲမှာ ထိုနေရာသည် သစ်ခွသိုက်တစ်ခုဖြစ်နေသောကြောင့် သစ်ခွနက်ကို တွေ့ရလိမ့်မည်ဟု ထင်ထားကြသည်။

မဟာရာက သူတို့ကို စမ်းချောင်းထဲမှ ဖြတ်ပေါ်သွားသည်။ ဒူးဆစ်လောက်သာနက်သော စမ်းချောင်းရေမှာ ရေခဲရေတမျှ အေးလှသည်။

ချောင်းထဲရောက်တော့မှ ရောင်စုံကျောက်တုံးကျောက်ခဲများနှင့် အဝါရောင်သမ်းနေသော ကျောက်တုံးအချို့ကို တွေ့ကြရသည်။

"ဒီချောင်းထဲမှာ တန်ဖိုးရှိတဲ့ ကျောက်ခဲတွေနဲ့ ရွှေတုံးတွေရှိပါတယ် . . ."

ရှေ့မှ လျှောက်သွားရင်း မဟာရာက ပြောပြသည်။

ထိုအခါမှ အဝါရောင်နှင့် နီညိုရောင်သမ်းနေသော ကျောက်တုံးများမှာ ရွှေတုံးများဖြစ်နိုင်သည်ဟု ခန့်မှန်းမိကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သစ်ခွနက်က ဒီနေရာမှာ ရှိတာလား"

"မဟုတ်ဘူး ရှေ့နားကိုသွားကြရဦးမယ်. ."

"ဒါထက် ဒီနေရာမှာ စွတ်ကြောင်းကြီးဖြစ်နေတာ ဘာကြောင့်လဲ"

"ဟိုရောက်တော့ တွေ့ရမှာပေါ့"

ဟုပြောသဖြင့် နီမောင်လည်း ထပ်မမေးတော့ပေ. . ။

ထိုနေရာမှ လွန်သောအခါ အနည်းငယ်မြင့်သော နေရာတစ်ခုမှ ဖြတ်သွားကြရသည်။

တစ်နေရာ ရောက်တော့ အပုပ်နံ့၊ အညှီနံ့များ ရလာသည်။ စောစောက သစ်ခွပန်းခိုင်များမြင်ရစဉ်က စိတ်ချမ်းသာသလောက် အပုပ်နံ့များရလာသောအခါ စိတ်ထဲမှနောက်ကျိလာလေသည်။

တဖြည်းဖြည်းနှင့် လျှောက်သွားရာ တစ်နေရာရောက်သောအခါ တွင်းနက်ကြီး တစ်ခုဆီသို့ ရောက်သွားကြလေသည်။

ထိုနေရာနှင့် မနီးမဝေးရောက်တော့ မဟူရာကရပ်လိုက်သည်။ အပုပ်နံ့များက ထိုတွင်းနက်ကြီးရှိရာမှ လာနေခြင်းဖြစ်သည်။

"အစ်ကိုတို့တွေ့ချင်တဲ့ သစ်ခွနက်ဆိုတာ. . ဟိုဘက် ကျောက်နံရံရဲ့ အပေါ်ဆင့်မှာပေါက်နေတဲ့ ပန်းပါပဲ"

သစ်ခွနက်ပေါ်နေသောနေရာမှာ တွင်းနက်ကြီးရှိသောနေရာ၏ တစ်ဖက်၌ဖြစ်လေသည်။





သစ်ခွနက်ကို အလိုရှိပါက တွင်းနက်ကြီးပေါ်မှ တံတားထိုးပြီး ဖြတ်သွားမှရောက်နိုင်လေသည်။

အခြားနည်းနှင့် မရောက်နိုင်ပေ။

တွင်းနက်ကြီးမှာ ဆယ်လံခန့်ကျယ်ဝန်းသောကြောင့် သူတို့ရောက်နေသည့်နေရာမှ လှမ်းကြည့်လျှင် သစ်ခွနက်ပွင့်နေသောနေရာကို ကောင်းစွာလှမ်းမြင်နိုင်ကြသည်။

ထိုနေရာသို့ အလင်းအချို့ကျရောက်နေသောကြောင့်လည်း ထင်ထင်ရှားရှားမြင်နိုင်သည်။

ကျောက်နံရံတစ်နေရာမှာ ကျောက်ဖျာချပ်ကဲ့သို့ အစွန်းထွက်နေသည့်နေရာများရှိသည်။

သစ်ခွနက်က ထိုကျောက်ဖျာချပ်တစ်ခုပေါ်မှာ ပွင့်နေခြင်းဖြစ်သည်။

မြေစိုက်သစ်ခွအမျိုးအစားဖြစ်သောကြောင့် ကျောက်ဖျာပေါ်မှာ အပင်ရှိနေသည်။

အပင်မှ အရွက်များ အလယ်နေရာလောက်တွင် ရှည်လျားသော အရိုးတံကရှိနေပြီး ထိုအရိုးတံထိပ်ပေါ်မှာ ပန်းပွင့်က ရှိနေသည်။

အရိုးတန်ကပန်းရောင်သမ်းနေပြီး ပန်းပွင့်ပုံသဏ္ဌာန်က ဆန်းလှသည်။

ဘေးနှစ်ဘက်သို့ ပွင့်ချပ်နှစ်ချပ် ကားထွက်နေပြီး အောက်နှင့်အပေါ်ဘက်မှာ အပြားပိုကြီးသော ပွင့်ချပ်နှစ်ချပ်တို့က ကာရံထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝေးမှလှမ်းကြည့်ရသဖြင့် သဲသဲကွဲကွဲမရှိသော်လည်း အစိမ်းရောင်၊ ပန်းရောင်၊ အဝါရောင်တို့ကတော့ အခြားအရောင်များထက် ပိုမို၍ ထင်ရှားပေါ်လွင်လျက်ရှိလေသည်။

ထို့ပြင် အစင်းကြောင်းများနှင့် အပြောက်အစက်တို့ကိုလည်း လှမ်းမြင်နေရသည်။

အလယ်၌ တွင်းနက်ကြီးတစ်ခုသာခြားနေပြီး ဟိုဘက်မှာရှိသော ကျောက်နံရံပေါ်မှာ သူတို့တွေ့ချင်လှသော ပန်းပွင့်ကိုတွေ့နေပြီဖြစ်၏။

ထိုပန်းပွင့်မှာ ကမ္ဘာတွင် အလွန်ရှားပါးပြီး မြန်မာနိုင်ငံ၌တွေ့ရသည့် မဋ္ဋုသကနတ်ပန်း၊ အာသာဝတီနတ်ပန်းဟု တင်စားခေါ်ဝေါ်ကြသော သစ်ခွနက်ပင်ဖြစ်စေတော့သည်။

"သိပ်ပြီးအံ့ဩဖို့ကောင်းတာပဲ တစ်သက်လုံးတောထဲတောင်ထဲမှာ သွားလာနေတာ ဒီတစ်ခါမှပဲ သစ်ခွနက်ပန်းကိုတွေ့ဖူးမြင်ဖူးတော့တယ်၊ အခုလိုလိုက်ပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

မဟူရာကပြုံးပြီး ခေါင်းတစ်ချက်ညိတ်ပြသည်။

"တခြားနေရာတွေမှာ ဘယ်ရှာလို့တွေ့ပါ့မလဲ သစ်ခွနက်က ဒီတစ်နေရာမှာပဲရှိတာကိုး၊ ဒါတောင် ဒီနေရာမှာ အမြဲရှိနေတာမဟုတ်ဘူး၊ သုံးနှစ်တစ်ခါလောက် နေရာရွှေ့သွားတတ်သေးတယ် တစ်ခါတလေပျောက်သွားပြီး သုံးနှစ်လောက်ကြာမှ မူလတွေ့တဲ့နေရာမှာ ပြန်ရောက်နေတာမျိုးတွေလည်းရှိတယ်"

"ဒီသစ်ခွနက်ကို ယူလို့မရဘူးလားဟင်"





ငမဲအောင်က မေးလိုက်သည်။

"သစ်ခွပန်းကို လိုချင်ရင်တော့ ဒီတွင်းနက်ကြီးကို ကျော်ရမှာပေါ့၊ ဒီတွင်းပေါ်က ကျော်မယ်ဆိုရင်တော့ ကိုယ့်သေတွင်း ကိုယ်တူးသလိုဖြစ်မှာပေါ့"

"တွင်းထဲမှာ ဘာရှိသလဲဟင်"

"ကျွန်မပြပါ့မယ်၊ ဒါပေမယ့် ဒီနေရာက အမြန်ပြေးနိုင်ဖို့လည်း ပြင်ထားကြပါ"

"ဟင်"

ထိုသို့ပြောပြီး ကျောက်တုံးတစ်တုံးကိုကောက်ယူပြီး တွင်းထဲသို့ ပစ်ချလိုက်သည်။

"ရှီး . . ရှီး . . "

ဟု အသံတစ်ချက်ကြားလိုက်ရပြီးနောက် တွင်းပေါ်သို့ ဦးခေါင်းကြီးတစ်လုံး ထိုးတက်လာလေသည်။

အခြားတော့မဟုတ်ပေ။

ခွဲတောင်းတစ်လုံးစာခန့်ကြီးမားသော မြွေကြီးတစ်ကောင်၏ ဦးခေါင်းပင်ဖြစ်ပေတော့သည်။

ဦးခေါင်းထွက်လာသောမြွေကြီးက သူတို့ရပ်နေသောနေရာဘက်သို့ ခေါင်းလှည့်လာသည်။

တွင်းနက်ကြီးထဲမှ ဦးခေါင်းထွက်လာပုံထောက်တော့ အောက်ဘက်မှာ ကျန်နေပေလိမ့်ဦးမည်။

သို့ဆိုပါက အလုံးအရွယ်အစားဘယ်လောက် ကြီးပြီး အလျားဘယ်လောက်ရှည်မည်ကို မသိနိုင်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးက တွင်းနှုတ်ခမ်းပေါ်သို့ ခေါင်းတင်ပြီး တဖြည်းဖြည်းအပေါ်သို့ တက်လာသည်။

“သူ ကျွန်မတို့ကိုမြင်သွားပြီ၊ မြင်ရင်နေမှာမဟုတ်ဘူး နောက်ကလိုက်လာတော့မယ်၊ ဒီနေရာသွားကြစို့”

ဟု ပြောဆိုကာ ထိုနေရာမှ ခပ်သုတ်သုတ် ပြန်ထွက်ခဲ့ကြလေသည်။

ထိုသို့ထွက်လာပြီး အနည်းငယ်ဝေးသောနေရာရောက်မှ နောက်သို့ပြန်လှည့်ကြည့်လိုက်သောအခါ မြွေကြီးက တွင်းပေါ်ရောက်လာပြီး သူတို့နောက်သို့ လိုက်လာနေပြီ၊ မြွေကအကောင် အရွယ်အစားကြီးမားသလောက် ရွေ့လျားမှုက အတော်ကလေး မြန်သည်။

“မြွေကြီးတွင်းပေါ်ရောက်ပြီး လိုက်လာနေပြီ လုပ်ကြပါဦး”

ဂမဲအောင်က ကြောက်လန့်တကြား အော်လိုက်သည်။

“သိပ်မကြောက်ကြပါနဲ့၊ ဒီအတိုင်းပြေးရင်တော့ သူ့လက်ကမလွတ်နိုင်ဘူး၊ သူမလိုက်နိုင်တဲ့နေရာကပြေးမှ လွတ်မယ်၊ ကျွန်မနောက်ကသာ လိုက်ခဲ့ကြပါ”

ဟု ပြောပြီး တစ်နေရာသို့ ခေါ်သွားလေသည်။

ဂူပေါက်ဝတစ်ခုရှေ့သို့ရောက်သောအခါ ရပ်လိုက်သည်။ ဂူပေါက်ဝမှာ သာမန်မဟုတ်ပဲ ပင့်ကူမျှင်များဖြင့်ပိတ်နေသော ဂူပေါက်ဝပင်ဖြစ်သည်။

သူတို့ရောက်သွားတော့ လူသံကြားသဖြင့် အပေါ်မှ ပင့်





ကူနက်ကြီးများ ဆင်းလာကြသည်။

ပင့်ကူနက်များမှာ အကောင်အကြီးအသေး အရွယ်အစားစုံလှပြီး များပြားလှရာ ခဏချင်းမှာပင် ဂူပေါက်ဝတစ်ခုလုံး မည်းမည်းလှုပ်သွားတော့သည်။

ထိုအချိန်မှာပင် နောက်မှလိုက်လာသောမြွေကြီးကလည်း နီးလာချေပြီ။

နှာမှုတ်သံနှင့် ဝမ်းဗိုက်ပွတ်တိုက်လာသောအသံတို့ကိုပင် ကြားနေရပြီ။

သူတို့ရောက်နေသော နေရာရှေ့မှာပင် ပင့်ကူနက်များရှိနေသော ဂူပေါက်တစ်ပေါက်မှလွဲပြီး အခြားဝင်ပြေးစရာ ဂူပေါက်ကလည်း မရှိတော့ပေ။

ယခုမှ အခက်ကြုံရလေပြီ၊

ရှေ့တိုးတော့လည်း အဆိပ်ပြင်းသော ပင့်ကူနက်များရှိနေပြီး နောက်ပြန်ဆုတ်တော့လည်း လိုက်လာသောမြွေကြီးနှင့် တွေ့ရုံသာရှိတော့သည်။

ထိုအခိုက်မှာပင် မဟူရာကစူးရှသောအသံဖြင့် အချက်ပေးလိုက်သည်။

ထိုအသံကြားတော့ လှုပ်လှုပ်ရွရွဖြစ်နေကြသည့် ပင့်ကူနက်များ တဖြည်းဖြည်းငြိမ်သွားသည်။

နောက်တစ်ကြိမ်အသံပေးလိုက်သောအခါ တကျိုကျိုကျကျအသံများဖြင့် မူလဆင်းလာသောနေရာများသို့ ပြန်တက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ အထဲကိုဝင်ကြမယ်"

ဟုပြောပြီး မဟာရာကပိတ်နေသော ပိုးချည်မျှင် ပင့်ကူမျှင်တို့ကို တိုးပြီး အတွင်းသို့ဝင်သွားလေရာနီမောင်တို့လည်း နောက်မှ ဝင်လိုက်သွားလေသည်။

ဂူထဲရောက်သွားကြသည်အထိ နောက်မှမြွေကြီးထပ်လိုက်လာမည်ကို စိုးရိမ်နေကြသေးသည်။

ထိုအခြေအနေကို ရိပ်မိသဖြင့် မဟာရာကပြောသည်။

"ဒီဂူထဲရောက်မှတော့ ဘာမှမစိုးရိမ်ကြပါနဲ့တော့၊ ဘေးအန္တရာယ်လည်း ကင်းသွားပါပြီ ဒီဂူထဲကိုမြွေလည်း ဝင်လိုက်မလာဝံ့ပါဘူး၊ သူဝင်လာတာနဲ့ ပင့်ကူနက်တွေနဲ့ တွေ့ပြီးသေမှာပဲ"

ဟု ပြောတော့မှ စိတ်ချလက်ချဖြစ်သွားကြသည်။

မြွေသည် အဆိပ်ဘယ်လောက်ပြင်းပြင်း၊ အကောင်ဘယ်လောက်ကြီးကြီး ပင့်ကူကိုကြောက်ရွံ့ကြပေရာ ပင့်ကူရှိသောဂူထဲ မဝင်ဝံ့သောကြောင့် နောက်မှလိုက်လာသော မြွေကြီးလည်း နောက်ကြောင်းပြန်လှည့်သွားလေတော့သည်။

ထိုအခါမှ ရှေ့သို့ဆက်ဝင်ခဲ့ကြရာ အတွင်းတစ်နေရာသို့ ရောက်သောအခါ မမျှော်လင့်သော မြင်ကွင်းကို တွေ့မြင်လိုက်ကြရလေသည်။





# ( အခန်း ၁၁ )

# ထူးဆန်းသော ပင့်ကူနက်အမြုတေကျောက်

သူတို့မြင်လိုက်ရသော မြင်ကွင်းကတော့ အခြားတော့ မဟုတ်ပါချေ။

ကျယ်ဝန်းလှသော ဂူထဲမှာ သွားလာလှုပ်ရှားနေကြသောလူများကို တွေ့မြင်ကြရခြင်းဖြစ်သည်၊

ထိုလူများမှာ လေးငါးဆယ်ခန့်ရှိပြီး ရှမ်းတိုင်းရင်းသားတို့ ဝတ်ဆင်သော အဝတ်အစားတို့ကို ဝတ်ဆင်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကျယ်ဝန်းလှပြီး အလင်းရောင်နှင့် လေကောင်းလေသန့်များရသော ဂူကြီးအတွင်းမှာ ကျောက်နံရံများ လိုဏ်ခေါင်းများအတွင်းမှာ နေအိမ်များသဖွယ် ပြုလုပ်ကာ နေထိုင်ကြခြင်းဖြစ်သည်။

ထိုနေရာနှင့် မနီးမဝေးနေရာတွင် စမ်းချောင်းတစ်ခု စီးဆင်းနေရာ. . ထိုစမ်းချောင်းမှာ လမ်း၌တွေ့ခဲ့ရသော စမ်းချောင်းပင်ဖြစ်ပေလိမ့်မည်။

စမ်းချောင်းစီးဆင်းရာ ကမ်းစပ်တစ်လျှောက်တွင် အသီးအနှံပင်များ စိုက်ပျိုးထားကြသည်။

မုံညှင်း၊ မုံလာ၊ ကြက်သွန်၊ ဂေါ်ဖီ၊ ပန်းဂေါ်ဖီ စသော စိုက်ခင်းများအပြင် အခြားအသီးအနှံပင်များလည်း တွေ့ရသည်။

ဗူးသီး၊ ဖရုံသီး၊ သခွားသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုတ်သီးပင်များလည်းရှိသည်။

စိုက်ခင်းများမှာ ချောင်းကမ်းပါးတစ်လျှောက် တမျှော် တခေါ် မြင်နေရသည်။

မဟူရာက နီမောင်တို့သုံးယောက်ကို တစ်နေရာသို့ ခေါ်သွားလေသည်။

သူတို့ကို မြင်တော့ဂူထဲမှာရှိနေကြသူများက အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြလေသည်။

နှစ်ပေါင်းအတော်ကြာသည်အထိ ပြင်ပမှလူများနှင့် မတွေ့ကြရပဲရှိရာမှ ယခုထူးထူးခြားခြားရောက်လာသော ဧည့်သည်များကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြခြင်းဖြစ်ပေ





သည်။

မဟူရာခေါ်သွားသောနေရာမှာ အစွန်ဘက်မှာရှိသော ကျောက်လိုဏ်ခေါင်းတစ်ခုအတွင်းသို့ဖြစ်သည်။

ထိုဂူထဲမှာတော့ အသက်(၆၀)ကျော်ခန့်ရှိသော ရှမ်းအဘိုးအိုတစ်ဦး ရှိနေလေသည်။

သူကလက်ဖက်ရည်သောက်နေရင်းမှ နီမောင်တို့သုံးယောက်ကို အကဲခတ်ကြည့်နေသည်။

ပြီးမှ မျက်စိမှိတ်ထားပြီး အတော်ကြာအောင် ငြိမ်နေသည်။ အချိန်အတော်ကြာအောင် ငြိမ်နေပြီးမှ မျက်စိပြန်ဖွင့်ကြည့်သည်။

"ရောက်လာတဲ့အချိန်နဲ့၊ သူတို့ရဲ့အတွင်း အရှုပ်အရှင်းကိုတော့ ငါတို့ကို ဒုက္ခပေးမယ့်သူတွေ မဟုတ်ကြဘူး၊ နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်းမှာ ပထမဆုံးရောက်လာတဲ့ ဧည့်သည်တွေကို မဟူရာလိုက်ဂူက ကြိုဆိုပါတယ်ဗျာ၊ လာကြပါ"

ဟု ဖိတ်ခေါ်လေသည်။

ထိုအခါမှ သူတို့ကို ခေါ်လာသော မဟူရာလည်း စိတ်သက်သာရာရသွားဟန်ဖြင့် နေရာထိုင်ခင်းပေးလေသည်။

"အစ်ကိုတို့ ထိုင်ကြပါ၊ အမောပြေ လက်ဖက်ရည်သောက်ကြပါဦး၊ ဒါက ကျွန်မရဲ့အဘိုး ဦးခွန်ဇာလို့ ခေါ်ပါတယ် ရှင်"

ဟု မိတ်ဆက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့ကလည်း ၎င်းတို့အမည်များကို ပြောပြလိုက်ကြသည်။

ဦးခွန်ဇာက လက်ဖက်ရည်များငှဲ့ပေးသဖြင့် သောက်နေကြစဉ် မဟူရာက သူတို့အကြောင်းများကို ပြောပြလိုက်သည်။

"တကယ်တော့ မင်းတို့ကို မြင်ကတည်းက ဆင်းရဲမယ့် စိတ်ထားဖြူစင်ရိုးသားကြတယ်ဆိုတာ အကဲခတ်ကြည့်ရပါတယ်၊ မင်းတို့ရောက်လာသောအချိန်မှာ ငါက အရသာသောလက်ဖက်ရည်ကိုသောက်နေသောအချိန် ဖြစ်တာကြောင့် ကောင်းသောရောက်လာခြင်း ဖြစ်တယ်လို့ အတိတ်နိမိတ်ကောက်လို့ရပါတယ်"

(လူတစ်ယောက်ကို ကြည့်ရုံ၊ အတိတ်နိမိတ်ကိုကြည့်ပြီး အကြောင်းအရာကို မှန်ကန်အောင်ပြောဆိုနိုင်ပုံများကို နောက်ရေးသားမည့် စာအုပ်များတွင် အလျင်းသင့်သလို ထည့်သွင်းရေးသားပါမည်။)

နီမောင်က လက်ဖက်ရည်သောက်ရင်းနှင့် နားထောင်နေသည်။

"မောင်ရင်တို့သုံးယောက် မဟူရာတောင်ကို ဘယ်လိုအကြောင်းကြောင့်ရောက်လာကြတယ်ဆိုတာကိုလည်း ပြောပြကြပါဦး"

"ကျွန်တော်တို့က ပျားရည်နဲ့သစ်ခွပန်း ရှာဖွေရောင်းပြီး အသက်မွေးကြပါတယ်၊ တစ်နေ့တော့နမ့်ခမ်းစော်ဘွားကြီး





ခေါ်ပြီး သစ်ခွနက်ရှာဖွေခိုင်းလို့ ဒီတောင်မှာရှိတယ် သတင်းကြားမိတာနဲ့ လာရှာကြတာပါ အဘ"

"သူတို့က ဘယ်လို ရည်ရွယ်ချက်နဲ့ သစ်ခွနက်ရှာဖွေခိုင်းတယ်ဆိုတာရော သိကြရဲ့လား"

"မသိပါဘူး"

"သစ်ခွနက်ရှာခိုင်းတယ်ဆိုတာ သစ်ခွနက်လိုချင်လို့မဟုတ်ပါဘူး၊ ငါတို့ဘယ်နေရာမှာ ရှိတယ်ဆိုတာ သိချင်လို့ဥပါယ်တံမျဉ်နဲ့ စုံးစမ်းခိုင်းလိုက်တာပါ၊

ဘာကြောင့်လည်းဆိုတော့ သစ်ခွနက်ရှိတဲ့ နေရာတစ်ဒေါက်မှာ ငါတို့ရှိနေတယ်ဆိုတာကို တစ်နည်းနည်းနဲ့ သူတို့သိသွားကြလို့သာ ဖြစ်မှာပါ"

"ဒါထက် အဘတို့က ဘယ်သူတွေပါလဲ"

"နမ့်ခမ်းရဲ့ ပထမစော်ဘွားကြီး စပ်ခွန်နန်းရဲ့ အဆက်အနွယ်တွေပါပဲ"

"ဟင်"

ထိုစကားကြားသောအခါ များစွာအံ့ဩသွားကြလေသည်။

ဦးခွန်ဇာက ထိုအကြောင်းများကို ပြောပြလေသည်။

"နေပြည်တော်မှ အရှင်နှစ်ပါး ပါတော်မူပြီး မြန်မာနိုင်ငံတစ်ခုလုံး အင်္ဂလိပ်လက်အောက် ရောက်ခဲ့ပေမယ့် နမ့်ခမ်းစော်ဘွားကြီးက အညံ့မခံခဲ့ဘူး၊ ရှိသမျှအင်အားနဲ့ နယ်ချဲ့တွေကို တော်လှန်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒါပေမယ့် စပ်ကြာမှုံလို အသားထဲကလောက်ထွက်ကြ သူတွေကသစ္စာဖောက်ကြတော့ ကြာရှည်မခံနိုင်တော့တာနဲ့ ဘက်နယ်ကို တိမ်းရှောင်ခဲ့ကြရတယ်"

"စပ်ကြာမှုံဆိုတာ"

"စပ်ကြာမှုံဆိုတာ အခုနမ့်ခမ်းစော်ဘွားလုပ်နေတဲ့ သူ ပေါ့၊ မင်းတို့ကို သစ်ခွနက်ရှာခိုင်းခဲ့တာလေ"

"အခု သူက အင်္ဂလိပ်တွေရဲ့ ယုံကြည်အားကိုးခြင်းခံရ တဲ့ နမ့်ခမ်းစော်ဘွားဖြစ်နေမှုပဲ၊ အဘတို့ကို ဘာကြောင့် ဒုက္ခ ပေးချင်နေရတာလဲ"

"သူက စော်ဘွားဖြစ်တယ်ဆိုပေမယ့် အင်္ဂါရပ်မစုံဘူး အင်္ဂလိပ်တွေနဲ့ အဆင်ပြေအောင်ဆက်ဆံတတ်လို့ နမ့်ခမ်းစော် ဘွားဖြစ်လာရပေမယ့် နယ်သူနယ်သားတွေက သူ့ကိုသဘော မကျကြဘူး၊ သူ့ကိုသဘောမကျတဲ့အကြောင်းတွေထဲမှာ ရှင် ဘုရင်ချီးမြှင့်ပေးထားတဲ့ ဓေယျသင်္ခမ်းမရှိတဲ့ အကြောင်းတစ် ချက်လည်း ပါတယ် ဒါကြောင့် စော်ဘွားလုပ်နေပေမယ့် စော် ဘွားအင်္ဂါရပ်နဲ့ မညီညွတ်တော့ ဒီဓားကိုရအောင် သူကြိုးစားနေ တာ"

ထိုအခါမှ နီမောင်တို့မှာ သဘောပေါက်လာကြလေ သည်။

"ဒါဖြင့် ပထမစော်ဘွားကြီးက ရှိပါသေးသလား"

"မရှိတော့ပါဘူး၊ ကံတော်ကုန်ရှာပါပြီ၊ ဒီဂူထဲရောက်





တော့မှ ငှက်ဖျားရောဂါကြောင့် ကွယ်လွန်ခဲ့ရတာပါ၊ သူ့ရဲ့သမီး တော်နဲ့ လက်သုံးတော် ဓေယျသင်္ခမ်းပဲ ကျန်ခဲ့ပါတော့တယ်"

"သမီးတော်ဆိုတာ ဘယ်သူလဲ"

"မင်းတို့ ခေါ်လာတဲ့သူပေါ့၊ သူ့နာမည်က စောမြနွယ် ဖြစ်ပါတယ်"

ထိုအခါမှပင် သူတို့ကို ခေါ်လာသောမိန်းကလေးမှာ စော်ဘွားကြီး၏ သမီးတော်ဖြစ်မှန်း သိကြရလေတော့သည်။

"ကျွန်တော်တို့ မသိလို့ ပြောမိဆိုမိတာ ခွင့်လွှတ်ပေးပါ သခင်မလေး"

"အစ်ကိုကလည်း ကျွန်မကို သခင်မလေးလို့ မခေါ်ပါနဲ့ တော့၊ မဟူရာလို့ပဲခေါ်ပါ တော်ကြာတခြားလူတွေသိသွားလို့ ဖုံးထားတာတွေ ပေါ်ကုန်ပါဦးမယ်"

ဟုပြောပြီး ပြုံးနေလေသည်။

"ဒါဖြင့် စော်ဘွားကြီးရဲ့ ဓေယျသင်္ခမ်းကတော့ ရှိသေး တာပေါ့နော်"

"ရှိပါတယ် မောင်ရင်တို့ကို ပြပါ့မယ်၊ အခုလို ငါတို့အ ကြောင်းတွေကို သိရရုံမကပဲ ငါတို့နေတဲ့နေရာကိုပါ သိခဲ့ကြပြီ ဆိုတော့. . . ဘယ်လို ဆုံးဖြတ်ကြမလဲ"

ဟု ပွင့်ပွင့်လင်းလင်းမေးလေသည်။

နီမောင်ကသက်ပြင်းတစ်ချက်ချလိုက်ပြီး စိတ်ထဲမှာရှိ သည်အတိုင်း ပြောပြလိုက်လေသည်။

"ကျွန်တော်တို့က ဆင်းရဲပေမယ့် သစ္စာမဲ့သူတွေတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ ကိုယ့်ရဲ့အသက်သခင်အပေါ်မှာလည်း ကျေးစွတ်တဲ့အလုပ်မျိုး မလုပ်ဝံ့ကြပါဘူး၊ ဒါကြောင့် သစ်ခွနက်ရှိတဲ့ နေရာကိုရော ဒီနေရာကအကြောင်းတွေကိုရော ဘယ်သူ့ကိုမှ မပြောတော့ပါဘူးလို့ ဆုံးဖြတ်လိုက်ပါပြီ၊ ဒီကအကြောင်းတွေကို ဘယ်သူ့ကိုမှမပြောတဲ့အပြင် တခြားသူတွေမသိအောင်လည်း စောင့်ထိန်းပါ့မယ်လို့ ကတိပေးပါတယ်"

"သာဓုကွယ်။ ။ သာဓု။ ။ သာဓု၊ ဒီစကားကြားရတာဝမ်းသာပါတယ်၊ ဒါပေမယ့် ဒီနေရာက ဘယ်သူမှ မသိအောင်လျှို့ဝှက်ထားတဲ့နေရာဖြစ်လို့ မင်းတို့သုံးယောက်စလုံးတော့ သစ္စာရေသောက်ကြရမယ်"

"ဟုတ်ကဲ့ သောက်ပါ့မယ်"

"မင်းတို့ မြင်ချင်တွေ့ချင်တဲ့ ဇေယျသခ်ဓားကိုလည်း မြင်ဖူးရလေအောင် ငါနောက်ကလိုက်ခဲ့ကြပါ"

ဟု ပြောပြီးဂူ အတွင်းသို့ ခေါ်သွားလေသည်။

သူတို့နှင့်အတူ မဟူရာအမည်ခံထားသော စောမြနွယ်လည်း နောက်မှလိုက်လာလေသည်။

ဂူအတွင်းပိုင်း တစ်နေရာမှာတော့ ကျောက်ကလပ်တစ်ခုပေါ်မှာ စင်ဖြင့်တင်ထားသော ဓားတစ်လက်ကို တွေ့ကြရသည်။

သီပေါဘုရင်မင်းမြတ်က နမ့်ခမ်းစော်ဘွားကြီး စပ်ခွန်ပန်းကို ချီးမြှင့်ပေးသနားမှုခဲ့သော ဇေယျသခ်ဓားပင်ဖြစ်ပေတော့သည်။





ထိုဓားတင်ထားသော အောက်ဘက်တစ်နေရာမှာတော့ ကျောက်တလားတစ်လုံးလည်း ရှိလေသည်။

ဦးခွန်ဇာကအနီးသို့သွားပြီး ကျောက်တလားအဖုံးကိုဖွင့်ပြသောအခါ စော်ဘွားကြီးတစ်ဦး ဝတ်ဆင်အသုံးပြုခဲ့သောအဝတ်အစား၊ အသုံးအဆောင်အပြည့်အစုံဖြင့် အရိုးကျနေပြီဖြစ်သောအလောင်းတစ်လောင်းကို တွေ့ရလေသည်။

"ဒါစော်ဘွားကြီး စပ်ခွန်ပန်းရဲ့အလောင်းပါပဲ"

နီမောင်တို့က စိတ်မကောင်းသောအမူအရာဖြင့် အရိုအသေပေးလိုက်ကြသည်။

ပြီးမှ ခေါင်းတလားအဖုံးကို ပြန်ပိတ်လိုက်သည်။

ထိုနေရာ၏အရှေ့ဘက်မှာတော့ ကျောက်ခွက်တစ်လုံးဖြင့် နီညိုရောင်အရည်များ ထည့်ထားသည်ကို တွေ့မြင်ရသည်။

ဦးခွန်ဇာက ငွေခွက်ဖြင့် ထိုအရည်များကိုခပ်ယူပြီး နီမောင်တို့သုံးယောက်တို့အား တစ်ယောက်တစ်ခွက်စီတိုက်ပြီးနောက် သစ္စာဆိုကြရလေသည်။

ထိုကိစ္စပြီးတော့မှသူတို့ကို ကျောက်ဂူအတွင်းသို့ပြန်ခေါ်လာပြီးနောက် အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံလေသည်။

နီမောင်တို့လည်းခရီးလမ်းတစ်လျှောက်လုံး ပင်ပန်းလာကြသောကြောင့် ၎င်းတို့ကျွေးမွေးသော အစားအသောက်တို့ကိုမြိန်ရှက်စွာစားသောက်ကြသည်။

ပန်းဂေါ်ဖီ၊ မုန်လာဥ၊ ကြက်သွန်ဖြင့်ချက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဟင်းများ၊ ဆန်ဖြင့်ပြုလုပ်ထားသောမုန့်များ၊ ပျားရည်၊ ကျောက်သွေးရည်ဝင်းမှည့်နေသော အသီးအနှံများကို စားသောက်ရသည်မှာ များစွာအရသာရှိလေသည်။

ငှင်းတို့စားသောက်ကြသော အစားအသောက်များမှာ အသားငါးမပါသော အသီးအရွက်ဖြင့် စီမံချက်ပြုတ်ထားသည့် အစားအသောက်များချည်းဖြစ်သည်။

စားသောက်ပြီးသောအခါ ညဦးပိုင်းအချိန်ရောက်လာဟန်ဖြင့် ဂူအတွင်းမှာမှောင်လာသည်။

ထိုအခါကညင်ဆီ၊ ထင်းရှူးဆီတို့ဖြင့်ပြုလုပ်ထားသောမီးတိုင်များ၊ ဆီမီးခွက်များကို ထွန်းကြရာအလင်းရောင်ရသည့်အပြင် မွှေးကြိုင်သင်းပျံ့သောရနံ့များပါ ရကြလေသည်။

ထိုအချိန်ရောက်တော့ ဦးခွန်ဇာကဘုရားခန်းမှာ ဘုရားရှိခိုးနေပြီး၊ စောထီးနှင့်ငမဲအောင်တို့ကတော့ လမ်းတစ်လျှောက်လုံး ပင်ပန်းလာကြသဖြင့် အိပ်စက်အနားယူရန်ပြင်နေကြပြီ. . ။

အချို့နေရာများမှာ မီးပုံကြီးများဖိုထားသဖြင့် ထိုနေရာမှ အလင်းရောင်သာမက အပူငွေ့များလည်းရနေလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ မဟူရာက နီမောင်ကိုလာခေါ်လေသည်။

"အစ်ကို ဟိုဘက်မှာလရောင်ရတဲ့နေရာတစ်ခုရှိတယ်၊ ဂမုန်းပန်းတွေလည်း အများကြီးရှိတယ်၊ အဲဒီဘက်ကို ခဏသွားကြရအောင်"

ဟု ခေါ်သဖြင့် နီမောင်လည်းလိုက်သွားလေသည်။





သူတို့နေသော ဂူရှိရာမှအတွင်းဘက်သို့ လျှောက်သွားရာ အတန်ကြာတော့ အပေါ်သို့တက်သွားသော ကျောက်လှေကားထစ်များတွေ့ရသဖြင့် ထိုလှေကားထစ်များမှ အပေါ်သို့တက်သွားကြလေသည်။

ကျောက်လှေကားထစ်များမှာ သဘာဝအတိုင်းဖြစ်ပေါ်နေခြင်းမျိုးမဟုတ်ပဲ လူတို့စီမံပြုလုပ်ထားဟန်ဖြင့် စနစ်တကျရှိလေသည်။ တစ်ဆစ်ချိုးကွေ့တက်ရသော ကျောက်လှေကားထစ်တို့ကို ကျော်ဖြတ်တက်သွားကြရာ နောက်ဆုံးတော့ အပြင်ဘက်သို့ ရောက်သွားကြသည်။

ဂူပေါက်အပြင်ဘက်တွင် နှင်းများကျနေသည်။

လရောင်ကနှင်းများကို ထိုးဖောက်ပြီးမြေပေါ်သို့ကျနေလေသည်။

ဂူပေါက်အပြင်ဘက်မှာတော့ ကျောက်တောင်နံရံမှအပြင်ဘက်သို့ ထိုးထွက်နေသော ကျောက်ဖျာချပ်ကြီးများရှိကြသည်။

အချို့မှာသာမန်သာရှိသော်လည်း အချို့ကတော့ကျယ်ပြန့်လှသည်။

ယခုရောက်နေသောနေရာမှာ မဟူရာတောင်ခါးပန်းထကဝက်လောက်မှာဖြစ်သောကြောင့် ပေပေါင်း(၃၀၀၀)ကျော်ခန့်မြင့်ပေလိမ့်မည်။

ကျောက်ဖျာစွန်းပေါ်မှ အောက်သို့ငုံ့ကြည့်ပါက [illegible]ပါးသောမြင်ကွင်းများကြားမှာ သစ်ပင်များနှင့်သဘာဝရှုခင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုးတဝါးမြင်ရသည်။

ဟိုးအဝေးမှာတော့ လရောင်အချို့စွန်းထင်နေသည့် တောင်စဉ်တောင်တန်းအချို့ကိုလည်း မြင်နေရသည်။

နှစ်ယောက်သားအပြင်ထွက်ပြီး ကျောက်ဖျာပေါ် တက်လာသောအခါ နှင်းများ၏ထွေးပွေ့မှုကြောင့် အေးစိမ့်သွားလေသည်။

ထို့ပြင်လေနှင့်အတူပါလာသော သင်းပျံ့သောရနံ့များကိုလည်းရလေသည်။

လရောင်နှင့်နှင်းမှုံနှင်းစက်များ၏ ထွေးပွေ့ခြင်းခံလိုက်ရသောအခါ လန်းဆန်းသွားလေသည်။

"ဒီနေရာလေးက အတော်သာယာတာပဲ"

"ဟုတ်တယ် ကျွန်မကတော့ ဂူထဲမှာအနေကြာလို့ မွန်းကျပ်လာရင် ညအချိန်မှာ ဒီနေရာကို ထွက်လာလေ့ရှိတယ်၊ ဒီနေရာကမျှော်ကြည့်ရင် နမ့်ခမ်းရှိတဲ့ဘက်ကိုလည်း လှမ်းမြင်ရတော့ အလွမ်းပြေတာပေါ့"

"မဟူရာတို့အတွက် စိတ်မကောင်းပါဘူး"

"ဒါကတော့ ကံတရားရဲ့စီမံရာအတိုင်းပေါ့ အစ်ကိုရယ် ဘယ်တတ်နိုင်ပါ့မလဲ၊ ဒီနေရာကိုခေါ်လာတာ တခြားတော့ မဟုတ်ပါဘူး"

"ဘာများလဲ"

"စော်ဘွားရဲ့လူတွေက ဖခမည်းတော်ရဲ့ ဇေယျသင်္ခါး [illegible]ချင်ဘာရယ် ကျွန်မတို့ရှိတဲ့နေရာကို သိချင်ကြလို့ နည်းအမျိုးမျိုးနဲ့ စုံစမ်းနေကြတယ်၊ အစ်ကိုတို့ပြန်ရောက်သွားရင်လည်း အတင်းအကျပ်မေးကြမှာပဲ၊ အဲဒီလို အတင်းအကျပ် လုပ်လာရင် ဘယ်လိုဆုံးဖြတ်မလဲဆိုတာ သိချင်လို့ပါ. ."





"ဒီအတွက်တော့ဘာမှ စိတ်ပူမနေပါနဲ့ မဟူရာ. . ကျွန်တော်တို့က ဆင်းရဲပေမယ့် သစ္စာရှိကြပါတယ်၊ ကိုယ်တစ်ယောက်ကောင်းစားဖို့အတွက်နဲ့ တစ်ပါးသူတွေဒုက္ခရောက်အောင်တော့ မလုပ်ပါဘူး၊ နောက်တစ်ချက်က တိုင်းတစ်ပါးရဲ့ ကျေးကျွန်တွေ ဝမ်းသာဖို့အတွက် ကိုယ့်နိုင်ငံကလူတွေ မျက်ရည်ပေါက်ကြီးငယ်ကျအောင် ဘယ်တော့မှ မလုပ်ပါဘူးလို့ ကတိပေးပါတယ်"

"အစ်ကိုတို့ရဲ့သဘောကိုတော့ ကျွန်မတို့သိပါတယ်၊ ဒါပေမယ့်အခြေအနေဆိုတာ ပြောလို့မရဘူး၊ တကယ်လို့မရှောင်သာမတိမ်းသာ အခြေအနေမျိုးနဲ့ ကြုံလာရရင်တော့ အနစ်နာမခံပါနဲ့၊ မဥ္ဇူသကနတ်ပန်းရှိတဲ့နေရာကို ပြောပြပေးလိုက်ပါ"

"ဟင်. . ဒီလိုပြောလိုက်တော့ မဟူရာတို့တစ်တွေ ဒုက္ခရောက်ကုန်ကြမှာပေါ့"

"သစ်ခွနက်ရှိတဲ့နေရာကို ပြပေးရုံနဲ့ သူတို့ကျွန်မတို့ရှိတဲ့နေရာကို မရောက်နိုင်ကြပါဘူး၊ တကယ်လို့ ဇွတ်တိုးဝင်လာရင်တော့ ကိုယ့်သေတွင်းကိုယ်တူးမိသလို ဖြစ်ကြမှာပါပဲ"

နီမောင်စိတ်ထဲမှာတော့ သစ်ခွနက်ရှိသောနေရာ၌ ရှိနေသောမြွေကြီးနှင့် ဂူပေါက်ဝမှာ အဆင်သင့်စောင့်နေကြသည့် ပင့်ကူနက်ကြီးများကို မြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ဟုတ်ပါတယ် တကယ်လို့သာကျွန်တော်တို့ တစ်ခေါက်ပြန်လာမယ်ဆိုရင်ကော မဟူရာတို့ကလက်ခံမှာလား ဟင်"

"အစ်ကိုတို့လာရင်တော့ ကျွန်မတို့ကလက်ခံပါတယ် အစ်ကိုက ဒီလောက်အန္တရာယ်များတဲ့နေရာကို နောက်တစ် ခေါက်ထပ်လာချင်သေးလို့လား"

"လာချင်ပါတယ် ဘာဖြစ်လို့လည်းဆိုတော့ မဟူရာတို့ နေရာလေးကို သဘောကျလို့ပါ. ."

မဟူရာက သဘောကျစွာ ပြုံးလိုက်သည်။

"ကျွန်မတို့နေရာကို သဘောကျတယ်ဆိုတော့ ဒီမှာနေ ရမယ်ဆိုရင် ဘယ်လောက်ကြာကြာနေနိုင်မှာမို့လဲ"

"မဟူရာလက်ခံပေးမယ်ဆိုရင်တော့ တစ်သက်လုံးနေ ဆိုရင်လည်းနေနိုင်ပါတယ်"

"ဟင်. . ကျွန်မကလက်ခံပေးရမယ် ဟုတ်လား"

"ဟုတ်ပါတယ်. . ဒီနေရာမှာနေရမယ်ဆိုရင် မဟူရာနဲ့ ပတ်သက်ပြီးပဲနေချင်ပါတယ်"

ထိုစကားကြားတော့ ရှမ်းမလေးပါးပြင်နှစ်ဖက်ပေါ်မှာ ရှင်းနှရောင်သမ်းသွားလေသည်။

"အစ်ကိုကကျွန်မကို လူပျိုစကားပြောနေတာလား"

"ဟုတ်ပါတယ်. . မဟူရာသဘောကိုလည်း သိချင်ပါ

"ကျွန်မဘဝတစ်လျှောက်လုံးမှာ. . ယောကျ်ားတစ်





ယောက်က အခုလိုပြောတဲ့စကားမျိုး ဒီတစ်ခါပဲကြားဖူးပါသေး တယ်၊ စိတ်ထဲမှတော့ အတော်ကလေးလှုပ်သွားမိပါတယ်၊ ဒါ ပေမဲ့ အစ်ကိုကပြောတာတော့ ဟုတ်ပါပြီ၊ အစ်ကိုနဲ့ပတ်သက်တဲ့ အကြောင်းတွေလည်း ဘာမှမသိရသေးဘူး"

"ကိုယ်တို့ကဆင်းရဲပါတယ်၊ ရွှေငွေဥစ္စာပစ္စည်းတော့ ဘာမှမရှိပါဘူး၊ ဖြူစင်တဲ့ ချစ်ခြင်းမေတ္တာတော့ရှိပါတယ်၊ ဒီအ တွက်တော့သစ္စာပြုဝံ့ပါတယ်"

"ဥစ္စာပစ္စည်းကကျွန်မတို့ဆီမှာ အများကြီးရှိနေတာပဲ ဒီနေရာမှာ ဒါတွေမလိုပါဘူး၊ အများကြီးရှိနေလို့လည်း ဘာမှအ သုံးမဝင်ပါဘူး၊ ကျွန်မအတွက်အလိုအပ်ဆုံးက ဖြူစင်သန့်ရှင်းတဲ့ ချစ်ခြင်းမေတ္တာမျိုးပါပဲ"

"မဟူရာလိုချင်တဲ့ ချစ်ခြင်းမေတ္တာမျိုးနဲ့ တစ်သက်လုံး လက်တွဲသွားပါရစေ၊ တစ်သက်လုံးသစ္စာရှိရှိနဲ့ နေသွားဖို့လည်း တတိပေးပါတယ်"

"ကောင်းပါပြီ အစ်ကိုမေတ္တာကို လက်ခံပေးပါမယ်၊ ကျွန်မအပေါ်မှာ သစ္စာရှိဖို့ပဲအရေးကြီးပါတယ်"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ မဟူရာရှိတဲ့နေရာမှာ တစ်သက်လုံးနေဆိုရင်တောင် နေပါ့မယ်"

"ဒီစကားကြားရတာဝမ်းသာပါတယ် အစ်ကိုရယ်. . ဒါ ဖြင့်အစ်ကိုက ကျွန်မရှိတဲ့နေရာကို တစ်ခေါက်ပြန်လာဦးမှာပေါ့ နော်"

"လာခဲ့ပါ့မယ် ကိစ္စတွေအေးချမ်းသွားတာနဲ့ တစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပါ့မယ်၊ ဒါထက်ကိုယ်ရောက်လာရင် ဒီဂူထဲကိုရောဝင်ခွ ရပါ့မလားဟင်"

"ဝင်လို့ရနိုင်တဲ့ပစ္စည်းတစ်ခု ကျွန်မပေးလိုက်ပါ့မယ်"

ဟု ပြောပြီး သူမလည်ပင်းမှာ အိတ်တစ်လုံးဆွဲထားရာ ထိုအိတ်ကို ယူလိုက်သည်။

ပြီးမှအိတ်ထဲမှအရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်သည်။ ကွမ်းသီးလုံးအရွယ်ခန့်ရှိပြီး အနက်ရောင်များတောက်ပနေသော ကျောက်လုံးတစ်လုံးပင်ဖြစ်သည်။

မဟူရာကထိုကျောက်လုံးကို နီမောင်အားပေးသည်။

"ဒါ ဘာကျောက်လဲဟင်"

"ပင့်ကူနက်အမြုတေကျောက်လို့ခေါ်ပါတယ်. .၊ ဒီ ကျောက်ရှိနေရင် မြွေ၊ ပင့်ကူနက်တွေနဲ့ အဆိပ်ရှိတဲ့သတ္တဝါတွေ အနားမကပ်နိုင်ပါဘူး၊ အစ်ကိုယူထားပါ"

နီမောင်ကကျောက်လုံးကို ယူလိုက်တော့လက်ထဲမှာ အေးစိမ့်သွားလေသည်။

အားနည်းသောလရောင်နှင့်ပင် အရောင်များတလက် လက်တောက်ပနေသည်။

ထိုကျောက်ကိုလက်ထဲမှာ ဆုပ်ကိုင်ထားသည်နှင့်ပင် စိတ်ထဲမှာ အားရှိလာသလို ခံစားရလေသည်။

"မဟူရာကို ကျေးဇူးတင်ပါတယ်"

"အစ်ကိုနဲ့ကျွန်မက ချစ်သူတွေဖြစ်သွားကြပြီ မဟုတ် သား၊ ကျေးဇူးတင်ဖို့လိုသေးလို့လား"





"အော်. . ဟုတ်သားပဲ သတိမေ့သွားလို့ပါ. ."

"ဟင်. . ချစ်သူဖြစ်တာတောင် မကြာသေးဘူး၊ သတိ မေ့နေပြီးလား"

ထိုစကားကြားသောအခါ နီမောင်က အရှက်ပြေရယ် မောရင်း မဟူရာကိုယ်ကလေးကို ပွေ့ဖက်ထားလိုက်သည်။

မဟူရာကလည်းနီမောင့်ရင်ခွင်ထဲသို့ တိုးဝင်လာရင်း ဦးခေါင်းကလေးငုံ့ထားလေသည်။

ပတ်ဝန်းကျင်မှာ နှင်းများကျနေသည်။

အအေးဓာတ်က ပိုများလာသည်။

သို့သော် တောင်ရင်ပြင်တစ်နေရာ၌ ရှိနေကြသည့်ချစ် သူနှစ်ဦးအတွက်ကတော့ ထိုအရာအားလုံးတို့ကို ဥပေက္ခာပြု ထားနိုင်ကြလေသည်။

သူတို့အတွက် 'အချစ်' မှလွဲပြီး အခြားအရေးကြီးသော အရာ မရှိနိုင်ကြတော့ပါချေ. .။



www.burmeseclassic.com

www.burmeseclassic.com





( အခန်း ၁၂ )

# ကမ္ဘာအကြီးဆုံး မြွေကြီးများအကြောင်း

နောက်ထပ်တစ်ပတ်ခန့်ကြာသောအခါ နီမောင်တို့သုံးယောက် မိုးမခမြိုင်ရွာသို့ ပြန်ရောက်လာကြလေသည်။ ထိုအခါ နီမောင်၏အဖေနှင့်အမေတို့ကို အိမ်မှာမတွေ့ရတော့ပေ။

သူတို့ပြန်ရောက်လာသည်ဟု သတင်းကြားသည်နှင့် ဦးဗန်ကောင်းရောက်လာပြီး အခြေအနေကို လာမေးလေသည်။ နီမောင်ကလည်း ဦးဗန်ကောင်းကိုတော့ ပြောရမည့်သူဖြစ်နေသောကြောင့် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ပြန်ပြောပြလိုက်သည်။

ဦးဗန်ကောင်းကတော့ ထိုစကားများကြားသောအခါ များစွာဝမ်းသာသွားဟန်ရှိလေသည်။

"အော်. . စော်ဘွားကြီးစပ်ခွန်ပန်းရဲ့ အဆက်အနွယ်တွေရှိနေကြသေးတာကိုး၊ သူတို့နဲ့တွေ့ခဲ့ရတော့ ကောင်းတာပေါ့ကွာ. ."

"ဒါထက် ကျွန်တော်ရဲ့အဖေနဲ့အမေ ဘယ်သွားကြသလဲ အဘ"

"သူတို့ကို နမ့်ခမ်းစော်ဘွားရဲ့နောက်လိုက်နောက်ပါတွေ လာခေါ်သွားတာတော့ တွေ့လိုက်မိတယ်"

"သူတို့ကဘာကြောင့် ခေါ်သွားတာလဲ"

"ငါ့အထင်ပြောရရင်တော့ မင်းကိုစိတ်မချလို့ပဲ ဖြစ်မှာပေါ့၊ ဒါမှမဟုတ် မင်းကိုအကျပ်ကိုင်ချင်လို့လည်း ဖြစ်နိုင်တယ်"

နှိမောင်ကမိဘများအတွက် စိတ်ပူသောကြောင့် မျက်နှာမကောင်းလှပေ. .။

"ဒါဖြင့် မင်း မဟူရာတောင်ကို နောက်တစ်ခေါက်ပြန်သွားဦးမှာပေါ့. . ဟုတ်လား"

"ဟုတ်တယ်အဘ အခြေအနေတွေ အေးအေးဆေးဆေး ဖြစ်သွားရင်တော့ ကျွန်တော်တို့သုံးယောက် တစ်ခေါက်ပြန်သွားကြဦးမယ်"

"ဒီတစ်ခါမင်းတို့သွားရင်တော့ ငါလည်းလိုက်ခဲ့ပါရစေ





"အဘပါလိုက်တော့ ပိုကောင်းတာပေါ့"

ထိုကဲ့သို့ပြောဆိုနေကြစဉ် ၄င်းတို့ရွာသို့ ဂျစ်ကားတစ်စီး ရောက်လာသည်။

ကားပေါ်မှာတော့ စော်ဘွားကြီး၏တူတော်သူ စိုင်းဗညားက ခေါင်းဆောင်လာပြီး နောက်လိုက်များလည်းပါလာကြသည်။

"မင်းတို့ပြန်ရောက်နေတယ် သတင်းကြားလို့ လာခဲ့တာ ငါတို့လိုချင်တဲ့ သစ်ခွနက်ကို ရှာတွေ့ခဲ့သလား"

ခရီးရောက်မဆိုက်နှိမောင်ကိုတွေ့သည်နှင့် စိုင်းဗညားက မေးလိုက်သည်။

"ကျွန်တော်တို့လည်း ကြိုးစားပြီး လိုက်ရှာကြတာပါပဲ၊ ဒါပေမယ့် မတွေ့ခဲ့ပါဘူး"

ထိုစကားကြားသောအခါ စိုင်းဗညားကတစ်ချက်ရယ်လိုက်သည်။

"ဘာလဲ ငါတို့ပေးတဲ့ ငွေကနည်းနေလို့လား"

"မဟုတ်ပါဘူး. .၊ ကျွန်တော်တို့ကိုပေးထားတဲ့ငွေကို တောင်ပြန်ပေးချင်ပါတယ်"

"ဒါကတော့ ငါ့သဘောနဲ့လက်ခံလို့မရဘူး၊ မင်းတို့သုံးယောက်စလုံး ပော်နန်းကိုလိုက်ခဲ့ပြီးတော့ စော်ဘွားကြီးနဲ့တွေ့ကြပေါ့၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြောထားမယ် စော်ဘွားကြီးက သူခိုင်းတာကိုအောင်မြင်အောင် လုပ်မပေးနိုင်ဘူးဆိုရင်တော့ သိပ်ပြီးသဘောမကျတတ်ဘူး အဲဒီလိုဆိုရင်တော့ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆိုးကျိုးတွေအများကြီး ရလာနိုင်တယ်”

ထိုသို့ပြောသော်လည်း နီမောင်ကတော့ဘာမှ ပြန်မပြောတော့ပဲ မသိမသာအံကြိတ်ထားလေသည်။

ထို့နောက်မှာတော့ နီမောင်တို့သုံးယောက်ကို ဂျစ်ကားနှင့်ပင်တစ်ပါတည်းတင်ဆောင်ကာ နမ့်ခမ်းဟော်နန်းသို့ ခေါ်သွားလေတော့သည်။

ဟော်နန်းရောက်သောအခါ စော်ဘွားကြီးစပ်ကြာမှုနှင့် ကေသရီတို့နှင့်ပြန်တွေ့ရသည်။

“ဘယ်လိုလည်း ငါစေခိုင်းတဲ့ သစ်ခွနက်ရှိတဲ့နေရာကို ရှာဖွေလို့ တွေ့ခဲ့ကြရဲ့လား”

“ကျွန်တော်တို့လည်း ကြိုးစားပြီးရှာဖွေကြပါတယ်၊ ဒါပေမယ့် သစ်ခွနက်ကိုမတွေ့ခဲ့ကြပါဘူး စော်ဘွားကြီး”

စော်ဘွားကြီးမျက်နှာပေါ်မှာ ဘဝင်မကျသော အမူအရာများ ပေါ်လာလေသည်။

“ဒါကြောင့် ကျွန်တော်တို့ကို အခကြေးငွေအဖြစ်ပေးထားခဲ့တဲ့ငွေကို ပြန်ပေးပါရစေ. .”

“ငါလက်မခံနိုင်ဘူး၊ ငါက ငါခိုင်းတဲ့ကိစ္စကို အောင်မြင်အောင်ဆောင်ရွက်ပေးတာကလွဲပြီး ကျန်တာဘာတစ်ခုမှ လက်မခံနိုင်ဘူး”

ဟုဒေါသသံဖြင့် ပြောလေသည်။

နီမောင်အနေဖြင့်လည်း အခြားပြောစရာ ဘာမှမရှိတော့သဖြင့် ဒီအတိုင်းသာ ငြိမ်နေရလေသည်။





ထိုသို့ပြောပြီးနောက် စော်ဘွားကြီးက နေရာမှထပြီးအခန်းတွင်းသို့ ဝင်သွားလေရာ ထိုအခန်းထဲတွင် ကေသရီနှင့်နီမောင်တို့သာကျန်ခဲ့တော့သည်။

“ရှင့်ကိုပြောစရာရှိတယ် ဟိုဘက်အခန်းထဲလိုက်ခဲ့ပါ သူတို့နှစ်ယောက်ကို သီးခြားနေရာမှာပို့ထားလိုက်ပါ”

ဟုအမိန့်ပေးသဖြင့် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကို ရဲမက်များကလာခေါ်သွားပြီး နီမောင်ကတော့ ကေသရီနှင့်အတူ အခန်းတစ်ခုထဲသို့ လိုက်သွားရလေသည်။

ထိုအခန်းထဲရောက်တော့ ကေသရီကပြောသည်။

“ရှင်တို့ သစ်ခွနက်ရှိတဲ့နေရာကို တွေ့ခဲ့ကြပြီမဟုတ်လား”

နီမောင်ကဘာမှပြန်မပြောပဲ သူမကိုစူးစူးဝါးဝါးကြည့်နေလေသည်။

“ဘာပဲပြောပြော. . . ရှင်တို့သစ်ခွနက်ရှိတဲ့နေရာကို ရောက်ခဲ့တယ်ဆိုတာကတော့ ကျွန်မတို့သိထားပြီးပါပြီ”

ဟု အခိုင်အမာပြောသည်။

“ဘယ်လိုအထောက်အထားရှိလို့ ဒီလိုပြောနိုင်ရတာလဲ”

ထိုစကားကြားသောအခါ ကေသရီကသဘောကျစွာဖြင့်တစ်ချက်ပြုံးလိုက်လေသည်။

“ရှင်က ကျွန်မတို့တစ်တွေကို လျှော့တွက်ထားပုံရတယ်၊ ရှင်တို့ကိုစေခိုင်းတဲ့ကိစ္စဟာ ဘယ်လောက်တောင် အရေးကြီးတဲ့ကိစ္စဆိုတာရော သိကြရဲ့လား၊ ဒီလိုကိစ္စမျိုးကို ပေါ့ပေါ့လေးပြော



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပေါ့လေးလုပ်လို့ ဖြစ်ပါ့မလားရှင်"

နီမောင်ကတော့ ဘာမှဝင်မပြောသေးပဲ သူမပြောသမျှကိုသာ နားထောင်နေလေသည်။

"ရှင်တို့ဒီနယ်ကစထွက်ကတည်းက ကျွန်မတို့လူတွေ ကနောက်ကနေ ထပ်ကြပ်မကွာလိုက်ခဲ့ကြတာ ရှင်တို့မှမသိပဲကိုး လမ်းတစ်လျှောက်လုံးမှာ ရှင်တို့ဘာတွေလုပ်ခဲ့တယ်၊ ဘယ်သူတွေနဲ့တွေ့ခဲ့တယ်ဆိုတာတွေကို အထောက်တော်တွေက ဟော်နန်းကိုပြန်ပြီး အမြဲသတင်းပို့ပေးခဲ့တယ်လေ. . "

"ခင်ဗျားတို့ အတော်ကို ကောက်ကျစ်လှပါလား"

"ဒါကတော့ရှင်. . သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ အလုပ်မျိုးကို စိတ်ချလက်ချလွှတ်ပေးထားရင် မှားသွားမှာပေါ့၊ ရှင်တို့ကလည်း ရှင်တို့အလုပ် ရှင်တို့လုပ်တယ်၊ ကျွန်မတို့ကလည်း ကိုယ်လုပ်ရမယ့်အလုပ်တွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ခဲ့ကြတာပဲ၊ ဒါဟာ ကောက်ကျစ်ယုတ်မာတာမျိုး မဟုတ်ပါဘူး"

ဟု အေးအေးဆေးဆေး အမူအရာနှင့်ပင် ပြောသည်။

"ဒါဖြင့် ခင်ဗျားတို့သစ်ခွနက်ရှိတဲ့နေရာကို သိခဲ့ကြပြီပေါ့၊ ဒီလိုဖြင့်လည်း ကိုယ့်ဘာသာသွားလိုက်ရင် မပြီးပေဘူးလား"

"ရှင်အခုတော့ အမှန်တိုင်းဝန်ခံရပြီမဟုတ်လား၊ ရှင်တို့နောက်ကလိုက်သွားတဲ့လူတွေက မဟာရာတောင်ခြေတစ်ဝိုက်ရောက်တော့ အန္တရာယ်နဲ့တွေ့ပြီး သေသွားကြရတယ်၊ ဒီကိုတစ်





ယောက်ပဲပြန်ရောက်လာနိုင်ပါတယ်"

နီမောင်စိတ်ထဲမှာ ကျေနပ်မှုဖြစ်သွားလေသည်။

"ဒါကြောင့်. . သူတို့ကတော့ မဟာရာတောင်ခြေကိုသာ ရောက်ခဲ့ပြီး သစ်ခွနက်ရှိတဲ့နေရာကိုတော့ မသိခဲ့ကြပါဘူး"

"ဒါဖြင့်အရင်ကတည်းက မဟာရာတောင်မှာ သစ်ခွနက်ရှိတယ်ဆိုတာ ခင်ဗျားတို့ကြိုတင်သိပြီးသားပေါ့"

"သိပါတယ်၊ ဒါပေမယ့် ဘယ်နေရာမှာရှိတယ်ဆိုတာ တော့မသိရသေးပါဘူး၊ ဒါကြောင့်ရှင်တို့ကိုလွှတ်ပြီး အရှာခိုင်းခဲ့တာပေါ့၊ မဟာရာတောင်ဆိုတာ အန္တရာယ်သိပ်များပြီး ပြန်လမ်းမရှိတဲ့နေရာတစ်ခုပါပဲ. . "

"ဒီအကြောင်းတွေကိုသိပါရက်နဲ့. ကျွန်တော်တို့ကို တမင်လွှတ်တာကတော့ ယုတ်မာရက်စက်တာပါပဲ. . "

"မှန်ပါတယ် မဟာရာတောင်ဆိုတာ ပြန်လမ်းမဲ့နေရာလို့ ပြောရလောက်အောင် အန္တရာယ်များတဲ့ နေရာတစ်နေရာပါပဲ၊ ဒါပေမယ့်ရှင်တို့ကတော့ ချောချောမောမောနဲ့ ဒီနေရာကို ပြန်ရောက်လာကြပြီလေ. . ကျွန်မလူရွေးခဲ့တာ မမှားခဲ့ပါဘူး"

"ခင်ဗျားတို့ ကျွန်တော်မိဘတွေကို ဘာကြောင့်ဖမ်းခေါ်ထားတာလဲ သူတို့မှာဘာအပြစ်ရှိလို့လဲ"

"သူတို့ကိုခေါ်ထားရတဲ့ အကြောင်းကတော့ ရှင့်အပေါ်မှာပဲ မူတည်ပါတယ်၊ ရှင်ကသာ ကျွန်မတို့အလိုကျ လုပ်မပေးဘူးဆိုရင်တော့ တစ်မျိုးစဉ်းစားရမှာပေါ့၊

ဒါမဟုတ်ပဲ ကျွန်မတို့အလိုရှိတဲ့အတိုင်း အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆောင်ရွက်ပေးမယ်ဆိုရင်တော့ သူတို့ကိုပြန်လွှတ်ပေးတဲ့အပြင် ဆုတော်လာဘ်တော်တွေလည်း ထပ်ပေးပါဦးမယ်"

"ခင်ဗျားတို့ပေးတဲ့ငွေလည်း မလိုချင်တော့ပါဘူးဗျာ"

"ဒီလိုဆိုရင်တော့လည်း ဒီတစ်ညတော့ သေသေချာချာ စဉ်းစားကြည့်ပါဦးပေါ့၊ နောက်တစ်နေ့မနက်ရောက်တော့ ရှင်ဘယ်လိုစဉ်းစားထားတယ်ဆိုတာ ကျွန်မကိုပြောပြလေ၊ အဲဒီကျတော့မှ ဘာလုပ်သင့်တယ်ဆိုတာ ဆက်ပြီးပြောကြတာပေါ့"

ကေသရီကထိုသို့ပြောပြီး အချက်ပေးလိုက်ရာ. . . အစောင့်များက နီမောင်ကိုလာခေါ်သွားပြီး စောထီးနှင့်ငမဲအောင်တို့ရှိသော အခန်းထဲသို့ ပို့လိုက်လေသည်။

လောလောဆယ်မှာတော့ ဘာအပြစ်မှမရှိပါပဲ နမ့်ခမ်းစော်ဘွား၏ အကျဉ်းသားဘဝ ရောက်နေကြရလေသည်။

သူရောက်လာတော့ ကျန်နှစ်ယောက်ကဝိုင်းမေးသည်။

"မင်းကိုဘာတွေပြောလိုက်သလဲ နီမောင်"

နီမောင်ကအကြောင်းစုံ ပြန်ပြောလိုက်သည်။

"ဒီလိုဆိုရင်တော့ သူတို့ကငါတို့အကြောင်းတွေကို သိတန်သလောက်သိနေပြီး ဖြစ်လိမ့်မယ် လိမ်ပြောနေရင်လည်း ရမှာမဟုတ်တော့ဘူး"

"ဟုတ်တယ် နီမောင် သူတို့က မဟူရာတောင်မှာ သစ်ခွနက်ရှိတယ်ဆိုတာ ငါတို့ထက်အရင်ကြိုသိနေကြပုံပဲ၊ သူတို့နည်းသုတို့ဟန်ရှာတော့လည်း အန္တရာယ်တွေနဲ့တွေ့ပြီး တစ်သုတ်ပြီးဘင်သုတ်သေကုန်ကြတာ ဖြစ်ရမယ်၊





ဒါကြောင့်ငါတို့ကို ချောက်တွန်းပြီး လွှတ်လိုက်တာမျိုး ဖြစ်ရမယ်. ."

ဟု ပြောကြလေသည်။

"ဒါတွေထားလိုက်တော့၊ ရှေ့ကိုဘယ်လိုသွားကြမယ်ဆိုတာ အရင်စဉ်းစားရမယ်. . ငါတို့သုံးယောက်ကလည်း ဟိုမှာဒီအကြောင်းတွေကို ဘယ်သူမှမပြောပါဘူးလို့ ကတိပေးပြီးသစ္စာရေသောက်ခဲ့ကြတော့ ဘယ်လိုလုပ်ကြမလဲ"

စောထီးက ထိုသို့ပြောလေရာ နီမောင်က. .

"မဟူရာနဲ့တွေတုန်းက သူက အခုလိုဖြစ်လာမှာတွေကိုကြိုပြောလိုက်ပါသေးတယ်၊ တကယ်လို့အကျပ်အတည်းနဲ့ ကြုံလာရင်တော့ သစ်ခွနက်ရှိတဲ့နေရာကို ဖွင့်ပြောလိုက်ပါလို့လည်း မှာလိုက်ပါတယ်"

ဟု ပြောပြလိုက်သည်။

"ဒါကလည်း အကြောင်းမရှိပဲနဲ့တော့ မှာလိုက်မယ်မထင်ဘူး၊ နောက်တစ်ချက် အဲဒီနေရာက အန္တရာယ်များလွန်းလို့ပြန်လမ်းမရှိတဲ့နေရာလို့ သတ်မှတ်ထားကြတာမဟုတ်လား. . ၊ ကြောက်စရာကောင်းတဲ့မြွေကြီးနဲ့ အဆိပ်ပြင်းတဲ့ပင့်ကူနက်တွေနဲ့တွေလို့ကတော့ သွားတဲ့လူတွေ အစုလိုက်အပြုံလိုက်သေကြမှာ မြင်ယောင်မိသေးတယ်"

"ဒါကြောင့်များ တမင်ပြောခိုင်းသလားမှမသိဘာ၊ ဒါဆိုမယ့်သူတို့သေတော့ ငါတို့ရောလွတ်ပါ့မလား"

"ဒီလောက်စိတ်မပူနဲ့လေကွာ၊ နီမောင်ဆီမှာပင့်ကူနက်



www.burmeseclassic.com

www.burmeseclassic.com



အမြူတေကျောက်ရှိနေတာပဲ၊ ဒါတွေကြိုမြင်လို့ ပေးလိုက်တာဖြစ်မှာပေါ့"

ဟု အချင်းချင်းပြောဆိုနေကြလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန် ရောက်သောအခါ နီမောင်တို့သုံးယောက်ကို လာခေါ်ပြီးနောက် မေးမြန်းလေသည်။

"မင်းတို့ သစ်ခွနက် ဘယ်နေရာမှာရှိတယ်ဆိုတာသိခဲ့ကြပြီမဟုတ်လား၊ လိုက်ပြပေးမှာလား"

"လိုက်ပြပေးပါ့မယ်၊ ဒါပေမယ့် ဖမ်းထားတဲ့ကျွန်တော့်မိဘတွေကိုတော့ အရင်လွှတ်ပေးပါ"

"လွှတ်ပေးရမှာပေါ့ကွာ မင်းတို့ဘက်ကသစ္စာရှိရင် ငါတို့ဘက်ကလည်း ကတိတည်ရမှာပေါ့ လွှတ်ပေးတဲ့အပြင်သူတို့ အတွက် ရင်းနှီးစားသောက်ဖို့ ချီးမြှင့်ပေးလိုက်ပါဦးမယ်. ."

နီမောင်က မလိုချင်သော်လည်း နောက်ထပ်စကားမပြောလိုတော့သဖြင့် ဘာမှမပြောပဲငြိမ်နေလိုက်သည်။

ထို့နောက်မှာတော့ နောက်သုံးရက်မြောက်သောနေ့တွင် ခရီးထွက်ကြရန် ပြောဆိုသတ်မှတ်ပြီးနောက်. . နီမောင့်အဖေ၊ အမေတို့နှင့်အတူ သူတို့သုံးယောက်ကိုပါ ဂျစ်ကားဖြင့် မိုးမခမြိုင်ရွာသို့ ပြန်ပို့ပေးလေသည်။

ရွာသို့ပြန်ရောက်သည်နှင့် ဦးဇန်ကောင်းနှင့်ထပ်တွေ့ပြီး စီစဉ်စရာတို့ကို ကြိုတင်စီစဉ်ကြရလေသည်။

နီမောင်က မဟူရာပေးလိုက်သော ပင့်ကူနက်အမြူတေကိုပါ ဦးဇန်ကောင်းလက်သို့ အပ်ပေးလိုက်သည်။





ဦးဇန်ကောင်းက ထိုကျောက်ကို အသေအချာစစ်ဆေးကြည့်ပြီး ဤသို့ပြောသည်။

"ဒီကျောက်က သာမန်ကျောက်မဟုတ်ဘူး၊ အမြူတေကျောက်မျိုးပဲ၊ တိရစ္ဆာန်တွေမှာတည်တဲ့ အမြူတေကျောက်ဆိုတာသိဒ္ဓိရှိတယ်၊ ဆင်ဦးကင်းမှရတဲ့အမြူတေ၊ ဝက်စွယ်မှရတဲ့အမြူတေ၊ မြွေဦးခေါင်းထဲမှရနိုင်တဲ့အမြူတေ၊ ငါးဦးခေါင်းထဲမှရနိုင်တဲ့အမြူတေ၊ ချိုးအမြူတေ စတဲ့အမြူတေမှန်သမျှ သိဒ္ဓိရှိတယ်၊ ဒါက အဆိပ်ပြင်းတဲ့ပင့်ကူနက်တွေရဲ့ အမြူတေဆိုတော့ အဆိပ်ရှိတဲ့သတ္တဝါတွေကို နိုင်,နိုင်တဲ့သိဒ္ဓိမျိုး ရှိနိုင်တယ်၊ ငါတို့အတွက်တော့ အားကိုးတစ်ခုရထားပြီပေါ့"

ဟုပြောရာ ကျန်သုံးယောက်တို့မှာ များစွာအားရှိသွားကြလေသည်။

"ဒါထက် ကျွန်တော်တို့ မြွေကြီးတစ်ကောင်လည်း တွေ့ခဲ့ရသေးတယ်၊ ဦးခေါင်းက ခွဲတောင်းအလုံးလောက် ကြီးတယ်အဘ. ."

"ဒီလောက်ကြီးတဲ့မြွေမျိုး ဒီတစ်ခါပဲတွေ့ဖူးသေးတယ်၊ အရင်က ကုန်းတန်းရွာသားတွေ တွေ့ခဲ့တဲ့မြွေ၊ ရွှေလီမြစ်ကျဦးမှာကျွန်းသစ်ဖောင်ဖျက်သွားတဲ့ မြွေကြီးများလား မပြောနိုင်ဘူး"

"တောနက်တွေထဲမှာ ဒီလိုမြွေကြီးမျိုးတွေကတော့ ရှိတတ်ပါတယ်၊ နောက်ပြီး ရွှေလီမြစ်က ခွဲထွက်သွားတဲ့မြစ်လက်တက်တွေကလည်း နေရာအနှံ့ပေါက်နေတာဆိုတော့ ဒီဘက်မှာတွေ့ခဲ့ကြတဲ့မြွေကြီးလည်း ဖြစ်နိုင်စရာရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြသည်။

"သစ်ခွနက်ရှိတဲ့နေရာက မြွေကြီးနေတဲ့တွင်းရဲ့ နှုတ်ခမ်းစပ်မှာဆိုတော့ သစ်ခွနက်လိုချင်တဲ့သူတိုင်း မြွေကြီးနဲ့တွေ့ပြီး သေကြရမှာအမှန်ပဲ. ."

"ဒီလိုမြွေကြီးမျိုးတွေကတော့ ကမ္ဘာ့နေရာအနှံ့အပြားတွေမှာရှိနေကြတာပါပဲ၊ လွန်ခဲ့တဲ့နှစ်လောက်က အထက်ပိုင်းမှာ မနူဇီဝလို့ခေါ်တဲ့ ပန်းပွင့်လာရှာတဲ့သူတွေဟာ မြွေကြီးတွေလက်ချက်ကြောင့် သေကျေပျက်စီးကြရတယ်လို့ သတင်းကြားလိုက်မိတယ်"

"မနူဇီဝပန်းက ဘယ်လိုအစွမ်းထက်လို့လဲ"

"အသက်ရှည်စေတဲ့ပန်းမျိုးပါပဲ၊ လူတွေကအသက်ရှည်ဆေးအတွက် အဲဒီပန်းပွင့်ကိုလိုက်ရှာကြတယ်၊ အဲဒီနေရာမှာရှိတဲ့မြွေကြီးတွေက ပန်းပွင့်တွေစားပြီး အသက်ရှည်နေကြရုံမကပဲ ကြီးချင်တိုင်းကြီးနေကြတော့ မနူဇီဝပန်းရှာဖွေတဲ့လူတိုင်း သူတို့နဲ့တွေ့ကြပြီး သေကျေပျက်စီးကြရတယ်. ."

"စိတ်ဝင်စားစရာကောင်းလိုက်တာ"

ဦးဇန်ကောင်းပြောပြသော မြွေကြီးများနှင့်ပတ်သက်သည့်အကြောင်းအရာအချို့ကို အတိုချုပ်ပြီး ဖော်ပြပေးလိုက်ပါသည်။

"မြွေ" အကြောင်းကို အရှင်နာဂသိန်၏ ပုံပြသား ငါး- [illegible] ဆေးအဘိဓာန်ဆဋ္ဌတွဲ- ဒုတိယပိုင်းနှင့် အင်တာနက် [illegible]နှ ဘာ်ဖော်ပြပါသည်။





"မြွေ" သည်အမျိုးကွဲပေါင်းများစွာ ရှိသော်လည်း တိုယ် အနေအထားရှည်လျားခြင်းနှင့် ခြေမရှိခြင်းတို့မှာ အတူတူဖြစ်သည်။

မြွေတွင် ငါးများကဲ့သို့ အကြေးခွံမရှိပေ။ သို့သော် ၎င်း၏ ကိုယ်ခန္ဓာပေါ်ရှိ အကွက်များကြောင့် အကြေးခွံရှိသကဲ့သို့ ဆင်ရသည်။

မြွေ၏ရင်ပတ်ဟုခေါ်ဆိုရသော ဝမ်းပိုက်အရေပြားမှာ ကန့်လန့်ကြံဆစ်ကဲ့သို့ အဆစ်အဆစ်(အထစ်အထစ်) ရှိသည်။

အသွေးအရောင်မှာ မြွေအမျိုးအစားအလိုက် အမျိုးမျိုးရှိသည်။ မြွေမျက်စိသည် အခြားသတ္တဝါများကဲ့သို့ အဖွင့်အပိတ်မလုပ်နိုင်ခြင်းမှာ မျက်ခွံမရှိသောကြောင့်ဖြစ်သည်။

မြွေသည်မျိုးရိုးအလိုက် ကုန်းနေရေနေ တိရစ္ဆာန်ဖြစ်၍ အမျိုးကွဲများစွာရှိသည်။

အဆိပ်ရှိသောမြွေ(အဆိပ်ပြင်းသော)၊ အဆိပ်မရှိသော မြွေ(အဆိပ်မပြင်းသော) ဟူ၍အမျိုးအစားကွဲပြားသည်။

မြွေသည်ကမ္ဘာအရပ်ရပ်တွင် ရှိသည်။

အဆိပ်ရှိသော မြွေ၊ အဆိပ်မရှိသောမြွေ နှစ်ထွေပေါင်းလျှင် မြွေမျိုးပေါင်း (၁၇၀၀)ရှိသည်။

မြွေ၌ ပဓာနမျိုးရင်း (၉)မျိုးရှိသည်။ ယင်း(၉)မျိုးအနက် မျိုးရင်း(၇)မျိုးတွင် အဆိပ်မရှိကြချေ။

မြွေပွေးမျိုးနွယ်တွင် အမျိုးငယ်ပေါင်း (၁၁၀)ရှိရာ၎င်းတို့အားလုံး လူ့အသက်ကို ဖျက်ဆီးနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေဟောက်၊ ငန်းတော်ကြားစသော ကုန်းပေါ်နေမြွေများတွင် မြွေ(၁၉၀)မျိုးသည် လူကိုဒုက္ခပေးနိုင်သည်။

ပင်လယ်မြွေ (ဂျပ်မြွေ)(၅၅)မျိုးရှိရာ ၎င်းတို့အားလုံး၌ အဆိပ်ရှိကြသည်။

ယင်းမြွေဆိုးတို့မှတပါး အခြားမြွေမျိုးပေါင်း(၃၀၀) ကျော်ခန့်သည် လူ့အသက်ကို ရန်မရှာတတ်သော်လည်း ၎င်းတို့၏ တံတွေးသည် လူတို့ကိုအဆိပ်အတောက် ဖြစ်စေနိုင်သည်။

မြွေတို့၏နေထိုင်ရာအရပ်ကိုလိုက်၍ မြွေ(၅)မျိုး(၅)စား ခွဲခြားနိုင်သည်။

မြေတွင်းအောင်းသောမြွေများသည် မြေအောက်ရှိ ပိုးမွှားများနှင့် တီကောင်များကိုသာ စားသောက်တတ်သော မြွေငယ်များဖြစ်သည်။ ထိုမြွေမျိုးတွင် မျက်စိမပါ၍ ရှေ့သို့ဖြစ်စေ၊ နောက်သို့ဖြစ်စေ သွားနိုင်သည်။

သစ်ပင်ပေါ်နေမြွေများတွင် မြွေစိမ်းများပါဝင်သည်။ ကင်းလိပ်များ၊ ငှက်ကလေးများ၊ ဖားပြုပ်များကိုစားသောက်တတ်သော ယက်ကန်းကြိုးမြွေများလည်း ပါဝင်၏။ ထိုမြွေများသည်အဆိပ်မပြင်းပေ။

ပင်လယ်မြွေ(ဂျပ်မြွေ)သည် ပင်လယ်ကမ်းနှင့်နီးသော နေရာများ၊ ချောင်း၊ မြောင်းများ၌နေထိုင်တတ်ပြီး ပင်လယ်ငါးများကို စားတတ်ကြသည်။

ရေမြွေများသည်၊ ချောင်း၊ မြောင်း၊ ရေကန်၊ ရေအိုင်များ၌နေ၍ ဖားပြုပ်များ၊ ငါးများကို စားသောက်ကြသည်။





အဆိပ်မရှိသဖြင့် လူကိုဒုက္ခမပေးနိုင်ပေ။

ကြည်းကုန်းမြွေကို လူတို့မကြာခဏတွေ့ရတတ်သည်။ ထိုမြွေတို့သည် များသောအားဖြင့် သစ်ပင်ပေါ်မတက်နိုင်၊ ရေထဲသို့မဆင်းနိုင်ကြချေ။ သစ်တုံးအောက်၊ ကျောက်တုံးအောက်နှင့် မြေတွင်းများထဲတွင် နေတတ်ကြသည်။

ကြည်းကုန်းမြွေအမျိုးအစားဖြစ်သော မြွေပွေး၊ မြွေဟောက်နှင့် ငန်းတော်ကြားအမျိုးအနွယ်တို့သည် အဆိပ်ရှိကြ၏။

စပါးကြီး၊ စပါးအုံး၊ လင်းမြွေစသော မြွေများကား အဆိပ်မရှိကြချေ။

မြွေပွေးသည်အခြားမြွေများလို ဥ,မဥပဲ အကောင်လိုက်မွေးထုတ်လေ့ရှိသည်။

စပါးကြီး၊ စပါးအုံးအကောင်ငယ်များသည် မြွေပွေးနှင့်တူသည်။

မြွေဟောက်(၁၀)မျိုးရှိသည့်အနက် (၇)မျိုးသည် အာဖရိကတိုက်၌ ရှိကြသည်။

စပါးကြီးမြွေသည် သည်းခြေအသုံးဝင်လှသဖြင့် နာမည်ကြီးသော မြွေဖြစ်သည်။

မာလာယုကျွန်းဆွယ်ရှိ စပါးကြီးမြွေမျိုးကား အလျား(၃၃)ပေအထိ ရှည်လျားသည်။

ခွေး၊ ဆိတ်၊ သိုး၊ နွားပေါက်စနှင့် အခြားသားရဲတိရစ္ဆာန်များသည် စပါးကြီးမြွေများ၏ အစာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စပါးကြီးမြွေ၏မျက်စိသည် ကြောင်များကဲ့သို့ နေ့-ည မြင်စွမ်းနိုင်သည်။

စပါးကြီးမြွေ၏ သက်တမ်းကို အတိအကျ မသိရသေး သော်လည်း လန်ဒန်မြို့ "ရိုးဂျင့်" ပန်းခြံရှိစပါးကြီးကား အသက် (၁၉)နှစ်အထိ ရှည်ခဲ့သည်။

ကမ္ဘာပေါ်တွင်အကြီးမားဆုံးသော မြွေကြီးမျိုးတွင်ပါဝင် သည့် စပါးကြီးမြွေသည် (၉)ပေမှ (၂၉)ပေထိရှည်သည်။

တောင်အမေရိကတိုက်ရှိ မိုးရေရသစ်တောများတွင် နေထိုင်လေ့ရှိသော စပါးကြီးမြွေများသည် အမျိုးအစား (၄)မျိုး ကွဲပြားသည်။ ၄င်းတို့မှာ. . .

- အဝါရောင် စပါးကြီးမြွေ (yellow Anaconda)
- ညိုမှောင်သော အစက်အပြောက်များရှိသည့် စပါး ကြီးမြွေ (Dark-Spotted Anaconda)
- ဘိုလီဗီယန်စပါးကြီးမြွေ (Bolinian Anaconda)
- အစိမ်းရောင်စပါးကြီးမြွေ (Green Anaconda) တို့ ဖြစ်သည်။

အဝါရောင်စပါးကြီးမြွေကို ယူနက်တီး (စ) နိုတေယပ် (Eunectes Notaeus) ဟုခေါ်သည်။ အကောင်မှာ (၁၀)ပေခန့် ရှည်ပြီး (၂၅)နှစ်မှ (၃၀)နှစ်အထိ သက်တမ်းရှိသည်။

ညိုမောင်သော အခက်အပြောက်များရှိသည့် စပါးကြီး မြွေသည် ဘရာဇီနိုင်ငံအရှေ့မြောက်ပိုင်းတွင် အတွေ့ရများ သည်။ ထိုမြွေကို ယူနက်တီးဒက်(စ)ချောင်းဆီး (Eunectes





Deschauenseei ) ဟုခေါ်သည်။

ထိုမြွေသည် (၉. ၈)ပေခန့်ရှည်ပြီး. . သက်တမ်းမှာ (၂၃. ၂)နှစ်ဖြစ်သည်။

ဘိုလီဗီယန်စပါးကြီးမြွေ (Bolinvian Anaconda)မြွေ ကို (၂၀၀၂)ခုနှစ်တွင် ဂျာမန်လူမျိုး ဒေါက်တာလု(ဇ)ဒ(ခ)ဆင်း (Dr. Lutg Dirksen) ကတွေ့ရှိခဲ့သည်။ (၁၃)ပေခန့်ရှည်သည်။ ၄င်းကို ယူနက်တီး ဘီနီယန်ဆစ်(စ) (Eunectes beniensis) ဟုခေါ်သည်။

အစိမ်းရောင်စပါးကြီးမြွေသည် (၂၉)ပေရှည်ပြီး (၅၅၀) ပေါင်ထိ အလေးချိန်ရှိတတ်သည်။ အမေဇုန်နှင့် အိုရီနိုကို အနိမ့် ပိုင်းဒေသများတွင်တွေ့ရပြီး ရေရှိရာအရပ်ကို ပိုမိုနှစ်သက်သည်။

ထိုမြွေသည် အသားများစွာစားတတ်ပြီး တောဝက်ရိုင်း များ၊ သမင်များ၊ ငှက်များပင်လယ်လိပ်များ၊ မိကျောင်းခေါင်းပု မျိုးများနှင့် အမေရိကတိုက်ရှိ ကျားသစ်များကိုပါ သားကောင်အ ဖြစ် ဖမ်းဆီးစားသောက်လေ့ရှိသည်။

ယင်းမြွေသည် (၂၉)ပေထိရှည်လျားပြီး ကြီးဆုံးမြွေ ကြီးစာရင်းတွင် ဝင်နေသည်။

တောင်အမေရိကတိုက်ရှိ အစိမ်းရောင်စပါးကြီးမြွေများ သည် ကမ္ဘာ့အကြီးဆုံး မြွေစာရင်းတွင်ပါဝင်ပြီး အရှည်(၂၉)ပေ (၈. ၈)မီတာကိုယ်အလေးချိန် (၅၅၀)ပေါင် (၂၂၇)ကီလိုဂရမ် ရှိသည်။ မြွေမသည် မြွေထီးထက်ပို၍ ကြီးမားသည်။

မြွေမသည် ဥရေ (၂)ဒါဇင်မှ(၃)ဒါဇင်ထိ ဥတတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



(၂)ပေခန့်ရှိသော မြွေပေါက်စလေးများ ဖြစ်လာသည်။

အစိမ်းရောင်စပါးကြီးမြွေများ၏ သက်တမ်းသည် (၁၀) နှစ်ခန့်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် အဝေးပြေးလမ်းမကြီး အသစ်တစ်ခုဖောက်လုပ်ရန် တောများကိုရှင်းလင်းနေသည့် လမ်းထွင်စက် (bulldoger) အလုပ်သမားများသည် (၅၅)ပေ (၁၆.၇)မီတာ အရှည်ရှိ၍ (၃၀၀)ကီလိုဂရမ် အလေးချိန်ရှိသော စပါးကြီးမြွေ တစ်ကောင်ကို တွေ့ရှိခဲ့ကြသည်။ ထိုမြွေ၏သက်တမ်းမှာ နှစ်ပေါင်း(၁၄၀)ခန့်ရှိမည်ဟု ခန့်မှန်းကြသည်။

လုပ်ငန်းဆောင်ရွက်နေစဉ် စက်ကိရိယာများဖြင့် မတော်တဆထိခိုက်မှုကြောင့် ကမ္ဘာ့ပေါ်တွင်အကြီးဆုံးမြွေကြီးဟု ယူဆရသောထိုမြွေကြီးသည် သေဆုံးသွားပေပြီ။

အဆိုပါမြွေကြီးလောက် မကြီးသော်လည်း (၄၈)ပေခန့် ရှည်ပြီး အလေးချိန်တစ်တန်ခွဲခန့်ရှိသည့် သက်တမ်းရှည်မြွေကြီး ကို ဘော်နီယိုတွင်တွေ့ခဲ့ကြသည်။ တီတာနိုဘိုအာ(Titanoboa) ခေါ် စပါးကြီးမြွေကြီးဖြစ်ပေသည်။

(၂၀၀၂)၊ စက်တင်ဘာလ (၁၂)ရက်နေ့တွင် ထုတ်ပြန်သည့်သတင်းအရ လူ(၁၅)ဦးမျှ မချီရသည့် မြွေကြီးသည် (၂၅) ပေ အရှည်ရှိပြီး ပေါင်(၃၀၀)အလေးချိန်ရှိသည်။

မီဒူဆာ(Medusa)ဟု အမည်ပေးထားသည် ထိုမြွေကြီး ကို မစ်ဆိုရီ(Missouri)နယ်ရှိ ကန်ဆက်မြို့တော် (kansas City) တွင် တွေ့နိုင်သည်။





အဆိုပါမြွေကြီးသည် ပေါင်(၁၀၀)ကျော်အလေးချိန်ရှိသည့် သားကောင်ကို လွယ်ကူစွာကိုက်မြိုနိုင်သည်။ ယုန်များ တော်များနှင့် သမင်များအပါအဝင် စုစုပေါင်း ပေါင်(၄၀)ခန့်ရှိသော သားကောင်များကို တစ်ပတ်လျှင်တစ်ကြိမ်စားသောက်သည်။

“အကြီးမားဆုံးတိရစ္ဆာန်တွေထဲမှာ ရေထဲမှာရောကုန်းပေါ်မှာပါ အကြီးဆုံးသတ္တဝါကမြွေပဲ ရေထဲမှာအကြီးဆုံးဝေလငါးကြီးတွေကို တစ်ကိုယ်လုံးရစ်ပတ်ပြီး စားသောက်ကြတာ ညဲ့ လို့ခေါ်တဲ့ ပင်လယ်မြွေကြီးတွေပဲ”

“ဟုတ်ကဲ့”

“ကုန်းပေါ်မှာလည်း . . ဆင်တစ်ကောင်လုံးကို သေအောင်သတ်နိုင်တဲ့ မြွေကြီးတွေရှိတယ်၊ နဂါးအမျိုးအနွယ်တွေ ယ်ထားလိုက်ရင်တောင် ကြောက်စရာကောင်းတဲ့ မြွေကြီးတွေ အများကြီးရှိကြတယ်၊ ဒီတော့ . . . ငါတို့အခုသွားမယ့် ခရီးမှာ ကြောက်စရာကောင်းတဲ့ မြွေကြီးတစ်ကောင်ရှိနေတဲ့ နေရာဆိုတော့လည်း သတိထားပြီး သွားကြရမှာပေါ့ကွာ . .”

ဟု ဦးဗန်ကောင်းက ပြောပြလေသည်။

သူတို့အတွက် အန္တရာယ်ခရီးတစ်ခုကတော့ မကြာခင် စတင်ကြရတော့ပေမည်။





www.burmeseclassic.com

www.burmeseclassic.com





( အခန်း ၁၃ )

# အန္တရာယ်ကော်ကွင်းသို့ ဝင်ရောက်မိကြခြင်း

ရာသီဥတုက ဆိုးဆိုးဝါးဝါး မဟုတ်စေကာမူ ကောင်းသောအနေအထားမျိုးတော့ မရှိပေ. . ။

ကောင်းကင်ပေါ်မှာ မိုးတိမ်များတက်နေပြီး ပတ်ဝန်းကျင်တစ်ခုလုံး မှုံမှိုင်းနေလေသည်။

မကြာခင်မိုးရွာတော့မည့် လက္ခဏာမျိုးဖြင့် မှောင်မည်းလျက်ရှိသည်။

သစ်တောထူထပ်သောနေရာများမှာ ခါတိုင်းထက်ပို၍ပြီး



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းညို့နေသည်။

တောင်မြင့်ကြီးများ အပေါ်ထိပ်ပိုင်းများမှာ မြူခိုးများဝေ့ဆိုင်းနေသောကြောင့် အပေါ်ပိုင်းသို့မမြင်ရပေ။ တောင်ထိပ်များအပေါ်မှ ဖြတ်ဆင်းလာသော မြူခိုးငွေ့များက တစ်ခါတစ်ရံ တောများထဲသို့ ရောက်လာတတ်သောကြောင့် တောလမ်းများမှာ ဝေ့ဝါးလျက်ရှိနေတတ်သည်။

ယခုလိုရာသီဥတုဆိုးဝါးသော အခြေအနေမျိုးများတွင် ဒေသခံ တောတက်သမားများကတော့ ရှောင်ကြဉ်လေ့ရှိကြသည်။ ထိုကဲ့သို့ ရာသီဥတုဆိုးဝါးနေလျှင် တောမတက်ပဲ တစ်နေရာ၌ ဝင်ခိုနေတတ်ပြီး ရာသီဥတုကောင်းတော့မှ အပြင်ထွက်ပြီး ခရီးဆက်လေ့ရှိကြသည်။

အဘယ်ကြောင့်ဆိုပါက ယခုလို ရာသီဥတုဆိုးဝါးနေသောအချိန်မျိုးတွင် အန္တရာယ်ပေးနိုင်သော သတ္တဝါများရှိသောနေရာကို ကြိုတင်မသိနိုင်ကြသောကြောင့် ဖြစ်သည်။

ရာသီဥတုဆိုးနေသောအချိန်တွင် ဖွတ်တိုးပြီးသွားပါက မမျှော်လင့်ပဲနှင့် တောကောင်ကြီးများနှင့် ရင်ဆိုင်တိုးလေ့ရှိကြသောကြောင့် ရှောင်ကြဉ်ကြခြင်းဖြစ်သည်။

ထိုအချိန်မျိုးတွင် အမဲလိုက်သူများနှင့် အခြားတောတက်သူတို့ တောထဲမဝင်ကြသော်လည်း တောင်ကြောတစ်ခုပေါ်မှာတော့ ခရီးဆက်နေသော အဖွဲ့တစ်ဖွဲ့ရှိနေသည်။

လူပေါင်းနှစ်ဆယ်ခန့်ရှိပြီး သေနတ်များကိုင်ဆောင်သွားကြသော ဂေါ်ရခါးစစ်သားအချို့ပင် ပါလေသည်။





အခြားမဟုတ်ပေ။ မဟူရာတောင်မှ သစ်ခွနက်ရှိသောနေရာသို့ ချီတက်လာကြသော အဖွဲ့ပင်ဖြစ်သည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်က ရှေ့မှ လမ်းပြခေါ်ဆောင်လာပြီး သူတို့နှင့်အတူ ဦးဗန်ကောင်းလည်း ပါလာလေသည်။

နောက်မှလိုက်လာသော အဖွဲ့ကတော့ စိုင်းဗညားနှင့် ကေသရီတို့ကဦးဆောင်ပြီး နောက်လိုက်ဆယ်ယောက်ခန့်ပါသည့်အပြင် ဂေါ်ရခါးစစ်သားငါးယောက်လည်းပါလာကြသည်။

ခရီးထွက်ကာနီးတွင် စိုင်းဗညားက မျက်နှာဖြူအရာရှိထံသို့ အကူအညီတောင်းရာ ဂေါ်ရခါးစစ်သားငါးယောက်ထည့်ပေးလိုက်ခြင်းဖြစ်သည်။

၄င်းတို့နှင့်အတူ လားများလည်းပါလာပြီး ရိက္ခာပစ္စည်းများကို ထိုလားများပေါ်၌တင်ကာ သယ်ဆောင်ကြသည်။

ထို့ပြင် မြင်းပုလေးနှစ်ကောင်ပါလာသဖြင့် အချို့နေရာများတွင် စိုင်းဗညားနှင့်ကေသရီတို့က ထိုမြင်းပုလေးများကို စီးပြီး ခရီးဆက်ကြသည်။

သူတို့အဖွဲ့သားများထဲမှာ မိန်းမသားဖြစ်သော ကေသရီတစ်ယောက်ပါနေသဖြင့် သူမကို ညှာနေရသောကြောင့် ထင်သလောက်ခရီးမပေါက်ပဲ တစ်နေရာပြီးတစ်နေရာ မကြာခဏနားနေကြသည်။

ထို့ကြောင့်နမ့်ခမ်းမှ ထွက်လာကြတာရက်အနည်းငယ်ကြာပြီဖြစ်သော်လည်း မဟူရာတောင်သို့ ခရီးမရောက်နိုင်ပဲရှိကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ယမ်းခရီးတစ်လျှောက်လုံးမှာတော့ ကြီးကြီးမားမား အန္တရာယ်မျိုးနှင့်တော့ မတွေ့ကြရပေ။

လူကိုအန္တရာယ်ပေးနိုင်ကြသော တောကောင်ကြီးများကို မလှမ်းမကမ်းမှာ လှမ်းမြင်ကြရသော်လည်း သေနတ်ဖြင့်ခြောက်လှန့်မောင်းနှင်ရာ အဝေးသို့ ရှောင်သွားကြသည်။

သို့သော်လည်း တစ်နေရာရောက်သောအခါ. . စမ်းချောင်းတစ်ခုနှင့်နီးသောနေရာ၌ စခန်းချနေကြစဉ် ကြောက်စရာကောင်းသော အန္တရာယ်နှင့် တွေ့ကြရသည်။

လမ်းတစ်လျှောက်လုံးမှာ ဂေါ်ရခါးစစ်သားများက သေနတ်ဖြင့် တောကောင်များကို ပစ်ခတ်ဖမ်းဆီးကြသဖြင့် ဟင်းလျာအတွက် မပူပန်ရပဲရှိလေသည်။

ထိုနေရာမှာလည်း သမင်တစ်ကောင်ကို ပစ်ရသဖြင့် ချောင်းကမ်းစပ်မှာပင် ခုတ်ထစ်ဖျက်ဆီးကာ ချက်ပြုတ်စားသောက်ကြသည်။

အချို့ကိုတော့ မီးဖိုပေါ်မှာ တံစို့ထိုးပြီး ကင်ထားလေသည်။ ညစာစားသောက်ပြီးသောအခါ အချို့ကကင်းစောင့်နေပြီး ကျန်လူများက အိပ်ကြလေသည်။

ညအချိန်ရောက်သောအခါ တောတစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်နေပြီး မီးဖိုမှမီးတောက်နေသံများသာ ကြားနေရသည်။

အခြားသူများကသာ အိပ်နေကြသော်လည်း နီမောင်ကတော့ တော်တော်နှင့် အိပ်မပျော်ပဲရှိလေသည်။





သူ့စိတ်ထဲမှာ သောကအချို့ ဝင်နေလေသည်။ မလွှဲမရှောင်သာသောအခြေအနေကြောင့်သာ ယခုကဲ့သို့လိုက်ပို့ပေးရသော်လည်း သူတို့ကြောင့် မဟူရာတို့တတွေ ဒုက္ခရောက်ကြမည်ကို စိုးရိမ်သောကရောက်နေခြင်းဖြစ်သည်။

"အဘက သစ္စာရေတိုက်ပြီးတော့ အတန်တန်မှာလိုက်ပါရဲ့နဲ့ အခုလိုလိုက်ပို့ပေးရတာ သစ္စာပျက်သလိုဖြစ်နေတော့မှာပဲ၊ မတတ်နိုင်ဘူးလေ. . ဟိုရောက်တော့မှပဲ မီးစင်ကြည့်ကရတော့မှာပဲ၊ ငါ့အတွက်နဲ့တော့ သူတို့ဒုက္ခမရောက်အောင် ကြိုးစားပေးရမှာပဲ. . "

ဟု တစ်ယောက်တည်း တွေးတောနေမိသည်။

ထိုအခိုက်မှာသူနားထဲမှာ ထူးခြားသောအသံအချို့ကို ကြားမိလေသည်။

အတွေးစဖြတ်ပြီးနားစွင့်ကြည့်လိုက်တော့ သစ်ရွက်များအပေါ်မှပွတ်တိုက်လာသံ၊ သစ်ပင်ငယ်များ ကျိုးသံများကို အတိုင်းသားကြားရသည်။

ထို့ကြောင့်နံဘေးနားမှာ အိပ်နေကြသော စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကို နိုးလိုက်ပြီး အကျိုးအကြောင်းပြောပြလိုက်သည်။

ဦးဗန်ကောင်းကလည်း နိုးလာသည်။

"ဘာသံတွေလဲ"

"အသံကတော့ မြွေလာတဲ့အသံမျိုးပဲ"

"ဒါဖြင့် ဟိုမြွေကြီးများ ဖြစ်လေမလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ် အသံများက တဖြည်းဖြည်းနီးလာသည်။ အသံကြားရသောဘက်မှာ ချောင်းရှိသောနေရာဘက်မှ ဖြစ်လေသည်။

ထိုအသံများကြောင့် အစောင့်များက အိပ်နေသူများကို နှိုးသဖြင့် အချို့နိုးလာကြသည်။

"ဘာဖြစ်လို့လဲ"

"တောထဲက အသံတွေကြားနေရတယ်"

ထိုသို့ပြောသဖြင့် နားစွင့်သူစွင့် လက်နက်များကို ပြင်သူကပြင်ကြလေသည်။

သူတို့ကအသံကြားရသောဘက်သို့ အာရုံစိုက်ပြီးကြည့်နေကြစဉ်မှာ အခြားနေရာများမှလည်း အသံများပေါ်လာသည်။

သို့ကြောင့် ဟိုကြည့်ဒီကြည့်နှင့် ကြည့်နေကြစဉ် တောထဲမှမည်းမည်းသတ္တဝါကြီးများ ထွက်လာလေတော့သည်။

မြွေတော့မဟုတ်ပေ. .၊ မြွေတစ်ကောင်ကဲ့သို့ လူးလွန့်လာသော ပြားပြားရှည်ရှည်ကြီးများဖြစ်သည်။

အချို့ကတောစပ်မှ ထွက်လာသည်။

အချို့က သစ်ရွက်များအောက်မှ တိုးထွက်လာသည်၊

အချို့က ပြားသော်လည်း အချို့ကမြွေတစ်ကောင်ကဲ့သို့ အလုံးဖြစ်သည်။

အကောင်အရွယ်အစားကြီးပြီး အချို့မှာတစ်တောင်၊ နှစ်တောင်ခန့် အလျားရှည်သည်။

"ဘာကောင်ကြီးတွေလဲ"





စိုင်းဗညားက အလန့်တကြားမေးလိုက်သည်။

"အဲဒါတခြားမဟုတ်ဘူး၊ သတ္တဝါတွေကို သွေးစုပ်သတ်နိုင်တဲ့ မျှော့နဲ့ကျွတ်ကောင်ကြီးတွေပဲ"

"ဟေ့. . သေနတ်နဲ့ပစ်ကြစမ်း"

ဟု အမိန့်ပေးသဖြင့် အချို့ကသေနတ်ဖြင့်ပစ်သည်။

တိတ်ဆိတ်နေသော အချိန်တွင် သေနတ်သံများက ဆူညံသွားလေသည်။

တောတွင်းမှာ ပွဲတင်ထပ်သွားလေသည်။

အချို့ သေနတ်ကျည်ဆံထိမှန်သောကြောင့် သွေးများပန်းထွက်လာသော်လည်း သေမသွားပေ. .။

ရှေ့တိုးမြဲ ဆက်တိုးလာသည်။

အကောင်အရေအတွက်က တဖြည်းဖြည်းနှင့်များလာပြီး အချို့က လားနှင့်မြင်းပုလေးများကို ဝင်ပတ်သည်။

အချို့ကလူခြေထောက်ကို ဝင်ပတ်သည်။

မျှော့နှင့်ကျွတ်ကောင်ကြီးများမှာ ထိုသို့ပတ်မိသည်နှင့် ဘယ်လိုခွာချ၍မှ မကွာတော့ပဲ သွေးစုပ်ယူလေသည်။

ထိုအခြေအနေကြောင့် သေနတ်နှင့်ပစ်သူပစ်၊ ဓားနှင့်ခုတ်သူခုတ်နှင့် ဆူညံနေတော့သည်။

မျှော့ကြီးများက သာမန်လာသော်လည်း ကျွတ်ကောင်ကြီးများကတော့ ထိုသို့မဟုတ်ပေ။

နောက်ဘက်မှာပါသော သွေးစုပ်ခွက်များကို မြေပေါ်သို့ထောက်ကာ ခုန်၍ခုန်၍လာကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျှော့နှင့်ကျွတ်များအပတ်ခံရသူများက ကြောက်လန့်တကြားနှင့် ပြန်ခွာချရန် ကြိုးစားကြသော်လည်း မရပေ။ ထိုသို့ပတ်မိသည်နှင့် သွေးစုပ်ခွက်များကပ်ကာ သွေးစုပ်ယူကြတော့သည်။

အချို့မှာ တစ်ကောင်မကပဲ နှစ်ကောင်သုံးကောင်ဝိုင်းပတ်ထားရာ လူကိုပင်မမြင်ရတော့ပေ၊ .

မြင်းပုလေးတစ်ကောင်မှာ တစ်ကိုယ်လုံးမည်းမည်းလှုပ်မျှ ဝိုင်းပတ်တွယ်ထားသောကြောင့် မြင်းကိုမမြင်ရတော့ပဲ ခဏကြာတော့ စူးစူးဝါးဝါးအော်ဟစ်ရင်း မြေပေါ်သို့လဲကျသွားတော့သည်။

မြင်းနှင့်လားများမှာ ကြိုးချည်ထားသောကြောင့် နေရာမပြေးနိုင်ပဲရှိသဖြင့် မျှော့နှင့်ကျွတ်ကောင်ကြီးများ အများဆုံးဝိုင်းအုံခြင်းကို ခံကြရခြင်းဖြစ်သည်။

"ဒီသတ္တဝါတွေက သေနတ်နဲ့ပစ်လို့မသေဘူး၊ ဓားနဲ့ခုတ်လို့မပြတ်ဘူး၊ သူတို့ကပ်မိရင်လည်း ခွာချလို့မရဘူး၊ လွတ်အောင်သာပြေးကြပေတော့"

ထိုသို့ပြောတော့မှ ကြောက်လန့်တကြားထွက်ပြေးကြသည်။ ပြေးရင်းလွှားရင်းနှင့် အချို့လည်း အပတ်ခံကြရသဖြင့် လဲကျသွားသည်ကို မြင်ရသည်။

လဲကျသွားသည်နှင့် နောက်ထပ်အကောင်များက ရောက်လာပြီး ဝိုင်းအုံကြရာ ခဏချင်းမှာပင် မည်းမည်းအလုံးကြီး ဖြစ်သွားလေတော့သည်။





အချို့က မြေပေါ်မှ မနေဝံ့သောကြောင့် ကြောက်လန့်တကြားနှင့် နီးစပ်ရာသစ်ပင်များအပေါ်သို့ တက်ပြေးသည်။

မျှော့များကတော့ တက်မလိုက်ကြပေ. .၊

ကျွတ်ကောင်ကြီးများကတော့ သစ်ပင်တက်တာကျွမ်းကျင်သောကြောင့် သစ်ပင်ပေါ်အထိ တက်လိုက်သည်။

ထိုအခါ ပြေးစရာမရှိတော့မှ အောက်သို့ခုန်ချရာ ထိခိုက်ဒဏ်ရာများ ရပြန်သည်။

ညဉ့်နက်ပိုင်းအချိန်ဖြစ်သောကြောင့်. . တောထဲမှာတိတ်ဆိတ်နေသော်လည်း ထိုနေရာတစ်ဝိုက်မှာတော့ ကမ္ဘာပျက်သည့်အလား ဆူညံနေတော့သည်။

မျှော့နှင့်ကျွတ်ကောင်ကြီးမှာ အချို့ချောင်းထဲမှာနေပြီး အချို့က သစ်ရွက်ဆွေးများအောက်၌ နေကြသည်။

သွေးနံများရသဖြင့် ထွက်လာကြခြင်းဖြစ်သည်။

မီးဖိုရှိသောကြောင့် မီးဖိုပေါ်မှကင်ထားသော အသားများကို မကပ်နိုင်သော်လည်း အခြားနေရာမှ အသားများကိုတော့ ဝိုင်းအုံနေကြသည်။

အဆိုးဆုံးကတော့ ကြိုးချည်ခံထားသော လားနှင့်မြင်းပုလေးများဖြစ်သည်။

မပြေးနိုင်သောကြောင့် သွေးစုပ်သတ္တဝါကြီးများ၏ ဝိုင်းအုံခြင်းကို ခံနေကြရသည်။

ထိုအချိန်မှာ ကေသရီရောက်နေသော နေရာသို့မျှော့နှင့်ကျွတ်ကြီးများက ဝိုင်းအုံလာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး လာကြပါဦး ဒီမှာဘာကောင်ကြီးတွေလည်းမသိပါဘူး၊ ကျွန်မအနားကို ဝိုင်းလာနေပါပြီ ကယ်ကြပါဦး"

ထိုအသံကိုကြားသော်လည်း မည်သူကမှ အကူအညီမပေးနိုင်ကြပေ။ ၄င်းတို့ကိုယ်တိုင် အသက်ဘေးအန္တရာယ်မှ လွတ်အောင်ပြေးနေကြရသောကြောင့် ဖြစ်သည်။

ထို့အတူ စိုင်းဗညားလည်း လာမကယ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၄င်းအနားရောက်လာသော မျှော့တစ်ကောင်ကို ဓားဖြင့်ခုတ်ပိုင်းနေသောကြောင့်ဖြစ်သည်။

သူကဓားဖြင့်ခုတ်သော်လည်း သားရေပြား၊ ရာဘာပြားတို့ကိုခုတ်နေရသည့်အတိုင်း 'တဒုံ့ဒုံ့'ဖြင့်သာ အသံမြည်နေပြီး ဓားကအပေါ်သို့ မြောက်တက်နေသည်။

နီမောင်က အော်သံကြားသဖြင့် ကျွတ်ကောင်ကြီးများတဖြည်းဖြည်းဝိုင်းလာသော အလယ်သို့ ရောက်နေသည့်ကေသရီကိုတွေ့ရသဖြင့် ထိုနေရာသို့ ပြေးသွားလေသည်။

ထိုသို့ပြေးသွားရာမှာ အချို့နေရာများမှာ ကျွတ်နှင့်မျှော့ကြီးများအပေါ်မှ ကျော်သွားရသည်မျိုးရှိသည်။

အတွေ့အကြုံမရှိသူများက တစ်သက်နှင့်တစ်ကိုယ်တစ်ခါမှမမြင်ဘူးသော မျှော့ကောင်ကြီးများ၊ ကျွတ်ကောင်ကြီးများကို တွေ့သောအခါ ဘာလုပ်ရမှန်းမသိကြပဲ အကြောက်ကြီးကြောက်နေကြစဉ် နီမောင်တို့ကတော့ တောထဲတောင်ထဲသွား[illegible]နေကြသူများမို့ ထိုအတွေ့အကြုံမျိုးကို ထိတ်လန့်ကြောက်ရွံ့[illegible]ကြပေ။





သူရောက်သွားတော့ သွေးစုပ်သတ္တဝါကြီးများက မနီးမဝေးနေရာအထိ ရောက်နေကြပြီ။

နီမောင်က ကေသရီရှိသောနေရာသို့ ခုန်ဝင်သွားပြီးနောက် သူမလက်ကိုဆွဲကာ ထိုနေရာမှလွတ်အောင် ပြေးလေသည်။

နောက်ဆုံးမှာတော့ ဘေးလွတ်သောနေရာသို့ ရောက်သွားကြလေသည်။

"ဒီသတ္တဝါကြီးတွေက သေနတ်နဲ့ပစ်လို့မရဘူး၊ မီးတုတ်တွေလုပ်ပြီး ရိုက်ရင်ရိုက်၊ ဒါမှမဟုတ်ဆားနဲ့ပတ်ရင် ထွက်ပြေးကြလိမ့်မယ်"

ဟု လှမ်းပြောလိုက်သည်။

သူတို့မှာ ဆားကများများစားစား မပါလာပေ။ သို့ကြောင့် မီးတုတ်များလုပ်ပြီး သွေးစုပ်သတ္တဝါကြီးများအား မီးနှင့်ရိုက်တော့မှ ရှေ့မတိုးတော့ပဲ နောက်ဆုတ်သွားကြလေတော့သည်။

အတန်ကြာတော့ သတ္တဝါကြီးများကို မတွေ့ရတော့ပေ။ အန္တရာယ်များကင်းသွားပြီ ဆိုသော်လည်း ဘယ်သူမှ ပြန်မအိပ်ဝံ့တော့ပဲ တစ်နေရာမှာ စုနေကြရသည်။

"ကျွန်. . ကျွန်မကိုကယ်တင်ပေးတဲ့အတွက် ရှင့်. . ရှင့်ကို ကျေးဇူးတင်ပါတယ်"

"ဒီလောက်ကျေးဇူးတင်စရာမလိုပါဘူးဗျာ၊ ခင်ဗျားတို့နဲ့ ကျွန်တော်တို့နဲ့က အခုချိန်မှာခရီးသွားဖော်တွေပဲ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရှိရင် တစ်ယောက်ကအကူအညီပေးရမှာပေါ့"

"ဘာ. . ဘာကောင်ကြီးတွေလဲဟင်"

"သွေးစုပ်တဲ့ ကျွတ်နဲ့မျှော့ကြီးတွေပါ. . လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် ကပ်မိရင် မကွာတော့ဘူး၊ တစ်ကိုယ်လုံးသွေးကုန်မှပဲ ကွာကျသွားတော့တယ်၊ အဲဒီလိုသွေးဝအောင်စုပ်ပြီးရင်လည်း သူတို့ရဲ့ခန္ဓာကိုယ်က အခုမြင်ရတာထက် နှစ်ဆသုံးဆပိုကြီးသွားကြတယ်"

"အောင်မယ်လေး ကြောက်စရာကောင်းလိုက်တာ. ."

ထိုအချိန်မှာပင် ထိုနေရာသို့ စိုင်းဗညားရောက်လာလေသည်။

"ကေသရီကလည်း ကြောက်တတ်လိုက်တာ လွန်ပါရော၊ ဒါကြောင့် လိုက်မလာခဲ့ပါနဲ့လို့ အတန်တန်ထားနေတာ ရမှမရပဲကိုး. ."

ဟု အပြစ်တင်သောအသံမျိုးဖြင့် ပြောဆိုလေသည်။

ကေသရီကတော့ဘာမှမပြောပဲ မျက်စောင်းတစ်ချက်ထိုး၍သာ ကြည့်လိုက်ပြီး မျက်နှာပြန်လွှဲထားလိုက်လေသည်။

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်သောအခါ မူလနေရာသို့ ပြန်သွားပြီး အခြေအနေစစ်ဆေးကြည့်သော လူနှစ်ယောက်နှင့် လားသုံးကောင်၊ မြင်းပုလေးတစ်ကောင်တို့ သေဆုံးနေသည်ကို စိတ်မကောင်းစရာတွေ့မြင်ကြရသည်။

သေဆုံးနေကြသည့် လူနှင့်တိရစ္ဆာန်တို့မှာ တစ်ကိုယ်လုံးသွေးမရှိတော့ပဲ ပိန်ကပ်လျက်ရှိပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေ





ကြလေသည်။

သူတို့အနေဖြင့် စိတ်မကောင်းဖြစ်ရုံမှလွဲပြီး အခြားဘာမှ မတတ်နိုင်သောအခြေအနေမျိုး ဖြစ်ပေသည်။

မဟူရာတောင်သို့ မရောက်ခင်မှာပင် ဆီးကြိုနှုတ်ဆက်လာသောအန္တရာယ်ကြောင့် လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးခဲ့ကြရလေပြီ. . ။


www.burmeseclassic.com

www.burmeseclassic.com





( အခန်း ၁၄ )

# လိုက်ဂူအတွင်းမှ အန္တရာယ်ဆိုးများ

လမ်းခရီးတစ်လျှောက်လုံးမှာ အန္တရာယ်မျိုးစုံတို့နှင့် တွေ့ခဲ့ကြရပြီးနောက် မဟူရာတောင်သို့ ရောက်သွားကြလေသည်။ ထိုနေရာရောက်တော့ ဂေါ်ရခါးစစ်သားများက. . . သေနတ်တပြင်ပြင်နှင့် ဖြစ်နေကြသည်။

"တော်လှန်ရေးသမားတွေ ပုန်းနေတာ ဒီဂူထဲမှာလား"

"ဟုတ်တယ် ငါတို့ကို ပုန်ကန်နေတဲ့သူတွေ ဒီအထဲမှာ ရှိတယ်. ."

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



စိုင်းဗညားက ပြောလိုက်သည်။

"ဒီလိုဆိုရင် ဂူထဲသို့မြန်မြန်ဝင်ကြရအောင် ငါတို့ကို အခချင်တဲ့လူတွေကို ချေမှုန်းပစ်ရမယ်"

ဟုပြောကာသေနတ်များ၊ ကျည်ဆံများနှင့် လက်ပစ်ဗုံးများကိုပါ အဆင်သင့်ပြင်ဆင်ကြလေသည်။

စိုင်းဗညားတို့နောက်မှာပါလာသော နောက်လိုက်နောက်ပါတို့ကလည်း ဓား၊ လှံ၊ လေးများတို့ကို ပြင်ဆင်နေကြသည်။

နီမောင်တို့ကတော့ ဂူအတွင်းသို့ရောက်ပြီး အန္တရာယ်များနှင့်တွေ့ပါက မည်သို့မည်ပုံ တိမ်းရှောင်ကြမည်ကို ကြိုတင်တိုင်ပင်ထားကြသည်။

"မဥ္ဇူသကနတ်ပန်းရှိတာ ဒီဂူထဲမှာလား"

ကေသရီကမေးသည်။

"ဟုတ်ပါတယ်. ."

"ဝင်ပေါက်လမ်းတွေကိုတော့ မှတ်မိတယ်မဟုတ်လား"

နီမောင်ကခေါင်းညိတ်ပြသည်။

"ကျွန်မတို့လိုချင်တာရရင် ရှင်တို့အတွက်လိုချင်တာရပါစေမယ်"

"ကျွန်တော်တို့ ဘာမှမလိုချင်ပါဘူး"

နီမောင်စကားကြောင့် ကေသရီကအံ့သြသော မျက်နှာအမူအရာဖြင့် တစ်ချက်ကြည့်လိုက်သော်လည်း ဘာမှတော့ ဆက်မပြောတော့ပေ. .။





ဂူအတွင်းသို့မဝင်ခင်လိုအပ်သော ပြင်ဆင်မှုများပြုလုပ်နေကြစဉ် နီမောင်ကပြောသည်။

"ဒီဂူထဲမှာအန္တရာယ်တွေ အများကြီးရှိပါတယ်"

"ဘယ်လိုအန္တရာယ်မျိုးတွေလဲ"

"သဘာဝအန္တရာယ်တွေရော မမြင်ရနိုင်တဲ့အန္တရာယ်တွေပါ ရှိပါတယ်"

"မမြင်ရတဲ့အန္တရာယ်ဆိုတာက ဘာတွေလဲ"

"ဝိညာဉ်လောကသားတွေပါ. ."

"ငါတို့က ဒါမျိုးတွေအယုံအကြည် မရှိပါဘူး၊ မဥ္ဇူသကနတ်ပန်းရှိတဲ့နေရာကိုသာ လမ်းပြပေးပါ"

ဟု စိုင်းဗညားကပြောသဖြင့် ဂူအတွင်းသို့စတင်ဝင်ကြလေသည်။

နီမောင်တို့ကရှေ့ဆုံးမှ လမ်းပြပြီးဝင်ကြရပြီး ကျန်သူများက နောက်မှလိုက်ကြလေသည်။

သူတို့သည်လက်နက်များကို အဆင့်သင့်ကိုင်ထားပြီး သတိကြီးစွာထားကာ ဝင်ကြခြင်းဖြစ်သည်။

ဂူအတွင်းသို့ ခရီးအတော်ပေါက်လာသည့်တိုင် မည်သည့်အန္တရာယ်နှင့်မှ မတွေ့ကြရပေ. .။

ယခင်တစ်ခေါက် သူတို့ရောက်ခဲ့စဉ်က ပင့်ကူနက်များ အန္တရာယ်ပေးသောနေရာသို့ပင် ကျော်လာခဲ့ပေပြီ၊

ထိုနေရာများမှာ နေရာအနှံ့တွင် ပင့်ကူမျှင်များတွေ့ရသော်လည်း ပင့်ကူနက်ကြီးများအား တစ်ကောင်တလေမှ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရသဖြင့် စိတ်ထဲမှ အံ့သြနေကြသည်။

ဂူကြီးတစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ထိုငြိမ်သက်ခြင်းမျိုးက ကြောက်စရာကောင်းသည်။

မုန်တိုင်းမကျမီ ငြိမ်သက်ခြင်းမျိုးဖြစ်နိုင်လေသည်။

သူတို့ရောက်နေသော မဟူရာတောင်လိုဏ်ဂူကြီးအတွင်းမှာ ပင့်ကူနက်များက နေရာအနှံ့မှာ ရှိနေကြသည်။ ယခုတစ်ကောင်မှ မတွေ့ရခြင်းကတော့ ထူးဆန်းသည်။

ထို့ပြင် ဂူကြီးတစ်နေရာတွင် ကြီးမားသောမြွေကြီးလည်း ရှိနေသည်။

သို့ကြောင့် သတိဝီရိယဖြင့် သွားကြရသည်။

အတွင်းပိုင်းတစ်နေရာရောက်တော့ ဘာမှမတွေ့ရသောကြောင့် ခေတ္တနားကြသည်။

"ဒီဂူထဲမှာ တော်လှန်ရေးသမားတွေ ရှိတယ်ဆိုတာ အမှန်ပဲလား"

ဂေါ်ရခါးစစ်သားက မေးပြန်သည်။

"ရှိတယ် ဒီဂူထဲမှာ ပုန်းနေကြတယ်"

နီမောင်က ပြောလိုက်သည်။

"ဘယ်တော့တွေ့ရမလဲ"

"မကြာခင်တွေ့ရတော့မှာပါ"

"မြန်မြန်တွေ့ချင်လှပြီ ငါတို့ကို ပုန်ကန်တဲ့သူတွေကို သတ်ပစ်ရမယ်"





ဟုသေနတ်တပြင်ပြင်နှင့် ပြောနေကြသည်။

ထို့နောက်မှာတော့ ဂူအတွင်းပိုင်းရောက်လာကြပြီး အမှောင်ရိပ်များ သမ်းလာပြီဖြစ်သောကြောင့် နီမောင်ကပြောလိုက်သည်။

"ဒီဂူထဲမှာ မှောင်လာရင်သွားလို့ မကောင်းတော့ဘူး အန္တရာယ်တွေရှိတယ်၊ လုံခြုံစိတ်ချရမယ့် တစ်နေရာမှာ နားကြရင်ကောင်းမယ်"

ထိုသို့ပြောသည်ကို အားလုံးကပါ သဘောတူကြသဖြင့် တစ်နေရာ၌ စခန်းချရန် ပြင်ဆင်ကြသည်။

သူတို့သည် သင့်တော်သောနေရာ၌ မီးဖိုများဖိုပြီးနောက် ပါကလာသော အစားအသောက်တို့ကို ချက်ပြုတ်စားသောက်ကြသည်။ ထိုသို့စားသောက်ပြီးသောအခါ ကိုယ့်အဖွဲ့နှင့်ကိုယ် စုပြီးနားကြလေသည်။

နီမောင်တို့လေးယောက်လည်း စားသောက်ပြီးသောအခါ မီးပုံနှင့်မနီးမဝေးမှာ နားကြလေသည်။

"နီမောင် ဒီဂူထဲရောက်လာတော့ ထူးဆန်းတယ်လို့ မင်းမထင်ဘူးလား"

"ဘယ်လို ထူးဆန်းတယ် ပြောတာလဲ"

"ငါတို့လာတုန်းက ဂူထဲရောက်ရုံပဲ ရှိသေးတယ်၊ ပင့်ကူနက်တွေနဲ့တွေ့ပြီး အဖမ်းခံကြရတယ် မဟုတ်လား၊ အခု တစ်ကောင်မှ မတွေ့ရသေးတာ မထူးဆန်းဘူးလား"

"သူတို့တစ်နေရာမှာ ရှိနေကြမှာပါ၊ အခြေအနေ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေတာဖြစ်မှာပါ"

"သစ်ခွနက်ရှိတဲ့နေရာမှာ မြွေတွင်းကြီးရှိတယ်၊ အဲဒီနေရာရောက်ရင် ဘယ်လိုလုပ်မလဲ"

စောထီးက တိုးတိုးမေးသည်။

"ဟိုနေရာရောက်မှပဲ အခြေအနေကြည့်ပြီး လုပ်ရမှာပဲ"

ထိုသို့ ပြောဆိုပြီး အိပ်ရန်ပြင်ကြသည်၊

အချိန်ကလည်း ညဥ့်နက်ပိုင်းသို့ ရောက်လာချေပြီ။

ထိုအချိန် ရောက်တော့မှ ဂူအတွင်းပိုင်းမှ စူးစူးဝါးဝါး အော်သံအချို့ ပေါ်ထွက်လာသည်။

ဂူတစ်ခုလုံးလည်း သိမ့်သိမ့်တုန်လာလေသည်။

"ဘာဖြစ်တာလဲ"

အစောင့်တစ်ယောက်က လှမ်းမေးသည်။

"လျှောင်လှုပ်တာဖြစ်မှာပေါ့"

"စောစောက အော်သံလိုလိုကြားရတယ် ဘာကောင်တွေလဲ"

"ဒီဂူထဲမှာ သတ္တဝါမျိုးစုံရှိတာပဲ သူတို့အော်သံတွေပဲဖြစ်မှာပေါ့"

နီမောင်က အရေးမကြီးသလို ပြန်ပြောလိုက်သော်လည်း အစောင့်ကတော့ မျက်လုံးပြူးနေသည်။

တိတ်ဆိတ်နေသော အချိန်ဖြစ်သဖြင့် ဂူအတွင်းဘက်မှ ခွေ့လျားပွတ်တိုက်သွားသော အသံမျိုး အတိုင်းသားကြားနေရ





သည်။ မြေပြင်ပေါ်သို့ ဝမ်းဗိုက်ဖြင့် ပွတ်တိုက်လာသော အသံမျိုးကိုလည်း အတိုင်းသားကြားနေရသည်။

ထိုအသံက တဖြည်းဖြည်းနီးလာသလို ဂူမှာလည်း မြေလျှောင်လှုပ်သလို ပိုလှုပ်လာသည်။

ထောင်ထားသော ပစ္စည်းများ၊ ကျောက်တုံးပေါ်မှာ တင်ထားသော ပစ္စည်းထုပ်များ အောက်သို့ပြုတ်ကျလာသည်။

"ဘာသံကြီးလဲ"

ထိုသို့ပြောရင်း သေနတ်ကိုင်ထားကြသူများက သေနတ်များကို အဆင်သင့်ပြင်ပြီး အသံကြားရာဘက်သို့ ချိန်ထားကြသည်။

"တွင်းထဲက မြွေကြီးထွက်လာပြီး ဒီနေရာရောက်လာတော့မယ်ထင်တယ်၊ ဘယ်လိုလုပ်မလဲ နီမောင်"

"အခြေအနေကြည့်ပြီး လွတ်အောင်ပြေးရမှာပေါ့"

ဟု အချင်းချင်း တိုးတိုးတိတ်တိတ်တိုင်ပင်ထားကြသည်။

ထိုအသံက တဖြည်းဖြည်းနီးလာသလို မနီးမဝေးမှာ ကြိုးဖြင့်ချည်ထားသော မြင်းပုလေးနှင့် လားများမှာ ဂနာမငြိမ်ဖြစ်နေကြသည်။ နှာမှုတ်သံများပေးကာ ထိုနေရာမှ ထွက်ပြေးရန် ကြိုးစားနေကြသည်။

နီမောင်တို့ကတော့ မကြာခင်မှာ ဂူပေါက်ဝတစ်ခုခုအတွင်းမှ မြွေကြီးထွက်လာလိမ့်မည်ဟု ထင်သဖြင့် စောင့်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . အသံသာကြားနေရပြီး ထွက်မလာပေ။

အတန်ကြာတော့. . . ကြားနေရသောအသံများက ကဖြည်းဖြည်း ဝေးသွားပြီးနောက် ပျောက်သွားတော့သည်။

ထိုအခါမှ သက်ပြင်းချနိုင်ကြတော့သည်။

သူတို့သည် အချိန်အတော်ကြာသည်အထိ စောင့်ကြည့်နေကြသော်လည်း နောက်ထပ် အခြေအနေမထူးတော့မှ အချို့ပြန်အိပ်ကြသည်။

နီမောင်တို့လေးယောက်ကတော့ ပြန်မအိပ်ကြတော့ဲ လက်ဖက်ရည်သောက်ရင်း အခြေအနေကိုစောင့်ကြည့်နေကြလေသည်။

သို့သော်လည်း မိုးလင်းသည့်အချိန်ရောက်သည့်တိုင်နောက်ထပ် ထူးခြားမှုတော့ မတွေ့ရ၊ မကြားရတော့ပေ။ နံနက်လင်းသည်နှင့် ဝမ်းပြည့်အောင် စားသောက်ကြပြီးနောက် ဂူအတွင်းပိုင်းသို့ ဝင်ကြလေသည်။

အံ့သြဖို့ကောင်းသည်က ယခုအချိန်ထိ ပင့်ကူနက်များအား တစ်ကောင်တလေမှ မတွေ့ရခြင်းပင်ဖြစ်၏။

နောက်ဆုံးမှာတော့ မြေတွင်းကြီးရှိသောနေရာသို့ရောက်သွားကြသည်။

ထိုတွင်းထဲမှာ မြွေကြီးရှိနေသည်ကိုတော့ နီမောင်တို့သာသိပြီး ကျန်သူများက မသိကြပေ။

တွင်းနက်ကြီး၏ အခြားတစ်ဖက်နံရံပေါ်မှာတော့ မဥ္ဇူသကနတ်ပန်းဟုခေါ်သော သစ်ခွနက်ကမူ အခြေအနေမ





ပျက်ရှိနေသေးသည်။

သစ်ခွနက်ကိုမြင်တော့ အားလုံးအံ့သြနေကြလေသည်။

“ခင်ဗျားတို့လိုချင်တဲ့ သစ်ခွနက်ဆိုတာ အဲဒီမှာတွေ့နေရတဲ့ပန်းပါပဲ”

နီမောင်က လက်ညှိုးထိုးပြပြီးပြောလိုက်သည်။

ကေသရီက တွင်းစပ်နားရောက်အောင်သွားပြီး တစ်ဖက်ကျောက်နံရံပေါ်မှာ ပေါက်နေသော သစ်ခွပန်းကို တအံ့တသြ ကြည့်နေသည်။

ပြီးမှ ပြန်လှည့်လာပြီး နီမောင်ရှေ့မှာရပ်လိုက်သည်။

“သစ်ခွနက်ဆိုတာ ကမ္ဘာပေါ်မှာ အရှားပါးဆုံးပန်းတစ်မျိုးပါပဲ၊ ဒါပေမယ့် ကျွန်မတို့လိုချင်တာက သစ်ခွနက်မဟုတ်ပါဘူး”

ဟုပြောသည်။

“ဒါဖြင့် ဘာလိုချင်တာလဲ”

“ဒီဂူထဲမှာ စပ်ခွန်ပန်းရဲ့ နောက်လိုက်နောက်ပါတွေခိုအောင်းနေတယ်လို့ သတင်းကြားထားပြီးသားပါ သူတို့ရှိတဲ့နေရာကို ရှင်တို့သိတယ်မဟုတ်လား လိုက်ပြပေးပါ”

“မသိပါဘူး၊ ကျွန်တော်တို့ တာဝန်ကသစ်ခွနက်ကိုတွေ့အောင်ရှာပေးဖို့ပါပဲ၊ အခုတွေ့ပြီဆိုတော့ ကျွန်တော်တို့တာဝန် ပြီးပါပြီ ပြန်ပါရစေ”

“ဒီလိုနဲ့ဘယ်ပြီးပါ့မလဲ သူတို့ရှိတဲ့နေရာကို လိုက်ပြပေးပါ”



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး"

ထိုအခါ စိုင်းဗညားကနောက်လိုက်များကို အမိန့်ပေးလိုက်ရာ နီမောင်တို့လေးယောက်စလုံးကို လက်ပြန်ကြိုးတုပ်ကာ ဖမ်းဆီးလိုက်သည်။

"ဒါကတော့ ခင်ဗျားတို့ ကတိမတည်တာပဲ သစ်ခွနက်ရှိတဲ့နေရာကို ပြပေးရင်ပြီးပြီလို့ ခေါ်လာခဲ့ပြီးမှ ဒီလိုလုပ်တာတော့ မကောင်းပါဘူး"

"ဒီကိစ္စက ငါတို့အတွက်သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ကိစ္စပဲ၊ သူတို့ရှိတဲ့နေရာကို လိုက်ပြပေးပါ ဒါမှမဟုတ်လို့ ငြင်းဆန်နေမယ်ဆိုရင်တော့ မင်းတို့လေးယောက်စလုံးကို သတ်ပစ်မယ်"

စိုင်းဗညားက သေနတ်တပြင်ပြင်နှင့် ကြိမ်းမောင်းပြောဆိုနေသည်။

"ကျုပ်တို့က ဆင်းရဲ ချို့တဲ့ကြပေမယ့် ဒီလောက်တော့ စိတ်ထားမယုတ်ကြပါဘူး၊ လူဆင်းရဲပေမယ့် တိုင်းပြည်နဲ့ လူမျိုးအပေါ်မှာတော့ ဘယ်တော့မှ သစ္စာဖောက်မယ့်လူတွေ မဟုတ်ကြဘူး၊ ခင်ဗျားတို့ သတ်ရင်လည်း အသေခံမယ် ဘယ်တော့မှ ပြောမှာမဟုတ်ဘူး"

ထိုစကားကြောင့် စိုင်းဗညားက ဒေါသထွက်သွားပြီး သေနတ်ဖြင့် ချိန်ထားလိုက်သည်။

ဂေါ်ရခါးစစ်သားများကလည်း သေနတ်ဖြင့်ချိန်ထားလိုက်ကြသည်။





နီမောင်တို့က မြွေတွင်းဘက်သို့မျက်နှာမူထားပြီး စိုင်းဗညားနှင့် လူအချို့ကမြွေတွင်းဘက်သို့ ကျောခိုင်းထားသည်။

"မင်းတို့အမှန်အတိုင်းပြောမှာလား"

နီမောင်က ဘာမှပြန်မပြောတော့ပေ။

"မပြောရင်တော့ ငါတို့အကြောင်းတွေကို သိနေတဲ့ မင်းတို့လေးယောက်စလုံးကို အရှင်မထားတော့ဘူး"

ဟုပြောပြီး သေနတ်ဖြင့်ပစ်ရန် ပြင်လိုက်ကြသည်။

ထိုအခိုက်မှာပင် ဂူမျက်နှာကြက်ကျောက်ပြားကြားမှာ ရေစက်အချို့က စိုင်းဗညားကိုယ်ပေါ်သို့ ကျလာတော့သည်။ လက်ပေါ်သို့ကျလာသော ရေစက်ကြောင့် မီးလောင်သကဲ့သို့ ဖြစ်သွားကာ သေနတ်လွတ်ကျသွားသည်။

"အား"

ဂူမျက်နှာကြက်ကျောက်ဖျာကြားမှ ကျလာသောရေမှာ သာမန်မဟုတ်ပေ။

ပင့်ကူနက်များ၏ အဆိပ်ရေဖြစ်သောကြောင့် ထိလိုက်သည်နှင့် မီးလောင်ခံရသကဲ့သို့ ဖြစ်သွားလေသည်။

ထို့ကြောင့် အထိတ်တလန့်ဖြင့် အပေါ်သို့ မော့ကြည့်လိုက်ကြသည်။

"ဟာ. . ဘာကောင်ကြီးတွေလဲ"

ကျောက်ချပ်များကြားမှ ထွက်လာသော သတ္တဝါကြီးများမှာ အခြားမဟုတ်ပေ။

အဆိပ်ပြင်းလှသော ပင့်ကူနက်ကြီးများပင် ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ပင့်ကူနက်ကြီးများက ကျောက်ပြား၊ ကျောက်ချပ်များကြားမှာ ပုန်းနေကြပြီး ယခုမှ နေရာအသီးသီးမှ ထွက်လာကြခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် မျက်နှာကြက်ပေါ်မှ ပင့်ကူနက်ကြီးများ အောက်မှာရှိနေသော လူများပေါ်သို့ ခုန်ချလာကြသည်။ လူပေါ်ရောက်သည်နှင့် အဆိပ်ဆူးဖြင့်ထိုးကာ အဆိပ်ရည်များ ညှစ်ချရာ ချက်ချင်းလဲကျသွားကြလေသည်။

အချို့လည်း သေနတ်ဖြင့်ပစ်ကြသည်။

အချို့ကလည်း ဓားဖြင့်ခုတ်၊ လှံဖြင့်ထိုးကြသည်။

သို့သော်တဖြည်းဖြည်း အကောင်အရေအတွက်များလာသောကြောင့် မနိုင်တော့ပေ။

ထို့ကြောင့် အချို့က ကိုယ်လွတ်ရုန်းကာထွက်ပြေးရန်ကြိုးစားကြလေသည်။

ထိုအချိန်မှာပင် ဂူတစ်ခုလုံး သိမ့်သိမ့်တုန်လာပြန်သည်။ ညကအစာရှာရန် ထွက်သွားသော မြွေကြီးမှာ ဂူပေါက်မှတစ်ဆင့် အတွင်းသို့ ပြန်ဝင်လာချေပြီ၊

ဂူထဲမှာရှိနေသောသူများမှာ တစ်ဖက်ဂူပေါက်မှာပင့်ကူနက်များရှိနေပြီး ကျန်တစ်ပေါက်မှာ မြွေကြီးဝင်လာနေပြီ ဖြစ်သောကြောင့် ပြေးပေါက်မရှိတော့ပေ။

အတော်များများကတော့ ပင့်ကူနက်များအဆိပ်ရည်ထိ၍ သေဆုံးသွားကြလေပြီ။





နောက်ဆုံး စောဗညားနှင့် ကေသရီတို့ နှစ်ယောက်နှင့် နီမောင်တို့လေးယောက်သာ ကျန်တော့ပေပြီး မြွေကြီးကလည်း တဖြည်းဖြည်းနှင့် ရှေ့တိုးဝင်လာလေပြီ။

"ကို ကိုနီမောင်ကျွန်မကို ကယ်ပါဦး"

ကေသရီကလှမ်းပြီး အကူအညီတောင်းလိုက်သဖြင့် နီမောင်ကသူတို့ရှိရာသို့ပြေးသွားပြီး ပင့်ကူနက်များနှင့်ဝေးသော နေရာသို့ ခေါ်လာခဲ့သည်။

သူ့ဆီမှာ ပင့်ကူနက် အမြုတေပါလာသောကြောင့် ပင့်ကူနက်များက အနားရောက်အောင်မလာကြပေ။

ထိုအခွင့်ကောင်းကိုယူကာ စိုင်းဗညားနှင့် ကေသရီတို့ နှစ်ယောက်ကိုပါခေါ်ပြီး ပင့်ကူနက်များ ပိတ်နေသော ဂူပေါက်ဝသို့ သွားကြလေသည်။

ထိုအချိန်မှာ မြွေကြီးကအတွင်းသို့ ဝင်စပြုလာသည်၊ ဂူထဲမဝင်သေးပဲ ရပ်တန့်နေသည်။

ဒါကပင် သူတို့အတွက် အခွင့်အရေးရသွားလေတော့သည်။

နီမောင်က အိတ်ထဲမှာ ပါလာသော ပင့်ကူအမြုတေကျောက်ကိုထုတ်ပြီး ဂူပေါက်ဝသို့သွားသည်။

ထို့နောက် ပင့်ကူနက်များမြင်သာအောင် ထောင်ပြလိုက်သည်။ အမြုတေကျောက်ကိုမြင်သည်နှင့် လှုပ်လှုပ်ရှားရှားနေကြသည့် ပင့်ကူနက်များ ငြိမ်ကျသွားသေလည်း

"အားလုံး ကျွန်တော်နောက်က လိုက်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဟုခေါ်ပြီး ရှေ့သို့တိုးလိုက်သည်။

ဂူပေါက်ဝမှာ ရှိနေသော ပင့်ကူနက်များက နံရံဘက်သို့နေရာရွှေ့ပေးကြသည်။

ထို့ကြောင့် အလယ်နေရာမှ အတွင်းသို့ ဝင်သွားကြသည်။ သူတို့အတွင်းရောက်သွားတော့ ပင့်ကူနက်များက ဂူပေါက်ဝမှာ ပြန်ပိတ်သွားကြလေသည်။

ထိုနည်းဖြင့် အန္တရာယ်မှ လွတ်မြောက်ခဲ့ကြရသည်။







( အခန်း ၁၅ )

# သမုဒ္ဒယပိုးချည်မျှင်များ

လိုဏ်ဂူအတွင်းမှ အန္တရာယ်ဆိုးများကြားမှ လွတ်မြောက်ခဲ့ကြသော သူတို့အားလုံး ဦးခွန်ဇာတို့နေသော လိုဏ်ဂူသို့ ရောက်အောင်သွားကြလေသည်။

နီမောင်တို့က တစ်ခေါက်ရောက်ခဲ့ဘူးသောကြောင့် အခက်အခဲမရှိ ရောက်အောင်သွားနိုင်လေသည်။

ထိုနေရာရောက်တော့ ဦးခွန်ဇာနှင့် မဟူရာတို့ရှေ့များ စုအုံသြနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက် စိုင်းဗညားနှင့် ကေသရီတို့ကိုတွေ့မြင်ရသောကြောင့် ပို၍အံ့ဩနေကြဟန်ရှိလေသည်။

"အစ်ကိုတော်နဲ့ အစ်မတော်တို့ပါလား"

မဟူရာက မျက်လုံးလေးအဝိုင်းသားဖြင့် ရေရွတ်လိုက်လေသည်။ စိုင်းဗညားက မဟူရာကို တွေ့မြင်သောအခါ ဝမ်းသာအားရ အမူအရာဖြင့် အနားသို့တိုးသွားပြီး လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"စော. . စောမြနွယ်"

"အစ်ကိုတော် ဒီကိုဘယ်လိုရောက်လာတာလဲဟင်"

မဟူရာကလည်း တအံ့တဩဖြင့် ပြန်မေးသည်။

"ဒီအကြောင်းတွေကို နောက်မှပြောပြပါ့မယ်၊ ဒီတစ်သက်တော့ ပြန်မတွေ့ကြရတော့ဘူးလို့ ထင်ထားခဲ့တာ အခုလိုပြန်တွေ့ရတာ ဝမ်းသာလိုက်တာ စောရယ်"

ပထမတော့ မဟူရာအမည်ခံထားသော စောမြနွယ်လည်းမမျှော်လင့်ပဲ စိုင်းဗညားကို ပြန်တွေ့ရသဖြင့် ဝမ်းသာသွားဟန်ရှိသော်လည်း နောက်မှတစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် လက်ကိုပြန်ရုတ်လိုက်လေသည်။

"အို. . ကျွန်မလက်ကိုလွှတ်ပါ ကျွန်မကအရင်ဘဝမျိုးလည်း မဟုတ်တော့ပါဘူး၊ နောက်ပြီးအစ်ကိုတော်နဲ့လည်း ဘဝအဆင့်အတန်းချင်း ခြားနေပါပြီ၊ အခုလာတာလည်း ကျွန်မတို့ကိုဒုက္ခပေးဖို့ရောက်လာကြတာ မဟုတ်လား"

ဟု မေးလိုက်လေသည်။





"မဟုတ်ပါဘူး စောရယ်၊ အရင်က အစ်ကိုတော်မှားခဲ့တာတွေရှိပါတယ် ဒီအတွက်ခွင့်လွှတ်ပေးစေချင်ပါတယ်"

ဟု ပြောဆိုပြီး ဦးခွန်ဇာရှေ့သို့သွားကာ ဒူးထောက်ပြီးတော့ တောင်းပန်ပြန်လေသည်။

"ဦးကြီးတော် ကျွန်တော်ကိုခွင့်လွှတ်ပေးပါ၊ ကျွန်တော်မှားခဲ့တဲ့အကြောင်းတွေရှိပေမယ့် အခုတော့ နောင်တရပါပြီ ဦးကြီးတော်တို့ကိုလည်း နောက်ထပ်ဒုက္ခမပေးတော့ပါဘူး"

"မင်းအပေါ်မှာ ငါကခွင့်လွှတ်ပါတယ်၊ ဒါပေမယ့် ငါတို့က အရင်ဘဝမျိုး မဟုတ်တော့ဘူး၊ တောထဲတောင်ထဲမှာ လူမသိသူမသိ ဘဝမျိုးနဲ့နေရတဲ့ အခြေအနေရောက်နေပြီ မင်းတို့ဒီကိုရောက်လာတာ ဖေယျသခ်ဓားကို အလိုရှိလို ရောက်လာကြတာမဟုတ်လား"

"မှန်ပါတယ် စော်ဘွားကြီးစေခိုင်းလို့ ဖေယျသခ်ဓားကိုယူဖို့ရောက်လာတာပါ၊ ဒါပေမယ့် ကျွန်တော်တို့နဲ့ ပါလာတဲ့နောက်လိုက်နောက်ပါတွေလည်း အားလုံးသေကုန်ကြပါပြီ၊

ကျွန်တော်တို့နှစ်ယောက်တောင်မှ သူတို့[illegible]ယ်ခဲ့လို့ အသက်ဘေးက လွတ်မြောက်ခဲ့တာပါ၊ ဒါကြောင့် နမ့်ခမ်းကိုလည်း မပြန်လိုတော့ပါဘူး၊ ကျွန်တော်စောမြနွယ်နဲ့ပဲ အတူတူနေ[illegible] စေတော့"

ဟု ခွင့်ပန်လေသည်။

ထိုစကားကြားသောအခါ နီမောင်ကအံ့ဩ[illegible] မဟူရာကို လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကခေါင်းငုံ့လျက်သားနှင့် ငိုကြွေးနေလေသည်။

"မင်းဒီမှာ အမြဲနေပါ့မယ်လို့ သစ္စာရေသောက်ဝံ့ပါ့မလား"

"သောက်ဝံ့ပါတယ် ကျွန်တော်ကိုသာ လက်ခံပေးပါ"

"ကောင်းပြီး ဒါဖြင့်သူ့ဆီမှာ ခွင့်တောင်းပြီးသစ္စာရေသောက်ဖို့ ငါ့နောက်လိုက်ခဲ့ပါ"

ဟုပြောပြီး ဦးခွန်ဇာက နေရာမှထွက်သွားလေသည်။

ထိုအခါ စိုင်းဗညားက စောမြနွယ်အနီးသို့ ပြန်သွားပြီး ခွင့်တောင်းပြန်သည်။

"အစောအနေကရော အစ်ကိုတော်ကို ခွင့်လွှတ်ပြီး လက်ခံပေးမယ် မဟုတ်လားဟင်"

"ကျွန်. . ကျွန်မလက်ခံလို့ မဖြစ်နိုင်တော့ဘူး၊ ကတိပေးထားတဲ့သူ ရှိနေခဲ့ပြီ"

"ဘယ်သူလဲဟင်"

စောမြနွယ်က နီမောင်ကို လှမ်းကြည့်လိုက်သောအခါ စိုင်းဗညားသဘောပေါက်သွားလေသည်။

ထိုအခြေအနေကိုမြင်သော နီမောင်က သူတို့နှစ်ယောက်အနီးသို့ လျှောက်လာလေသည်။

"မဟူရာအနေနဲ့ ကတိပေးထားခဲ့ပြီးသား ဖြစ်ပေမယ့် ရွေးချယ်ပိုင်ခွင့် ဆုံးဖြတ်ပိုင်ခွင့်တွေ ရှိပါသေးတယ်၊ မင်းတို့နှစ်ယောက်အကြောင်းကို အမှန်အတိုင်းပြောပြပါ"

ထိုအခါ စိုင်းဗညားကပင် အကြောင်းစုံပြောပြလေ





သည်။

စော်ဘွားကြီး စပ်ခွန်ပန်းကောင်းစားစဉ်က စိုင်းဗညားကို ခေါ်ယူစောင့်ရှောက်ပေးခဲ့သည်။

ဆွေမျိုးတော်စပ်ခဲ့သဖြင့် ခေါ်ယူထားခဲ့ခြင်းဖြစ်သည်။

စောမြနွယ်နှင့် ငယ်စဉ်ကတည်းက ဟော်နန်းထဲမှာ အတူတူနေပြီး ကြီးပြင်းခဲ့ရသောကြောင့် သံယောဇဉ်ရှိခဲ့ကြသည်။

နောက်ပိုင်း အင်္ဂလိပ်များ သိမ်းပိုက်သောအခါ စပ်ခွန်ပန်းကအညံ့မခံပဲ တော်လှန်တိုက်ခိုက်ရာမှ အရေးမလှသောအခါ ထွက်ပြေးတိမ်းရှောင်ခဲ့ရလေသည်။

ထိုအခါ စိုင်းဗညားကိုပါ တစ်ပါတည်းခေါ်သော်လည်း မလိုက်ပဲ ကျန်ခဲ့လေသည်။

ထို့နောက်မှာတော့ နမ့်ခမ်းဟော်နန်းကို စော်ဘွားကြီး စပ်ကြာမှုံ သိမ်းပိုက်စိုးစံသောအခါ လုပ်ရည်ကိုင်ရည်တော်သော စိုင်းဗညားကို ဟော်နန်းမှာ ခေါ်ထားခဲ့ခြင်းဖြစ်သည်။

စိုင်းဗညားစိတ်ထဲမှာတော့ စောမြနွယ်တို့တစ်နေရာမှာ သေကျေပျက်စီးလောက်ပြီဟု ထင်နေရာမှ ယခုကဲ့သို့ ပြန်တွေ့ရခြင်းဖြစ်လေသည်။

ထိုစကားကြားသောအခါ နီမောင်ကလည်း ၄င်းတို့နှစ်ယောက်အခြေအနေကို သဘောပေါက်သွားလေတော့သည်။

"အမှန်ပြောရရင် ကျွန်တော်မဟူရာအပေါ်မှာ သံယောဇဉ်ဖြစ်ခဲ့မိပါတယ်၊ ဒါပေမယ့် အခုတော့ မမျှော်လင့်ပဲ ပိုင်ရှင်ပေါ်လာပြီဆိုတော့ စွန့်လွှတ်ပေးသင့်တယ်လို့ ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

"မဟူရာ ရင်ထဲကခံစားချက်ကိုလည်း ကျွန်တော်နားလည်းပါတယ်၊ တကယ်ပြောရရင် ကိုစိုင်းဗညားနဲ့ မဟူရာတို့နှစ်ယောက်ကသာ အဆင့်အတန်းချင်းညီမျှပြီး လက်တွဲထိုက်ကြတဲ့သူတွေဖြစ်ပါတယ်၊ ကျွန်တော်မဟူရာအပေါ်မှာ နားလည်ခွင့်လွှတ်ပေးနိုင်ပါတယ်"

ဟု ပြောလိုက်သောအခါ စောမြနွယ်မှာ ရှိုက်ကြီးတငင်ငိုကြွေးနေတော့သည်။

သို့သော် အားလုံးမှာ ကံကြမ္မာစီမံရာအတိုင်း လက်ခံကြရပေရာ သူတို့အနေဖြင့်လည်း ဘာမှမတတ်နိုင်တော့ပါချေ။

နောက်မှတော့ ဦးခွန်ဇာကိုယ်တိုင် စိုင်းဗညားကို သစ္စာရေတိုက်ပြီး သူတို့နှစ်ယောက်ကို လက်ထပ်ပေးလိုက်လေသည်။

နီမောင်တို့ပြန်ကာနီးတော့ ကေသရီကို ဇေယျသခ်ဓား ပေးလိုက်သည်။

"ငါတို့အတွက်က ဒီဓားမလိုတော့ပါဘူး၊ မင်းရဲ့ဖခင်လက်ထဲကိုသာ အပ်ပေးလိုက်ပါ"

"ကျေးဇူးတင်ပါတယ် အဘရယ်"

"မောင်ရင်တို့ကလည်း ဒီမိန်းကလေးကို ဟော်နန်ပြန်ရောက်တဲ့အထိ ဘေးမသိရန်မခအောင် စောင့်ရှောက်ပြီးတော့ ခေါ်သွားပေးကြပါ"

"စိတ်ချပါအဘ"

ထိုသို့မှာပြီးနောက် သူရှာဖွေစုဆောင်းထားသောဆေး





မြစ်ဆေးဥ၊ ဂမုန်းဥ စသည်တို့ကို ဦးဗန်ကောင်းကိုပေးရာ ဦးဗန်ကောင်းလည်း များစွာဝမ်းမြောက်ဝမ်းသာရှိလေသည်။

နီမောင်က မဟူရာပေးထားသော ပင့်ကူနက်အမြှုတေကိုသူမအား ပြန်ပေးလိုက်သည်။

"ကျွန်မကို တကယ်ပဲခွင့်လွှတ်ပေးတယ်ဆိုရင် ဒီအမြှုတေကျောက်ကို လက်ခံပြီး အစ်ကိုယူသွားပေးပါ၊ ဒီအမြှုတေကျောက်ထဲမှာ ကျွန်မရဲ့ အသည်းနှလုံးကိုပါ ထည့်ပေးလိုက်ပါတယ်"

ဟု မမေ့နိုင်စရာ စကားကိုဆိုလေသည်။

ထိုဂူထဲမှာ ရက်အနည်းငယ်သာနေပြီးနောက် ပြန်ခဲ့ကြလေသည်။ သူတို့ပြန်တော့ မျက်ရည်စက်လက်ဖြင့် ကျန်ခဲ့သည့်မဟူရာမျက်နှာလေးကိုတော့ နီမောင်အတွက် မမေ့နိုင်တော့ပါချေ။

ဂူထဲမှာ သူတို့နှင့် အတူပါလာသော မြင်းပုလေးတစ်ကောင်နှင့် လားတစ်ကောင်ကျန်နေသေးသဖြင့် ကေသရီအတွက်အဆင်ပြေသွားလေတော့သည်။

အပြန်ခရီးမှာတော့ ၎င်းတို့အတွက် အန္တရာယ်နှင့် အနှောင့်အယှက်များနှင့် မတွေ့ကြရပဲ ချောမောစွာရှိကြလေသည်။

လမ်းတစ်နေရာတွင် စခန်းချကြစဉ် နီမောင်သာ လရောင်ကျနေသော ကျောက်ဖျာတစ်ချပ်ပေါ်မှာထိုင်ရင်း [illegible] နှင့်ဆုံတွေ့ခဲ့ရသော အကြောင်းများ၊ သူမပြောခဲ့သော စကားသံများကို ကြားယောင်မြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအမြုတေကျောက်ထဲမှာ ကျွန်မရဲ့ အသည်းနှလုံးကို ထည့်ပေးလိုက်ပါတယ်"

ဟူသော စကားကိုပြန်လည်ကြားယောင်နေသဖြင့် အိတ်ထဲမှာ ပါလာသောပင့်ကူနက် အမြုတေကျောက်ကလေးကိုလက်ဖြင့် စမ်းသပ်ကြည့်နေမိရင်း သက်ပြင်းချလိုက်လေသည်။

"ဆုံစည်းခွင့်မရှိတော့ပေမယ့် မင်းကိုတစ်သက်လုံး သတိရနေမှာပါ မင်းတို့နှစ်ယောက် ဘဝလမ်းခရီး ဖြောင့်ဖြူးသာယာပြီး ပျော်ရွှင်မှုရပါစေလို့ အဝေးကဆုတောင်းပေးနေပါမယ်"

တိုးတိုးလေး ရေရွတ်နေမိတော့သည်။

အသံမထွက်သော်လည်း စကားလုံးများက ရင်ထဲမှာ ပဲ့တင်လှိုင်းထနေကြသည်။

ထိုအခိုက်မှာပင် သူ့အနီးသို့ ကေသရီရောက်လာသည်။

"ကေသရီ မအိပ်သေးဘူးလား"

"ကျွန်မလည်း မအိပ်ချင်သေးလို့ ထွက်လာတာပါ၊ ကျွန်မ ကိုနီမောင်တို့ရဲ့ အခြေအနေကို မြင့်ရတာစိတ်မကောင်းပါဘူး"

"ဒါကတော့ ကံတရားစီမံတဲ့အတိုင်း လက်ခံရမှာပေါ့ ခေး၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုဦးစားပေးရမှာပဲ မဟုတ်ဘူး သူတို့နှစ်ယောက်က ဘဝအခြေအနေချင်းလည်း တူကြပါတယ်"

"ဘဝအခြေအနေချင်း တူရုံနဲ့ အတူတူနေကြရတာနဲ့ စိတ်ချင်းသာယာ ပျော်ရွှင်မှုရမယ်လို့ ရှင်ယူဆမိသလား"

"ဒါကတော့ ကာယကံရှင်နှစ်ဦးရဲ့ ခံစားချက်နဲ့ပဲ သက်ဆိုင်မယ်လို့ ထင်ပါတယ်"

"မှန်တာပေါ့ ကိုနီမောင် ကျွန်မ မိန်းမသားချင်း ကိုယ်ချင်းစာနာမိပါတယ်၊ စောမြနွယ်က ရှင့်အပေါ်မှာ အတော်ကလေး သံယောဇဉ်ရှိရှာပါတယ်"

"ဒါပေမယ့် စိုင်းဗညားက ကျွန်တော်ထက်ပိုပြီး ထိုက်တန်ပါတယ်၊ သူတစ်ပါးပျောက်နေတဲ့ တန်ဖိုးရှိတဲ့ အရာတစ်ခုကို မမျှော်လင့်ပဲ တွေ့ရသလိုပါပဲ ပိုင်ရှင်ကို ပြန်တွေ့တဲ့အခါမှာတော့ အတင်းအဓမ္မသိမ်းယူထားတာမျိုးတော့ ဘယ်တော့မှ ကျွန်တော်မလုပ်ပါဘူး"

"ရှင့်ရဲ့ကိုယ်ကျင့်တရားနဲ့ စိတ်ဓာတ်ကိုတော့ ကျွန်မ လေးစားမိပါတယ် စွန့်လွှတ်နိုင်မှုနဲ့ အနစ်နာခံပေးနိုင်တာကိုလည်း ချီးကျူးမိပါတယ်"

"ကျွန်တော့်ဘဝမှာ အချမ်းသာဆုံးက ကိုယ်ကျင့်တရားနဲ့ စေတနာတရားပဲရှိပါတယ်၊ ဒါကိုတော့ ဘယ်အရာနဲ့မှ လဲမှာမဟုတ်ပါဘူး"

"ကိုနီမောင်ရဲ့ စိတ်ထားမြင့်မြတ်ပုံကိုတော့ ကျွန်မလေးစားမိပါတယ်၊ ဒါပေမယ့် တစ်ခုတော့မေးပါ့ရစေ"

"ခွင့်တောင်းစရာမလိုပါဘူး သိချင်တာမေးပါ"







www.burmeseclassic.com

www.burmeseclassic.com



"ကိုနီမောင် စောမြနွယ်အပေါ်မှာ တကယ်ချစ်ခဲ့တာ မဟုတ်ဘူးလား"

"တကယ်ချစ်ခဲ့တာပါ"

"တကယ်ချစ်ရင် ဘာကြောင့် ပိုင်ဆိုင်ခွင့်ရအောင် မကြိုးစားခဲ့တာလဲ"

"မတရားဘူးထင်လို့ပါ"

"ဘယ်လိုမတရားတာလဲ၊ ကျွန်မကြားဖူးတာတော့. . အချစ်နဲ့စစ်ပွဲမှာ မတရားတာမရှိဘူးဆို"

"ဒါကတစ်ဖက်သတ် အမြင်နဲ့ပြောတာပါ၊ ဘယ်အရာမဆို သူ့ဘက်ကိုယ့်ဘက်ဆိုတာ ရှိကြတာချည်းပါပဲ၊ တကယ်တော့ စောမြနွယ်ကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမယ်ဆိုရင် မတရားဘူးလို့ပြောလို့မရပေမယ့် ဒီလိုနည်းနဲ့တော့ သူတို့ရင်ထဲက ခံစားချက်ကို လုမယူချင်ပါဘူး၊ တကယ်တော့ စိုင်းဗညားဟာ အသည်းနှလုံးမရှိတဲ့သူတစ်ယောက် မဟုတ်ပါဘူး၊ အခုလို အခြေအနေမျိုးကသာ ကျွန်တော်တို့အတွက် အကောင်းဆုံးပါပဲ"

"ရှင်က အဲဒီလို အနစ်နာခံပေးလိုက်တော့ စောမြနွယ်ဘဝမှာ ပျော်ရွှင်မှုတွေနဲ့ တစ်သက်လုံးနေရမယ်လို့ ထင်သလား"

"အချိန်ကြာလာရင်တော့ တဖြည်းဖြည်းနဲ့ သူကျွန်တော်ကို မေ့သွားမှာပါ၊ အချိန်ဆိုတဲ့သမားတော်က သူ့ကိုပျော်ရွှင်မှုတွေပေးပါစေလို့ပဲ ဆုတောင်းပေးရတော့မှာပေါ့လေ"

ထိုသို့ပြောသောအခါ ကေသရီလည်း နောက်ထပ် ဘာမှမပြောတော့ပေ။





သူတို့သည် လမ်းခရီးမှာ တစ်ပတ်ခန့်အချိန်ကြာအောင် ပြန်ကြရလေသည်။

ထိုကဲ့သို့ အတူသွား၊ အတူလာသော အချိန်ကြာလာတော့မှ ကေသရီလည်း နီမောင်၏သဘောထားကို တဖြည်းဖြည်းသိလာရပြီး ယခင်ကထက်ပိုပြီး စိတ်ဝင်စားမှု ရှိလာခဲ့လေသည်။

"ကိုနီမောင်ဟာ ဆင်းရဲပေမယ့် စိတ်ထားဖြူစင်ရိုးသားပြီးအနစ်နာခံတတ်တဲ့ သူတစ်ယောက်ပဲ၊ သူသာအခွင့်အရေးယူမယ်ဆိုရင် ငါတို့နေတဲ့အရပ်နဲ့ ဝေးလှတဲ့တောထဲတောင်ထဲမှာ ငါ့ဘဝဟာ သူ့လက်ထဲမှာ ရှိတာဆိုတော့ သူကြိုက်သလို လုပ်နိုင်တာတောင်မှ အခွင့်အရေးမယူခဲ့ဘူး၊ လူတစ်ဖက်သားအပေါ်မှာ ကိုယ်ချင်းစာတရားနဲ့ ကြင်နာသနားတတ်လို့လည်း သူ့စောမြနွယ်ကို ခွင့်လွှတ်ပေးနိုင်ခဲ့တာ ဖြစ်မှာပါပဲ"

ဟု တွေးတောနေမိလေသည်။

တစ်ပတ်ကျော်လောက် အချိန်ကြာတော့မှ နမ့်ခမ်းဟော်နန်းသို့ ချောချောမောမော ပြန်ရောက်ကြလေသည်၊

စော်ဘွားကြီးစပ်ကြားမှုကတော့ သမီးဖြစ်သူ အသက်ဘေးမှ ချောချောမောမောပြန်ရောက်လာသည်ကတစ်ကြောင်း သူအလိုရှိသော ဇေယျသခ်များလည်း တစ်ပါတည်းယူဆောင်လာနိုင်ခဲ့သောကြောင့် များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

ထိုကိစ္စများအောင်မြင်အောင် ဆောင်ရွက်ပေးခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် နီမောင်တို့ကိုလည်း များစွာကျေးဇူးတင်နေသည်။

ကေသရီက ဦးခွန်ဇာနှင့် စောမြနွယ်တို့အကြောင်းကို ပြောပြလိုက်သောအခါ စိတ်မကောင်းဖြစ်နေသည်။

"ငါအလိုရှိတဲ့ ဇေယျသခ်မားလည်း ရခဲ့ပြီးဆိုတော့ သူတို့ကိုလည်း အနှောင့်အယှက်မပေးလိုတော့ပါဘူး၊ စိုင်းဗညားလည်း ဟိုမှာရှိနေပြီဆိုမှတော့ သူတို့အေးအေးချမ်းချမ်း နေကြပါစေ"

ထိုစကားကြားသောအခါ ကေသရီလည်း ဝမ်းသာသွားလေသည်။

စော်ဘွားကြီးက ထိုကဲ့သို့သော ခက်ခဲလှသည့် ကိစ္စကို အောင်မြင်အောင် အကူအညီပေးခဲ့ကြသည့် နီမောင်တို့လေးယောက်အား ဆုလာဘ်များပေးသောအခါ လက်မခံလိုသော်လည်း ကေသရီကအတင်းပေးသဖြင့် မလွှဲသာသဖြင့် ယူကြရသည်။

"တောထဲမှာ ကျွန်မအသက်ကို ကယ်တင်ပေးခဲ့တဲ့ ကျေးဇူးတွေ၊ ဂူထဲမှာ ပင့်ကူနက်တွေကြားထဲက ကျွန်မအသက်ကို ကယ်တင်ပေးခဲ့တဲ့ကျေးဇူးတွေ၊ တောထဲတောင်ထဲမှာ ကျွန်မကို မှဲ့တစ်ပေါက်မစွန်းရအောင် စောင့်ရှောက်ပေးခဲ့တဲ့ ကျေးဇူးတွေနဲ့စာရင်. . အခုပေးတဲ့ဆုလာဘ်တွေက ဘာမှမပြောပလောက်ပါဘူး၊ ကျွန်မတို့စိတ်ချမ်းသာအောင် ယူပါ"

ဟုပြောပြီးပေးသဖြင့် လက်ခံယူရခြင်းဖြစ်သည်။

"ကိုနီမောင်တို့ ဆန္ဒရှိမယ်ဆိုရင် ဟော်နန်းမှာ တာဝန်





ထမ်းဆောင်ဖို့ ကျွန်မစီစဉ်ပေးပါ့မယ်"

"အခုလိုပြောတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့က ဟော်နန်းအကြောင်းတွေလည်း ဘာမှနားမလည်ကြပါဘူး၊ ဒါကြောင့် ရွာမှာပဲ အေးအေးချမ်းချမ်းနေပါရစေ"

ဟုပြောဆို နှုတ်ဆက်ပြီး ပြန်သွားကြလေတော့သည်။

ကေသရီလည်း တားပိုင်ခွင့်မရှိသော အခြေအနေကြောင့် စိတ်မကောင်းဖြစ်ရုံမှလွဲပြီး ဘာမှမတတ်နိုင်သဖြင့် ဒီအတိုင်းသာ ကျန်ခဲ့ရသေလည်။

ထိုအဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီး လအနည်းငယ်ကြာသောအချိန်တွင် မိုးမခမြို့ရွာသို့ ဂျစ်ကားတစ်စီးရောက်လာသည်။ ကားပေါ်မှာတော့ ကားမောင်းသူနှင့် ကေသရီတို့နှစ်ယောက်သာ ပါလာကြသည်။

ထိုနေ့တွင် ခုနစ်ရက်ဈေးနေ့ဖြစ်သောကြောင့် ရွာထဲမှာနေသူအတော်များများ ဈေးသို့ရောက်နေကြသည်။

ထို့ကြောင့် ဂျစ်ကားကို ဈေးနှင့်မနီးမဝေးရောက်အောင်မောင်းသွားပြီး ရပ်လိုက်သည်။

ပြီးမှ ကေသရီက ဂျစ်ကားပေါ်မှဆင်းပြီး ဈေးတန်းထဲဝင်သွားပြီး တစ်စုံတစ်ယောက်ကို လိုက်ရှာနေသည်။

တစ်နေရာရောက်တော့ သစ်ခွပန်းခိုင်များရောင်းနေသောနီမောင်ကိုတွေ့သဖြင့် ထိုနေရာမှာရပ်လိုက်သည်။

"သစ်ခွပန်း ဝယ်ချင်လို့ပါရှင်"

ထိုအခါမှ နီမောင်လည်း ကေသရီကိုမြင်သွားပြီး အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

"ယူပါဗျာ သစ်ခွပန်းတွေက မျိုးစုံရှိပါတယ်"

"ကျွန်မက သစ်ခွနက်လိုချင်တာပါ"

"သစ်ခွနက်ကတော့ ကျွန်တော့်ဆီမှာ မရှိပါဘူး"

ကေသရီက တစ်ချက်ပြုံးလိုက်လေသည်။

"ဒီသစ်ခွပန်းတွေကို ကျွန်မအားလုံးဝယ်ပါ့မယ်၊ ဒါပေမယ့် ပန်းဖိုးငွေတော့ ဟော်နန်းမှာ လိုက်ယူရလိမ့်မယ်"

"ပန်းဖိုးငွေယူရုံဆိုရင်တော့ လိုက်ခဲ့ပါ့မယ်"

"ရှင့်ကိုလည်း နောက်ထပ် အလုပ်မခိုင်းတော့ပါဘူး၊ စိတ်ချလက်ချ လိုက်လာခဲ့ပါ"

ဟုပြောလေရာ. . စောထီးနှင့် ငမဲအောင်တို့ကပါ ကေသရီ အမူအရာကိုကြည့်ပြီး လိုက်သွားရန် တိုက်တွန်းကြသဖြင့် သစ်ခွပန်းများကို ကားပေါ်တင်ပြီး လိုက်သွားလေသည်။

တစ်နေရာရောက်သောအခါ ကားရပ်ခိုင်းပြီး ကေသရီက ကားပေါ်မှဆင်းကာ ကားကိုဟော်နန်းပြန်သွားရန် အမိန့်ပေးလိုက်သဖြင့် ကားကမောင်းထွက်သွားလေသည်။

"ဘယ်လိုလုပ်လိုက်တာလဲ ကေသရီ ဘယ်လိုပြန်မလဲဟင်"

"ကားမရှိတော့လည်း ဒီအတိုင်းပဲခြေလျင်လျှောက်ပြီး ပြန်မှာပေါ့ မဟူရာတောင်ကတောင် ဒီအတိုင်းပြန်လာသေးတာပဲ"

"လမ်းမှာ တစ်ယောက်တည်း ပြန်သွားလို့ဖြစ်ပါ့မလား"





"စိတ်မချရင်တော့ ဟော်နန်းရောက်တဲ့အထိ လိုက်ပို့ပေးလေ"

ထိုအခါမှပင် ကေသရီသဘောကို ရိပ်မိလေတော့သည်။

"ကျွန်တော်တို့နှစ်ယောက်ရဲ့ ဘဝအခြေအနေချင်းက ကွာလှပါတယ်၊ ကေသရီအပေါ်မှာ နှစ်သက်တယ်ဆိုရင်တောင် နီးစပ်ဖို့ အခြေအနေမရှိနိုင်ပါဘူး"

"ကျွန်မကတော့ အဲဒီလိုမထင်ဘူး၊ ပကာသနအဆောင်အယောင်တွေဆိုတာ အပေါ်ယံတွေပဲ တခြားမကြည့်နဲ့ စိုင်းဗညားကိုပဲကြည့်ပါ။ ဟော်နန်းမှာနေတုန်းတော့ စော်ဘွားမျိုးနွယ်တစ်ယောက်ပေါ့။ မဟူရာတောင်မှာသွားနေတော့လည်း သာမန်လူတစ်ယောက်ဘဝပဲ မဟုတ်လား၊ သူ့အတွက် အရေးကြီးတာက အဲဒါတွေမဟုတ်တော့ဘူး၊ ပကာသနတွေထက် စိတ်ချမ်းသာမှုက အရေးကြီးဆုံးဖြစ်သွားခဲ့ပြီ မဟုတ်လား"

"မှန်ပါတယ် ကေသရီကရော သူ့လိုဘဝမျိုးရောက်ရင် ခနိုင်မှာမို့လား"

"ဟော်နန်းမှာနေပြီး စိတ်ဆင်းရဲနေတာနဲ့စာရင် တောမှာနေပြီး စိတ်ချမ်းသာတာက ပိုကောင်းမယ်လို့ထင်ပါတယ်"

ထိုစကားကြားသောအခါ နီမောင်ကသူမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

သူမကလည်း မရုန်းပေ။

"ဒီလိုသဘောထားမျိုး ရှိတယ်ဆိုရင်တော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲကစကားကို ပြောပါ့မယ်၊ ကျွန်တော်လည်း ကေသရီအပေါ်မှာ စိတ်ဝင်စားမှုရှိပါတယ်၊ ဒီကိုပြန်ရောက်ကတည်းက ကေသရီကို အမြဲသတိရနေမိတယ်"

"ဒီစကားကရော တကယ်ပဲလား"

"တကယ်ပြောတာပါ ဒီပြန်ရောက်တော့မှ ကေသရီအပေါ်မှာ စွဲလမ်းနေမိတယ်ဆိုတာ သိရတော့တာပါ ဒါပေမယ့်"

"ဘာလဲ အဆင့်အတန်းမတူတာတွေ ပြောဦးမလို့လား"

"မဟုတ်ပါဘူး. . ကိုယ်တို့အကြောင်းကို ကေသရီရဲ့ ဖခမည်းတော်သိရင် ခွင့်လွှတ်ပေးနိုင်ပါ့မလား"

"ကျွန်မက ဒီကိုမလာခင်ကတည်းက အဖေ့ကို ပြောတန်သလောက်ပြောထားခဲ့ပြီးပါပြီ၊ အဖေက အသက်အရွယ်ကြီးပြီဆိုတော့ သူ့အတွက် အားကိုးရမယ့်သူမျိုးနဲ့ အဆင်ပြေရင် ဘာမှ မပြောဘူးလို့ ပြောလိုက်ပြီးသားပါ"

"ဒါဖြင့် ကေသရီကရော ကိုယ့်မေတ္တာကို လက်ခံပေးနိုင်ပါ့မလား"

"မိန်းကလေးတစ်ယောက်က ဒီလိုရောက်လာပြီး ဒီလိုစကားမျိုးတွေပြောနေတာတောင် မေးနေစရာလိုသေးလို့လား"

"လိုပါတယ် ကေသရီဆီကပြောတဲ့စကားကို ကြားချင်သေးတာပေါ့"

"ဒါဖြင့် ကိုကစပြီးပြောလေ"

"ကိုယ်ကတော့ ကေသရီကို မေတ္တာစစ်နဲ့ချစ်ပါတယ်၊ ကေသရီရဲ့သဘောထားကို သိပါရစေ"





"ကျွန်မလည်း ကိုအပေါ်မှာ မေတ္တာစစ်နဲ့ ချစ်မိနေတာမို့ ကိုနဲ့အတူ တစ်သက်လုံးအတူ လက်တွဲသွားပါ့မယ်လို့ ဆုံးဖြတ်ထားပြီးသားပါရှင်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာကေသရီရယ်"

ဟုပြောပြီး သူမကိုယ်ကလေးကို ထွေးဖက်ထားလိုက်လေသည်။ ကေသရီကလည်း ရင်ခွင်ထဲသို့ တိုးဝင်လာပြီး နီမောင်ကို ပြန်ဖက်ထားလေသည်။

နံနက်ပိုင်းအချိန်သာရှိသေးသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ မြူနှင်းများဝေ့ဆိုင်းနေဆဲပင် ရှိသေး၏။

ထင်းရှူးပင်မြင့်ကြီးများအပေါ်မှ နှင်းစက်တို့ကမြေပြင်ပေါ်သို့ အဆက်မပြတ်ကျနေကြသည်။

ထိုအနီးတစ်ဝိုက်မှာ ရှိကြသောသစ်ခွနှင့် ရနံ့သင်းသော သဇင်ပန်းခိုင်ရနံ့များက ပတ်ဝန်းကျင်တစ်ဝိုက်တို့ သင်းပျံ့လျက် ရှိနေသည်။

ရာသီဥတုကအေးမြပြီး ပန်းရနံ့တို့ဖြင့် ထုံသင်းနေသည့် အချိန်မျိုးဖြစ်ပေရာ ထင်းရှူးပင်ကြီးတစ်ပင်အောက်မှာ ရှိနေကြသောချစ်သူနှစ်ယောက်ကို ကောင်းချီးပေးနေသကဲ့သို့ ရှိချေပြီ။

သူတို့နှစ်ယောက်ကတော့ တစ်ယောက်ကိုတစ်ယောက် တင်းတင်းပွေ့ဖက်ထားရင်းမှ ချစ်စကားများ ပြောမကုန်အောင် ရှိနေကြသည်။

နီမောင်အနေနှင့် ဂူထဲမှာ အန္တရာယ်များလှသော ပင့်ကူနက် ပိုးချည်မျှင်တို့မှ ရုန်းထွက်နိုင်ခဲ့သော်လည်း ကေသရီ၏



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပိုးချည်မျှင်များကိုတော့ မရှန်းနိုင်တော့ပါချေ။

တကယ်တော့ ကေသရီမှာ မဥ္ဇူသကနတ်ပန်းလို တန်ဖိုးရှိသော သူ့ရင်ထဲမှ အချစ်ပန်းတစ်ပွင့်သာ ဖြစ်ချေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော. . . (မဥ္ဇူသကကေသရီ) အမည်ရှိသော ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနိစ္စာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု

အောင်မြင်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com